www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# Quality Publishing House

ဒ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့




ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အထွဋ်ဖြစ်တို့

Quality စာတည်းအဖွဲ့




ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)




# ဂမ္ဘီရလောက

စစ္စရင်း

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျော့ရှင်းလောက

No. 95, April 2015

[illegible]
မောင်ညိုမှိုင်း (သန်လျင်) ၆

[illegible]
ရှစ်ခွင်ကျော် (မောင်တော်သိ) ၃၉

[illegible]
ထောင်မှူးကြီးသိန်းဝင်း ၅၀

[illegible]
အေးသင်ဇာသက်ဝေ ၆၆

[illegible]
ညိုရောင် ၈၈

[illegible]
ညွန့်မောင်ဦး ၁၂၃

[illegible]
မကွေးညိုစိမ့် ၁၃၂

[illegible]
မောင်မြင့်မား (မိုလ်ကလေး) ၁၄၁

[illegible]
မြမြလှိုင် ၁၅၄

[illegible]
ဂါဦးနွန်းကို ၁၇၂

[illegible]
မင်းသစ္စာလှိုင် (ကဒ့်ကနိ) ၂၁၅

[illegible]
သန့်လျှင်လှဝင်း (ဩချစ်ညို) ၂၃၀

[illegible]
မင်းဘုန်းသိဒ်သျှ ၂၄၂

Next Month Preview ၅

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

မဂ္ဂဇင်း


**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**အုပ်ချုပ်မှု အယ်ဒီတာ**
မခင်မာရွှေ

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အယ်ဒီတာအဖွဲ့**
ညက်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်
ထွန်းထွန်း၊ ဖြိုးမင်းဦး၊ ဖြိုးဖြိုးဘင်၊ ပေါမလိုင်၊ ဝေဝေမြင့် (၁)၊ ဝေဝေမြင့် (၂)၊ နီလာအေး
တင်မာစမ်း၊ ဝင်းဝင်းမာ၊ အိမြွေ့၊ မိမိဇင်၊

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ထုပြည့်စုံထွန်းစာပေ)၊ (၀၃၉၀၅)၊ (မြဲ)၊ အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး**
ညက်လင်းထက

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း
တောင်ငူ စိုးမြင့်လေး၊ လှသင်းအောင် (အင်းလျား)၊ ရန်နိုင်ဦး၊ မောင်ဇနကြည်
ချစ်ဘူး၊ ဇေမွန်လင်း၊ ဖေါ်ကာ၊ ပိုင်းမော်၊

**ကွန်ပျူတာနှင့် ဖလင်**
Quality

**ပုံနှိပ်သူ**
ဖြိုးဝေလျှံ ပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၆၅၉)
ဆန်စက်အဝိုမှူးညီ၊ ဇက်ရှုင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ ဂါလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

**တာအုပ်ချုပ်**
တင်ဝေထွန်း
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၁၃၆၆၊ ၃၈၆၁၁၃


## Next Month Preview



ဇာတ်အတိုက်
မောင်ညိုမိုး (သန်လျင်)



အဆုံးမဲ့ဇာတ်လမ်း
မောင်လင်းသစ်



...းရွှေချုပ်တစ္ဆေနှင့်
...ရှုတေ ကျောင်းတဆောင်
မကြွေးညိုစိမ့်

www.burmeseclassic.com

www.burmeseclassic.com



# ဂိုင်စိုးကြီးနှင့် ဝက်သားကြိုက်ကြီး

(သန်လျင်)

သီတင်းကျွတ်လပြည့်နေ့ နံနက်က ကျွန်တော့်ညီ ထိုဖြင့်စိုး ကျွန်တော့်ကို ဝါကျွတ်လာကန်တော့တယ် ခင်ဗျ ...။

ဦးချမ်းငွေဆိုးက နှစ်ထည် ...။

ငှန်ဝိုးက တစ်ဝိုး ...။

Goody တင်းရှုတ်ဆီ နှစ်ဝိဿာဝင် ဝါထင်ဝိတ်က တစ်ဝိုးနဲ့ လာကန်တော့

ကျွန်တော်တို့က သူ့ကို 'စိုးကြီး' လို့ပဲ ငယ်နာမည်ကို ခေါ်တယ်။

ကျွန်တော့်အောက် ညီက ထိုတွန်းကြည်တဲ့။ သူ့ကျတော့ ငယ်စဉ်ကသည်း အသားဖြူဖွေးလို့ တရုတ်ကြီးလို့ ခေါ်ကြတယ်။

ညီအငယ်ဆုံး အင်ချင်နီလာအမည်က တိုစံကြည်တဲ့။

သူ့တိုတော့ အစ်မတွေကဝါ အစံလို့ အချေးဖွတ်ခေါ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ညီ အင်ဂျင်နီယာ ကွယ်လွန်သွားတာ (၂)နှစ်ခန့် ရှိသွားပြီ၊ မောင်စံကြည်ကလည်း ခုလို ဝါကျွတ်ပြီဆိုတာနဲ့ သူ့အထက် ငါးဦးလုံးကို မုန့်ပုံး၊ ပုဆိုး၊ ထဘီ၊ ငွေသား စသည်တို့နှင့် ကန်တော့လေ့ရှိတယ်၊

သူက ဘုရားဒကာ၊ ကျောင်းဒကာလေးပါ၊

လှူသူတော်ကောင်းလေးပါ။ လူ့ပြည်ကနေ "ကင်ဆာ" ဆိုတဲ့ရောဂါနှင့် အစောကြီး ထွက်သွားခဲ့တော့ ...

ခုလို သီတင်းဝါကျွတ်ရောက်လာရင် အစ်ကို အစ်မတွေကို ရှိသေစွာ ထိုင်ကန်တော့နေတဲ့ မြင်ကွင်း ...၊

မျက်လုံးထဲမှာ မြင်ပြီး သတိတရ ရင်နင့်နေတုန်းပါပဲဗျာ၊ ကျန်ရစ်သူ သူ့ဇနီးနဲ့ ကလေးနှစ်ယောက်လည်း အိမ်နဲ့မြို့ရောင်းပြီး ထွက်သွားလိုက်တာ ဘယ်ရောက်နေမှန်း မသိရဘူး၊ အဆက်အသွယ်လည်း မလုပ်ဘူးဗျာ၊

တူလေးနဲ့ တူမလေး သတိရနေတယ်၊

သူတို့နှစ်ဦးက ဥမမည်လေးတွေ၊

ပထွေးရဲ့ အနှိပ်စက်ခံဘဝများ ရောက်နေလေမလား၊ ဆွေမျိုးရဲ့ အဖအော်အငေါက်ခံ ဘဝများ ရောက်နေလေမလား၊ စားဝတ်နေရေး အဆင်မပြေကြရဲ့လား၊ ဒုက္ခဆင်းရဲက ကင်းဝေးကြပါစေ၊

သူတော်ကောင်းတွေနဲ့ တွေ့ပြီး သူယုတ်မာတွေနဲ့ ဝေးပါစေ၊ လွဲပါစေ၊ လူစိတ်ရှိသူတွေကြားမှာ ဘဝလေးတွေ ကောင်းမွန်သစ်လွင်ပါစေ၊ သားတို့ သမီးတို့ရေ - ဘဘကြီး မင်းတို့မောင်နှမကို အမြဲသတိရနေပါတယ်၊ ဘဘကြီးအမြဲမင်းတို့ကိုမျှော်လင့်နေပါတယ်၊ ဘဘကြီးလူချမ်းသာ မဟုတ်ပေမဲ့ ငါ့တူနဲ့ တူမကို အတိုင်းအတာတစ်ခုအထိ စိတ်ချမ်းသာမှု ပေးနိုင်ပါတယ်၊

ငါ့တူနဲ့ တူမလေး ...၊

အကယ်၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေခဲ့ရင် ကြုံကြိုက်တဲ့အချိန် ဘဘကြီး အိမ်ကို ပြေးလာခဲ့ပါ၊



ငါ့တူနဲ့ တူမကို ဘဘကြီး မသေခင် တွေ့ချင်ပါရဲ့ သားတို့ရယ်၊

ကွယ်လွန်တဲ့မင်းတို့အဖေ ကိုစံကြည်ရဲ့မေတ္တာကရုဏာမျိုး ဘဘကြီး နည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် ပေးလိုက်ချင်ပါဘိ သားတို့ရယ်၊

အင်း - ညီလုပ်သူ လာကန်တော့တော့ ...၊

ကွယ်လွန်သူညီအငယ်ဆုံးရဲ့မိသားစုအကြောင်းတွေကရင်ကိုလာထိတယ်ဗျာ၊

မိရွှေစင်တို့မိသားစု ကျန်းမာချမ်းသာပါစေ၊

(မိရွှေစင် - ငါ့တူနဲ့ ငါ့တူမကို ငါ့ထံ အလည်လာခွင့်ပေးလိုက်ပါဦး)၊

ညီလုပ်သူ မောင်မြင့်စိုး (ငစိုးကြီး)က ကျွန်တော် အိမ်ရောက်တုန်း သူကြုံခဲ့ရတဲ့ အဖြစ်အပျက်ဆန်းတွေအကြောင်း အစ်ကို ဂမ္ဘီရစာရေးဆရာကို ပြောပြတယ်ခင်ဗျ၊

အင်း - ဒီကောင်ရော၊ သူ့သားရော လူရွှတ်တွေ ပေကိုး။

ကျွန်တော့်ညီက ခေတ်ပညာတတ်တစ်ဦးပါ၊ သူက (-------) တစ်ဦးပါ၊ ဘာသာတရားကို ယုံကြည်လေးစား ကိုးကွယ်ပါတယ်၊

သို့သော် သူက ဂမ္ဘီရဂိုဏ်းတစ်ဂိုဏ်းကို စိတ်ဝင်စားပြီး ဂိုဏ်းဆရာဖြစ်လည်း တက်ထားတော့ ...၊

သူ့အိမ်မှာ ...၊

ဘုရားရုပ်ပွားတော်အမျိုးမျိုး ...၊

ဝိဇ္ဇာရုပ်တုအမျိုးမျိုး ...၊

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဓာတ်ပုံ ပန်းချီကားများ ...၊

သူရဿတီရုပ်တု၊ အခြားမယ်တော်ရုပ်တု၊ မင်းကြီးမင်းလေးရုပ်တု စသည်တို့လည်း ရှိတယ်၊

www.burmeseclassic.com

ဝလီနတ်စာ ဒါနလည်း နေ့တိုင်းပြုတယ်၊

အထူးကတော့ ညီ (ငစိုးကြီး)က အမိဗွာန်ပုတီးစိပ်၊ သက်သတ်လွတ်စား၊ သံဃာတော်များကို လင်ရော၊ မယားရော ဆွမ်းလုပ်ကျွေးလောင်းလှူ ကုသိုလ်တွေ ဦးစားပေးလုပ်တယ်ခင်ဗျ၊ ငယ်စိတ်နဲ့တော့ မတူတော့ဘူးပေါ့၊

မင်းညီနောင်က ဘာလုပ်ဖို့ထားတာလဲ၊ မေးတော့ သူက ဆရာဂိုဏ်းတက်နေသူဆိုတော့ ...၊

ပယောဂကုရာမှာ လိုသလို အမိန့်ပေးဝေ နိုင်းဖို့ပါတဲ့၊

ဝက်သား အိမ်ပေါ်မှာ မစားဘူး၊

သူ့ စရဏအားကြောင့်နဲ့ တူပါရဲ့ဗျာ၊ တော်ရုံပယောဂကို သူ နှင်ထုတ်နိုင်တယ်ခင်ဗျ၊

တော်ရုံ အတိုက်အခိုက်ကို သူ တားလို့ရတယ်ဗျ၊

သို့သော် ...၊

ဆရာလုပ်သူ သူ့ကို ဒုက္ခပေးမည့်သူတစ်ယောက် ပေါ်လာပါရောပါရောလားဗျာ၊

အဲဒီသူက ဆယ့်နှစ်ကြိုးကာဝေ မဟုတ်ဘူး၊

ရွာသူစုန်းမ မဟုတ်ဘူး၊

ကိုးသရိုင်းမော် အောင်တဲ့ ဆရာမဟုတ်ဘူး၊

သူ့သားအရင်းခေါက်ခေါက် ပြည့်တဲ့ဗျာ၊

ကျွန်တော့်ညီ ငစိုးကြီးက ကာလသားဘဝတုန်းက လူရွှတ်ဗျ၊ ကျွန်တော်ရဲ့ လမ်းလျှောက်အုတ်ခဲဆိုတဲ့ ဂမ္ဘီရဝတ္ထုတိုတစ်ပုဒ် ရောင်ပြန်မဂ္ဂဇင်းမှာ ရေးသားဖော်ပြဖူးပါတယ်၊



အဲဒီဝတ္ထုကို ဦးမိုးဒီနဲ့ ဗွီဒီယိုရိုက်ကူး ဖြန့်ချိပြီးပါပြီ၊

အဲဒီထဲက အတ်လိုက်က ကျွန်တော့်ညီ ငစိုးကြီးပါဗျာ၊

တကယ့်ဖြစ်ရပ်မှန်ကို ရေးထားတဲ့ ဝတ္ထုပါပဲဗျ၊

ဒီတုန်းက ကျွန်တော့်ညီက ရေတပ်သား၊

သရဲတစ္ဆေရှိရှိ၊ မရှိရှိ လုံးဝမကြောက်ဘူး၊

သူ့ခကျာကုန်းနှင့် လက်မောင်းပေါ်မှာ ဘီလူးရုပ်အပြည့်နဲ့ နဂါးပတ်ပါ ထိုးထားသေးဗျာ၊

ကျိုက္ကမော့တောင်ဆိုတာ ဂမ္ဘီရနယ်မြေ၊ အပြောကြမ်း၊ အနေကြမ်းလို့ မရတဲ့တောင်၊ အဲဒီတောင်ပေါ်မှာ ကင်းစောင့်နေတုန်း သေနတ်ကို လာဆွဲတာခံစားရသတဲ့၊ လူမမြင်ရဘူးနော်၊ အဲဒါ ခဏခဏ လာဆွဲတာဆိုပဲ၊ သူဆွဲ ကိုယ်ဆွဲကို ဖြစ်ကြတာ၊ လုံးဝ မကြောက်ခဲ့ဘူး၊ ငါ စစ်သားကွ၊ လုံးဝ မကြောက်ဘူးဟေ့လို့ အော်ဟစ်ကြိမ်းဝါးခဲ့တာတဲ့၊

ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ည (၁၀) နာရီကျော်ရင် ညောင်ပင်ကနေ သရဲခြောက်တယ်ဗျလို့ သတင်းကြီးနေတယ်၊

ညောင်ပင်အောက်ကနေ ဖြတ်သွားရင် ...၊

ရုပ်ရှင်ကြည့်ပြီး အပြန်ဖြတ်သွားရင် ...၊

ညောင်ပင်ပေါ်ကနေ မည်းမည်းတွဲလောင်းကြီး မြင်ရလို့၊ အကုန် လန့်ပြေး၊ သတိလစ်၊ ဆရာခေါ်ကုရရော၊

ညဥ့်နက်ရင် သဲမိုး ရွာတယ်၊

အပေါ်ကနေ ကျောက်စရစ်ခဲတွေ ဖွားခနဲ ကျလာတယ်၊

နေ့ခင်းလုံးဝ မကြောက်ဘူး၊ ပိုထူးဆန်းတာက ညဘက် ညောင်ပင်အောက်ကနေ လူဖြတ်ပြီဆိုရင် ...၊

အုတ်ခဲကြီးတစ်လုံးဟိုဘက်ခြံစည်းရိုးကနေလမ်းဒီဘက်ခြံစည်းရိုးထဲကိုကြွက်သွားသလိုလမ်းလျှောက်ပြေးသွားနေတာကိုမြင်ကြပြီး လန့်ဖော် ပြေးကြ၊ ငိုကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com

လူစုပြီး လက်နှိပ်မီးတွေနဲ့ သွားကြည့်ကြရင် မရှိတော့ဘူး၊

မမြင့်မြင့်ဌေးနဲ့ မိမိစံဆိုရင် လန့်ပြေးတာ၊ ထဘီပါ ကျွတ်ကျန်ခဲ့ပါရောလားဗျာ၊

အတွင်းခံဘောင်းဘီပါလို့ တော်သေးတာပေါ့၊

အဲဒီကိစ္စက အုတ်အော်သောင်းတင်း ဖြစ်နေကြတုန်း၊ အဖြေရှာလို့မရဖြစ်နေတုန်း၊

ကျွန်တော့်ညီ စိုးကြီး (ရေတပ်သား) သင်တန်းဆင်းလာက ကြားသိရော ...၊

တစ်ညလက်နှိပ်မီးတစ်လက်နဲ့ သန်းခေါင်ယံအချိန်မှာ သွားစုံစမ်းတာ၊ ဟုတ်တယ် ...၊

ညောင်ပင်အရွက်အုပ်ရှိရာကနေ သဲတွေ၊ ကျောက်စရစ်ခဲတွေ တဖွားဖွား ကျလာတာ ...၊

ပြီး-ကြွက်သေကောင် သုံးကောင်ကျလာတာကို မီးရောင်နဲ့ မြင်ရတယ်၊ ညောင်ပင်ပေါ်အနှံ့ လက်နှိပ်မီးနဲ့ ထိုးရှာတယ်၊ ဘာမှ မတွေ့ရဘူး၊

ဟော-ကြွက်သေပုပ်နံ့ကြီး၊ ဝေါ့-အော့-ဝေါ့၊

အလို-ဟိုဟာက ဘာလဲဟ၊

မီးထိုးကြည့်လိုက်တော့ ...၊

အုတ်ခဲကြီးတစ်ခဲ၊ ဘုရားရေ-အုတ်ခဲက လမ်းရဲ့ လက်ဝဲဘက်ထိပ်ကနေ လူသွား မြေနီလမ်းကိုဖြတ်ပြီး တရွေ့ရွေ့ သွားနေတာပါရောလား။ အလို-အလို-အုတ်ခဲကြီး လမ်းလျှောက်သွားနေပါကလား။

ကိုစိုးရဲ့ တစ်သက်မှာ အသက်မဲ့တဲ့ အုတ်ခဲ ကြွက်စုတ်နှုတ်သီးရှည် သွားသလိုမျိုး သွားနေတာ၊ ဒီတစ်ကြိမ်ပဲ အံ့ဖွယ်မြင်ဖူးနေတာရယ်၊

မမြင့်မြင့်ဌေးတို့၊ အညွန့်တို့၊ မမိစံတို့ပြောတာ မှန်နေပါကလား။ သရဲခြောက်တယ်ဆိုတာ ဒါလား၊



သူက စစ်သားလေ ...၊

ကျွန်တော်လော့ တောင်ပေါ်မှာ လူမမြင်ရဘဲ လက်ထဲကသေနတ် လာဆွဲဆုန်းကတောင် လုံးဝမကြောက်ခဲ့ဘူးဥစ္စာ၊ စစ်သားကွ၊ အာဇာဝကကွလို့ တောင့်ခံထားဥစ္စာ၊ ဒီလိုတရွေ့ရွေ့လမ်းလျှောက်နေတဲ့ အုတ်ခဲကို ကြောက်ရောလားဗျ၊

ကိုစိုးကြီး လက်နှိပ်မီးဖွင့်ပြီး လမ်းလျှောက်နေတဲ့ အုတ်ခဲအနီးကို တိုးသွားပြီး ကြည့်လိုက်ရော ...၊

တွေ့ပြီ-ဒီလိုကိုး၊

ကြည့်စမ်း-အုတ်ခဲထိပ်ကို နိုင်လွန်ကြိုးအနက်နဲ့ ချည်ပြီးလက်ျာဘက် အုတ်ခဲဦးတည်ရာ ချုံပုတ်စည်းရိုး (အိမ်ခြံစည်းရိုး)ထဲက ဆွဲနေတာကိုး၊

သူ အုတ်ပိုင်းကျိုးနှစ်ခု ကောက်ယူပြီး အုတ်ခဲချည်ကြိုး လိုက်စဉ်ရာ ချုံပုတ်ထဲ ဆက်တိုက်ပစ်ထည့်လိုက်ရော၊

"ခွပ်"

"အမလေးဗျ"

"ခွပ်"

"အား-သေပါပြီဗျ၊ အား-ကျွတ် ကျွတ်"

"ဟေ့ကောင်-ထွက်ခဲ့လိုက်စမ်း၊ မထွက်ရင် ငါ ထပ်ပစ်လိုက်မယ်နော်"

လူငယ်တစ်ဦး နဖူးက သွေးတွေ စီးကျပြီး အပြင်ထွက်လာနေတယ်၊

"ညတိုင်း ဒီလိုလုပ်နေတာ မင်း မဟုတ်လား"

"ဟုတ်-ဟုတ်ကဲ့"

"သဲတွေ၊ ခဲတွေ၊ တုတ်တွေ ရှာချတာရော မင်းပဲမဟုတ်လား"

"ဟုတ်-ဟုတ်"

"မင်း ဘာလို့ လူတွေကို ကြောက်လန့်ချောက်ချားအောင် လုပ်ရတာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com

သည့်တော့မှ လူငယ်လေးက အကြောင်းစုံရှင်းပြတယ်။ သူ့ကို လမ်းထဲက ဝင်းနိုင်တို့၊ ခေါင်လတ်ကြီးတို့က အဖေ နာမည်နောက်ပြောင်ခေါ်နေလို့၊ ရှက်ပြီး မကျေနပ်တာနဲ့ ခုလို လုပ်ရတာပါပဲ။

အဲဒီနေ့ကစပြီး လမ်းထဲက ညောင်ပင်အောက်မှာ အုတ်ခဲလည်း လမ်းမလျှောက်တော့ဘူး။ ရေနံ့လည်း လမ်းသွားလမ်းလာ အပက်မခံရ၊ ခဲသံလည်း ညောင်ပင်ပေါ်က မကျတော့။

ဝင်းနိုင်တို့၊ ခေါင်လတ်ကြီးတို့ လူရွယ်ကာလသားတွေကိုလည်း ဒီသရဲခြောက်ပြတဲ့ ကောင်လေးရဲ့ အဖေ နာမည်ခေါ်ပြီး မနောက်ပြောင်ပါနဲ့လို့ ပြောဆိုညှိနှိုင်းပေးခဲ့ရတယ်။

နောင်အခါ မကျေနပ်လို့ သရဲလုပ်ပြီး ခြောက်လှန့်တဲ့ ကောင်လေး။ ကြည်းတပ် (စစ်တပ်) ထဲ ဝင်သွားခဲ့တယ်။ သုံးနှစ်လောက်ကြာတော့ တိုက်ပွဲတစ်ခုမှာ ယောကျ်ားကောင်းပီသစွာ ကျဆုံးသွားခဲ့ရှာတယ်ဗျာ။

ကျွန်တော့်ညီ ကိုဇော်ကြီးက အဲဒီလို ထူးဆန်းတဲ့လူစားမျိုးဗျ။ ဟော - ဖြစ်ချင်တော့ သူ့ဆရာ ဂိုဏ်းတက်တယ်၊ ကျင့်ကြံတယ်၊ အနည်းနဲ့အများ အလုပ်ဖြစ်တယ်။

သူ မယုံကြည်ခဲ့တဲ့ ဂမ္ဘီရဖြစ်ရပ် ဆန်းကြယ်တွေကို သူ ကိုယ်တွေ့ကြုံခဲ့ရပြီး အလွန်အံ့သြခဲ့ရတယ်။

စုန်း၊ ကဝေ ရှာသူဆိုတာ တကယ်ရှိနေပါကလား ...။

သူတို့ရဲ့ လျှို့ဝှက်နက်နဲတဲ့ ပညာတွေ ရှိနေပါကလား ...။

ဒီပညာသည်တွေဟာ သရဲ၊ တစ္ဆေ၊ အိမ်တွင်းနတ်တွေကို သူတို့ ပညာစက်တွေနဲ့ အမိန့်ပေးခိုင်းစေပြီး သူတို့ မလိုလား မနှစ်သက်သူကို ပြစား



နှောင့်ယှက် ဒုက္ခဆင်းရဲ၊ သေဆုံးသည့်တိုင်အောင် စွမ်းဆောင်နိုင်ပေါ့တလား။

ဒီလို ပညာသည်တွေရဲ့ ရန်အန္တရာယ်ကို ကာကွယ်နှိမ်နင်းနိုင်ဖို့ သိပ္ပံဆေးပညာ မတတ်နိုင်ဘူး။

အဲဒီလို သိပ္ပံပညာနဲ့ ဖြေရှင်းလို့မရတဲ့ ကိစ္စအချို့ကို မြန်မာ့ဂမ္ဘီရနည်းနဲ့ ဖြေရှင်းလို့ရတာလေး ကိုယ်တွေ့ကြုံရော။

အင်း - ဘုရားရှင် ဟောကြားခဲ့တဲ့ ပရလောကသားဆိုတာ ရှိတာပဲကိုး။

ပြီး - ဘုရားရှင် မနှစ်သက်တဲ့ အောက်လမ်းဂမ္ဘီရလည်း ရှိနေတာပဲကိုး။

ဒါနဲ့အတူ မကျွတ်မလွတ်သောဘဝများ။

တစ္ဆေ သရဲ၊ ပြိတ္တာ၊ ကျတ်၊ နတ်စိမ်း သူတို့ ဘာကြောင့် အဲဒီလို ပြိတ္တာဘုံသားဘဝ ရောက်နေရတာလဲ။

ဖတ်တယ်၊ မှတ်တယ်၊ လေ့လာတယ်၊ နားထောင်တယ်။

သိပြီ - အစွဲ - သေခါနီးအစွဲ ...။

အစွဲကြောင့် ပြိတ္တာဘဝဖြစ်ရတာ။

နာနာဘာဝဆိုတာ ပြိတ္တာဘုံသားတွေပဲ။

သူတို့ကို ပညာသည်က သူတို့ပညာနဲ့ ခိုင်းစားတယ်၊ ပြစားစေတယ်။

ဒီလိုနဲ့ အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်၊ အပင်း စသည့် အောက်လမ်းပညာ ဒုစရိုက်မှုတွေ အကြောင်း သဘောပေါက်လာခဲ့တယ်။

ဟုတ်ပြီ ...။

လူ့လောကမှာ မနာလိုဝန်တို၊ ဣဿာမစ္ဆရိယစိတ်တွေနဲ့ လူ့စိတ်မရှိတဲ့ သူတွေ ရှိနေသလို၊

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားနဲ့ ပြုမူကျင့်ကြံနေထိုင်သူတွေလည်း ရှိနေတာပဲ။

www.burmeseclassic.com

သူတစ်ထူး စီးပွားတတ်တာ မနာလိုဝန်တိုသူ ရှိတယ်၊

သူတစ်ထူးလှတာ ကြည့်မရ ဝန်တိုသူ ရှိတယ်၊

သူတစ်ထူး ကိုယ့်ထက် တော်တာ၊ တတ်တာ၊ လူရာဝင်တာ၊ ရာထူးရှိတာ၊ ဥစ္စာရှိတာကို မရှုဆိတ်သူလည်း ရှိတာပဲ၊ မနေ့ဥစ္စာပြိုင်သလို ရှိလာရင် ပြိုင်ဘက်ကို ကျဆုံးသွားစေချင်၊ ပြိုလဲပျက်စီးသွားစေချင်သူလည်း ရှိတာပဲ၊

ဒီလိုနဲ့ အောက်လမ်းဂန္ထိုရဆရာတွေနဲ့ တိုက်တယ်၊ စုန်းကဝေပညာသည်နဲ့ တိုက်တယ်၊

အင်းတိုက်၊ နတ်တိုက်၊ စုန်းတိုက်၊ ကဝေတိုက်ဆိုတဲ့ ဒုစရိုက်အလုပ်တွေကို ကိုယ်တွေ့ကြုံဖူးသူ သိတာကိုး၊

ကိုယ်တွေ့ မကြုံရင် မသိဘူး၊ မယုံဘူး၊ ကျွန်တော့်ညီက ဆရာဂိုဏ်း ဓါမလား၊ အဲဒီလို ပညာဂိုဏ်းမှာ ဆရာဖြစ် သင်ကြားလေ့လာပြီး ...၊

ရတနာသုံးပါးလည်း ဦးစားပေး ကိုးကွယ်သလို ဆရာဂိုဏ်းတက်ထားသူဆိုတော့ ဆရာ့ ဆရာတွေ ပြသလို နိုင်းရမည့် မင်းကြီးမင်းလေးတို့ ဘာညာသာရကာ ပုဂ္ဂိုလ်ရုပ်တုအချို့လည်း သူ့အိမ်မှာ နေရာပေးနေကြ၊ ငါ နိုင်းတာလည်း ကူညီကြ၊ မင်းတို့လည်း ဗလိနတ်စာ ငါ ဒါနပြုမယ်ဆိုပြီး ထားတာလေးတွေလည်း ရှိတာပေါ့၊

တပည့်မွေးတယ် ဓါမလား ...၊

အိမ်စောင့်ထားတယ် ဓါမလား ...၊

ပညာပိုင်းနဲ့ အတိုက်၊ အပြုစားကိစ္စတွေ ပေါ်လာရင် လိုအပ်ပါက မွေးကျွေးထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ နိုင်းရ၊ တားရ၊ နင်ရ၊ ဓါရတာပေါ့ဗျာ၊

သိပ္ပံခေတ် ပညာတတ်တွေတော့ လက်ခံနိုင်မှာ မဟုတ်ပေဘူးပေါ့၊ ဒို့ခေတ် - ဆရာဂိုဏ်း၊ ပညာဂိုဏ်း အနေအထားကျတော့ အတော်အံ့သြစရာတွေ ရှိတာပေါ့ဗျာ၊



သူ့အိမ်မှာ ပညာဉာဏ်များ ဖွံ့ဖြိုးတိုးတက်အောင် စောင့်ရှောက်စေဖို့ ဆိုပြီး သူရဿတီမယ်တော် ရွှေပိန်းချရုပ်တုလည်း ရှိတာကိုး ခင်ဗျ၊

သည်တော့ ...၊

အမဲသား၊ ကျွဲသား မစားဘူး၊ ဝက်သားမစားဘူး၊ ရှောင်တယ်တဲ့၊

သူရဿတီ မယ်တော်ကြီးက အမဲသားစားတာ မကြိုက်ဘူးဆိုပဲဗျ၊ တန်ကျလိုက်တာဗျာ၊ မြန်မာတစ်နိုင်ငံလုံး လူမျိုးမရွေး၊ ဘာသာမရွေး သူရဿတီ မယ်တော်ကြီးကို ကိုးကွယ်ရင် သိပ်ကောင်းမှာပဲခင်ဗျ၊

အမဲသားစားတာ ရှောင်ရတာကိုး ...၊

ဒါဆို နွားတွေ၊ ကျွဲတွေ၊ မသတ်ရတော့ဘူးပေါ့ဗျာ၊

အကုသိုလ်လည်းကင်း၊ သတ္တဝါလည်း အသက်ချမ်းသာရ၊ ဟင်းစားအဖြစ်က ဘေးမဲ့ပေးသလို ဖြစ်တာပေါ့၊ ဟုတ်ဘူးလားဗျာ၊

လောကမှာလည်း သူရဿတီမယ်တော် ရှိမရှိကိစ္စက ငြင်းခုန်နေတုန်း ခင်ဗျ၊ အချို့က သူရဿတီမယ်တော်ဆိုတာ မရှိဘူး၊

ရှိတယ်လို့ ယုံကြည်သူက ...၊

မယ်တော်ကြီးက ဘုရားရှင် ဟောကြားတော်မူတဲ့ ပိဋကတ်သုံးပုံကို နေ့နေ့ညည စောင့်ရှောက်နေတဲ့ တရားစောင့်မယ်တော်ကြီးတဲ့၊ ပြောကြတယ်၊

ရဟန်းသံဃာ အရှင်သူမြတ်ကြီးတွေကတော့ ပိဋကတ်သုံးပုံကို နှုတ်ဖျားတွင် အာဂုံဆောင်ပြီး စောင့်ရှောက်နေတာ သူတို့ပါတဲ့၊

ဒါလည်း ဟုတ်တာပဲဗျ၊ သဘာဝလည်း ကျတာပဲ၊

တအုပ်တစ်အုပ်မှာ ဖတ်မိတာကတော့ သူရဿတီဆိုတာ အိန္ဒိယနိုင်ငံ မြောက်ပိုင်းက မြစ်တစ်စင်းရဲ့ အမည်ကနေ ရွေ့လျားလာတဲ့ စကားတဲ့၊ တအုပ်ပြန်တွေ့ရင်တော့ အသေးစိတ် ပြန်ရေးပြပါ့မယ်ခင်ဗျာ၊

ပြီး - မင်းကြီးမင်းလေး နတ်ညီနောင်က ဝက်သားစားတာ မကြိုက်ဘူးတဲ့၊ သူတို့ညီအစ်ကိုက ကုလားသွေးရောတဲ့ နတ်လို့ ပြောတာပဲဗျာ၊

www.burmeseclassic.com

ဒီတော့ ဆရာကိုစိုးကြီးလည်း အိမ်ပေါ်မှာ ဝက်သားမတင်ဘူး။ မစားဘူး။ ယူလာတာ လက်မခံဘူး။

ခက်တာက ဆရာကိုစိုးကြီးရဲ့သား ပြေည့် (ခေါ်) မောင်ပြည့်ဖြိုးဝေက ခုတစ်လော တယ်ဝက်သား ကြိုက်ပဲကိုးဗျာ၊

ဆရာစိုးတို့ အမေအိမ်မှာ အတူနေချိန်၊ ဆရာဂိုဏ်းမတက်ခင်တုန်းက ဆရာလောင်း ကိုစိုးကြီးနဲ့ သူ့ကတော် (ကျွန်တော့်ခယ်မ) မမြင့်မြင့်ဌေးရော၊ သူတို့သား (ကျွန်တော့်တူ) ပြည်ကရော ဝက်သားတယ်ကြိုက်ပဲခင်ဗျ။

သုံးထပ်သား (အခေါက်၊ အဆီ၊ အသားရော) အတုံးကြီးကြီးကို သွားမြုပ်အောင် ကိုက်စားပြီး ကမ္ဘာပေါ်မှာ အရသာအရှိဆုံး အသားစာရင်းမှာ ဝက်သားပါတယ်။

ဖြစ်နိုင်ရင် ဝက်ကို အိမ်မှာမွေးပြီး တစ်ကောင်လုံး ပြုတ်၊ ကင်၊ ကြော်၊ လှော် စားသင့်တယ်လို့ ယူဆပြီး ဝါးခဲ့တာရယ်၊

ခုတော့ ကိုယ့်အိမ် ကိုယ့်ရာနဲ့ သားယောကျ်ားကလည်း နှစ်ယောက် အရွယ်ရောက်တွေနဲ့ဖြစ် ...။

ဆရာဂိုဏ်းလည်း တက်ထားတော့ ...၊

အမိန့်ထုတ်တယ် ...၊

အိမ်ပေါ်မှာ ဝက်သား၊ အမဲသား လုံးဝမစားရ၊

ခြံဝင်းထဲ ဝက်သား၊ အမဲသား လုံးဝမသွင်းရ၊ စားတဲ့သူ၊ ယူလာသူ၊ ဒီအိမ်ပေါ်မှာ မနေနှင့်၊ အခြားမှာ သွားနေကြ၊ စားကြ၊ အိမ်လည်း ပြန်မလာနှင့်၊

မိန်းမနှင့် အငယ်ဆုံးသားက အဖေ့စကား လင်ဆရာသမားရဲ့ စကားနားထောင်တယ်၊ လုံးဝ မစားဘူး၊

စားတာက သားအကြီးကောင် ပြည့်၊

ဒီကောင်ပြည့်က သားဦးဆိုတော့ ငယ်ငယ်တုန်းက ဦးလေးလုပ်သူကရော၊ အဘွားလုပ်သူကပါ အလိုလိုက်ဖူးဖူးမှုတ်ထားတော့ အရွယ်ရောက်တော့ ထိန်းလို့မရတော့ဘူး၊



အထူးသဖြင့် ဒီကောင် အရက်သောက်တယ်၊

သောက်ပြီးလို့ မူးတာနဲ့ အရပ်ထဲ ပြဿနာရှာ ရန်ဖြစ် ရိုက်ခွဲ၊

ဘွားအေနှင့် ဦးလေးက တူ၊ မြေးကို ချစ်တော့ ငွေနဲ့လိုက်လျော်နှင့်၊ တို့ကောင်က လိုက်ရှင်းပေးမည့်သူ ရှိတော့ ပိုကဲ၊ ပိုဆိုး၊

အခု သူ့ အရက်မူးပြီး ပြဿနာရှာခဲ့သမျှ နောက်ကနေ ဒိုင်ခံလျော်ပေး၊ တောင်းပန်၊ အချုပ်ထဲ မရောက်အောင် ဖြေရှင်းပေးခဲ့တဲ့ သူ့ဦးလေး သူ့ဌေးကိုစံကြည်ရော၊ ဘွားအေကြီး ဒေါ်မြရီ (ကျွန်တော်တို့အမေ)ပါ ကွယ်လွန်သွားပြီ၊

သို့သော် - သူ့ (ပြည့်) အရှိန်သတ်လို့ မရတော့ ...၊

သောက်မြဲ၊ ဆိုးမြဲ၊ ရန်ဖြစ်နေဆဲ၊

အဖေရော၊ အမေရော ထိန်းချုပ်လို့မရတော့၊ မကြာခဏ စကားများ ရန်ဖြစ်၊ မူးလာရင် ရှိသမျှရိုက်ခွဲ၊ ငွေတွေ ယူသုံး၊

ဖအေနှင့် ထိုးကြိတ်ရသည့်အကြိမ်လည်း မနည်း၊

ရှိသမျှ စည်းစိမ် သူ့ဖြုန်းလို့ လျော့ခဲ့ပြီ၊

နောက်ဆုံး ဆုံးမပြောဆို ဖျောင်းဖျ၍မရတော့ ဥပေက္ခာပြုလိုက်တယ်၊ သေချင်သေ၊ ကျေချင်ကြေ၊ ထောင်ကျချင်ကျ၊ လုံးဝ ဝမ်းမနည်း၊

မေတ္တာနှင့်လည်း မရ ...၊

ကျစ်စာနှင့်လည်း မကြွ၊ သားအရင်းကို မေတ္တာမဲ့ခဲ့ရပြီ၊ သို့သော် - ဟိုကောင်ကလည်း မသောက်ရင် လူကောင်းဗျ၊

စိုးကြီးတို့က အိမ်ရာဝင်းတစ်ခုထဲ နေနေကြတော့ လိုင်းစည်းကမ်း၊ အိမ်ရာဝင်း စည်းကမ်းနဲ့ နေရတယ်၊

အဲဒီနေရာရောက်တော့ ပြည့် မသောက်တော့ဘူး၊

လိမ္မာသွားပြီး နေရာပြောင်း၊ ဒေသပြောင်းမှာ ပတ်ဝန်းကျင်က လူတွေနဲ့ လိုက်လျောညီထွေ နေတတ်သွားပြီဆိုပြီး လင်ရော မယားရော၊ ဝမ်းသာနေကြတယ်၊

www.burmeseclassic.com

အဲဒီအချိန်မှာ ကိုငစိုးကြီးက ဝန်ထမ်းတစ်ဖက်၊ ဆရာဂိုဏ်းတစ်ဖက်နဲ့ လူရှိသေရှင်ရှိသေ ဖြစ်နေချိန်ပေါ့ဗျာ။

အမှန်က သူ့သား ပြေညို့က နေရာဒေသသစ်ကို ရောက်တုန်းရောက်ခိုက်မို့ အခြေအနေကြည့်နေတာ။

ဒီဝန်းကျင်က ပညာတတ်၊ အဆင့်ရှိတဲ့ ဝန်းကျင်လေ။ အသောက်အစားကင်းတဲ့အရပ်။ အနေအထိုင်တည်ငြိမ်တဲ့အရပ်၊ စည်းနဲ့ကမ်းနဲ့နေတဲ့ ဝန်ထမ်းအရပ်။

ကြာတော့ သောက်နေကျ ပါးစပ်နဲ့ အူတွေက ဆန္ဒပြတောင်းဆိုလာတယ်။ အဲဒီ သန်လျင်မှာရှိတဲ့ အမျိုးတွေဆီ သွားလည်ဦးမယ်ဆိုပြီး ....။

သန်လျင်က ကျွန်တော်တို့ အမျိုးတွေရှိရာ ရောက်လာ ....။

ညီအစ်ကိုဝမ်းကွဲတွေနဲ့ သောက်ကြစားကြ ....။

ကျွန်တော့်အိမ်က ကောင်လည်း ပါတာပေါ့ဗျာ....။

ညီအစ်ကိုတစ်တွေ သောက်စားပြီး ငြင်းခုန်စကားများ ရန်ဖြစ်၊ ထိုးကြိတ်၊ ပစ်ပေါက်လုပ်လိုက်ကြတာ။ ပြေညို့လည်းကွဲ၊ ကျန်ညီအစ်ကိုတွေလည်း ပေါက်ပြဲ။

နောက်ဆုံး ကိုငစိုးကြီး သိသွားပြီး အခုနေတဲ့ အရပ်က မသိအောင် ဖုံးရဖိရ၊ ဆေးကုရ။

တိုတိုပြောရရင် အခြားနေရာတွေမှာ မူးယစ်သောက်စား ရန်ဖြစ်တာ အကြိမ်မနည်းဘူး။

ခွေးမြီးကောက် ကျည်တောက်စွပ်ပဲဗျ။

ဒီကောင်က မသောက်ရင် လူအေး ရေခဲတုံး။

သောက်ရင် ငရဲမီးဗျာ။ ကြာတော့ ကျွန်တော်တို့ သန်လျင်က ဆွေမျိုးသားချင်းတွေကလည်း ငစိုးကြီးသားပြေညို့သန်လျင်လာမှာကို ကြောက်နေကြပါရောဗျာ။



ပြေညို့ကို အရက်နိုးဝေပြီး မျက်ထောင့်နီနီကြီးနဲ့ ကိုယ့်ခြံ သူ့ခြံဝမှာ မြန်းခနဲ မြင်လိုက်ရင် လန့်ဖျပ်ပြီး သွေးပေါင်တက်ကြရောဗျာ။

မနည်းချော့မော့ပြီး သူတို့နေတဲ့ (------)ကို လမ်းစရိတ်ပေးပြီး ပြန်လွှတ်ရတယ်။ ဖအေလုပ်သူက ရှက်တာပေါ့။

သူက ဒီအခု လူရှိသေ ရှင်ရှိသေ ဂိုဏ်းဆရာလေဗျာ။

တပည့်တပန်းတွေကို ဆုံးမရတယ်။

အရက်မသောက်နဲ့၊ အမဲသား ဝက်သား မစားနဲ့။

ကာမေသု မိစ္ဆာစာရ သူတစ်ပါးသားမယား မပြစ်မှား မကျူးလွန်နဲ့။

ပညာတော်မြတ်ကြီးကို မစော်ကားနဲ့။

မိဘဘိုးဘွား ဆရာသမား မရိုမသေမလုပ်နဲ့။

အဲ့လို ဆုံးမနေတုန်း ....။

ဒီကောင် မူးပြီး ရောက်လာတော့ အရှက်ကွဲရတာပေါ့။ ပြဿနာပေါင်းများစွာ ရှင်းရ၊ ဆေးကုရ၊ သူဖြုန်းလို့လည်း စုဆောင်းထားတာ ကုန်လုနီးပါး ဖြစ်နေတော့ သားဆိုးမို့ ရင်နာလာတယ်။ အရှက်ကွဲရတာလည်း မနည်း။

ရဲစခန်းကဖမ်းပြီး ထောင်ချပါစေလို့ ဆုတောင်းတယ်ဆိုရင် ဖအေ အလွန်လို့ မပြောကြနဲ့တော့။

သို့သော် - သင်း ဘယ်အချုပ်မှ မရောက်ဘူး။

ပိုဆိုးတာက ....။

ဒီကောင် မူးလာရင် အိမ်ပေါ်မှာ ဝက်သားဟင်းဝယ်လာပြီး စားတာပဲဗျာ။ မအေလုပ်သူက မင်းကြီးမင်းလေး နတ်နန်းလေးရှိနေတော့ လန့်တာပေါ့။

www.burmeseclassic.com

အဲဒါ ဖအေကလည်း မင်းနှစ်ပါး မေတ္တာရပ်ရသလို၊

မအေ လုပ်သူကလည်း ကတုန်ကယင်နဲ့ နတ်တွေရော၊ မယ်တော်ကြီးတွေကိုပါ တောင်းပန်ရတယ်၊

တောင်းပန်တဲ့ကြားက စကားတွေများကြ၊

အပြစ်မှာ စားချင်စားလို့ နောက်ဆုံး ပြောရတယ်၊

ဒီကောင်က လူရွတ်ပဲဗျာ၊ ဒီအိမ်ပေါ်မှာပဲ စားမယ်ဆိုပြီး အမဲသား တစ်လုည့်၊ ဝက်သားတစ်လှည့်၊ ပြောင်ဝယ်လာစား၊ ချက်စား လုပ်တာဗျာ၊

ကြာတော့ ဆရာလုပ်သူ ဖအေက မင်းကြီးမင်းလေး နတ်ရုပ်တုများ ရှေ့မှာ ပြောရတယ်ဗျာ၊

"ကိုယ်တော်တို့ မယ်တော်ကြီးတို့ ဝက်သား အမဲသားကို ဒီအိမ်ပေါ်မှာ စားတာ ကျွန်ုပ်ရဲ့သား မောင်ပြည့်ပါ၊ ကိုယ်တော်တို့၊ မယ်တော်တို့ မကြိုက်လို့ လုပ်ချင်နှိပ်စက်ချင်ရင် ဝက်သားစားတဲ့ သင်းကို ကြိုက်သလိုလုပ်ပါ၊ ကျန်တဲ့မိသားစုကိုတော့ အပြစ်မပေးပါနဲ့"

အဲ့လိုကို ပြောရတော့တယ်၊

ဒီကောင် ဝက်သား၊ အမဲသားဟင်းတွေကို နေ့စဉ်နီးပါး အိမ်ပေါ်မှာ စားတယ်၊ မင်းကြီးမင်းလေး နတ်ရုပ်တုရှေ့မှာ မူးမူးနဲ့စားတယ်၊ သေဖို့ နေနေ သာသာ ခေါင်းကိုက်၊ ဖက်ကြောထိုးတောင် မဖြစ်ပါဘူးတဲ့ဗျာ၊

အံ့မယ် - အသားအရေစိုပြီး ဝတောင်လာသေးဆိုပဲ၊

လင်ရော၊ မယားရော အံ့သြသွားကြရပါရော၊

အိမ်နီးနားချင်းတွေကလည်း ဝေဖန်ကြတာပေါ့၊

ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ စောင့်ကြည့်နေတာ၊ ဆရာကိုစိုးကြီးတို့ မိဘမျက်နှာငဲ့ထောက်ပြီး အားနာလို့၊ သနားလို့ မလုပ်သေးတာ၊ လုပ်ရင်သေတာ ကြာပေါ့တဲ့၊

ကိုဝစိုးကြီးက ပြောရော၊



"ကျုပ်ကို အားနာစရာ မလိုဘူး"

"အရပ်ကို အားနာပါ ကိုယ်တော်၊ ဒီကောင်ကြောင့် ကျုပ်ဘဝက ဆရာ ခနိုင် နှစ်ဆောင်ပြိုင်ဖြစ်ပြီ၊ ဒီကောင် ကျုပ် အလုပ်သွားနေတုန်း မအေကို အနိုင်ကျင့် အဓမ္မ ယူသွား သုံးဖြုန်းလို့ စုထားတာတွေကုန်ပြီ၊ ကိုယ်တော်တို့ သင်းကို ကျောင်းမှန်း ကန်မှန်းသိအောင် လုပ်သင့်ပါတယ်ဗျို့"

မယားလုပ်သူက သားဦးလေးမို့ ချစ်သနားပြီး ဖြစ်ရပေါ့လေ၊ အကယ်၍များ မင်းနှစ်ပါး ကျားနဲ့တိုက်လို့ သွေးသံရဲရဲနဲ့များ ဖြစ်နေမလား၊

ကိုယ်တော်တွေရဲ့လက်သုံးတော် မားတွေကြောင့် ဖက်ပြတ်ပြီး သေလေမလား၊ ဘုရား - ဘုရား - ဘုရား၊

လွဲပါစေ - ဖယ်ပါစေ ...၊

တစ်ကြိမ်တစ်ခါ မှားတဲ့ကလေးမို့ ခွင့်လွှတ်တော်မူပါ ကိုယ်တော်တို့၊ အဲ - အဲ၊

မဟုတ်သေးပါဘူး ...၊

သူ့သားက အကြိမ်ကြိမ်အခါခါ လုပ်နေတာ ဥစ္စာ၊

ကိုယ်တော်တွေကို စော်ကားနေတာ၊

ပါးစပ်နှင့်ဆုံးမလည်းမရ၊ အရပ်နှင့်ဆုံးမလည်းမရ၊ ဆွေမျိုးနဲ့ဖျောင်းဖျလည်း လက်လန်၊

သူ့အဖေရဲ့ လက်သီးတို့၊ တုတ်တို့လည်း ဘာမျှအသုံးမဝင်၊ သူ့အဖေ တိုင်စိုးကြီးသာ လက်တွေ၊ ခြေထောက်တွေ ပတ်တီးစည်း၊ ရောင်ကိုင်း လှုပ်မရ ဖြစ်ခဲ့ရတယ်၊

အဲဒီကျတော့ ပြောကြပြန်ရော ...၊

သားကို နတ်က လုပ်မရလို့ ဖအေကို ကိုင်တာတဲ့၊ ဆရာလည်း သိက္ခာ ချရမလိုဖြစ်နေပြီ၊

ဒီမင်းကြီးမင်းလေးနတ်ညီနောင်ကို ငါ ဗလိဒါန ပြုခဲ့တာကြာပြီ၊ အခြေ သော မင်းကြီးမင်းလေး ကိုးကွယ်ပသထားရှိသူများ အိမ်တွေတချော

www.burmeseclassic.com

ဝက်သားစားဖို့ မပြောနဲ့ ခြံထဲ သွင်းမိတာနဲ့ သူတို့ ဝင်ပူးပြီး ခုန်ပြီး ဓား ကြိမ်းကြိမ်းကြပြီ၊ တောက်ခတ်ကြပြီ။

အဲဒီလို အခြေအနေကျရင် ဆရာဖြစ်သူကိုယ်က သွားရောက်ပြောဆို မေတ္တာရပ် အပူးအကပ်နှင်ပေးရတာ။

ဘယ့်နယ့် ကိုယ့်အိမ်ကျမှ ...။

သင်းတို့ နတ်ညီနောင်နှစ်ပါးရှေ့ ဝက်သားဟင်း ကြောင်စားနေတာကို သင်းတို့ ဘာလို့ သည်းခံနေရတာတုံး။



မင်းကြီးမင်းလေး ကိုယ်တော်နှစ်ပါးတို့-ကျွန်ုပ်ရှိသား ပြည့်ဆိုတဲ့ ကောင်သည် ဘယ်လိုပြောဆိုးမ ဟန့်တားခြင်ကွင် ပြင်လို့မရဘဲ အရှင် နှစ်ပါးတို့ရှေ့မှာ အရှင်တို့မကြိုက်တဲ့ ဝက်သားများ အကြိမ်ကြိမ် စားသောက် စော်ကားမှု ပြုခဲ့ပါတယ်။ ခုလည်း အိမ်ပေါ်မှာ ဝက်သားဟင်း ချက်စားမယ်ဆိုပြီး ဈေးမှာ သွားဝယ်နေပါပြီ။ ဒီလို လူရှုတ်လူပေ လူ့တစ်ဆောက်ကန်းကို ကိုယ်တော်တို့ လမ်းမှာ မြွေပွေးမြွေဟောက်နဲ့ တိုက်၍ သတ်လိုက်ပါ။ ဓားရှည် ဓားမြှောင်တို့ဖြင့် ခုတ်ထစ်ထိုး၍ ဒီနေ့ပဲ အဆုံးစီရင် ဒဏ်ခတ်တော်မူပါ



အိမ်ကကောင် ငမူး၊ ငရမ်း၊ ငရွှတ်က ကိုငစိုးကြီး ငယ်စဉ်ကထက် ပိုပြီး ရှုတ်နေတယ်။

တစ်နေ့တုန်းက သူ့မယား မြင့်မြင့်ဌေး ပြောပုံအရဆို သူတို့သား ပြည့်က မင်းကြီးမင်းလေးရုပ်တုရှေ့မှာ ဝက်သားစားရုံမကဘူး။

"ကိုယ်တော်တို့လည်း စားချင်လား ရော့ - ဒါသုံးထပ်သား။ ပဲငံပြာရည်နဲ့ တရုတ်ချက် ချက်ထားတာ၊ စား - စားပါ၊ ကျုပ်ကို အားမနာနဲ့၊ အော့ - အော့"

မြင့်မြင့်ဌေးအမေနဲ့ ဆရာကိုငစိုးကြီးတောင်ကြားရရော ခေါင်းနားပန်း ကြီး၊ ကြက်သီးတွေ ဖျန်းဖျန်းထ ကြောချမ်းဖြစ်ပြီး လူပါ လဲမလိုဖြစ်သွားလို့ မယားလုပ်သူက လှမ်းထိန်းရတယ်၊

မဟုတ်မှလွဲရော ...၊

သူ့တို့သားကို အပမှီနေပုံပဲ ...၊

မင်းကြီး မင်းလေးထက် ပိုကြီး ပိုကြမ်းတဲ့ နာနာဘာဝတစ်ကောင် ကောင် ဝင်နေပုံပဲ၊

ဒါကြောင့် - သူသောက်တဲ့ သောက်ရေအိုးထဲ ရေမန်းစီရင်ပြီး ထည့်ရ တယ်၊ သင်းအိပ်တဲ့ ဖျာခေါင်းရင်းမှာ နာနာဘာဝနှင် အင်းကို ရေးပြီး ကပ် ထားရတယ်၊

မြတ်စွာဘုရား ...၊

ကိုယ်က အဲ့လို အစီအရင်နဲ့ လုပ်လိုက်မှ သင်းက ပိုဆိုးလာပါရောဗျာ၊

"အမေ ..."

"ဘာလဲ ..."

"ပိုက်ဆံ ငါးထောင်ပေးစမ်းဗျာ"

www.burmeseclassic.com

"အံမာ – နင့်လုပ်စာရှိလို့ နင်က ငွေငါးထောင်တောင် တောင်းရတာလား။ မရှိဘူး …"

"ကျုပ် လုပ်စရာရှိလို့ တောင်းနေတာနော်"

"နေပါဦး – နင်က ဘာလုပ်မလို့တုံး"

"ကျုပ် သူငယ်ချင်းတွေကို ဒီအိမ်မှာ ဝက်သားဟင်း ချက်ကျွေးမလို့"

"ဘုရားရေ – သွား – သွား – နင် ငါတို့ကို အရှဲ့မတိုက်နဲ့နော် ပြည့်၊ ငါ့အိမ်မှာ ဝက်သား၊ အမဲသား မချက်ရဘူး၊ ပိုက်ဆံလည်း မရှိဘူး၊ မပေးနိုင်ဘူး"

"ကျုပ်က ဝက်သားကြိုက်လို့ စားနေတာ"

"နင် ကြိုက်ပေမယ့် အိမ်မှာထားတဲ့ မင်းကြီးမင်းလေး မကြိုက်ဘူး – သွားတော့"

"ခင်ဗျားတို့ မင်းကြီးမင်းလေးက ဘာတွေများ အစွမ်းထက်နေလို့တုံး။ စွမ်းရင် ကျုပ်သေတာ ကြာပြီ – ပေးဗျာ"

"ဟဲ့ – နင့်ဘုန်းကြီးနေလို့ မဟုတ်ဘူး၊ နင့်လို အရက်သမားမှာလည်း ဘုန်းတို့ ကံတို့ မရှိဘူး၊ ငါတို့ကို ကိုယ်တော်တွေ ညှာနေလို့၊ နင် သက်သာနေတာ၊ သွားတော့ …"

"စားမယ်ဗျာ – တစ်ဝချက်စားမယ်ဗျာ၊ ကျုပ်ကို သူတို့ နှိပ်စက်လို့ သတ်လို့ ရရင်သတ်၊ ကဲ …"

"ဟဲ့ – ဟဲ့ – ဟဲ့ကောင် မလုပ်နဲ့ – ပေး – ပေး"

"မပေးဘူး – ခုချက်ချင်း ဝက်သားနှစ်ပိဿာဝယ်ပြီး နတ်စင်ရှေ့မှာ ချက်စားမယ်ဟေ့"

သားလုပ်သူဟာ ပိုက်ဆံအိတ်ဆွဲယူပြီး ဇစ်ကိုဖွင့်၊ ငါးထောင်တန် နှစ်ရွက်ယူပြီး အိမ်ထဲကနေ ပြေးပါရော၊

မြင့်မြင့်ဌေး စိတ်ညစ်ကြောက်လန့်ပြီးငို …၊



ဒီလို လူပေလူရှုတ် လူကြမ်းမျိုး၊ နတ်ကို အရှဲ့တိုက်တဲ့ လူစားမျိုး၊ သူ့အမျိုးထဲမှာလည်း မရှိ၊

သူ့ယောကျ်ား ကိုဝစိုးကြီးတို့ မျိုးရိုးမှာလည်းမရှိ၊

ဒီသားကြီးဘယ်လိုကြောင့်ဆိုးသွမ်းပါလိမ့်ဆိုပြီးငိုနေတုန်းကိုငစိုးကြီး ရောက်လာပါရော …၊

"မဌေး – ညည်းဘာလို့ငိုနေတာလဲ"

"အင် – ဟီး – ဟီး – ငါ့သား သေလိုက်ပါတော့"

"မဌေး – နင် ဘာဖြစ်နေတာလဲလို့ မေးနေတယ်လေ"

"အင့် – ဟင့် – ဟီး – ဟိုကောင် ရှင့်သား …"

သူက ပိုက်ဆံတစ်သောင်း နှိုက်ယူပြီး သူ့သူငယ်ချင်းတွေနဲ့ ဒီအိမ်ပေါ်မှာဝက်သားဟင်းချက်စားမည်၊ သားလုပ်သူ လူပေလူရှုတ်အကြောင်းပြောပြလိုက်ရော၊

ကိုငစိုးကြီး သည်းမခံနိုင်လောက်အောင် ပေါက်ကွဲတော့တယ်၊ အိမ်ပေါ်မှာ ဝက်သားဟင်း၊ အမဲသားဟင်း အကြိမ်များစွာ အပြင်က ဝယ်ယူလာပြီး စားနေတာကို သူ သည်းခံတောင်းပန်ခဲ့တာ မနည်းတော့ဘူး၊

အခု ဝက်သားတွဲဝယ်ပြီး အိမ်ပေါ်မှာ ချက်စားမယ်တဲ့၊ ဒါ သူ့ကိုရော၊ နတ်တွေကိုရော ပြောင်စိန်ခေါ်တာပဲ၊ သိကြရောပေါ့ ပြည့်ရာ၊

မင်းဟာ မိဘရော နတ်တွေရော စော်ကားလွန်းမက စော်ကားတဲ့ကောင်၊ မိသားစုအားလုံးဖတော့ နတ်လုပ်လို့ အသေမခံနိုင်ဘူး၊ အရပ်လည်း အားနာရတာ များပြီ၊

မင်းလို မိမနိုင်၊ ဖမနိုင်၊ ဆွေမနိုင်၊ မျိုးမနိုင်၊ ရွာမနိုင်၊ ရပ်မနိုင်ကောင် တစ်ယောက်ကိုပဲ အသေအဆုံးခံမယ်၊ သိကြရောပေါ့ကွာ၊

ကိုငစိုးကြီး မင်းကြီးမင်းလေး နတ်နှစ်ပါး ရုပ်တုရှေ့မှာ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ထွန်းညှိပူဇော်ပြီး …



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးမင်းလေး ကိုယ်တော်နစ်ပါးတို့ - ကျွန်ုပ်ရဲ့သား ပြေည့်ဆိုတဲ့ ကောင်သည် ဘယ်လိုပြောဆုံးမ ဟန့်တားနိပ်ကွပ် ပြုပြင်လို့မရဘဲ အရှင်နှစ်ပါးတို့ရှေ့မှာ အရှင်တို့မကြိုက်တဲ့ ဝက်သားများ အကြိမ်ကြိမ် စားသောက်စော်ကားမှု ပြုခဲ့ပါတယ်။ ခုလည်း အိမ်ပေါ်မှာ ဝက်သားဟင်းချက်စားမယ်ဆိုပြီး ဈေးမှာ သွားဝယ်နေပါပြီ။ ဒီလို လူရွတ်လူပေ လူ့တစ်ဖောက်ကန်းကို ကိုယ်တော်တို့ လမ်းမှာ မြွေပွေးမြွေဟောက်နဲ့တိုက်၍ သတ်လိုက်ပါ။ ဓားရှည်ဓားမြှောင်တို့ဖြင့် ခုတ်ထစ်ထိုး၍ ဒီနေ့ပဲ အဆုံးစီရင် ဒဏ်ခတ်တော်မူပါ။ သင်းတို့အား ကျွန်ုပ် ဖခင်ကိုယ်တိုင် ခွင့်ပြုအာဏာ အပ်လိုက်သည်။

သင်းကို မင်းကြီးမင်းလေးတို့ အိမ်ပြန်ခွင့်မရဘဲ လမ်းမှာပင် အသေဆိုးနှင့် သေအောင် အဆုံးစီရင်လိုက်ပါ။ ငါ ဆရာအမိန့်တော် ...။

"အင့် - ဟီး"

ဖနီးလုပ်သူရဲ့ ရှိုက်ငိုသံကို ကြားလိုက်ရတယ်။ သူက ဝမ်းနဲ့ မွေးထုတ်ထားရတဲ့အမေလေး။ ဖအေလုပ်သူဆရာကခုလိုရက်စက်တော့ဝမ်းနည်းပြီး ရှိုက်ငိုရပြီပေါ့။

သူ့ယောကျ်ားကလည်း လူတစ်မျိုး ...။

သည်းခံပြီဟော့ဆို သူစိမ်းရော၊ သားသမီး ဆွေမျိုးရော ခေါင်းပေါ် နင်းသွား မပြောဘူး။

သည်းမခံတော့ဘူးဆိုရင် အတော်ကြမ်းတဲ့လူ။ ဘယ်သူမှ တားလို့မရဘူး။

ပယောဂကုရင်လည်း ဒီစိတ်နဲ့ကုတာရယ်။

သူ့ပညာစက်၊ အာဏာစက် ထိရောက်တာကို မမြင့်ဖူး သိတယ်လေ။ အခု မင်းနစ်ပါးကို လမ်းမှာတင် အဆုံးစီရင်တော့လို့ အာဏာအပ် အမိန့်ပေးလိုက်ပြီ။

ပြေည့်ရေ ...။



ငါ့မင်းကို နို့တိုက်ခဲ့တယ် ...။

ထမင်း ဝါးခွံ့ခဲ့တယ် ...။

ဆီထောပတ်၊ ဟင်းကောင်း၊ ထမင်းကောင်း ကျွေးခဲ့တယ် ...။

ပညာသင်ပေးခဲ့တယ် ...။

အမေ့ကို မျက်ရည်ပေါက်ကြီးငယ် အကြိမ်ကြိမ်ကျအောင် လုပ်ခဲ့တာ။ အမေ သည်းခံခဲ့တာ ဘုရားရော၊ နတ်ရော၊ မင်းရော အသိပါသား။

ခုတော့ - မင်းရဲ့အရွဲ့တိုက် ဆိုးပေသောင်းကျန်းမှုတွေက မင်းကို ပြန်ပြီး ထိနိုက်ရတော့မှာပေါ့။

ဒီတစ်ဘဝမှာပဲ ငါ့သားလေး ဆိုးပေမိုက်မဲ အသိဉာဏ်နည်းပါးတော့၊ နောင်ဖြစ်လေရာဘဝတိုင်း အမေ့သားကြီး လူမိုက်၊ လူရွတ်၊ လူပေ၊ လူသွမ်း၊ အရက်သမားကြီး၊ လူရမ်းကားကြီး မဖြစ်ပါစေနဲ့လို့ အမေ ...။

ဆရာကိုစိုးကြီး သူ့အာဏာစက်ကို သူသိတယ်။

မတတ်နိုင်ဘူးလေ ...။

ရက်စက်မှကြေကွဲ၊ ရဲမှမင်းဖြစ်သတဲ့။

သူ့ကံတရားနဲ့သူ လာကြတာဉစ္စာ။

မကောင်းရင် လက်မောင်းသွေးပါ ဖောက်ထုတ်ပစ်ရမှာ၊ သိပ်လွန်နေပြီဗျာ။ ကိုစိုးကြီးသတင်းကိုနားစွင့်နေတယ်။ မင်းကြီးမင်းလေးကရက်စက်တယ်နော်၊ သူတို့မကြိုက်တာ အဆုံးစွန်လုပ်ရင် ဒေါသသိပ်ကြီးတာ။

ဆရာ ကိုစိုးကြီး ကိုယ်တွေ့ပဲ ...။

သူကုလားထိုင်ပေါ်မှာ မျက်စိမှိတ်ပြီးဖြစ်လာမည့်ကိစ္စဆိုးကို ရင်နင့်စွာနဲ့ မျှော်လင့်စဉ်းစားနေတုန်းမှာပဲ ...။

"လာဟော့ - သူငယ်ချင်းတို့ အိမ်ပေါ်တက်ကြ"

"ဟင်"

သူ့သား ပြေည့်ခင်ဗျာ ဝက်သားတွဲကြီး နစ်တွဲဆွဲလို့၊ သူ့နောက်မှာ လည်း သူနှင့်ရွယ်တူ ရုပ်ရည်သန့်သန့် လူငယ်သုံးဦးလည်း ပါရဲ့ဗျား။



www.burmeseclassic.com

www.burmeseclassic.com

မအေလုပ်သူ မြင့်မြင့်ဖွေးလည်း အံ့ဩလို့ ...။

ဖအေလုပ်သူ ဆရာ ကိုစိုးကြီးဆိုလည်း ပါးစပ်ဟလို့ ...။

ဒီကောင် ဘာမှမဖြစ်ပါလား။ ဟ – နတ်ဖေတွ၊ မင်းတို့ ...။

သူ့သူငယ်ချင်းတွေနဲ့ ရယ်လို့မောလို့ပျာ။

"လာဟေ့ – နောက်ဖေးမှာ အရင်ချက်မယ် – လာ"



အလို ... မယ်တော်ကြ[illegible]ကနေ အခိုးအငွေ့တွေ ထွက်လာ
ပါရောလား။ အံ့အံ့ဩဩနဲ့ ကြည့်နေတုန်းမှာပဲ အခိုးအငွေ့တွေကြားကနေ
ဆံပင်ဖားလျား၊ ထဘီရင်လျားထားတဲ့ အဘွားအိုကြီးပေါ် လာတယ်။
အရုပ်ဆိုးလိုက်တာ။ အသားကလည်း မည်းလိုက်တာမှ ...
မီးသွေးတုံးတောင် ရှုံးအောင် မည်းတူးနေတယ်။ မျက်လုံးနှစ်လုံး
ပြူးထွက်နေပုံက အပြင်ကို အန်ထွက်ပြုတ်ကျတော့မည့်
ဖန်ဂေါ် လီအကြီးစားလိုပဲ။ ပါးစပ်ထဲမှာ သွားတွေအစုံအလင်မရှိဘူး။
ရှိနေတဲ့ ကျိုးတိုးကျဲတဲသွားတွေကလည်း တစ်ချောင်းဆို
လက်မလောက် ရှိနေတယ်။

"မင်းက ချက်တတ်လို့လား မောင်ပြည့်ရ"

"တို့အဘွားအိမ်မှာ နေတုန်းကတည်းက အဘွားက ဝက်သား၊ ကြက်သားချက်နည်း သင်ပေးထားတာကွ။ မင်းတို့က ကြက်သွန်၊ ငရုတ်သီး ဝိုင်းထောင်းကြပေါ့ – လာဟေ့"

မင်းကြီးနဲ့ မင်းလေး နိုင်းတာ မလုပ်ပါကလား။

လမ်းမှာ မြွေပွေး၊ မြွေဟောက်နဲ့ တိုက်သတ်လို့၊ ဓားနဲ့ ထိုးသတ်လို့ အမိန့်ပေးထားတာ။ ဘာလဲ – ငါ့လို ဆရာရဲ့ အမိန့်ကို မင်းကြီးနဲ့ မင်းလေး ဗီဆန်တာလား၊ သူတို့ရေ့ ဝက်သားစားတာ ကြိုက်နေလို့လား၊ လက်ခံတာလား။

သမိုင်းကြောင်းမှာ သူ ရှိတဲ့နေရာ ဝက်သားစားရင် ဒေါ်ပွပြီး အသေသလုပ်ဆို၊ မင်းတို့မှာ ဘာအစွမ်းမှမရှိဘူးလားဟေ့၊ မင်းကြီးနဲ့မင်းလေး ..."

မင်းတို့ကို ငါ နေ့စဉ် လိမ္မော်ရည်၊ ဘီလပ်ရေ၊ စပါကလင်၊ စီးကရက်၊ အမွှေးနံ့သာနဲ့ ပြုစုနေတဲ့ ကျေးဇူးကို မင်းတို့က ပြောင်ပြောင်တင်းတင်း ငေးဆပ်နေတာပေါ့ ဟုတ်လား။

အခု – ဘာအစွမ်းအစမှ မရှိတဲ့ မင်းတို့ ...။

နှုတ်ချင်း ငါ့အိမ်ပေါ်ကဆင်း။

ကြာပါတယ်ကွာ – မင်းတို့ ငါ့အိမ်ပေါ်ရှိနေရင် အိမ်လေးရုံနဲ့ ငွေကုန်ရုံပဲ ရှိတော့ သွားရော့ဟာ"

ဆရာကိုစိုးကြီး ဒေါသတွေပေါက်ကွဲပြီး မင်းကြီးမင်းလေး ရုပ်တုနှစ်ခုကိုယူပြီး အိမ်ရှေ့လမ်းမမှာ ရိုက်ချိုးပစ်လိုက်တာ၊ ပိုင်းပိုင်းညက်ညက် ကြေသွားပါရော။

တော်ပြီ – အိမ်ပေါ်မှာ ဘာနတ်ရုပ်တု မထားဘူးဟေ့။

သည့်နောက် – နတ်စိမ်းမယ်တော်ကြီးရုပ်တုပါ ယူပြီးအမှိုက်ပုံထဲ ပစ်ထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာမျှအားကိုးလို့မရတဲ့ ရုပ်တုတွေ သွားကြ၊ နင်တို့ အမှိုက်ပုံမှာပဲ နေကြ၊ နင်တို့ ဘာမှ အားကိုးလို့မရဘူး၊ နင်တို့လည်း ငါ အလိုမရှိတော့ဘူး၊ မကျေနပ်ရင် ငါ့ကို ကြိုက်သလိုသာ လုပ်တော့ - ထွီ -"

အိမ်နီးနားချင်းတွေလည်း ဆရာကိုဇိုးကြီး ပွဲကြမ်းပြီး နတ်ရုပ်တုတွေနဲ့ နတ်စိမ်းမယ်တော်ကြီး ရုပ်တုတွေကို ရိုက်ချိုးလွှင့်ပစ်နေတာ မြင်ရတော့ အကြီးအကျယ် အံ့သြကြပေါ့၊

"ဖအေရော၊ သားရော လူကြမ်းတွေပဲဟေ့"

"မကိုးကွယ်ချင်လည်း ညောင်ပင်မှာ သွားစွန့်ပေါ့တော်၊ ခုလို ရိုက်ချိုးပစ်တော့ ဆရာဇိုးကြီးကို ကိုယ်တော်တွေနဲ့ မယ်တော်ကြီး ပြန်လုပ်ရင် ဒုက္ခရောက်မှာတော့"

"ဘယ်လိုဖြစ်တာတဲ့တုံးဗျ ..."

"အားမကိုးရလို့ ရိုက်ချိုးတာတဲ့ဗျ"

"တကယ့် လူကြမ်းတွေပဲဗျ"

ဒီမှာ လူရွယ်တစ်ယောက်က ပြောတယ်တဲ့၊

"ဒါ - တော်လှန်ရေးလုပ်တာဗျ - ဝွတ်ပဲ"

"ဟဲ့ကောင်ရဲ့ - ဘာတော်လှန်ရေးတုံးဟဲ့"

"သေခြင်းဆိုးနဲ့ သေခဲ့တဲ့ နတ်တွေကို ကိုးကွယ်အားထားရာ မလိုဘူးဆိုတဲ့ အသိနဲ့ တော်လှန်ရေးလုပ်တာပေါ့ဗျ၊ ဝွတ်မှ ဘဲရီးဝွတ်ဗျာ"

"စောင့်နားထောင်ကြပေါ့အေ"

တိုတိုရေးရရင် ပြေညွှံရဲ့ သူငယ်ချင်းတွေလည်း ပြေညွှံတို့ အဖေ၊ နတ်ရုပ်တုတွေ ပေါက်ခွဲရိုက်ချိုး ဒေါသကြီးနေတာကြည့်ပြီး လန့်ဖျပ်လို့ အိမ်ပေါ်က ဆင်းပြေးကြပါရော၊

ပြေညွှံလည်း နတ်ရုပ်တုတွေကို အမြဲ တသသအားကိုးနေတဲ့ သူတို့အဖေကိုယ်တိုင် အိမ်အပေါ် အဆောင်ထဲက နတ်ရုပ်တွေ ရိုက်ချိုးဖျက်ဆီးလွှင့်ပစ်နေတာ မြင်တော့ လန့်ပြီး ဆင်းပြေးတဲ့ သူငယ်ချင်းတွေနောက်ကို တတ်သားတွဲကြီးဆွဲပြီး ပြေးလိုက်သွားပါရောတဲ့၊

အလွန်ကို ထူးဆန်းတယ်တဲ့ဗျာ၊

အတော်လေးလည်း အံ့သြသွားခဲ့ရသတဲ့၊

မင်းကြီးမင်းလေး၊ နတ်စိမ်းမယ်တော်ကြီး၊ နတ်ရုပ်တု အပါအဝင် နတ်ရုပ်တုတွေ အိမ်ပေါ်မှာ ရှင်းပြောင်သွားတဲ့နေ့ကစပြီး သူတို့သားပြေညွှံ လုံးဝ ဝက်သား၊ အမဲသား အိမ်ထဲလည်း ယူမလာတော့ဘူး၊ အပြင်မှာလည်း မစားတော့ဘူး၊

အရက်လည်း နေ့တိုင်းလို မသောက်တော့ဘဲ တစ်ခါတစ်ရံ နည်းနည်းပါးပါးပဲ သောက်တော့တယ်၊

ရုပ်ထဲ မြို့ထဲ၊ ဆွေထဲ မျိုးထဲ ပြဿနာ လုံးဝမရှာတော့ဘူး၊ အခု ကုမ္ပဏီလုပ်ငန်းတစ်ခုမှာ လစာနစ်သိန်းနီးပါးရတဲ့အလုပ်ကို ကြိုးကြိုးစားစား လုပ်နေ တဲ့ဗျာ၊

လစာရရင် မအေလည်းပေး၊ သူလည်း ဝတ်ချင်တာဝယ်ဝတ်နဲ့ အတော်အပိုးကျိုးသွားလို့ မိဘတွေလည်း ဝမ်းသာကြတာပေါ့ဗျာ၊ ဆွေမျိုးသားချင်းများလည်း ဝမ်းသာကြ၊

ဝက်သား၊ အမဲသား လုံးဝမစားတော့ဘူး၊

ဆရာကိုဇိုးကြီးလည်း ရတနာသုံးပါးကို ပိုအလေးထားပြီး ထွက်ရပ်ပေါက် ဆရာတော်ဘုရားကြီးများရဲ့ သတ္တဝါအများ ကယ်တင်တဲ့ မေတ္တာလမ်းစဉ်ကို ကျင့်ကြံပွားများပြီး ဒုက္ခရောက်သူနင့် ကြုံခဲ့ရပါက အလျှဉ်းသင့်သလို ရေစင်ရေမန်းနဲ့ မေတ္တာရေ ကုပေးနေတော့တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဒီပြောင်းလဲမှုမှာ လျှို့ဝှက်ဇာတ်လမ်းရှိသေးတယ်ချို့ ပိုပြီး အံ့သြစရာကောင်းတာက ဒီလိုတဲ့ ခင်ဗျ။

လူကြမ်း ဓာတ်ကြမ်းကြီး ဆရာကိုင်စိုး နတ်ရုပ်တုမျိုးစုံတွေကို ရိုက်ချိုး လွှင့်ပစ်ပြီးတဲ့ညမှာ အိပ်မက်ဆန်းတစ်ခုကို မြင်မက်ခဲ့ရသတဲ့။

ဒါက သူတို့ဂန္ဓာရသမားဘဝမှာ နိုင်နိုင်မာမာ သိလိုက်ရတဲ့ အဖြေပဲ။

အိပ်မက်ထဲမှာ ဆရာကိုင်စိုးကြီး လွှင့်ပစ်လိုက်တဲ့ နတ်စိမ်း မယ်တော်ကြီးရုပ်တုက အိမ်ရှေ့ခြံဝမှာ လာရပ်နေတာတဲ့ဗျာ ...။

အလို ...။

မယ်တော်ကြီး ရုပ်တုထဲကနေ အနီးအငွေ့တွေ ထွက်လာပါရောလား။ အံ့အံ့သြသြနဲ့ ကြည့်နေတုန်းမှာပဲ အနီးအငွေ့တွေကြားကနေ ဆံပင်ဖားလျား ထဘီရင်လျားထားတဲ့ အဘွားအိုကြီးပေါ်လာတယ်။ အရုပ်ဆိုးလိုက်တာ။

အသားကလည်း မည်းလိုက်တာမှ ...။

မီးသွေးတုံးတောင် ရှုံးအောင် မည်းတူးနေတယ်။

မျက်လုံးနှစ်လုံး ပြူးထွက်နေပုံက အပြင်ကို အန်ထွက်ပြုတ်ကျတော့မည့် ဖန်ဂေါ်လီအကြီးစားလိုပဲ။

ပါးစပ်ထဲမှာ သွားတွေအစုံအလင်မရှိဘူး ...။

ရှိနေတဲ့ ကျိုးတိုးကျဲတဲ သွားတွေကလည်း တစ်ချောင်းဆို လက်မလောက် ရှိနေတယ်။

အလို - အဘွားကြီးက နှာခေါင်းမပါဘဲ နှာခေါင်းနေရာမှာ အပေါက်နှစ်ပေါက်ပဲ ပါတာပါလား။

ပိန်ခြောက်ခြောက် အရိုးပဒေသာ ကိုယ်လုံးကို တိုက်ကြြက်စန်သလို ခုန်ပြီး ခြံဝကနေ ဆရာကိုင်စိုးကြီးကို ရန်တွေ့နေတာတဲ့ဗျာ။

"ဟဲ့ - ဆရာစုတ်ရဲ့ နင့်ကြောင့် ငါစားနေကျ ဝက်သား မစားရတော့ဘူးဟဲ့၊ ငါလည်း အိမ်ပေါ်မှာ မနေရတော့ဘူးဟဲ့ - ဆရာစုတ်ရဲ့ - ဟင်"

"နေပါဦး - အဘွားကြီး ခင်ဗျား ဘယ်လိုလုပ်ပြီး ကျုပ်အိမ်ပေါ် ရောက်နေတာတုံး"

"ဟဲ့ကောင်ရဲ့ ငါ နင့်အိမ်ပေါ်မှာ ပေါ်ဟောဒီ မယ်တော်ရုပ်တုနဲ့အတူ ရောက်နေတာ ကြာပြီဟဲ့၊ ငါ နင့်သားကို ကပ်မှီပြီး ပူးဝင်ပြီး ဝက်သားစားနေတာ ကြာပြီဟဲ့"

"ဟင် - ဒါဆို အဘွားကြီးက ဟို - ဟို - မယ်တော်ကြီးလား - ဟုတ်လား"

"ဟူး - ဟူး - ဟူး - ဟင်း - ဟင်း - ဟင်း - ဟင်း"

ငါ - ငါ - ဘယ်သူလဲ - မသိဘူးလား ...။

ငါ ဝက်သား၊ အမဲသား စားချင်လို့ နင်တို့အိမ်ထဲက သုံးမရတဲ့ နတ်တွေကို မောင်းထုတ်ပြီး မှီစားကပ်စားနေတာပေါ့၊ ခုတော့ - နင် လက်ဦးသွားတော့ ငါ ငတ်ပြီပေါ့ - ငတ်ပြီဟ - ဟူး - ဟူ - ဟူး - ဟူး"

"အဘွားကြီး ခင်ဗျား ဘယ်ကလာတာလဲဟင်"

"ငါ - ပျဉ်တောင်ကျောင်းသင်္ချိုင်းကလာတာဟဲ့၊ အရက်မူးနေတဲ့ နင့်သား သင်္ချိုင်းကုန်းမှာ အရက်နဲ့ ဝက်သားစားနေတုန်း ငါ သူ့ခန္ဓာကိုယ်ထဲ ဝင်လိုက်ခဲ့တာ၊ နင်တို့အိမ်ရောက်မှ ဟောဒီအသက်မရှိတဲ့မယ်တော်ရုပ်တု ထဲငါဝင်နေတာဟဲ့၊ သိပြီလား - သိပလား၊ ဟူး - ဟူး - ဟူး - ငါ - ငါ - နင် - နင်တို့ လက်ဦးသွားလို့၊ အခု - ငါ - ငါ အိမ်ထဲလည်း ဝင်လို့မရ၊ နင်တို့သား ဟိုကောင်လေးကိုယ်ထဲဝင်ပြီး စားနေကျဝက်သား၊ အမဲသား ငါ - ငါ - မစားရတော့ဘူးဟဲ့၊ ဟူး - ဟူး - ဟူး"

"လက်စသတ်တော့ တရားခံက နင်ကိုး"

"ဟဲ့ - သင်္ချိုင်းကုန်းက ပြိတ္တာမ"

"ဘာတုံး"

"နင်တို့ဟာ ပြိတ္တာဘဝ ရောက်တာတောင် သူတစ်ပါးမိသားစုကို ဒုက္ခပေးတုန်းပဲဟဲ့၊ သင်္ချိုင်းပြိတ္တာမကြီးရဲ့ သွား - နင် ခုချက်ချင်း ငါ့အိမ်ရှေ့က ထွက်သွား"





www.burmeseclassic.com

www.burmeseclassic.com

"မသွားဘူး - ဝက်သား၊ အမဲသား အဝစားပြီးမှ ငါ့နေရာ ငါပြန်မယ်ဟေ့။ ဟူး - ဟူး - ဟူး - ဟူး - ငါပြန်မယ်ဟေ့"

သချိုင်းကနေ ကပ်လိုက်လာတယ်ဆိုတဲ့ ပြိတ္တာမကြီးဟာ ဒေါသတွေဖြစ်ပြီး ခြံဝရှေ့မှာ ခုန်ပေါက်နေပါရောတဲ့။

"ဟဲ့ - သချိုင်းကုန်းမ၊ နင် - နင်နေတဲ့ သချိုင်းကို ခုချက်ချင်းပြန်နော်၊ မပြန်ရင် နင် ငါ့အကြောင်း သိသွားမယ်"

"မပြန်ဘူးဟေ့ - မပြန်ဘူး၊ ငါ့ကို အမဲသား၊ ဝက် ..."

"ဒီလိုလား"

ဂမ္ဘီရဆရာ ကိုဝစိုးကြီးက အကြောင်းစုံသိခဲ့ရပြီမို့ ဖွတ်ကြီးပြောဆိုခုန်ပေါက်နေတဲ့ သချိုင်းပြိတ္တာမကြီးကို စိုက်ကြည့်ပြီး သူ့ဆေးကုရာမှာ အမြဲသုံးလေ့ရှိတဲ့ တစ်ထွာသာသာ ဆေးသန်လျက်ကို အသစ်ပြန်တင်ထားတဲ့ ဆရာတော်ဘုရားကြီးများ ကန်တော့ပွဲပေါ်က လှမ်းယူပြီး ...

"လူတွေကို ဒုက္ခပေးချင်တဲ့ သချိုင်းပြိတ္တာမကြီး - သွားလေရော့ဟာ"

"ဝိုး ..."

"စွပ် ..."

"အား - မ - လေး - သေ - ပါ - ပြီ - တော့"

"အာ - အား - အမလေး - လုပ်ကြပါဦး"

"အမလေး - အူတွေ ပွင့်ကုန်ပါပြီတော့၊ အား - အား - အား - မလုပ်ပါနဲ့၊ ကြောက်ပါပြီ - တောင်းပန်ပါတယ် - ပြန်ပါ့မယ်တော့"

"ဝုန်း"

ဆရာကိုဝစိုး ပစ်လိုက်တဲ့ သန်လျက်က အစီအရင်ဆေး သန်လျက်တဲ့၊ သစ်ကနက်သားနဲ့ လုပ်ထားတဲ့ သန်လျက်၊ သန်လျက်ကို အဘိုးဝိဇ္ဇာကြီး ဆရာခေါင်စီရင်ပေးခဲ့တဲ့ ရွှေပိန်းချ သန်လျက် အပေါ်မှာမှ အင်းမြတ်ကြီးတွေ စီရင်ထားတာ။



အပြိုင်နဲ့ အတိုက်ပေါ်လာမှ ...။

မတွေ့ရပ်လို့ မရမှ သုံးရတဲ့ ဆေးသန်လျက်၊ အင်းသန်လျက် ...။

အဲဒီဆေးအင်းသန်လျက်က သချိုင်းပြိတ္တာမကြီးရဲ့ ဝမ်းဗိုက်ကို ထိုးဝင်ပေါက်ထွက်သွားရော။ ပြိတ္တာမကြီး မြေပြင်မှာ လူးလိမ့်အော်ဟစ်ပြီး ဝုန်းခနဲ ပျောက်သွားချိန် ...။

ဆရာ ကိုဝစိုးကြီး အိပ်မက်က လန့်နိုးသွားတယ်၊

သူ - ထူးဆန်းတဲ့ အိပ်မက်ကြောင့် အိပ်ရာကထ၊ မီးဖွင့်ပြီး တစ်နေ့က အသစ်ပြင်တင်ထိုးထားတဲ့ ဆရာတော်ဘုရားကြီးမှာ အုန်းပွဲကို ကြည့်လိုက်တော့ ...။

ကန်တော့ပွဲပေါ်တင်ထားတဲ့ ဆေးသန်လျက် ...။

အဘခေါင် ချီးမြှင့်ခဲ့တဲ့ ဆေးသန်လျက်ရယ် ...။

ကန်တော့ပွဲငှက်ပျောသီးနှစ်လုံးကြားမှာအသက်ဝင်သလိုလှုပ်ရှားနေတာ အံ့ဖွယ်မြင်လိုက်ရသတဲ့ဗျာ၊

မိုးမလင်းခင် ခြံဝထွက် မီးထိုးကြည့်လိုက်တော့ ...။

လူကြီးလက် တံတောင်ခန့်ရှည်တဲ့ ခြေဖဝါးကားကားအရာတွေကို ရှုပ်ယှက်ခတ် မြင်လိုက်ရတယ်။

ဒါနင့်အတူ အလွန်ရှည်လျားတဲ့ ဆံပင်ရှည်လေးငါးပင်ကိုလည်း ခြေရာတွေ နင်းထားတဲ့ကြားမှာ မြင်လိုက်ရတယ်၊

ဆရာကိုဝစိုးကြီး သဘောပေါက်လိုက်ပြီ ...။

နတ်ရုပ်တုတိုင်း အကျိုးမပေးဘူး ...။

နတ်ရုပ်တုတိုင်း အစွမ်းမရှိဘူး ...။

သူတို့ကို လိုအပ်သလို သုံးဖို့ အိမ်ပေါ်မှာ အသက်သွင်းထား၊ ကျွေးမွေးထားပေမယ့် ...။

မူလ နတ်စွဲဝိညာဉ်ရောက်ရှိမနေဘဲ အခြားပရသားတွေ မိုစိုဝင်ရောက် မူဝင် ကပ်ရပ်၊ အိမ်ရှင်ကို နှိပ်စက်စားသောက်နေတာ ရှိပါလားဆိုတာ ... တွေကြုံရပြီ၊



www.burmeseclassic.com

www.burmeseclassic.com

တောက် - ငါ့သား ငါသတ်သလိုဖြစ်တော့မလို့။

ဘာ နုတ်ရှုပ်တုမှ မယုံတော့ဘူး။

နင်တို့ ဘာမှမစွမ်းဘူး။

အားမကိုးတော့ဘူး။

ဒီအစိမ်းသေရုပ်တုတွေအိမ်ပေါ်ထားရင်အိမ်ကျက်သရေယုတ်တယ်။ သွားတော့ - မင်းတို့လည်း ကိုယ့်လမ်းကိုယ်သွားကြ။ ငါတို့ မိသားစု ရတနာ မြတ်သုံးပါးနဲ့ အထက်ဆရာတော် ဘုရားကြီးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် သူတော်ကောင်းကြီးများကိုပဲ အလေးအနက် အားကိုးကျင့်ကြံပွားများ တော့မယ်။

မင်းတို့ အစိမ်းသေ ရုပ်တုတွေနဲ့ ငါနဲ့ ...။

ဒီနေ့ကစ စည်းခြားပြီပော့ ...။

မင်းတို့လည်း ငါ ဒုက္ခမပေး ...။

ငါတို့ကို ဒုက္ခပေးမယ်၊ စိတ်ဆင်းရဲအောင်လုပ်မယ်ဆိုရင်တော့ ...။

ငါ့အလွန်လို့ မင်းတို့ မဆိုကြပါနဲ့ ...။

(မှတ်ချက် - ဤဇာတ်လမ်းသည် တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ပါသည်။ ထိုဇာတ်ကောင်များ ယနေ့တိုင် သက်ရှိထင်ရှားရှိနေဆဲ ဖြစ်ပါသည်)

>>>> မောင်ညီမြိုင် (သန်လျင်)



www.burmeseclassic.com

ရှစ်ခွင်ကျော် (ဖောင်တော်သီ)

# အသက်သခင်
# နတ်ဗန်းရှင်

၁၉၆၂ – ခုနှစ်၊ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီးစ ဧပြီလဆန်း။

ကျွန်တော် – ဒီနေ့ခရီးထွက်လာရတာ စိတ်လေးနေပါတယ်။

မနက်ငါးနာရီ အိပ်ရာမနိုးမီ အချိန်လေးမှာ အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲမှာ ကျွန်တော့်လက်မောင်း၊ လက်ကောက်ဝတ်တွေကို နောက်ပြန်ကြိုးတုပ်၊ ကွမ်းသီးပင်ကို ကျောမှီပြီး ခါးကနေတစ်ချက် ကွမ်းသီးပင်စည်နဲ့ ချည်နှောင်ထားတဲ့အိပ်မက်ပါ။

"မင်းအသံချဲ့စက် ရွှေမန်းတင်မောင်ဓာတ်ပြားတွေ အစုံပါပစေနော်"

သန်ဘက်ခါ အဝင်ရက်ဖြစ်တဲ့ ရှင်ပြုရဟန်းခံအလှူရှင်ရဲ့အမှာစကားအရလိုအပ်နေသေးတဲ့ ရွှေမန်းတင်မောင်ဓာတ်ပြားတွေ ပဲခူးအထိ သွားဝယ်ရမှာ ဖြစ်လို့ ခရီးထွက်လာရခြင်းပါ။

အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ကျွန်တော်တို့ သူရဲသမိန်ရွာဟာ အလှူအတန်းပေါသလို၊ အသံချဲ့စက်ကိုလည်း နှစ်သက်ကြပါတယ်။ အိမ်တက်မင်္ဂလာ၊ ကလေးကင်ပွန်းတပ်၊ သံဃာ့ဒါန ဆွမ်းကျွေးကအစ အသံချဲ့စက်ကို အသုံးပြုကြပါတယ်၊ ဒါကြောင့် – ရွာမှာ ဦးကျော်မြ၊ အပျိုကြီး မအုန်းတင်နဲ့ ကျွန်တော်တို့မိသားစုပိုင် အသံချဲ့စက်သုံးလုံးဟာ နားရက်မရှိအောင် လိုက်ဖွင့်ပေးရပါတယ်၊

အသံချဲ့စက်သုံးလုံး အပြိုင်အဆိုင်ဆိုတော့ ကိုယ့်စက်က နောက်ကျနေလို့မဖြစ်ဘူးလေ။ ဒါကြောင့် – မထွက်မဖြစ် ထွက်ရတဲ့ခရီးစဉ်ဖြစ်နေလို့ စိတ်လေးလေးနဲ့ ထွက်လာရခြင်းပါ။

ကျွန်တော်တို့ သူရဲသမိန်ရွာဟာ စစ်တောင်းမြစ်ကမ်းနဖူးမှာ တောင်နဲ့မြောက်အလျားလိုက် တည်ရှိတဲ့ ရွာတန်းရှည်ကြီးပါ။ မြစ်နဲ့နီးလို့ မော်တော်နဲ့သွားရတဲ့ အစုန်အဆန်လမ်းကြောင်းနှစ်ကြောင်းပဲ ရှိပါတယ်၊

အဆန်ဘက် စက်စု၊ ရေကျော်တာ၊ ဒုံစရစ်၊ ဆာဆေးမဒေါက်။

အစုန်ဘက် ထင်းပုံဆိပ်၊ ညောင်ခြေထောက်၊ အညာစု၊ ရှမ်းစု၊ လက်ပံခရွဲ၊ အုဖွဲ့လယ်ကမ်းကြီးဆိပ် (စစ်တွင်းဖျက်ဆီးခံထားရတဲ့ တံတားကြီး)နေရာအထိပါ။ (စစ်တောင်းတံတားသစ်ကြီး ဆောက်လုပ်ဆဲ၊ ရန်ကုန် – မုတ္တမရထားများ ဆိုက်ကပ်၊ ကူးတို့သင်္ဘောကြီးတွေနဲ့ ရွှေ့ပြောင်းတဲ့နေရာ)၊

ဖြစ်နိုင်ရင်တော့အဆန်ဘက်မဒေါက်၊ အဲဒီကနေရထားစီးညောင်လေးပင်ခရီးစဉ်ပဲ သွားချင်ပါတယ်၊ ဒါပေမဲ့ – ညောင်လေးပင်မှာက ကျွန်တော်အလိုရှိတဲ့ ရွှေမန်းတင်မောင် ဓာတ်ပြားတွေ မရနိုင်တာကြောင့် အစုန်ဘက်ခရီးစဉ်ကို ရွေးရခြင်းပါ၊

အိပ်မက်ကလည်းမကောင်း၊ စိတ်ကလည်းလေး။ ပြီးတော့ – အမြတ်မ်းလုံခြုံရေးတာဝန်နဲ့ လိုက်ပါစောင့်ရှောက်နေကြ၊ ရဲတိုက်ခိုက်ရေးတပ်စိတ်လည်း မပါလို့ စိုးရိမ်ပူပန်မှုကတော့ လွန်လွန်ကဲကဲ ဖြစ်နေပါတယ်၊

အန္တရာယ်ရှိလို့ပါ ...၊

ဘယ်လိုအန္တရာယ်လည်းဆိုတော့ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတစ်လျှောက်လုံး ပေါင်းလောင်းတောင်ကြောပေါ်က ခပ်မှိုမှို တောင်ကုန်းမှန်သမျှ စစ်တပ်၊ စစ်ရဲ(UMP)နဲ့ တိုက်ခိုက်ရေးရဲတွေ စခန်းထိုင်နေတဲ့ကြားကပဲ နည်းနည်းလေးဟနေတဲ့ညောင်ခြေထောက်လို၊ ခရွဲလို၊ ရှမ်းစုလိုနေရာကနေ သူပုန်တွေက ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ စိတ်မထင်ရင် ကြက်ကလေး၊ ငှက်ကလေးလို သတ်ဖြတ်တတ်တာကြောင့်ပါ၊

စိုးရိမ်စိတ်တွေ ပူပန်မှုတွေကြားကပဲ ထွက်ပေါက်လေးတစ်ခု ခေါင်းထဲပေါ်လာပါတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ပဲခူးမှာရှိတဲ့ ဆွေမျိုးတွေကို လက်ဆောင်ပေးဖို့ပါလာတဲ့ ကောက်ညှင်းထုပ်တွေထဲက တစ်လွှာကို ဖြေ၊ မော်တော်ဦးကိုသွားပြီး ဆိုင်ရာပိုင်ရာကို ပူဇော်ပသ တင်မြှောက်လိုက်ပါတယ်။

ဗန်းရှင်ကြီးကိုပါ။

ဗန်းရှင်ကြီးဆိုတာ ကျွန်တော်တို့တစ်တွေ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာတဲ့ ရိုးရာနတ် (၃၇)ပါးထဲမှာ စာရင်းမဝင်တဲ့ မထင်မရှား နတ်တစ်ပါးပါ။

မထင်ရှားပေမဲ့ အထင်ကရ မှတ်တမ်းတော့ ရှိပါတယ်။

ညောင်ခြေထောက်ရွာသူကြီး ကိုဝင်းရှိန်ဟာ ခေါင်းမာတဲ့သူကြီးပါ။ စာတစ်တန်၊ ပေတစ်တန်နဲ့ ဆက်ကြေးပေးဖို့ အကြိမ်ကြိမ် တောင်းဆိုတာကို မပေးပဲ တင်းခံထားပါတယ်။ ကိုဝင်းရှိန် အလစ်အငိုက် တစ်ရက်မှာတော့ ဗိုလ်မဲလုံးဦးစီးတဲ့ သူပုန်အဖွဲ့ဟာ ကိုဝင်းရှိန်ကို ဖမ်းဆီးကြိုးတုပ်ပြီး ခေါ်ဆောင်သွားပါတယ်။ သူပုန်တွေ ဘယ်လိုလုပ်မယ်ဆိုတာ ကြိုတင်သိထားတဲ့သူကြီး ကိုဝင်းရှိန်ဟာ လွတ်မြောက်ဖို့နည်းလမ်းရှာကြံရင်း ရွာထိပ် ညောင်ပင်ကြီးဆီကို အရောက် ဖျတ်ခနဲ သတိဝင်ပြီး -

"ဗန်းရှင်ကြီး - ကျွန်တော့်အသက်ကို ကယ်ပါ"

လို့ တ.လိုက်ပါတယ်။ ဟုတ်ပါတယ် - ညောင်ခြေထောက်ပင်အခြေက နတ်ကွန်းစင်ဟာ သူကြီးကိုဝင်းရှိန် ကမကထပြုပြီး ရွာသားတွေနဲ့ တစ်မ်းတနား ဆောက်လုပ်ထားတဲ့ ဗန်းရှင်ကြီးနတ်ကွန်းပါ။

သိပ်မကြာလိုက်ပါဘူး၊ စစ်တောင်းမြစ်ကြီးနဲ့ အနီးဆုံး လှသွားလမ်းရောက်တဲ့အခါ စစ်တောင်းမြစ်ထဲကို "ဝုန်း"ခနဲ ပြုတ်ကျသံကြီး ကြားရပြီး သူကြီး ကိုဝင်းရှိန်ကို နောက်ကနေ တွန်းသလို အရှိန်နဲ့ ထွက်ပြေးပါတယ်၊ တုပ်နှောင်ထားတဲ့ကြိုးတွေလည်း အလိုအလျောက် ပြုတ်ကျန်ခဲ့ပါတယ်။



ကိုဝင်းရှိန် ဘေးလွတ်ကင်းရာ ရောက်တဲ့အထိ ဝုန်းခနဲ ပြုတ်ကျသံကြီး ကြားရတဲ့နေရာမှာ သေနတ်သံတွေ ဆူညံလို့ပါ၊ သူကြီး ကိုဝင်းရှိန် မြစ်ထဲခုန်ချ ထွက်ပြေးတယ်ဆိုပြီး ပစ်ခတ်နေကြတာပဲ ဖြစ်ပါတယ်။

လူ့အလို နတ်မလိုက်နိုင် စကားပုံရှိသလို နတ်အလို လူမလိုက်နိုင်တဲ့ စကားပုံတစ်မျိုး ထပ်တိုးဖို့ လိုအပ်မယ်ထင်ပါတယ်၊ ဗန်းရှည်ကြီးနတ်နဲ့ ပတ်သက်လို့ပါ။

တစ်ခါက ရွှေကျင်မြို့မှာ ကပြတဲ့ ဇာတ်သဘင်တစ်ဖွဲ့ဟာ မုပ္ပလင်ရွာကို ပြောင်းကူးဖို့ မဒေါက်ကနေ စစ်တောင်းမြစ်အတွင်း ခုန်ဆင်းလာစဉ်မှာ ညောင်ခြေထောက်ရွာအလွန် မော်တော်နှစ်စီးလုံး တစ်စီးက ကြိုးပြတ်၊ နောက်တစ်စီးက စက်ထိုးရပ်လို့ အခက်ကြုံရပါတယ်၊ နေ့တစ်ဝက်ပြင်ပေမယ့်လည်း အကြောင်း မထူးလို့ တာဝန်ခံဇာတ်ဆရာ ဇာတ်ကန်ထရိုက်တွေ မျက်ဖြူဆိုက်နေပါပြီ၊ ပွဲခွင်ပျက်ရင် နှစ်ဆပြန်လျော်ရမယ့်အပြင် နာမည်ပျက်တော့မယ့် အခြေအနေပါ။

ဇာတ်ပွဲထဲက ဇာတ်မင်းသားကြီးနဲ့ လူရွှင်တော်တစ်ယောက်ဟာ ရိုးရာအစွဲရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ တံငါလှေတစ်စီးကို လှမ်းခေါ်ပြီး ညောင်ခြေထောက်ရွာကို ပို့ခိုင်းပါတယ်၊ ဘာကြောင့် ခရီးစဉ်အနှောင့်အယှက်ဖြစ်ရလည်း၊ အဖြေသိရအောင်လို့ပါ။

"ညောင်ခြေထောက်ရွာဘက်ကို ဦးတိုက်ပြီး ဗန်းရှင်ကြီးနတ်ကို အသီး၊ အမှတ်၊ အက၊ အခုန်တွေနဲ့ ပူဇော်ပသလိုက်ပါ"

ရွာသားတွေဆီက အဖြေရရချင်း မော်တော်နှစ်စီးရှိရာ ချက်ချင်းပြန်၊ ဇာတ်ဆရာ ဇာတ်ကန်ထရိုက်တွေနဲ့ ညှိနှိုင်းပြီး ဆိုင်းဝိုင်းကြီးဆင်၊ နတ်ဒိုးတွေတီး၊ ပန်းမကြီးတထီထီနဲ့ ကခုန်ပြီး ပူဇော်ပသလိုက်တယ်ဆိုရင်ပဲ မော်တော်နှစ်စီးလုံး ပြန်ကောင်းပြီး လိုရာခရီး ထွက်ခွာသွားနိုင်တယ်လို့ ဆိုပါတယ်။

အဲဒီ့ထဲက နတ်အလိုကို လူက လိုက်လျောပြီး အသံချဲ့စက် လေ့မော်တော်ပေါ်ပါရင် ညောင်ခြေထောက်ရွာဘက် တွန်းလှည့်ပြီး အသားကုန်ဖွင့် တူရိယာပစ္စည်း ပါလာရင် တီးခတ်ပူဇော်ပသရတဲ့အစဉ်အလာ အစမျိုးခဲ့ တယ်လို့ ဆိုပါတယ်။

"ဒိုင်း – ဒိုင်း – ဒိုင်း"

"မော်တော် – ကမ်းကပ်"

ညောင်ခြေထောက်ရွာဘက်က သေနတ်သံသုံးချက်နဲ့အတူ ကမ်းကပ်ဖို့ အမိန့်ပေးတာကတော့ သူပုန်အဖွဲ့ပါ။

"မကပ်နဲ့ – စက်ကုန်ဖွင့်မောင်း၊ ခရီးသည်တွေ ဝပ်နေ"

"မကပ်ရင် အတွဲလိုက် စွတ်ပစ်လို့ သေကုန်လိမ့်မယ်။ ကပ်ပေးလိုက်ပါ"

"ဆက်မောင်းပါ"

"ကပ်ပေးလိုက်ပါ"

စက္ကန့်ပိုင်းအတွင်း အငြင်းအခုံအော်ဟစ်သံတွေပါ။

"ကပ်ပေးလိုက်မယ်။ ခရီးသည်တွေအားလုံး ပစ္စည်းတွေ ဝှက်ငွေတွေ ဝှက်ထား"

မော်တော်ဆလင်(ဦးစီး) သတိပေးစကားပါ။ ခရီးသည်ဆိုတာ တစ်ခါ တစ်ရံမှ သွားလာကြတာပါ။ မော်တော်ကတော့ အမြဲတမ်းသွားလာရတာ ဖြစ်လို့ သူပုန်လက်က မလွတ်နိုင်ပါဘူး။ အမိန့်မနာခံပဲ အာခံတယ်ဆိုရင် ဆလင်စက်ဆရာ နှစ်ယောက်လုံးက အသတ်ခံရမယ့်အပြင် မော်တော်ကိုပါ မီးရှို့ပစ်ကြမှာပါ။

"ဒိုင်း – ဒိုင်း"

"အားလုံးမှောက်နေ – ရွှေတွေ၊ ငွေတွေ ထုတ်ထား"



မော်တော်ကမ်းကပ်ပြီးတယ်ဆိုရင်ပဲ ဓားပြဗိုလ် မဲလုံးဟာ သေနတ်နှစ်ချက် ထောင်ဖောက်ပြီး အမိန့်ပေးပါတယ်။

လက်နက်ကိုယ်စီကိုင်၊ ဓားပြအင်အား နှစ်ဆယ်လောက်မှာ တစ်ဝက်တာ မော်တော်ပေါ် တက်လာပြီး ကျန်တစ်ဝက်လောက်က ကမ်းပေါ်ကနေ သေနတ်တွေနဲ့ ချိန်ထားပါတယ်။

မော်တော်ပေါ် တက်လာတဲ့ ဓားပြတွေကလည်း ဘီလူးစီး၊ သရဲစီးပါပဲ။ ကြောက်ကြောက်လန့်လန့်နဲ့ ပါသမျှ ထုတ်ပေးနေတဲ့ကြားကပဲ ဖိနပ်နဲ့ကန်၊ သေနတ်ဒင်နဲ့ထိုး၊ ခြောက်လှန့်လုယူကြပါတယ်။

မော်တော်တစ်စီးလုံး အတိုက်ခံရတယ်ဆိုပေမယ့် ကံအဆိုးဆုံးခရီးသည်ကတော့ ကျွန်တော်ပဲဖြစ်မှာပါ။ ပါလာသမျှ ပိုက်ဆံ အကုန်ပေးလိုက်ရတဲ့အပြင် ဓားစာခံအဖြစ် ပြန်ပေးဆွဲခံလိုက်ရလို့ပါပဲ။

ကျွန်တော့်မှာ အပြစ်ရှိတယ်လေ။ သူ့ရဲ့သမိန်ရွာခံ အသံချဲ့စက်သုံးလုံးအနက် ကျွန်တော့်တစ်လုံးတည်းက ဆက်ကြေးမပေးမိပဲကိုး။

"သုံးရက်အတွင်း ငွေတစ်သိန်းနဲ့ လာရွေးပါ"

ဓားပြအဖွဲ့ကနေ ကျွန်တော့် မိဘတွေဆီ အကြောင်းကြားတဲ့စာပါ။

သုံးရက်ပြည့်လို့ ချိန်းဆိုတဲ့နေရာမှာ လာမရွေးရင် ကျွန်တော့်အလောင်းတောက်ပြီး ပြန်ရမယ်ဆိုတာတော့ ကျွန်တော့်မိဘတွေ သဘောပေါက်ကြမှာပါ။

ကျွန်တော့်မိဘတွေဆီမှာ ငွေသားတစ်သိန်း တစ်လုံးတစ်ခဲတည်း မရှိပေမဲ့ အစ်မတွေရဲ့ လက်ဝတ်ရတနာတွေ ရောင်းမထွက်သေးတဲ့ ပဲတွေ၊ ဝမ်းစာစပါးနဲ့ အသံချဲ့စက်တစ်စုံလုံး ရောင်းထုတ်လိုက်ရင်တော့ ငွေတစ်သိန်း ပြည့်မီ သွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မိသားတစ်စုလုံး ကုန်းရုန်းရှာထားတဲ့ ချွေးနဲ့စာနဲ့ ရထားတဲ့ ပစ္စည်းတွေပါ မပေးချင်ပေမဲ့လည်း ပေးရတော့မှာပါ။ ကျွန်တော့် အသက်နဲ့ လဲရတော့မှာဖြစ်လို့ ဒီနည်းလမ်းနဲ့ပဲ ဖြေရှင်းကြမှာပါ။

ကျွန်တော် ဖြစ်စေချင်တာကတော့ ဓားပြအဖွဲ့ ချိန်းဆိုတဲ့ နေရာကို ငွေတစ်သိန်းနဲ့ လာရွေးမယ့်လူဟာ ကျွန်တော့်အဖေကိုယ်တိုင် ဒါမှမဟုတ် ကျွန် တော့်အစ်မကြီးရဲ့ခင်ပွန်းပဲဖြစ်စေချင်ပါတယ်။ ကျွန်တော့်အစ်ကိုအရင်း တိုးမြတ်ကို လွှတ်မိမှာတော့ တွေးပူမဆုံး ဖြစ်ရပါတယ်။



အသံနဲ့အတူ ကျွန်တော့်ရှေ့[illegible]က လူသွားလမ်းတောင်းလေး ဘယ်ညာ၊ မြရာရွက်တွေ ရှ[illegible]သွားပါတယ်။ ကျွန်တော် စူးစူးစိုက်စိုက် ကြည့်ပါတယ်။ အမြင်မမှားပါဘူး။ လှုပ်ယမ်းပုံက တစ်နေရာတည်းမဟုတ်ပဲ လူတိုးသွားသလိုမျိုး တွေ့မြင်ရတာပါ။ အကောင်အထည် မမြင်ရလို့ သံသယအကြည့်နဲ့ကြည့်ရင်း ကျွန်တော့်ကို တုပ်နှောင်ထားတဲ့ ကြိုးတွေ ရှုန်းကြည့်ပါတယ်။



ကျွန်တော်တို့ညီအစ်ကိုမောင်နှမ လေးယောက်ထဲမှာတော့ မိသားစုကို ဒုက္ခမျိုးစုံအပေးဆုံးလူကတော့ အစ်ကိုတိုးမြတ်ပါ။ တစ်မိပေါက်တစ်ယောက် ထွန်းပါ၊ မကောင်းတဲ့ဘက်က ထွန်းတာပါ။ ဖဲသမားလေ ...၊

ဘယ်နေရာ ဖဲဝိုင်းရှိလဲ၊ အနံ့ခံနေတဲ့ကောင်၊ တွေ့ပြီဆိုလို့ကတော့ အိတ်ကပ်ထဲ မကုန်မချင်း ဖွဲ့ကောင်းကောင်းနဲ့ ရိုက်တဲ့ကောင်၊ ဖဲသမားများ၊ နဲ့သမားပါးလိုပဲ ပိန်ချုံးဖောင်းချိတဲ့၊ တိုးမြတ်တို့များ တစ်ခါမှ ဖောင်းတယ်မရှိ ပဲ အမြဲပိန်နေတာပါ။

တိုးမြတ်ဖဲနိုင်လို့ကျွန်တော်တို့မောင်နှမတွေ မုန့်ဟင်းခါးတစ်ပွဲ မစားဘူး ပေမဲ့ ဖဲရှုံးလို့ အနိုင်ကျင့်ခံရတာကတော့ ကျွန်တော်တို့မိသားတစ်စုလုံးပါ။

ဘုရားသိကြား ကယ်ပါ၊ တိုးမြတ် မဖြစ်ပါစေနဲ့၊

"စိုးမြတ်"

"မင်းအစ်ကိုနာမည်က တိုးမြတ် - ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

ဘီလူးစီး၊ သရဲစီးသလို ခက်ထန်နေတဲ့ ဓားပြဗိုလ်မဲလုံးမျက်နှာပေါက်နဲ့ အတူ ထွက်လာတဲ့အသံကလည်း မာကြောလှပါတယ်၊ ပြဿနာတစ်ခုခု တော့ တက်နေပြီဆိုတာ သေချာပါတယ်။

"အေး - မင်းအစ်ကို တိုးမြတ်ကို တို့အဖွဲ့ဝင်တွေ လိုက်ရှာနေတယ်၊ တွေ့ရင် တော့ မင်းအတွက် ကံကောင်းတာပေါ့ကွာ၊ မင်းကိုပြန်လွှတ်ပြီး သူ့ကို သတ် ပစ်မှာပါ"

မကောင်းတဲ့အလားအလာမှန်းသိပေမယ့် တိကျတဲ့အဓိပ္ပာယ် ဖွင့်ဆို နိုင်ခြင်း မရှိလို့ ကျွန်တော် ဗိုလ်မဲလုံးကို ကြောင်အမ်းအမ်းနဲ့ ကြည့်နေပါ တယ်။

www.burmeseclassic.com

"ရှင်းအောင်ပြောရရင်တော့ မင်းအစ်ကိုက ညောင်ခြေထောက်ရွာအသုဘတစ်ခုမှာ ငွေတစ်သိန်း ဖဲရှုံးပစ်လို့ပဲ။ အဲဒီ့ငွေက မင်းကို ပြန်ရွေးမယ့်ငွေတစ်သိန်းပဲ"

ကျွန်တော့်မြင်ကွင်းထဲက ခားပြအဖွဲ့သားတွေ၊ သစ်ပင်တွေ အမြန်နှုန်းနဲ့ လည်ပတ်ရင်း ပျောက်ကွယ်သွားတော့တာပါပဲ။

ကျွန်တော့်အသက်ကို ကယ်တင်ဖို့ အစိုးရတပ်တွေ သဲကြီးမဲကြီး တောနင်းရှာနေပုံပါပဲ။ ဘာကြောင့်ဆို ဘယ်နေရာမှ တစ်နေ့တစ်ရက်ပြည့်အောင် မနေရပဲ ပြောင်းရွှေ့နေရလို့ပါ။ တစ်ခါတလေ တစ်ညတည်း သုံးနေရာတောင် ရှိပါတယ်။

လူတစ်ယောက်အသက်ကို ကြက်ကလေး၊ ငှက်ကလေးလို လက်ရဲဖက်ရဲ သတ်ဖြတ်ဝံ့တဲ့လူတွေက ကိုယ့်အလှည့်ရောက်မှာကိုတော့ စိုးရိမ်စိတ်လွန်ကဲလွန်းတာ မြင်တွေ့ရလို့ပါ။

ခားပြတွေ ခေါ်ဆောင်ရာ လက်ပြန်ကြိုးတုပ်လျက်ကြီးနဲ့ လိုက်ပါရတဲ့ ကျွန်တော့်ဒုက္ခ ဘယ်လောက်ကြီးမယ်ဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ။

ဒီနေ့ဆိုရင် ငါးရက်မြောက်သွားပါပြီ။

ကျွန်တော့်အိပ်မက်အတိုင်းပါပဲ၊ ကွမ်းသီးပင်အခြေမှာ နောက်မှီပြီး ကြိုးတုပ်ထားပါတယ်၊ ဒီညနေ မိုးချုပ်လို့မှ တိုးမြတ်ကို ရှာမတွေ့ဘူးဆိုရင် ကျွန်တော့်အသက်ဇီဝိန် ချုပ်ငြိမ်းရတော့မှာပါ။

"ဗန်းရှင်ကြီး - ကယ်ပါ"

"ဗန်းရှင်ကြီး - ကယ်ပါ"

"ဗန်းရှင်ကြီး - ကယ်ပါ"

"ငါ့နောက် လိုက်ခဲ့ - ကောင်လေး"

ကျွန်တော် ဗန်းရှင်ကြီးကို မျက်စိစုံမှိတ်ပြီး အသံမစဲ တမ်းတနေဆဲ ကြားရတဲ့အသံပါ။ ကျွန်တော် ပီပီသသ သဲသဲကွဲကွဲ ကြားလိုက်ရတဲ့အသံဖြစ်လို့ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ပါတယ်၊ အသံရှင်ကို ရှာမတွေ့ပါဘူး။

"ငါ့နောက်လိုက်ခဲ့ - ကောင်လေး"

ဒုတိယအကြိမ် ကြားရတဲ့ အသံနဲ့အတူ ကျွန်တော့်ရှေ့မြယာပင်တောထဲက လူသွားလမ်းဟောင်းလေး ဘယ်ညာ၊ မြယာရွက်တွေ လှုပ်ယမ်းသွားပါတယ်၊ ကျွန်တော် ရူးရူးစိုက်စိုက် ကြည့်ပါတယ်၊ အမြင်မမှားပါဘူး၊ လှုပ်ယမ်းပုံက တစ်နေရာထဲမဟုတ်ပဲ လူတိုးသွားသလိုမျိုး တွေ့မြင်ရတာပါ၊ အကောင်အထည် မမြင်ရလို့ သံသယအကြည့်နဲ့ကြည့်ရင်း ကျွန်တော့်ကို တုပ်နှောင်ထားတဲ့ကြိုးတွေ ရှန်းကြည့်ပါတယ်၊

"ဟာ ..."

ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက်သွားတဲ့ အာမေဍိတ်သံပါ၊ ဟုတ်ကဲ့ ကျွန်တော့်ကို တုပ်နှောင်ထားတဲ့ကြိုးတွေအားလုံး ကျွန်တော့်ခြေထောက်နားမှာ စုပုံနေပါတယ်၊ ကျွန်တော် အနှောင်အဖွဲ့က လွတ်မြောက်နေပါပြီ၊ ကျွန်တော့်ကို စောင့်ကြပ်နေတဲ့ ခားပြနှစ်ယောက် အချိန်အခါမဟုတ်ပဲ တခေါခေါ်မြည်သံပေးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါတယ်၊

ကျွန်တော့်အတွက် အကောင်းဆုံးသောအခွင့်အရေးပါ၊ ကျွန်တော် မြရာပင်တောထဲက လမ်းဟောင်းလေးအတိုင်း အားသွန်ခွန်စိုက် ပြေးနေပါတယ်၊ ကျွန်တော့်ရှေ့မှလှမ်းမကမ်းမှာလည်း လူတစ်ယောက် ပြေးလွှားရင်း လမ်းပြနေကြောင်း မြရာရွက်တွေရဲ့လှုပ်ရှားမှုအရ ပြောရခြင်းပါ၊

ကျွန်တော် မမြင်မတွေ့ရတဲ့လူဟာ ဘယ်သူဆိုတာတော့ ပြောဖို့မလိုတော့ပါဘူး။

»»» ရှစ်ခွင်ကျော် (မောင်ဘော်သီ)



www.burmeseclassic.com

www.burmeseclassic.com




ထောင်မှူးကြီးသိန်းဝင်း

# ကျွန်တော်နှင့် ပယောဂဆရာကြီး

လှိုင်သာယာမြို့သစ် စတည်တော့ ၁၉၉၁ – ခုနှစ်မှာပေါ့ဗျာ။ ကျွန်တော် အကျဉ်းဦးစီးဌာနက အလုပ်ထွက်ပြီး ကုမ္ပဏီတစ်ခုမှာ မန်နေဂျာအဖြစ် အလုပ်ဝင်နေပါတယ်။ ကျွန်တော်တို့ကုမ္ပဏီကလည်း အဲဒီအချိန်က ခေတ်စားတဲ့ နိုင်ငံခြားသဘော်သားကိစ္စ၊ သစ်ကိစ္စ၊ ဘိလပ်မြေ အရောင်းအဝယ်ကိစ္စ၊ အရက်ချက်တဲ့ တင်လဲရည် သယ်ယူပို့ဆောင်ခြင်း၊ အစိုးရက ချပေးတဲ့ ဆောက်လုပ်ရေးလုပ်ငန်းကိစ္စ စသဖြင့် အစုံလုပ်ပါတယ်။ မန်နေဂျင်းဒါရိုက်တာက ဗိုလ်မှူးတင်ကြိုင်၊ ဒုတိယက ဗိုလ်မှူးကြီးခင်အုံး၊ ဒါရိုက်တာ အဖွဲ့ဝင်တွေကတော့ ရခိုင်ဦးမြင့်ဦးနဲ့ ဦးအေးချို၊ ဦးတင်မြင့်တို့ ဖြစ်ပါတယ်။

ရုံးဝန်ထမ်းအနေနဲ့ မန်နေဂျာ ကျွန်တော်ရယ်၊ ငွေစာရင်း တာဝန်ခံ ဦးထွန်းမြင့်၊ လက်နှိပ်စက်စာရေးမ၊ ရှမ်းမ (ခေါ်) သော်သော်နဲ့ မယဉ်ကျေးညိုမာ၊ ရုံးလုလင်များအနေနဲ့ ဖက်တီးအေးကိုနဲ့ သန်းနိုင်တို့ ဖြစ်ကြပါသည်။ သူနီဖောင်းဝတ် စနစ်ကျတဲ့ အစိုးရဝန်ထမ်း လုပ်လာခဲ့တော့ ပြင်ပကုမ္ပဏီ အဖွဲ့အစည်းတွေမှာ လုပ်ရတာ ပေါ့ပြက်ပြက် ဟာတာတာ၊ စည်းကမ်းကို မရှိပါဘူး။ သူတို့ အဓိကမူဝါဒက အမြတ်အစွန်းရရှိရေး၊ ငွေရရှိရေး ဖြစ်နေတယ်။ ကျင့်ဝတ်သိက္ခာတို့ စည်းကမ်းတို့ဆိုတာ မရှိသလောက်ပါပဲ။ အဲဒါ

www.burmeseclassic.com

ကြောင့် လုပ်ငန်းတစ်ခု၊ ကိစ္စတစ်ခု စတင်ဆောင်ရွက်တာနဲ့ ဒါရိုက်တာက ဒါရိုက်တာအလျောက်၊ ရုံးဝန်ထမ်းတွေက ရုံးဝန်ထမ်းအလျောက် ကိုယ်ကျိုး ရှာတော့တာပဲ။ ကိစ္စပြီးလို့ အမြတ်အစွန်း ခွဲကြတာနဲ့ စကားများကြတော့ တာပဲ။ နောက်ဆုံး လချုပ်စာရင်းဆွဲရတဲ့ မန်နေဂျာ ကျွန်တော်နဲ့ ငွေစာရင်း တာဝန်ခံ ဦးထွန်းမြင့်တို့ ခေါင်းမပေါ်ပုံရှုတော့တာပဲ။ ဒါကြောင့် ကျွန်တော်က နေ့စဉ်မှတ်တမ်းရေးသမားပီပီ အသေးစိတ်မှတ်တမ်းသာမက ရုံးဝန်ထမ်း တွေနဲ့ ဒါရိုက်တာတွေရဲ့ နေ့စဉ် အသွားအလာလှုပ်ရှားမှု၊ ငွေပေးငွေယူ ကိစ္စ တွေကိုလည်း သီးခြားရုံးမှတ်တမ်း လုပ်ထားရတယ်။

ဝတ္ထုအဖွင့်မှာ လိုင်သာယာမြို့သစ် စတည်တဲ့အချိန်ကလို့ ဖွင့်ခဲ့တဲ့ တာကတော့ ပတ်သက်မှုရှိလို့ပါ။ ကျွန်တော်တို့ ကုမ္ပဏီက စီးပွားရေးကိစ္စ ဘက်စုံလုပ်တော့ အိမ်အရောင်းအဝယ်၊ မြေအရောင်းအဝယ်၊ အပေါင်ခံ တာကအစ လုပ်သဗျ။ အဲ - တစ်နေ့တော့ ပိုလ်မှူးအငြိမ်းစားကြီးတစ်ယောက် ကုမ္ပဏီကို ရောက်လာတယ်။ သူ့ခမျာ ဆင်းဆင်းရဲရဲပါပဲ။ ကျွန်တော်တို့ ကုမ္ပဏီက ဗိုလ်မှူးတွေလို ပေါက်ပေါက်ရောက်ရောက် လည်လည်ပတ်ပတ် မရှိတော့ ကလေးတွေအများကြီးနဲ့ လှိုင်သာယာမြို့သစ် အစွန်အဖျားမှာ တဲအိမ်နဲ့ နေရသူပါ။ ဗိုလ်မှူး အငြိမ်းစားချင်းဖြစ်ပေမယ့် ဆင်းရဲရှာတော့ ကျွန်တော်တို့ ကုမ္ပဏီက ဗိုလ်မှူးတွေက အဲဒီဗိုလ်မှူးအငြိမ်းစားကြီးကို တုတ္တုတန်တန် အဖက်လုပ်ပြီးတောင် ညှိမစံချင်ကြဘူးဗျ။

ကျွန်တော်ကပဲ ကျွန်တော့်စားပွဲမှာ လက်ဖက်ရည်ချိုနဲ့ ဧည့်ခံပြီး လာရင်းကိစ္စကို မေးရတယ်၊ သူက မြေကွက်ကလေးတွေ ရထားတယ်။ ပေ (၂၀) ပေ (၆၀) မြေကွက်ကလေးတွေပါ။ အဲဒါကလေးတွေကို ပေါင်နှံ ရောင်းဝယ်လုပ်ချင်သတဲ့။ အဲဒီအချိန်ကလည်း မြေကွက်တစ်ခုမှ သောင်း ဂဏန်းတန်တဲ့ခေတ်။ အရောင်းအဝယ်ကလည်း မရှိသလောက်ပဲ၊ လုပ်ငန်း ကြီးတွေ လုပ်နေတဲ့ ကျွန်တော်တို့ကုမ္ပဏီ ဗိုလ်မှူးတွေက ဘယ်စိတ်ဝင်စား မလဲ၊ လူမှုရေးကိစ္စ ကူညီဖို့လည်း စိတ်မဝင်စားကြဘူးဗျ။



အဲဒါနဲ့ ကျွန်တော်က ...

"အဘ - မြေကွက်တွေကို ပေါင်ရင် ထောင်ဂဏန်းပဲ ရမှာပေ့ါ၊ ပြန်မရွေး နိုင်ရင် အဲဒါနဲ့ ဆုံးမှာ အမြတ်သာရောင်းလိုက်ပါလား" ဆိုတော့ ...

"ရောင်းလို့ရရင် ရောင်းချင်တာပေ့ါ - ငါ့တူရယ်။ မြေကွက်အပေါ်မှာ လည်း အဆောက်အအုံက မရှိတော့၊ မြေကွက်ရှည်းအတိုင်း ဝယ်မယ့်သူက မရှိဘူးလေ။ လှိုင်သာယာမှာကလည်း ဆင်းရဲသားကများတော့ နေဖို့အိမ် ကလေးပါရင်တော့ ဝယ်ကြမှာပါ၊ မြေလွတ်ရှည်းပဲ ဝယ်မယ့်သူက မရှိဘူး ငါ့တူရဲ့၊ အဘတို့ကလည်း ကိုယ့်နေအိမ်တောင် ကိုယ် ကောင်းကောင်း မဆောက်နိုင်ဘူး။ တဲသာသာ မြေစိုက်အိမ်ကလေးတွေနဲ့ နေကြရတာ။ ကလေးတွေက များသကိုးကွဲ့"

"ဘယ်နှယောက် ရှိလို့လဲ - အဘရယ်"

"အဘက မွေးတာတိုက မောင်နှမ (၆)ယောက်၊ သမီးကြီးနဲ့ သမီးလတ် က မွေးတာ (၄)ယောက်၊ သားမက်က (၂)ယောက်၊ အဘတို့လင်မယားနဲ့ ပေါင်းရင် အားလုံး (၁၄)ယောက်ပေ့ါ"

"အဘတို့က ဘယ်က ပြောင်းလာကြတာလဲ"

"မြင်သာကပါ၊ ရပ်ကွက်မီးလောင်လို့နေရာအစားရကြတာလေ။ အဘက တစ်ကွက်၊ သမီးကြီးနဲ့ သမီးလတ်က အိမ်ထောင်ခွဲတွေမို့ တစ်ကွက်စီ ရကြ တာ။ အခုတော့ အဘခြံထဲမှာပဲ၊ တဲအိမ်ကလေးတွေ ထိုးနေကြတာ။ ဒါကြောင့် ပိုနေတဲ့ မြေကွက် (၂) ကွက်ကို ရောင်းပြီး အရင်းအနှီးလုပ်ချင် တာပါ"

"အဘက ဗိုလ်မှူးဟောင်းဆို ကျွန်တော်တို့ကုမ္ပဏီက ဗိုလ်မှူးတွေ လည်း ပင်စင်စားတွေပါပဲ၊ သူတို့က ချမ်းသာကြတာ၊ ဘာကြောင့်လဲ"

"အဲ - အဘက တပ်ထဲမှာနေရတုန်းကလည်း ရှေ့တန်းမှာ သူတို့က တပ်ထဲက အရင်ထွက်ပြီး အရပ်ဘက်ပြောင်းကြတော့ ချမ်းသာကြတာပေ့ါ။ နောက်ပြီး အဘတို့အိမ်က မီးလောင်ခံရတော့ ပိုဆင်းရဲတာပေ့ါကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ – ထားပါတော့ အဘရယ်၊ အခု အဘ မြေကွက်တွေနဲ့ ပတ်သက်ပြီး ဗိုလ်မှူးတင်ကြိုင်က ဘာပြောသလဲ"

"ခဏခဏ ရှိန်းနေတာပဲ၊ လမ်းစရိတ်က ကုန်လှပြီကွဲ၊ မသေမချာ မဖရ မရာဘဲ ပြောနေတယ်၊ ငါ့တူ ယူနိုင်ရင် ယူပါလား၊ အဘ လျှော့ပေးပါ့မယ်"

"အဘ – ဘယ့်လောက်ထားမှာလဲ"

"၂၀ × ၆၀ ပေ မြေနှစ်ကွက်တစ်ကွက်ကို (၁၅၀၀၀ိ/ –) ကွက်နဲ့ (၃၀၀၀ိ/ –) ကျပ်ပဲ ပေးပါကွယ်"

"ကဲ – ဒီလိုလုပ် အဘ၊ မနက်ဖြန် တနင်္ဂနွေနေ့ ကျွန်တော်တို့အားလုံး ပိတ်တယ်၊ ကျွန်တော် လာခဲ့မယ်၊ ကြိုက်ရင် တစ်ခါတည်း ငွေချေမယ်၊ လိပ်စာသာ ပြောထားခဲ့ပါ"

ထိုအချိန်က အနီးတွင်ရှိနေသော မောင်သန်းနိုင်က —

"ဆရာ – ကျွန်တော်တို့အိမ်အနားမှာပဲ ဆရာသာ လာခဲ့ပါ၊ ကျွန်တော် လိုက်ပို့ပါ့မယ်"

"အေး – ဟုတ်ပြီ၊ ရော့ – အဘလမ်းစရိတ် (၂၅/ –) ကျပ်၊ စိတ်ချမ်းချမ်း သာသာနဲ့ ပြန်ပါ၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်"

"အေး – ဟုတ်ပါပြီကွယ်၊ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ ကွယ်"

ဗိုလ်မှူးအငြိမ်းစားကြီးမှာ ရုံးခန်းအတွင်းမှ ဗိုလ်မှူးများကိုပင် ဝင်နှုတ် မဆက်တော့ဘဲ ဝမ်းသာအားရ ပြန်သွားရှာပါသည်၊ အမှန်တော့ – ကျွန် တော်လည်း မြို့သစ်အစွန်အဖျားတွင် မြေကွက်မဝယ်လိုပါ၊ ဈေးကောင်း ရရန် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားရပါမည်၊ ကျွန်တော် ဝါသနာပါ၍ မြေကွက်များ ဝယ်ထားဖူးပါသည်၊ ငွေများ အိပ်နေသည်၊ ယခုလည်း ဗိုလ်မှူး ဟောင်းကြီးအား ကူညီခြင်းသာ ဖြစ်ပါသည်၊ ကျွန်တော်လည်း အကျဉ်းဦးစီး ဌာနက ထွက်သော ဝန်ထမ်းဟောင်း ဖြစ်ပါသည်၊ သို့သော် နေရေးထိုင်ရေး အတွက် ကြိုတင်၍ မြေနှင့်အိမ်များ ဈေးပေါပေါ်ရသဖြင့် ဝယ်ထားသည်၊ ရန်ကုန်နေ လူတန်းစားတွင် အဓိကနေထိုင်ရန် ကိုယ်ပိုင်အိမ်ရှိဖို့က ပဓာန



ကျသည်၊ စားရေးသောက်ရေးက ရှာဖွေလို့ ရပါသည်၊ ကျန်းမာရေးကလည်း ငယ်သေးသဖြင့် ပူရန်မလိုပါ၊ "မင်းစစား၊ ကမ်းနားသစ်ပင်" ဟူသော စကားပုံ အတိုင်း ကြိုတင်ပြင်ဆင်ထားမှုက အလွန်အရေးကြီးပါသည်၊

ရုံးပိတ်ရက် တနင်္ဂနွေနေ့မနက်တွင် ကျွန်တော် အင်းစိန်းကမ်းနားမှ ၄ ကိုသမ္မန်စီး၍ လှိုင်သာယာတစ်ဖက်ကမ်းသို့ ကူးသည်၊ ထိုစဉ်က တံတား မပြောနှင့် ဖက်ရေယာဉ်ပင် မရှိသေးပါ၊ လှိုင်သာယာဘက်ကမ်းတွင် ချက် ဗလက်ဗိုက်ပူကားကြီးများနှင့် ဒိုင်နာကားလေးများက လိုင်းဆွဲသည်၊ တမာ ကုန်းတွင် ဂိတ်ဆုံးသည်၊ ထိုမှ အတွင်းသို့ လမ်းလျှောက်ရသည်၊ တစ်မိုင် ခန့် လမ်းလျှောက်ပြီး ဘယ်ဘက်ခြမ်း ရွှေဘန်ဒါလက်ဖက်ရည်ဆိုင်ရှေ့ မြေလမ်းကလေးမှ အထဲသို့ လမ်းလျှောက်ဝင်ရပြန်သည်၊ အတွင်းထဲ၌ မြေကွက်များဖော်ပြီးသော်လည်း ကျိုးတိုးကျဲတဲ၊ ယာယီအိမ်ကလေးများနှင့် မြေကွက်လပ်များ၊ မောင်သန်းနိုင် လမ်းညွှန်သလို ကျွန်တော် (၂) ကွေ့ချိုး၍ ဂန္ဓမာလမ်းဝရောက်တော့ မောင်သန်းနိုင်တို့၏ ယာယီအိမ် အစုအဝေး ကလေးကို လှမ်းမြင်ရသည်၊ ခြေတံရှည်အိမ်ကလေးများ ဖြစ်ကြသည်၊ ထိုတွင် နီးစပ်ရာအိမ်ကိုမေးမှ မောင်သန်းနိုင်တို့ အိမ်ရှေ့သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်တော့သည်၊ သူတို့အိမ်အနီးတွင် အတော်ကြီးသော နှစ်ထပ်အိမ်တစ်လုံးကို တွေ့ရသည်၊

ကျွန်တော် အသံပြုလိုက်တော့ မောင်သန်းနိုင်က ထွက်ကြိုပါသည်၊

"လာပါ – ဆရာ၊ ကျွန်တော်တို့အိမ်မှာ ခဏနားပါဦး၊ ဆရာ လာမယ်ဆို လို့ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် လုပ်ထားပါတယ်"

ကျွန်တော် သူတို့အိမ်ပေါ်သို့ တက်တော့ ခနော်နီခနော်နဲ့ သစ်သား လှေကားကလေးဖြင့် တက်ရသည်၊ ကြမ်းခင်းက ပျဉ်မဟုတ်၊ ဝါးကြမ်းခင်း ဖြစ်သည်၊ ကြမ်းခင်းက လေတိုးနေသည်၊ ဗွက်ပုပ်နံ့ ရနေသည်၊ သူ့မိဘ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါးလည်း ရှိနေသည်။ မောင်ဝင်းနိုင်၏ ဖခင်က လက်သမားဆရာကြီးဟု သိရသည်။ ကျွန်တော်တို့ ရပ်ကွက်သစ်အကြောင်း မေးမြန်းပြောဆိုကြပြီး မြေကွက်ရောင်းမည့် ဗိုလ်မှူးအိမ်ဘက်သို့ ထွက်ခဲ့ကြပါသည်။ မဝေးပါ။ မောင်သန်းနိုင်တို့အိမ်နှင့် မျက်စောင်းထိုးတဲစု ဖြစ်သည်။

ပေ (၂၀ × ၆၀) မြေကွက်ကလေးတွင် တဲကလေး သုံးလုံး ရှေ့ဆင့် နောက်ဆင့် ဆောက်ထားသည်။ သူတို့တဲကလေးတွေက မောင်ဝင်းနိုင်တို့အိမ်လို ဝါးကြမ်းခင်း ခြေတံရှည်အိမ်ပင်မဟုတ်။ မြေစိုက်၊ ခနီးမိုး၊ ဝါးထရံကာထားသည်။ အိမ်အတွင်း၌ ကွပ်ပျစ် (၂)လုံး မှုးထားသည်။ ထိုနေရာသည် ထိုင်စရာ အိပ်စရာနေရာ ဖြစ်ပုံရသည်။ ဧည့်သည်အတွက် သီးသန့်ထိုင်ရန်နေရာမရှိပါ။ အောက်ခံမြေမြင့်၍ တော်ပါသေးသည်။

"လာပါ၊ ထိုင်ပါ မန်နေဂျာကြီး။ လက်ဖက်ရည်ရှို ဝယ်ထားပါတယ်။ သုံးဆောင်ပါဦး။ မုန့်တော့ မရှိဘူး"

"အဘ ကျွန်တော် သောက်ပြီးပါပြီ"

ကျွန်တော် ထင်သလိုပင် အိပ်ရာကွပ်ပျစ်ပေါ်တွင် ထိုင်ရသည်။ အနောက်ဘက်တွင် ဗိုလ်မှူးဘဝက သုံးခဲ့ဟန်တူသော သစ်သားသေတ္တာ သုံးလေးလုံး ချထားသည်။ အိပ်ခန်း (ဧည့်ခန်း)နှင့် မီးဖိုခန်းကို ပိုင်းခြားထားဟန် တူပါသည်။ တဲအိမ်တွင် ပြတင်းပေါက်ဟူ၍ မရှိပါ။ တံခါးဟူ၍လည်း မတွေ့ရပါ။ နေ့လယ်နေ့ခင်း မိဘအိမ်တွင် စုဝေးနေကြဟန်နှင့် ကလေးများနှင့် သားသမီးများကို တစ်စုတစ်ဝေးတည်း တွေ့ရသည်။ မိန်းကလေးများက အင်္ကျီ၊ ထမီ ပြည့်စုံသော်လည်း အဆင်မပေါ်တော့ပါ။ ကျွန်တော်တို့ ငယ်စဉ်က (၁၀)တန်းဖတ်စာအုပ်တွင် သင်ဖူးသော သိပ္ပံမောင်ဝ၏ ပစ္စုပ္ပန်ရစ်ဟူသော ခေတ်ဆန်းစာကလေးကို အမှတ်ရမိသည်။ မြန်မာချွေးနှစ်ကောင်နှင့် ဝက်ပေါက်ကလေးတစ်ကောင်၊ ကြက်မနစ်ကောင်ကိုလည်း လူကြားထဲ တိုးဝင်နေသည်ကို တွေ့ရသည်။

"ကဲ - မောင်သန်းနိုင် လာစမ်းကွာ။ ဒီစာချုပ်ပေါ်မှာ ငါပြောတာ လိုက်ရေး၊ အဘတို့မှာ မြေချပါမစ်တော့ ရှိမှာပေါ့။ ကျွန်တော့်ကို ပြပါဦး"



"မန်နေဂျာကြီး မြေကွက်လိုက်မကြည့်တော့ဘူးလား"

"မောင်သန်းနိုင် လှမ်းပြလို့ အဝေးက မြင်ပြီးပါပြီ စာချုပ်ပြီးတော့မှ အဘ လိုက်ပြပါ"

"စာချုပ်က ဒီမှာ အသင့်ပါပဲ ဆရာ"

ဗိုလ်မှူးကတော်က အသင့်ဆောင်ထားသော စာချုပ်နှစ်စောင်ကို လက်စတစ်အိတ်ကလေးထဲမှ ထုတ်ပေးသည်။ ကျွန်တော် ခွေ့ကြည့်ပြီး မောင်သန်းနိုင်အား စာချုပ်ရေးခိုင်းပြီး ပိုင်ရှင်များအား လက်မှတ်ထိုးခိုင်းရသည်။ ပြီးသည်နှင့် ...

"ဒီမှာ - အဘ၊ ငွေသုံးသောင်း။ ဒါက ကလေးတွေအတွက် သီးသန့်မုန့်ဖိုး"

ကျွန်တော် (၂၈/ -) ကျပ်တန် တစ်ရွက်စီ ကလေးများအား ဝေပေးလိုက်ရာ ကလေးများက အလွန်ပျော်သွားကြသည်။ ဗိုလ်မှူးနှင့် ဗိုလ်မှူးကတော်တို့ ကျွန်တော်ပေးသော ငွေသုံးသောင်းအား တုန်ရီစွာ ရေတွက်နေကြစဉ် ကျွန်တော်နှင့် မောင်သန်းနိုင်တို့က အိမ်ရှင်များ ဒါနဖြစ်စေရန်နှင့် အရောင်းအဝယ်၊ အောင်မြင်သော အထိမ်းအမှတ်အဖြစ် အိမ်ရှင်များ ဧည့်ခံသော လက်ဖက်ရည်အချိုကို သောက်ကြသည်။ ပြီးသည်နှင့် ဗိုလ်မှူးက မြေကွက်အား လိုက်ပြပါသည်။ မြေကွက်မှာ မောင်သန်းနိုင်တို့အိမ်နှင့် လမ်းခြားလျက် လက်ဝဲဘက်မြေကွက်အတွင်း၌ ရေကန်စွန်းပင်နှင့် ဘဲစားမှော်ပင်၊ ကနဖော့ပင်များက ဝေဝေဆာဆာ ဖြစ်ထွန်းလှသည်။ မြေကွက်အနောက်ဘက်၌လည်း တဲအိမ်အစုကလေးများ ရှိကြသည်။ ဗိုလ်မှူးက မြေကွက်အတွင်းဆင်းပြီး သတ်မှတ်ငုတ်တိုင်များအား ပြသသည်။ ရပ်ကွက်သစ်ဖြစ်၍ အိမ်ကလေးဆောက်ရန် လိုကြောင်းလည်း ဗိုလ်မှူးက သတိပေးပါသည်။ ထို့ကြောင့် မောင်သန်းနိုင်တို့အိမ်သို့ ပြန်ခဲ့ပြီး မောင်သန်းနိုင်၏ ဖခင် လက်သမားဆရာကြီးအား အိမ်ကလေးဆောက်ရန် အပ်နှံရတော့သည်။ အလုပ်မရှိသော မောင်သန်းနိုင်၏ ဖခင်ကြီးလည်း အဆင်ပြေသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အဆင်မပြေသည်က ကျွန်တော်၊ လှိုင်သာယာမှာ မြို့သစ်ဖြစ်၍ သစ်...
ဈေးကြီးသည်။ သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့်လည်း ဖြစ်ပါလိ...
မည်။ ထို့ကြောင့် ကျွန်တော် အိမ်ဆောက်ပစ္စည်းများအား အင်းစိန်ဘက်...
ဝယ်ယူ၍ ပို့ဆောင်ပေးရမည်ဖြစ်ပါသည်။ မဆောက်မဖြစ် အိမ်ငယ်ကလေး
တစ်လုံး ဆောက်ရမည်ဖြစ်သောကြောင့် အသက်သာဆုံးဖြစ်စေရန် စဉ်း
စားရပါမည်။ ထောင်ခြံထဲမှ လုံးချင်းအိမ်ပိုင်းမှာ ပေ (၅၀ × ၉၀) ခန့် ကျယ်ဝန်း



တ...
ဆရာကြီးက ...
အကြောင်းစုံ အသေးစိတ်တော့ မသိကြပါဘူး။ ဒါပေမဲ့-ဆရာကြီးက
အတော်ချမ်းသာပုံရတယ်။ ရွှေတွေ၊ ငွေတွေလည်း ရှိတယ်။
(၈)မိုင် လမ်းဆုံမှာ တိုက်တစ်လုံးနဲ့ ကားတစ်စီးလည်း ရှိတယ်လို့
ကြားရတယ်။ မိန်းမကိုတော့ အတော်နိုင်တာ ဆရာရေ။
သူကြွန်လို သဘောထားတာ၊ ဈေးဝယ် ရွတ်ရင်တောင်
နောက်က လိုက်ချောင်းသေးတယ်။



သည်။ ကျွန်တော်တို့ အိမ်ထောင်ကျခါစကတည်းက နေလာခဲ့သော (ဝလက) မှ ဆောက်ပေးထားသော သစ်သားအိမ်ကလေး ဖြစ်သည်။ အနှစ် (၂၀)ကျော် နေလာခဲ့သောကြောင့် ကျွန်တော်တို့ စိုက်ထားသော သီးပင်စားပင် များမှာ စုံလင်စွာ သီးပွင့်နေကြပြီ ဖြစ်ပါသည်။ မန်ကျည်းပင်၊ သရက်ပင်၊ ကြောင်လျှာပင်၊ မလွှပင်၊ မာလကာပင်၊ ခွေးတောက်၊ ကင်းပုံ စုံလင်စွာ ရှိပါသည်။

ပန်းအလှပင်၊ သစ်ခွအမျိုးမျိုးနှင့် ဂမုန်းပင်မျိုးစုံလည်း ရှိပါသေးသည်။ ကျွန်တော်က အစိုးရတာဝန်ဖြင့် မြန်မာပြည်အနှံ့ ခရီးသွားပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရသော်လည်း ဇနီးသည်ကလည်း အမျိုးသမီးဆောင်မှူးဖြစ်သောကြောင့်၊ အင်းစိန်ထောင်တွင် ထမ်းဆောင်နေရသောကြောင့် ကျွန်တော်တို့ နေအိမ်မပြောင်းရွှေ့ရဘဲ မြဲနေခြင်း ဖြစ်ပါသည်။

အိမ်ဝင်းအနောက်ဘက်၌ ပျဉ်ကာ၊ သွပ်မိုးကားရုံရှိသည်။ ကားရောင်းလိုက်တော့ နွားမွေးမြူရေးရုံ ဖြစ်သွားသည်။ နွားများ ရောင်းလိုက်တော့ အဆောက်အအုံသာ ကျန်တော့သည်။ ထိုအဆောက်အအုံက အိမ်တစ်လုံး၏ အခြေခံ၊ တိုင်၊ အမိုးနှင့် အကာများ ရနိုင်ပါသည်။ အခင်းပျဉ်သာ ဝယ်ရမည်။ ထို့ကြောင့် ကျွန်တော် ကားရုံအားဖျက်ပြီး တပည့်များဖြင့် လှိုင်သာယာသို့ ပို့သည်။ တပည့်သန်းနိုင်၏ အဖေ၊ လက်သမားဆရာကြီးအား လက်ခပေး၍ ဆောက်လုပ်စေရာ အလွန်သက်သာသော ဈေးနှုန်းဖြင့် ပျဉ်ထောင်သွပ်မိုး အိမ်ကလေးတစ်လုံး ဖြစ်သွားပါတော့သည်။

အိမ်အစောင့်နေရန်အတွက်လည်း မောင်သန်းနိုင်၏ ယောက်ဖလင် မယားအား အလကားထားသည်။ ဘေးမြေကွက်အလွတ်၌လည်း မျိုးစေ့များ ရှာဖွေပေး၍ ချဉ်ပေါင်၊ ရေတိ၊ ရာသီ သီးနှံများအား စိုက်စေသည်။ မြေသစ်ဖြစ်ပြီး ရေအစိုဓာတ်ရှိသောကြောင့် ဖြစ်ထွန်းပါသည်။

ရုံးပိတ်ရက်တိုင်း သွား၍ ခြံနှင့်အိမ်ကလေးကို ပြုပြင်ပြီး တပည့်များနှင့် ချက်ပြုတ်စားကြသည်။ တစ်နေ့တွင် ကျွန်တော်တို့ ခြံရှေ့ရှိ အိမ်ကြီးပေါက် ဖက်ရှည်သောက်ရန် ဖိတ်ထားကြောင်း မောင်သန်းနိုင်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီအိမ်ကြီးမှာ ဘယ်သူတွေ နေတာလဲ - မောင်သန်းနိုင်"

"ဆေးဆရာကြီး လင်မယား နေကြတာပါ ဆရာ၊ ဆရာ လုပ်ကိုင်ဆောင်ရွက်နေပုံကို သဘောကျလို့ မိတ်ဖွဲ့တဲ့သဘောနဲ့ လက်ဖက်ရည်သောက်ဖိတ်တာပါ။ သူတို့က ရပ်ကွက်နဲ့ မရောဘူးဆရာ။ ကျွန်တော်နဲ့တော့ အိမ်နီးချင်းမို့ ခင်ပါတယ်"

"အေးကွာ - ငါတို့လည်း အိမ်နီးချင်းဖြစ်ပြီဆိုတော့ မိတ်ဖြစ် ဆွေဖြစ်သွားကြတာပေါ့"

ကျွန်တော်တို့ ဆရာတပည့်တွေကလည်း သွားကြတော့ အိမ်ရှင်များက ဆီးကြိုပြီး အပေါ်ထပ်ဧည့်ခန်းတွင် ဧည့်ခံပါသည်၊ လက်ဖက်ရည်ချိုနှင့် မြန်မာမုန့်များဖြင့် ဧည့်ခံသည်၊ ဆေးဆရာကြီးမှာ သျှောင်တစောင်းနှင့် ဥပဓိရုပ် ကောင်းသည်၊ ဇနီးသည်က အသက် (၂၀)ခန့်သာရှိသေးပြီး ချောမောလှပသည်၊ ဆရာကြီးကတော့ အသက် (၆၀)ခန့် ရှိပါပြီ၊

"မန်နေဂျာကြီးက အလုပ်အကိုင် ကောင်းတယ်နော်၊ တပည့်တပန်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေကြတာ၊ အားကျစရာကြီးပဲနော်"

"ဟုတ်ကဲ့ - အဘ၊ ကျွန်တော်က ဆောက်လုပ်ရေးနဲ့ စိုက်ပျိုးရေးကို ဝါသနာပါတော့ မြေလွတ်တွေ့တာနဲ့ ဒီအတိုင်းမထားဘဲ အသုံးချလိုက်တာပါ၊ ဖြစ်ထွန်းအောင်မြင်တော့လည်း စိတ်ချမ်းသာတာပေါ့၊ အဘတို့လည်း ကျွန်တော့်ခြံထဲမှာ ကြိုက်ရာခူးစားနိုင်ပါတယ်၊ ကျွန်တော် ရောင်းမစားပါဘူး"

"အေးကွယ် - ကျေးဇူးတင်ပါတယ်၊ မန်နေဂျာကြီးလည်း ဒီဘက်ကို လာရင် ချက်ပြုတ်စားမနေပါနဲ့၊ ကျုပ်တို့အိမ်မှာပဲ လာစားပါ၊ ကျုပ်ဇနီးက မြစ်ဝကျွန်းပေါ်သူပါ၊ အချက်အပြုတ် အလွန်ကောင်းပါတယ်၊ ဒီနေ့လည်း မန်နေဂျာကြီးတို့အဖွဲ့ကို နေ့လယ်စာ ကျွေးချင်လို့ ချက်ပြုတ်ထားပါတယ်"

"အားနာစရာ - အဘရယ်၊ ကျွန်တော့်တပည့်တွေတောင် ဈေးသွားဝယ်နေကြပြီ၊ နေပါစေ - ဆရာကြီးရယ်"



"ဘယ်ဟုတ်မလဲ - မန်နေဂျာကြီးရယ်၊ မိတ်ဖြစ်ဆွေဖြစ် ခင်မင်တဲ့အနေနဲ့ ဒီနေ့ နေ့လယ်စာတော့ ကျုပ်အိမ်မှာ လာစားပါ၊ စီစဉ်ထားပြီးနေလို့ပါ"

"ဟုတ်ကဲ့ပါ - ဆရာကြီး"

ကျွန်တော် လက်ခံလိုက်ရတော့သည်၊ အချိန်စောသေး၍ ကျွန်တော်တို့ အိမ်ဘက်သို့ ပြန်လာပြီး စိုက်ခင်းအား ပေါင်းသင်၊ မြက်ရှင်း၊ ရေလောင်းကြသည်၊ ဆရာကြီးတို့အား လက်ဆောင်ပေးရန်လည်း ချဉ်ပေါင်ရွက်၊ ငရုတ်သီးစိမ်း၊ ပန်းဂေါ်ဖီနှင့် မုန်လာဥ၊ မုန်ညင်းပင်များအား နုတ်ပြီး စီစဉ်ခိုင်းရသည်၊

"သန်းနိုင် - မင်းဆရာကြီးက အင်္ဂါရုပ်ကတော့ သမားတော်ဆရာကြီးရုပ်ပဲကွ၊ ဒါပေမဲ့ - မိန်းမငယ်ငယ်ကလေးကို ယူထားတာကတော့ ဆရာ၊ သမားဂုဏ်နဲ့ မညီဘူးကွ"

"ဟုတ်တယ် - ဆရာ၊ မြစ်ဝကျွန်းပေါ်ဘက်မှာ ကောင်မကလေးကို အသက်ကယ်ဆေးကုရင်း ယူလာတာလို့ သိရတယ်၊ ဒီရပ်ကွက်မှာလည်း ဆရာကြီးက ဆေးမကုပါဘူး၊ နယ်လှည့်ဆေးကုနေတယ်လို့ပဲ သိရပါတယ်"

"ဗိန္ဓော၊ ပယောဂဆရာကြီးပေါ့ ဟုတ်သလား - သန်းနိုင်"

"ဟုတ်မယ်ထင်တယ် - ဆရာ၊ တချို့ကတော့ အောက်လမ်းဆရာကြီးလို့ ပြောနေကြတယ်၊ ဆရာကြီးက ဒီမှာ ဆေးမကုဘဲ တခြားသွား ဆေးကုတာဗျ၊ အကြောင်းစုံ အသေအချာတော့ မသိကြပါဘူး၊ ဒါပေမဲ့ - ဆရာကြီးက အတော်ချမ်းသာပုံရတယ်၊ ရွှေတွေ၊ ငွေတွေလည်း ရှိတယ်၊ (၈)မိုင် လမ်းဆုံမှာ တိုက်တစ်လုံးနဲ့ ကားတစ်စီးလည်း ရှိတယ်လို့ ကြားရတယ်၊ မိန်းမကိုတော့ အတော်နိုင်တာ ဆရာရေ၊ သူ့ကျွန်လို သဘောထားတာ၊ ဈေးဝယ်လွှတ်ရင်တောင် နောက်က လိုက်ချောင်းသေးတယ်၊ ဒါကြောင့် ဒီရပ်ကွက်က လူတွေကလည်း သူ့ကို အလေးမထားကြဘူး၊ သူကလည်း ရပ်ကွက်ကို ဝရုမစိုက်ပါဘူး၊ အကြောင်းတစ်ခုခုရှိလို့ ဒီလိုနေရာမျိုးမှာ လာရှောင်နေတာထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ - ဘာပဲဖြစ်ဖြစ်ပေါ့။ ကိုယ့်အိမ်နီးချင်းပဲ၊ သင့်တင့်အောင်နေပါ။ အသက်ကြီးသူပဲ။ လေးလေးစားစား ဆက်ဆံပေါ့"

"ကျွန်တော်နဲ့တော့ ကိစ္စမရှိပါဘူး - ဆရာ၊ ရပ်ကွက်က သူတွေနဲ့တော့ ဆရာကြီးက မတည့်ဘူး။ သာရေး နာရေးကိစ္စတွေမှာ သူက မပါဘူး။ သီးသန့်နေတာ။ အခုမှ ဆရာ့ကို တလေးတစား ထမင်းဖိတ်ကျွေးလို့ ကျွန်တော် အံ့သြနေတာ"

"ဒါကတော့ကွာ၊ တစ်ဦးမေတ္တာ တစ်ဦးက စေတနာပေါ့။ အပြန်အလှန်နားလည်မှုထားရင် ဆက်ဆံပေါင်းသင်းလို့ ရပါတယ်။ ကဲ - (၁၁)နာရီကျော်ပြီ။ ထမင်းစားသွားကြစို့၊ မျှော်နေရော့မယ်"

"ဟုတ်ကဲ့ - ဆရာ၊ ဟင်းသီးဟင်းရွက်တွေပါ ယူခဲ့မယ်နော်"

"အေးအေး - ယူခဲ့၊ လက်ဆောင်ပေးရတာပေါ့"

သို့နှင့် - ကျွန်တော်တို့နှစ်ဦးက ဆရာကြီးအိမ်ဘက်သို့ ထွက်ခဲ့ကြပါတယ်"

ဆရာကြီးတို့အိမ်ရောက်တော့ ဆရာကြီးက ဆီးကြိုရင်း ...

"လာ - မန်နေဂျာကြီး၊ ဒီမှာ နေ့လယ်စာ စားဖို့ အဆင်သင့်ပြင်ပြီးပါပြီ"

စားပွဲဝိုင်းပေါ်တွင် ပြင်ဆင်ထားသော ဟင်းများက စုံလင်လှသည်။ ကြက်သား၊ ဝက်သားဟင်းဆီပြန်၊ အသီးအရွက်ကြော်၊ ကြက်ဥကြော်၊ ဒန့်သလွန်သီးနှင့် ငါးချဉ်ရည်ဟင်း၊ ငါးပိရည်၊ တို့စရာတို့ ဖြစ်ကြသည်။ ဆရာကြီးက ကျွန်တော်တို့နှင့်အတူ စားသော်လည်း ဇနီးဖြစ်သူက ဘေးမှ ယပ်တောင်တစ်ချောင်းနှင့် ယပ်ခပ်ပေးနေရင်း ထမင်းဟင်း လိုက်ပေးနေသည်။

ကျွန်တော်တို့ ထမင်းစားသောက်ပြီး အချိုဝိုင်း၌ မုန့်များနှင့် ငှက်ပျောသီး၊ လက်ဖက်သုပ်များကို စားကြရင်း ဆေးဆရာကြီးက ...

"မန်နေဂျာကြီး - ကားပွဲစားတွေနဲ့ကော သိကျွမ်းပါသလား"

"ဟုတ်ကဲ့ - ရှိပါတယ် ဆရာကြီး၊ ထောင်ထွက်တပည့်ပွဲစားတွေပါ။ ဆရာကြီး ကားဝယ်ဖို့လား၊ ကားရောင်းဖို့လား ခင်ဗျ"



"ကားရောင်းချင်တာပါ။ MAZADA အမျိုးအစား B-600 လေးဘီးကားတလေးပါ။ (၈)ကွဲ နံပါတ်၊ ဂျပန်အစစ်ပါ၊ ဘော်ဒီကောင်းပါတယ်၊ အင်ဂျင်တော့ သိပ်မကောင်းတော့ဘူး။ အဲဒါ - မန်နေဂျာကြီး အကျိုးဆောင်ပေးပါ။ ကျုပ်တို့ ပွဲခ ကန်တော့မှာပါ"

"မလိုပါဘူး - ဆရာကြီး၊ ဆရာကြီး လိုချင်တဲ့အတိုင်းအတာကိုသာ ပြောပါ။ ကျွန်တော် အနီးစပ်ဆုံး ရနိုင်အောင် ကူညီပါ့မယ်"

"ကျုပ် လိုချင်တာကတော့ (၆)သောင်းလောက် လိုချင်တာ။ ပွဲခတစ်သောင်းနုတ်ပြီး ငါးသောင်းလောက်ရရင်လည်း ကျေနပ်ပါရဲ့ဗျာ"

"ဆရာကြီး ဘယ်နေ့လောက် ဆုံကြမလဲ။ ဘယ်မှာ ကြည့်ရမှာလဲ"

"ရှစ်မိုင်လမ်းဆုံမှာပါ။ တိုက်အမှတ် (၉၉)၊ အောက်ထပ်ပါ။ ကျွန်တော် စောင့်ကြိုနေပါ့မယ်။ မနက်ဖြန် တနင်္လာနေ့ မကောင်းဘူး၊ အင်္ဂါနေ့ မနက် (၁၀) နာရီ"

"ဟုတ်ကဲ့ - ကောင်းပါတယ်။ ကျွန်တော့်တပည့်တွေကို လွှတ်လိုက်မယ်။ မောင်သန်းနိုင်လည်း ပါလာလိမ့်မယ်။ ကျွန်တော်ကတော့ တာဝန်တွေရှိလို့ လိုက်နိုင်မှာမဟုတ်ဘူး - ဆရာကြီး"

"ရပါတယ် - မန်နေဂျာကြီး။ ပွဲစားတွေနဲ့ မောင်သန်းနိုင်ပါလာရင် ဖြစ်ပါတယ်။ အရောင်းအဝယ်ဖြစ်ဖို့ပဲ အရေးကြီးပါတယ်"

"ဟုတ်ကဲ့ - ဆရာကြီး။ ကျွန်တော့်ပွဲစားတပည့်တွေ အောက်ကားတလေးတွေ အရောင်းအဝယ်လုပ်ပါတယ်။ သူတို့ ကြိုက်ရင် ချက်ချင်းငွေချေမှာပါ"

"ကောင်းပါပြီဗျာ - အင်္ဂါနေ့ မနက် (၁၀)နာရီ ကျုပ် စောင့်နေပါ့မယ်။ ဆရာ - ဆက်ဆက်ဆောင်ရွက်ပေးပါ"

"ဟုတ်ကဲ့ပါ - ဆရာကြီး"

တနင်္လာနေ့မနက် ရုံးတက်တော့ မောင်ဝင်းနိုင်ကိုလွှတ်ပြီး ကားပွဲစားတပည့် ဝိုက်ပူကို အကြောင်းကြားရသည်။ အဆင်ပြေသည်။ အင်္ဂါနေ့ မနက် (၉)နာရီတွင် ကြိုတင်ချိန်းပြီး မောင်သန်းနိုင်နှင့် ဆုံရပ်ကို ပြောရသည်။ အင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com

နေ့မနက် ရုံးတက်ပြီး နေ့လယ် (၁၂)နာရီခန့် နေ့လယ်စာ စားချိန်တွင် သူတို့အားလုံး ရောက်လာကြသည်။ ကျွန်တော်က စာချုပ် လုပ်ပေးရသည်။ ဆရာကြီး လိုချင်သော ငွေကျပ် ခြောက်သောင်းကိုလည်း ပေးချေသွားသည့်အပြင် ကျွန်တော့်အားလည်းပွဲခ ငါးထောင်ပေးရာ ကျွန်တော်က မောင်သန်းနိုင်အား တစ်ထောင်ကျပ် မုန့်ဖိုးပေးလိုက်သည်။ ဆရာကြီးက လာမည့် တနင်္ဂနွေနေ့တွင် လှိုင်သာယာရှိ သူ့အိမ်တွင် နေ့လယ်စာ ထမင်းစားရန် ဖိတ်သွားသေးသည်။

ထိုသို့ ဖိတ်သောနေ့တွင် ကျွန်တော်တို့ ရောက်တော့ ဆရာကြီးတို့လင်မယားက ဖွယ်ဖွယ်ရာရာကျွေး၍ ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောသည်။ နောင်ပိတ်ရက်လာတိုင်းလည်း သူတို့အိမ်တွင်ပင် ထမင်းစားရန် ပြောပါသေးသည်။

နောက်တစ်ပတ်တွင် ကျွန်တော် လှိုင်သာယာအိမ်သို့ မသွားဖြစ်ပါ။ သူငယ်ချင်း ထောင်မှူးကြီးသမီး မင်္ဂလာဆောင်ရှိသောကြောင့် ဖြစ်ပါသည်။ တနင်္လာနေ့ ရုံးပြန်တက်တော့ မောင်သန်းနိုင်က ...

"ဆရာရေ - ပြဿနာတော့ တက်ကုန်ပြီဗျို့၊ ဆေးဆရာကြီးက ကားရောင်းတာနဲ့ ပတ်သက်ပြီး ဆရာ့ကို အတော်မကျေမနပ် ဖြစ်နေတယ်၊ ကျွန်တော် ရှင်းပြတာလည်း လက်မခံဘူး၊ ဆေးဝါးမန္တယားနဲ့ လုပ်မတဲ့"

"ဟ - နေစမ်းပါဦး မောင်သန်းနိုင်ရဲ့၊ ကားရောင်းတာ၊ သူတို့ ကြိုက်ဈေးရတာပဲ၊ ဘာမကျေနပ်စရာရှိလဲ၊ မင်းကိုယ်တိုင်လည်း ပါတာပဲ၊ ငါက ဆိုင်ရှိုဆိုင်သေးတာ"

"ကျွန်တော် သိတာပေါ့ဆရာရယ်၊ အခုဟာက သူတို့ ကားရောင်းတာ (၆)သောင်းပဲရပြီး ပြီးခဲ့တဲ့ စနေနေ့က အဲဒီသူတို့ကားကလေးကို တိုက်တိုက်ဆိုင်ဆိုင် ငှားစီးမိသတဲ့၊ ကားဆရာက သူဝယ်လိုက်တာ ရှစ်သောင်းပေးရတယ်လို့ပြောသတဲ့၊ အဲဒါကြောင့် - ဆရာက သူတို့ကို ပတ်တယ်ဆိုပြီး မကျေနပ်ကြတာတဲ့"

"ဟော - မင်းလည်း ပါတာပဲ၊ ပွဲစားက အမြတ်တင်ပြီးရောင်းတာ၊ သူ့အလုပ်ပဲလေ၊ အဲဒါ သူတို့နဲ့ ဘာဆိုင်သလဲ၊ သူတို့ ကြိုက်ဈေးရပြီးပြီပဲ"

ထိုနေ့ ညနေရုံးဆင်းတော့ ကျွန်တော် ရုံးလှေကားအောက်ဆုံးထစ်တွင် ဖနောင့်ဖြင့်တိုက်မိပြီး အတော်နာသွားသည်။ ထော့ကျိုး ထော့ကျိုးဖြင့် အိမ်ပြန်ခဲ့ရသည်။ အိမ်ရောက်တော့ အစာမကျေဖြစ်ပြီး စိမ်းစိမ်း နီနီများ အန်သည်။ ချက်ချင်းဆေးခန်းပြတော့ ဖနောင့်က အရိုးနရောင်နေသဖြင့် ဆေးစည်းဆေးထိုးပေးသည်။ အစာအိမ် အဆိပ်သင့်၍ အန်ကြောင်းလည်း ပြောသည်။ ကျွန်တော် (နှစ်ရက်သုံးရက်) ခွင့်ယူ၍ ဆေးစားပြီး အိမ်တွင် နားနေရသည်။

နောက်တစ်နေ့မနက်တွင် မောင်သန်းနိုင်၏ ယောက်ဖ လင်မယား ကျွန်တော်နားနေရာ အင်းစိန်အိမ်သို့ ရောက်လာကြသည်။ ကျွန်တော် အစောင့်ထား၍ နေနိုင်သော အိမ်ကလေးမှာ ယခုအပတ်အတွင်း ညတိုင်း ဘီလူးကိုင်လှုပ်သလို ယိမ်းထိုးနေသောကြောင့် မနေရဲတော့၍ အိမ်ပြန်အပ်ခြင်းဖြစ်သည်။ အောင်မြင်နေသော စိုက်ခင်းမှာလည်း ပိုးများကျ၍ ပျက်စီးသွားကြောင်း သိရပါသည်။ ဤသည်မှာ တိုက်ဆိုင်ခြင်းလော၊ ဆေးဆရာကြီး၏ စနက်ပင်လောဟုတော့ မပြောနိုင်ပါ။ ထိုစဉ်ကတည်းက ကျွန်တော် လှိုင်သာယာအိမ်ဘက်သို့ မသွားတော့၊ မြေကွက်နှင့် အိမ်အားလည်း ရရာဈေးဖြင့် ရောင်းပစ်ရန် မောင်သန်းနိုင်အား အပ်နှံလိုက်ပါတော့သတည်း။

တိုက်ဆိုင်မှုများ ဖြစ်ပါလိမ့်မည်၊ သည်းထိတ်ရင်ဖို ဖြစ်ရသည့် အဖြစ်အပျက်တွေပါ ...။

»»» ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com




အေသင်ဇာသက်ဝေ

# စတိုခန်းထဲမှ

## ထူးဆန်းသောမတ်စေ့ကလေးများ

အချိန်ရာသီကာလတွေ အလီလီပြောင်း၍ နှစ်တွေ ကြာညောင်းခဲ့ပေပြီ။ ဦးလှထွန်းသည် သူ နေထိုင်သည့် ခမ်းနားထည်ဝါလှသော တိုက်အိမ်ကြီး၏ ဝရန်တာပေါ်မှ အဝေးသို့ ငေးမောရင်း တစ်ချိန်က သူ ကြုံဆုံတွေ့ခဲ့ရသည့် ထူးဆန်းသော ဒဏ္ဍာရီဆန်ဆန် ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းလေးအား အမှတ်မထင် ပြန်လည်သတိရနေမိလေသည်။

ဦးလှထွန်းသည် အိုမင်းရင့်ရော်၍ ဆံပင်တွေ ဘော်ငွေရောင်သန်းကာ သဝနေဝင်ချိန်ကို စောင့်မျှော်နေရလေပြီ။ ဦးလှထွန်း လွန်မင်းစွာ နှစ်သက်မြတ်နိုးလှသော (မာကျူရီ) ဆိုင်လေးလည်း နေဝင်စပြုခဲ့လေပြီ။ ဘယ်သောအခါမှ အိုမင်းရင့်ရော်ခြင်းလည်း မရှိသည့် ပစ္စည်းလေး တစ်ခုမှာတော့ ဦးလှထွန်းတို့၏ တိုက်အိမ်ကြီးအပေါ်ထပ်ရှိ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံလှသော ဘုရားခန်းထဲတွင် စံပယ်နေတော်မူသော ရှေးဟောင်း ကျောက်စီမ်းဆင်းတုတော်နှင့် ရှေးဟောင်းကြေးခွက်ထဲတွင် ရှိသော တစ်မတ်စေ့လေးပင် ဖြစ်သည်။

ဦးလှထွန်းသည် ရှေးဟောင်းပစ္စည်းကလေးများကို ဝယ်ယူစုဆောင်းရသည်ကို ဝါသနာထုံလှသည်။ ငွေအကြွေစေ့လေးများ၊ ရှေးနှင်းပေါင်းများ

www.burmeseclassic.com

စွာက ကြေးလင်ပန်း၊ ကြေးခွက်၊ ငွေဖွန်းရုပ်ထု စသည်ဖြင့် ပစ္စည်းဟောင်းများစွာကို သူ၏ စတိုခန်းထဲတွင် စုံလင်စွာ တွေ့ရလေသည်။ တချို့ရုပ်တုကလေးများဆိုလျှင် မှတ်တမ်းမှတ်ရာပင် ရှိလေသည်။

ဦးလှထွန်းသည် လားရှိုးတွင် နေထိုင်သော သူ၏ မိတ်ဆွေက သူ့ထံသို့ လာရောက်ပါရန် အတင်းဖိတ်ခေါ်သဖြင့် လားရှိုးမြို့သို့ ခရီးထွက်ရန် ပြင်ဆင်နေလေသည်။ ဦးလှထွန်း၏ မိတ်ဆွေမှာ ဦးစိန်ကျော်ဖြစ်ပြီး သူ၏ ဇနီးမှာ ဒေါ်မာလာ ဖြစ်သည်။ သူတို့မှာ အိမ်ထောင်သက် (၁၈) နှစ် ရှိပြီဖြစ်သော်လည်း ကျောထောက်နောက်ခံ သားသမီးမထွန်းကားပေ။

ဦးလှထွန်းအား အရေးကြီးလှသဖြင့် အမြန်လာပါရန် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ဦးစိန်ကျော်မှာ ငွေကြေးချမ်းသာသူဖြစ်ပြီး ဒေါ်မာလာမှာ ကျန်းမာရေးချူချာသည်ဟု စာထဲတွင် ထည့်ရေးထားသဖြင့် ဆွေမျိုးနည်းပါးလှပြီး သားသမီး တစ်ယောက်မှမရှိသော ဦးစိန်ကျော်သည် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သော ဦးလှထွန်းကို အားကိုးရှာပေလိမ့်မည်။

ဦးလှထွန်း၏ ဇနီး ဒေါ်ရီသည် လမ်းခရီးတွင် စားရန် အစားအစာများကို ထုပ်ပိုးပြင်ဆင်ပေးရင်း မိတ်ဆွေလင်မယားအတွက် စိုးရိမ်ပူပန်ပြီး လားရှိုးသို့ အမြန်ရောက်ရန်သာ စိတ်လောကြီးနေသော ခင်ပွန်းသည်အား ...

"ကိုလှထွန်းရေ - သိပ်မကြာစေနဲ့။ ဒီမှာက လူခွဲကိုယ်ခွဲရှိတာ မဟုတ်ဘူး၊ အမေကလည်း အသက်ကြီးပြီ၊ ရှင့် သမီး - မြမြစန်းကလည်း ငယ်သေးတယ်။ ဘာမှ အားကိုးရတာ မဟုတ်ဘူး၊ အမြန်ပြန်လာ"

ဦးလှထွန်းတို့ အိမ်၌ ဦးလှထွန်း၏ မိခင်အိုကြီးနှင့်အတူ မိသားစုလေးဦးသာ နေထိုင်၍ ဦးလှထွန်း ဝါသနာပါလှသော ခေတ်ရှေးဟောင်းပစ္စည်းများ



(မာကျူရီ) ဝယ်၊ ရောင်းဆိုင်လေးဖြင့် အေးချမ်းစွာ နေထိုင်စားသောက်နေသည့် မိသားစုလေးပင် ဖြစ်သည်။

ဦးလှထွန်း လားရှိုးဘူတာသို့ ရောက်သောအခါ မိတ်ဆွေကြီး ဦးစိန်ကျော်က အသင့်ကြိုနေသည်။ ဦးစိန်ကျော်သည် သူ၏ ကျောင်းနေဖက်သူငယ်ချင်း သူ့ထံလာရောက်သည့်အတွက် ဝမ်းသာနေဟန်ရှိသည်။

သူ ယခုနေထိုင်သော တိုက်အိမ်ကြီးမှာ အလွန်ခမ်းနားကြီးကျယ်၍ လှနေအခန်းများစွာဖြင့် ဖွဲ့စည်းထားပြီးလျှင် ရှမ်းစော်ဘွားများ၊ ဆွေတော်မျိုးတော်များ နေထိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုအိမ်ရောက်မှ ထိတ်လန့်ဖွယ်ရာ ကိစ္စများနှင့် ကြုံရသည်များကို ဖွင့်ဟဝန်ခံပြောပြရင်း ဦးစိန်ကျော်၏ ခမ်းနားလှသည့် တိုက်အိမ်ကြီးဆီသို့ ရောက်လာလေသည်။

ဒေါ်မာလာအား ဦးလှထွန်း မြင်လိုက်ရသောအခါ တအားအံ့သြသွားလေတော့သည်။ သူမ၏ ရုပ်ဆင်းသဏ္ဍာန်မှာ အရင်ကနှင့် လုံးဝမဆိုင်တော့၊ ရုပ်ဆင်းလက္ခဏာမှာ ကျဆင်းအိုစာသွားလေသည်။

"လှထွန်းရေ - အဲဒါပဲ ကြည့်တော့၊ မာလာကို မင်း မြင်ပြီမဟုတ်လား။ ရောဂါလည်း ထွေထွေထူးထူးမရှိဘဲနဲ့ တရှောင်ရှောင်ဖြစ်ပြီး အိပ်ရာထဲလဲနေတာ အသားတွေကလည်း ဖြူဖပ်ဖြူရော်နဲ့ကွာ"

"ဒါနဲ့ ဆရာဝန်မပြဘူးလား"

"ဆရာဝန်ကတော့ သွေးအားနည်းတာလို့ ပြောတာပဲကွာ။ အတွင်းကို ဓာတ်မှန်ရိုက်ကြည့်တော့လည်း ဘာမှ မတွေ့ရဘူး။ တိုင်းရင်းသမားတော်တတော့ အမျိုးသမီးရောဂါ (မီးယပ်)လို့ ပြောတယ်ကွ။ ဒါပေမဲ့ - လှထွန်း ငါ့ သောက်စရာတစ်ခုတော့ ရှိတယ်"

"ဘာလဲ - စိန်ကျော်ရ မင်းစကားကလဲ"

www.burmeseclassic.com

"အေးကွာ - နောက်မှပေါ့၊ မင်း အနားယူလိုက်ဦး။ ညစာ ထမင်းစားမှပဲ ငါ ပြောပြတော့မယ်ကွာ။ ကဲ - ကဲ - မင်း ရေမိုးချိုးပြီး ခဏနားတော့။ ငါလည်း လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ်" ဟုပြောပြီး ဦးစိန်ကျော်က ဦးလှထွန်း နားရန် အခန်းကို လိုက်ပို့ပေးပြီး ထွက်သွားလေသည်။

ဦးလှထွန်း စိတ်ထဲတွင် မည်သည့်အကြောင်းကိစ္စများကြောင့် စီးပွားဥစ္စာ ပြည့်စုံပြီး ဒုက္ခပေးမည့် သားသမီးဆွေမျိုးလည်းမရှိပါလျက် လင်မယားနှစ်ယောက်လုံး တစ်ယောက်က မျက်နှာမကောင်း၊ တစ်ယောက်က ချူချာနဲ့ ဘယ်လိုများ ဖြစ်နေကြတာလဲဟု တွေးတောစဉ်းစားနေရင်း ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

ဦးလှထွန်းတစ်ယောက် ရေမိုးချိုးပြီး အိမ်အပြင်သို့ လေညင်းခံရန် ထွက်လာခဲ့လေသည်။ ဦးစိန်ကျော်၏ ခြံဝင်းမှာ အတော်အတန်ပင် ကျယ်ဝန်းလေသည်။ ခြံဝန်းထဲ၌လည်း ပန်းအလှပင်များကို လှပစွာ စိုက်ပျိုးထားပြီး ခြံအဝင်အထွက်တွင် ကြီးမားစွာ ပေါက်နေသော တရုတ်စကားပင်ကြီး ရှိသည်။ တရုတ်စကားပင်၏ အောက်ခြေတွင် လူထိုင်ရန် ကျောက်သားခုံတန်းတစ်ခု လုပ်ထားလေသည်။

ခြံဝင်းထဲတွင် တရုတ်မန်ကျည်းသီးပင်၊ သစ်တော်သီးပင်၊ သရက်ပင် စသည်ဖြင့် အတော်အတန် စုံလင်စွာ ကြီးထွားနေကြလေသည်။ ခြံအလယ်တွင် ပုဏ္ဏရိက်ပင်ကို (၁၀) ပေ ပတ်လည်ခန့် ရှိမည့် စက်ဝိုင်းပုံသဏ္ဌာန်ပုံဖော် စိုက်ပျိုးထားပြီး ထိုပုဏ္ဏရိက်ပင်များထဲတွင် ငါးတစ်ကောင် မတ်တတ်ရပ်နေဟန်ကို ကျောက်သားဖြင့် ထွင်းထုထားသည်။ ခမ်းနားကြီးကျယ်လှသော တိုက်အိမ်ကြီးနှင့် လွန်စွာမှ ပုလဲနံသင့်လှပေသည်။

ထိုငါးမှာ ခေါင်းမော့၍ ပါးစပ်ဟနေသည့် ပုံစံဖြစ်သည်။ ဦးလှထွန်း သေသေချာချာကြည့်ရာတွင် ယခင်ကာလ အတိတ်ကာလဆီက ထိုငါး၏ ပါးစပ်မှ ရေများ လှပစွာ ပန်းထွက်နေပုံရပေလိမ့်မည်။ ယခုတော့ ဦးစိန်ကျော်မှာ ပျက်စီးနေသည်များကို ပြန်၍မပြင်နိုင်။ သူ၏ ဇနီးသည်အတွက် သောကများပါဒများနေပုံရသည်။



သူငယ်ချင်းစိန်ကျော် ပြောပြချက်အရ ထိုခြံနှင့် တိုက်မှာ ရှမ်းစော်ဘွားများ အစဉ်အဆက် နေထိုင်သည့်ခြံဖြစ်ပြီး နောက်ဆုံးမျိုးဆက် စော်ဘွားမှာ ဇနီးမယားမရှိဟု သိရသည်။

ထိုအမျိုးသားမှာ မည်သည့်ရောဂါမှန်းအမည်ဖော်မရဘဲ သေဆုံးသွားသောအခါ ကျန်ရစ်သူ ဆွေမျိုးသားချင်းတစ်ဦးက ထိုခြံအား သူ့ကို ဈေးပေါပေါနှင့် ရောင်းချသွားသည်ဟု သိရလေသည်။

ညနေစောင်းသောအခါ သူငယ်ချင်းနှစ်ယောက် ညစာ စားကြပြီး အိပ်အပေါ်ထပ်သို့ ဦးစိန်ကျော် ဦးဆောင်၍ ခေါ်သွားလေသည်။ အပေါ်ထပ်ရောက်သောအခါ စာဖတ်ခန်းထဲသို့သွားကာ ဦးလှထွန်းအား သူ၏ စာကြည့်စားပွဲပေါ်မှ ထူးဆန်းသည့် မိန်းမရုပ်တုလေးအား ပြသလေတော့သည်။

ထိုရုပ်ထုကလေးမှာ တစ်ထွာသာသာခန့်သာရှိပြီး လှပကာ အလွန်လက်ရာ မြောက်လှပေသည်။ လက်နှစ်ဖက်ရှိ လက်ဝါးပြင်အလယ်တွင် အင်းကွက်များ ရေးထွင်းထားလေသည်။ ဦးလှထွန်းလည်း ပါလာသော မှန်ဘီလူးနှင့် သေချာစွာ ကြည့်ရှုစစ်ဆေးရာ ရုပ်ထုလေး၏ အောက်ခြေတွင် ရေးသားထားသည်မှာ လိုတရနတ်မိမယ်ဟုဆိုသော စာတန်းကလေးကို တအံ့တဩ ငေးကြည့်နေမိသည်။

ဦးလှထွန်းသည် ရှေးဟောင်းပစ္စည်းများကို လွန်မင်းစွာ မက်မောနှစ်သက်လေရာ ထိုရုပ်တုလေးကို တွေ့သောအခါ စိတ်ဝင်စားသွားလေတော့သည်။ မဆိုင်းမတွပင် ...

"ဟေ့ကောင် - စိန်ကျော်၊ ဒီရုပ်တု ဘာကရလဲ"

"ငါ ဒီခြံကို ဝယ်တော့ကွာ၊ ခြံထဲဝင်လာတော့ မင်း မြင်လား၊ ဟိုတရုတ်စကားပင်ကြီးလေ"

"အေး - ငါတွေ့တယ်"

"အဲဒီ အပင်ကြီးရဲ့ရှေ့မှာ ငါ ခုံတန်းလေးရိုက်မယ်ဆိုပြီး မြေတူးနိုင်းလိုက်တော့ ဒီအရုပ်ထွက်လာတာပဲ၊ ငါလည်း အရုပ်ကလေးက လက်ရာလည်း



www.burmeseclassic.com

www.burmeseclassic.com

မြောက်ပြီး ရှေးဟောင်းပစ္စည်းလေးမို့လို့ ဘာမှအန္တရာယ်ရှိမှာမဟုတ်လောက်ဘူးဆိုပြီး ဆေးကြောသန့်စင်ပြီးတော့ ငါ့ရဲ့စာကြည့်စားပွဲပေါ်မှာ အလှထားလိုက်တာကွာ"

"ဒီရုပ်တုရောက်တော့ အထူးအဆန်းတွေ ဖြစ်သေးလား"

"အေးကွာ - ငါကတော့ ဆိုင်ကိုသွားသွားနေရတော့ မာလာတစ်ယောက်တည်း ကျန်ခဲ့တယ်၊ ဒါပေမဲ့ကွာ - ဒီရုပ်ထုလေးရှိကတည်းက ဆိုင်က စီးပွားအရမ်းတိုးတက်လာတယ်၊ ဒါပေမဲ့ - မာလာက ကျန်းမာရေး ချူချာလာတယ်၊ အခု မင်းမြင်တဲ့အတိုင်းပဲ၊ ပြီးတော့ အိမ်ထဲမှာနေရတာ မသိုးမသန့်သလို ခံစားရတယ်"

ဦးစိန်ကျော်သည် ရုပ်ထုလေးအိမ်ပေါ်သို့ ရောက်လာပြီး နောက်တွေ့ကြုံနေရသည့်အဖြစ်များကို ဦးလှထွန်းအား သေချာစွာ ရှင်းပြပြီး စိတ်မသန့်ကြောင်း ပြောပြလေရာ ...

"အေးကွာ - ရုပ်ထုလေးကြောင့်သာဆို စွန့်ပစ်ရမှာ နမြောစရာ၊ ဒီလိုလုပ်ကွာ - မင်းဆီမှာ ထားရတာ စိတ်မသန့်ဘူးထင်ရင် ငါ ယူသွားမယ်၊ ပြီးတော့ - မင်းဆီကို အကျိုးသင့်အကြောင်းသင့်ကို ဆက်ပြီးလေ့လာ အစီရင်ခံမယ်ကွာ၊ ဘယ့်နှယ်လဲ" ဟု ဦးလှထွန်းက မေးလိုက်လေရာ ...

"အေး - ဒါလည်း ကောင်းတာပဲ၊ မင်းက ရှေးဟောင်းပစ္စည်းစုဆောင်းရတာ ဝါသနာပါတယ်ဆိုတော့ မင်းဆီမှာထားတာ ပိုကောင်းတယ်၊ တို့ဆီမှာတော့ နိက်သလား မသိပါဘူးကွာ"

"ဒါဆိုရင် ငါပြန်ရင် ယူသွားမယ်၊ အခုလာမယ့် တနင်္ဂနွေနေ့ ငါပြန်မယ်ကွာ၊ ငါဆက်ပြီး လေ့လာကြည့်မယ်"

"အေးပါကွာ၊ ငါကတော့ ရောက်တုန်း မင်းကို ဒီမှာ ကြာကြာနေစေချင်တယ်"

"မအားလို့ပါကွာ၊ အိမ်မှာ လူခွဲမရှိဘူးလေ၊ နောက်မှ အေးအေးဆေးဆေး လာခဲ့မယ်"



သူငယ်ချင်းနှစ်ယောက် အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြလေသည်။

သည်လိုနှင့် ဦးလှထွန်း ရန်ကုန်သို့ ပြန်ရောက်လာလေသည်။

"မေကြီး - ပြန်လာပြီ မေကြီးရေ"

"ကိုလှထွန်း ပြန်ရောက်တာ မြန်သားပဲ၊ လားရှိုးက ကိုစိန်ကျော်နဲ့ မာလာတို့ အခြေအနေ ဘယ်လိုလဲ"

ဦးလှထွန်းလည်း သူ၏ဇနီးဖြစ်သူ ဒေါ်ရီရီအား ရောက်မဆိုက်ပင် အခြေအနေများကို ပြောပြလိုက်သည်။

"စိန်ကျော်တို့ အိမ်ထဲမှာ လူလိုလို အရိပ်တွေ မကြာခဏ တွေ့တယ်လို့ ပြောတယ်၊ စိန်ကျော် စာဖတ်နေရင် အနောက်မှာ တစ်စုံတစ်ဦးရှိနေသလို ခံစားရတယ်၊ ပြီးတော့ - ထူးဆန်းတာက မာလာကို အိပ်မက်ထဲမှာ မိန်းမလေးတစ်ယောက်က ကြောက်စရာအသွင်နှင့် လိုက်လို့ပြေးလိုက်ရတာလို့ ပြောတယ်၊ အိပ်ရာက နိုးလာရင် စိုးရိမ်ထိတ်လန့်ပြီး ချွေးတွေ တစ်ကိုယ်လုံး စိုရွှဲနေပြီးတော့ တကယ်ပဲ အပြင်မှာ ခံစားရသလို ထိတ်လန့်မောပန်းနေပုံရတယ်လို့ ပြောတယ်၊ အဲဒီအိပ်မက်က မကြာခဏမက်တယ်တဲ့ အရီရယ်၊ ဒီရုပ်ထုလေးကြောင့် ဟုတ်ဟန်မတူဘူး၊ စိန်ကျော် စိတ်ထင်လို့ နေမှာပါကွာ၊ သူတို့က ဒီရုပ်တုကြောင့်လို့ စိတ်စွဲနေတာ၊ ငါကတော့ အဲဒါတွေ အယုံအကြည်မရှိပါဘူးကွာ၊ ဒါကြောင့် ယူလာတာပေါ့"

"ဟင် - ဒါဆို အဲဒီရုပ်တုလေးကော ကျွန်မကို ပြပါဦး"

ဦးလှထွန်းသည် သူ၏ ခရီးဆောင်အိတ်ထဲမှာ ပါလာသော ရုပ်တုလေးအားထုတ်ပြီးသူ၏ ဇနီးအား ပြလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ရုပ်တုလေးက လှလိုက်တာနော်။ အသက်မှ မရှိတာ ရုပ်တုလေး
ပဲ"

"ငါ နားချင်ပြီ မရီရေ၊ ရုပ်တုလေးကို စတိုခန်းထဲ သွားထည့်ထားလိုက်
မယ်"

ဦးလှထွန်းလည်း ထိုသို့ပြောပြီး အနားယူရန် ထသွားလေသည်၊
ထိုရှေးဟောင်းရုပ်တုလေးက ဦးလှထွန်းအတွက် မဆန်းကြယ်လှပေ
သူ့ထံတွင် ထိုသို့ ထူးခြားလှသော ရုပ်တုလေးက အများအပြားပင် ဖြစ်လေ
သည်၊

မြမြစန်းသည် အသက် (၉) နှစ်သာ ရှိသေးရာ အဆော့မက် အစားမက်
သော အရွယ်ဖြစ်သည်၊ ကျောင်းပိတ်သည်နှင့် ထမင်းမေ့ ဟင်းမေ့ ဆော့
တတ်သည်၊ မိခင် ဒေါ်ရီရီက ထမင်းစားရန် လိုက်ခေါ်ရသည်အထိပင်၊
မြမြစန်းကလေးသည် ဦးလှထွန်းတို့ လင်မယား အသက်ကြီးမှ ရရှိသော
သမီးကလေး ဖြစ်သည်၊

တစ်နေ့တွင် (၁၂) နာရီထိုးနေပြီ ဖြစ်သော်လည်း မြမြစန်းက မနက်စာ
စားရန် အိမ်ပြန်မရောက်သေး၊ ဒေါ်ရီရီ စိတ်မရှည်တော့သဖြင့် လိုက်ရှာပြီး
ဆူပူဆုံးမသည်၊ မြမြစန်းလည်း အပေါ်ထပ်သို့တက်ပြီး စတိုခန်းရှေ့တွင် မိခင်
ဆူပူသောကြောင့် တစ်ယောက်တည်း ထိုင်ငိုနေမိလေသည်၊

မြမြစန်းတို့ အိမ်မှာ နှစ်ထပ်အိမ်ဖြစ်ပြီး အပေါ်ထပ်တွင် ဘုရားခန်း စတို
ခန်းနှင့် စာကြည့်ခန်းရှိသည်၊ ထိုစဉ် စတိုခန်းထဲမှ အသံတစ်သံ ထွက်လာ
လေသည်၊ အသံမှာ ကြည်လင်ပြတ်သားသော မိန်းကလေးတစ်ယောက်၏
အသံဖြစ်လာသည်၊ မြမြစန်းသည် ထိတ်လန့်သွားသည်၊

"သမီးလေး"



"ဟင် - မိန်းမတစ်ယောက်ရဲ့အသံပါလား၊ ထူးဆန်းလိုက်တာ စတိုခန်း
ထဲက လာတဲ့အသံပဲ၊ သွားကြည့်ဦးမှ"

မြမြစန်းလည်း ငိုနေရာမှ အသံရှင်ကို စိတ်ဝင်စား၍ အခန်းရှိရာသို့
ထသွားလေသည်၊ စတိုခန်းထဲသို့ ဝင်လိုက်သောအခါ အမျိုးသမီးတစ်ဦး
မတ်တတ်ရပ်နေသည်ကို ရုတ်တရက်တွေ့လိုက်ရ၍ အံ့ဩတကြီး ဖြစ်သွား
သည်၊ ဘယ်လိုရောက်နေတာပါလိမ့်၊ ထိုအမျိုးသမီး စတိုခန်းဘေးရှိပြတင်း
တံခါးပေါက်ကို မှီ၍ ခပ်နွဲ့နွဲ့ပြုံးကာ ရပ်နေခြင်းဖြစ်သည်၊ အသက်အရွယ်
အားဖြင့် (၂၅) နှစ်လောက်ရှိပြီး အသားအရေမှာ ဖြူဝင်းလှပသည်၊ ဆံပင်ကို
သေသပ်စွာ ထုံးဖွဲ့ထားလေသည်၊ နဖူးပြင်မှ ဆံစများကို နောက်ဘက်သို့
လှန်ပြီး အပြောင်သိမ်းထားပြီး နဖူးပြင်မှာ မဟာနဖူးဟုခေါ်သော နဖူးမျိုးပင်
ဖြစ်လေသည်၊ ဝတ်စားဆင်ယင်ပုံမှာ ရှေးဆန်းလှပေသည်၊

မြမြစန်းသည် အမျိုးသမီးငယ်အား ငေးမောကြည့်နေရာမှ မေးလိုက်လေ
သည်၊ ထိုအမျိုးသမီးကို ယခင်က တစ်ကြိမ်မျှ မမြင်ဘူးပေ၊

"အစ်မက ဘယ်သူလဲ ဒီမှာ ဘာလုပ်နေတာလဲ"

"သမီး"

မြမြစန်းသည် မျက်မှောင်တစ်ချက် ကျုံ့လိုက်သည်၊ စိတ်ထဲတွင် တွေး
နေမိသည်မှာ အစ်မအရွယ်ပဲ ရှိသေးတယ်၊ ဘာကြောင့် ငါ့ကို သမီးလို့ ခေါ်ရ
တာလဲ၊ တကယ်ဆို ညီမလေးလို့ ခေါ်ရမှာ၊ ကြာကြာတွေးချိန်မရ၊ ထိုအခါ
ထိုမိန်းကလေးက သူမ၏ ပါးစပ်ကို သူမ၏ လက်ညှိုးနှင့်ဖိလိုက်ပြီး တိုးတိုး
နေရန် အချက်ပြလိုက်လေသည်၊

"ရော့ - သမီးကို မုန့်ဖိုးပေးမလို့ ခေါ်လိုက်တာ၊ ရော့ - စားချင်တာစား"

ဟု ပြောပြီး ငွေအကြွေစေ့လေးတစ်စေ့ လှမ်းပေးလေသည်၊

ထိုခေတ်က (၁၀) ပြားစေ့၊ တစ်မတ်စေ့ပြားစေ့သာ အသုံးများလှသည်၊
တန်ဖိုးလည်း ရှိသည်၊ မုန့်ဟင်းခါးတစ်ပွဲကို (၁၀) ပြားသာပေးရသော အချိန်
ကာလဖြစ်လေသည်၊ တစ်မတ်ဆိုရင် လွန်စွာ တန်ဖိုးရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

မြမြစန်းသည် လက်ထဲတွင် ကိုင်ထားသော တစ်မတ်စေ့ကလေးကို အံ့သြနေပြီး ငေးကြည့်နေစဉ်မှာပင် ...

"ကဲ - ကဲ - သမီးအခန်းထဲမှာ အစ်မရှိတာ ဘယ်သူ့မှမပြောနဲ့၊ နောက်နေ့လည်း ပိုက်ဆံတစ်မတ်စေ့ စပေးမယ်၊ လာယူ - ဘယ်သူ့မှ လျှောက်မပြော ရဘူးနော် ကြားလား" မြမြစန်းလည်း ခေါင်းညိတ်၍ ကတိပေးပြီး စတိုခန်းထဲမှ ပြန်ထွက်လာလေသည်၊ ထိုအချိန်တွင် မိခင်၏ အသံထွက်ပေါ်လာသည်၊

"မြမြစန်းရေ - သမီး - မနက်စာ လာစားကွယ်၊ အပေါ်ထပ်မှာ ဘာလုပ်နေတာလဲ"

အမေ အော်ခေါ်နေသဖြင့် မြမြစန်း အောက်ထပ်သို့ ဆင်းလာခဲ့လေသည်၊ မြမြစန်းလည်း မနက်စာစားပြီး အမေ့ကိုပြောပြရန် စိတ်ကူးနေစဉ် စတိုခန်းထဲတွင် တွေ့ခဲ့ရသော အမျိုးသမီးသည် သူမအား မပြောရန် ဟန့်တားခဲ့လေသည်၊ ထို့ကြောင့် ဖွင့်မပြောဖြစ်တော့ပေ၊

တစ်နေ့တွင် မြမြစန်း ကျောင်းအပြန်လမ်းထိပ်ဆိုင်မှ ကြာဇံကြော်ဝယ်လာခဲ့ရာ မိခင်သည် မြမြစန်းအား မေးမြန်းလေတော့သည်၊

"သမီး - လာဦး၊ ဘယ်က ပိုက်ဆံရလို့ ကြာဇံကြော် ဝယ်လာတာလဲ၊ သမီး အခုတလော မုန့်တွေ အရမ်းဝယ်စားနေသလိုပဲ၊ အမေ့ကို မှန်မှန်ပြောစမ်း၊ ဘယ်က ပိုက်ဆံတွေရသလဲ"

မြမြစန်းလည်း ကြောက်ကြောက်နှင့် စတိုခန်းရှိရာ အပေါ်ထပ်သို့ လက်ညှိုးလှမ်းထိုးလိုက်ပြီး ...

"အပေါ်ထပ်က စတိုခန်းထဲက ရတာ မေမေ" ဟု ဖြေလိုက်လေသည်၊

မြမြစန်း၏ မိခင်သည် အထိတ်တလန့် ဖြစ်သွားပြီး ...

"ဘယ်လို - သမီး၊ စတိုခန်းထဲက မဟုတ်လား၊ အဲဒီစတိုခန်းထဲမှာ ဘာပိုက်ဆံမှ မထားဘူး၊ မှန်မှန်ပြော ဘယ်ကရလဲ၊ အခုပြော" ဟု ခပ်ငေါက်ငေါက်



မေးလိုက်လေရာ မြမြစန်းသည် ငိုပြီးလျှင် အကြောင်းစုံကို ဖွင့်ပြောလိုက်မိသည်၊

"ဟုတ်တယ် - မေမေ၊ အဲဒီအခန်းထဲမှာ မိန်းမတစ်ယောက်က ပေးတာ သူက ဘယ်သူ့မှ ပြန်မပြောနဲ့တဲ့၊ နောက်နေ့ ပိုက်ဆံသွားယူတော့ လူကိုတော့ မတွေ့တော့ဘူး၊ ပိုက်ဆံကတော့ ရှေးဟောင်းစုံလေးပေါ်မှာ အမြဲပဲတွေ့ရတယ်၊ ပြီးတော့ ညဘက်ရောက်လျှင် သမီးရဲ့ဘေးမှာ အမြဲလာအိပ်တယ်"

မြမြစန်း၏ မိခင်မှာ စိုးရိမ်ထိတ်လန့်သွားပြီးလျှင် ...

"ဘယ်လို - အမျိုးသမီးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ် - အမေ"

မြမြစန်း၏ မိခင်သည် ထိုအဖြစ်အပျက်အား ဦးလှထွန်းအား ပြောပြလေရာ ဦးလှထွန်းသည် လေးတွဲ့သော အသံဖြင့် ...

"အင်း - မိန်းမရေ ငါယူလာတဲ့ ရုပ်ထုလေးက အစွမ်းပြတာ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခါတိုင်း ဒီလိုမဖြစ်ဘူးလေ၊ ရုပ်ထုလေးက သံသယဝင်စရာရှိတယ်၊ ပြီးတော့ - သမီးအန္တရာယ်ရှိတယ် မရီရေ၊ ငါတို့ တစ်ခုခုလုပ်မှ"

မြမြစန်း၏ မိခင်သည် အထိတ်တလန့် ဖြစ်သွားကာ ...

"အဲဒါဆိုလည်း အစ်ကိုရယ်၊ အဲဒီရုပ်ထုကို သွားစွန့်ပစ်လိုက်ပေါ့"

"မင်းရဲ့သမီးပြောတာ ဟုတ် မဟုတ် စောင့်ကြည့်ပါဦး မရီရယ်"

"အရုပ်ကို စွန့်ပစ်လိုက်တော့ အစ်ကို၊ သမီးလေးအတွက် ကျွန်မ စိုးရိမ်တယ်၊ သမီးလေးကို သတိထားကြည့်၊ နှုတ်ခမ်းတွေ ဖြူရော်နေတယ်၊ ပြီး - ခဏခဏ ဖျားတယ်၊ ရှင့်သူငယ်ချင်း ကိုစိန်ကျော်ကိုလည်း အကြောင်းကြားလိုက်ပေါ့၊ ရုပ်ထုကို မြန်မြန်ဖျက်ဆီးမှ ဖြစ်တော့မယ်၊ ပြီးတော့ - ညဘက်တွေမှာ အစ်ကို သတိထားမိရဲ့လား၊ လူလိုလို အရိပ်တစ်ခုက စတိုခန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်မှာ ရိပ်ခနဲ ရိပ်ခနဲ တွေ့ရတယ်၊ အပေါ်ထပ်ကိုတက်ရင် အခါတိုင်းလို စိတ်မသန့်ဘူး အစ်ကိုရယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟုတ်တယ် - မရီ၊ ငါတို့ ဒီတစ်ရက်နှစ်ရက် သတိထားကြည့်၊ သမီးကို စောင့်ကြည့်ကွာ၊ အရုပ်က ဖျက်ဆီးတာ လွယ်တာပဲ၊ ပိုင်ရှင်ကိုတော့ အသိပေးရမှာပေ့ါ"

"ဟုတ်ကဲ့ - ကိုလှထွန်း"



ကျွန်မ ရုက်တာရက်ဆိုတော့ ကြောင်ဝေသွားမိတယ်၊
ကျွန်မ ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်သွားပါတယ်၊
ဟုတ်တယ်လေ၊ ကျွန်မတို့နှစ်ယောက် ရဲ့ အမူအရာဟာ
မသိတဲ့လူဆိုရင် လှပတဲ့ ပန်းတောထဲမှာ ချစ်သူနှစ်ဦး
ကြည်နူးနေတဲ့ ပုံစံမျိုးဖြစ်မနေပေဘူးလား။



သို့ဖြင့် လင်မယားနှစ်ယောက် နေ့ညမပြတ် စောင့်ကြည့်အကဲခတ်နေစဉ်မှာ နောက်နေ့ နေ့လယ် (၁)နာရီကျော်ကျော်လောက်တွင် မြမြစန်း စတိုခန်းသို့ တက်သွား၍ ဒေါ်ရီရီသည် သမီးနောက်မှ တိတ်တဆိတ် မယောင်မလည် လိုက်သွားလေသည်၊ မြမြစန်း စတိုခန်းထဲမှ ပြန်ထွက်လာသော အခါ ပိုက်ဆံတစ်မတ်စေ့လေးတစ်စေ့ ကိုင်လာသည်ကို တွေ့ရရာ ...

"ဟဲ့ - သမီးပေးစမ်း၊ ဒီပိုက်ဆံ တစ်မတ်" ဟု ပြောပြီး လက်ထဲ ကိုင်ထားသော ပိုက်ဆံတစ်မတ်စေ့လေးအား ဖျတ်ခနဲယူလိုက်လေရာတွင် စတိုခန်းထဲမှ "ဒုန်း" ဆိုသော အသံကို ကြားလိုက်ရလေသည်၊ ဒေါ်ရီလည်း စတိုခန်းထဲဝင်၍ ပြေးကြည့်လိုက်လေရာ ရုပ်တုလေးသည် တင်ထားသော ခုံပေါ်မှ တစ်ဆင့်အောက်သို့ ပြုတ်ကျနေသည်ကို တွေ့ရလေသည်၊

"ဟင် - ရုပ်တုလေးပြုတ်ကျနေပါလား၊ လက်တစ်ဖက်လည်း ကျိုးသွားပြီ"

ဒေါ်ရီရီလည်း ရုပ်တုလေးနှင့်တကွ ကျိုးနေသော လက်တစ်ဖက်ကိုပါ အပြင်သို့ ထုတ်ယူလာခဲ့လေသည်၊ ကိုလှထွန်းနှင့် ဒေါ်ရီရီတို့ လင်မယား နှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြရလေသည်၊ ထိုမိန်းမရုပ်တုလေးအား ပေ့ါပေ့ါဆဆ မှတ်ယူ၍မရတော့၊ သမီးအတွက် စိုးရိမ်ရပြီမို့ နောက်ဆုံး ထိုရုပ်ထုလေးအား စွန့်ပစ်ရန် ဆုံးဖြတ်လိုက်ကြသည်၊

မြမြစန်းကိုလည်း ပရိတ်၊ ပဌာန်းများဖြင့် အတားအဆီးများပြုလုပ်ထားလိုက်ပြီး ရုပ်တုလေးအား မီးရှို့ဖျက်ဆီးပစ်လိုက်လေသည်၊

ဦးလှထွန်း အိပ်ပျော်နေစဉ် ထူးခြားဆန်းကြယ်သော အိပ်မက် မြင်မက်လေတော့သည်၊ ထိုအိပ်မက်မှာ ရုပ်တုလေးထဲ ဝင်ရောက်ပူးဝင်နေသော ဝိညာဉ်မိန်းကလေးက အိပ်မက်ပေးခြင်း ဖြစ်လေသည်၊

ထိုမိန်းကလေးသည် ရှေးဆန်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ပါးပြင်နှစ်ဖက်၌လည်း မျက်ရည်များ စီးကျနေသည်၊ ဦးလှထွန်းက အံ့သြပြီး ငေးကြည့်နေစဉ် ထိုမိန်းကလေးက ...



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး - ကျွန်မက နတ်မိမယ်ရုပ်တုလေးထဲက ဝိညာဉ်ရှင်မိန်းကလေး ပါ။ ဦးလေးကို ကျွန်မ အကူအညီလေး တစ်ခုလောက်တော့ တောင်းပါရစေ ရှင်"

"မင်းကို ဦးလေး မသိရပါလား။ ဦးလေးက မင်းကို ဘယ်လိုကူညီပေးရ မလဲ။ မင်းက ဘယ်သူဆိုတာရယ် ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ဦးလေးကို ရှင်းပြပေးဦးမှပေါ့"

"ကျွန်မက ဟိုးယခင်တုန်းက ရှမ်းစော်ဘွားတစ်ဦးရဲ့ တတိယမြောက် ဇနီးပါ (စဝ်ပန်းလှ)လို့ ခေါ်ပါတယ်။ ကျွန်မရဲ့ လှပကျော့ရှင်းပြီး ကျက်သရေ ရှိတဲ့ အလှအပဟာ ကျွန်မကို တစ်ချိန်ချိန်မှာ ဒုက္ခပေးလိမ့်မယ်လို့ မတွေးမိ ပါဘူးရှင်၊ ကျွန်မဟာ ကျွန်မရဲ့ လှပမှုအပေါ်မှာ အင်မတန် ယစ်မူးတွယ်တာ နေတဲ့ စော်ဘွားကြီး (စဝ်ခွန်ဖ) ကို သိပ်ယုံကြည်အားကိုးမိပါတယ်၊ စော် ဘွားကြီးက ကျွန်မကို သိပ်ပြီး ချစ်မြတ်နိုးလွန်းတာနဲ့ သူတို့ ဘိုးစဉ်ဘောင် ဆက် သိမ်းထားတဲ့ လည်ဆွဲရတနာကို ကျွန်မကို ပေးပြီး ဝတ်ဆင်စေတဲ့အထိ မြတ်နိုးလှပါတယ်၊ ဒါကို မနာလိုမရှုဆိတ်ဖြစ်ပြီး အမြဲတမ်း ဒုက္ခပေးဖို့ကြံစည် နေတဲ့ မဟာဒေဝီကြီးဖြစ်တဲ့ (စဝ်သူဇာ)က ကျွန်မကို အကွက်ချပြီး ဒုက္ခ လှလှကြီး ပေးတော့တာပဲရှင်၊

စဝ်သူဇာက တစ်နေ့တော့ ကျွန်မကို သူ့ရဲ့တူတော် "စဝ်သီဟာနဲ့ မိတ် ဆက် ပေးပါတယ်၊ ကျွန်မကလည်း ရိုးသားစွာနဲ့ လက်ခံခဲ့တယ်၊ အဲဒီ (စဝ်သီဟ)ဆိုသူဟာ ကျွန်မ ဘယ်သွားသွား အရိပ်လို မသိမသာလိုက်နေ တတ်ပါတယ်ရှင်၊ တစ်နေ့မှာ စော်ဘွားကြီး ခရီးထွက်နေတုန်း စဝ်သီဟာက ကျွန်မရဲ့မနီးမဝေးမှာ ကျွန်မရဲ့အရိပ်အခြေကို အကဲခတ်ကြည့်ရှုနေပါတယ်၊ ကျွန်မ ခဏအပန်းဖြေတော့ ကျွန်မရဲ့အနားရောက်လာပြီး ကျွန်မကို ကြည်နူး စရာစကားလုံးအလှအပတွေနဲ့ စည်းရုံးဖြားယောင်း သိမ်းသွင်းပါတော့တယ်၊ စဝ်သီဟာက အပြောလည်းကောင်း၊ ရုပ်ကလည်း ချောပါတယ်၊ ကျွန်မဟာ ဟာသဉာဏ်ရှိတဲ့ စဝ်သီဟာကို ယုံကြည်ပြီး မကြာခဏ ဆုံတွေ့အောင် ဖန်တီး



နေထတ်တဲ့ သူတို့အကြံကို မသိဘဲ စဝ်သီဟာကို ခင်မင်သွားမိပါတယ်။ ဒါဟာ အညီး ရိုးရိုးသားသား မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ ခင်မင်သွားတာပါ။

တစ်ခါတလေ စော်ဘွားကြီးက ကျွန်မတို့နှစ်ယောက်ရဲ့ခင်မင်မှုကို မသိ သော မေးမြန်းပါတယ်၊ ကျွန်မကလည်း စိတ်သန့်သန့်နဲ့ ပြန်ဖြေပါတယ်၊ ကျွန်မရဲ့ယောကျ်ားစော်ဘွားကြီးကလည်း ကျွန်မကိုမြတ်နိုးလွန်းတာကြောင့် စိတ်ထဲ မသင်္ကာဖြစ်ပုံ မပေါ်ပါဘူး၊ ဒါပေမဲ့ - ကာလကြာရှည်လာတဲ့အခါ ကျွန်မကို စော်ဘွားကြီးက မသင်္ကာတဲ့ မကြာခဏ ကြည့်တတ်ပါတယ်၊

တစ်နေ့ ကျွန်မ အိပ်ခန်းရဲ့ လေသာပြတင်းတံခါးပေါက်မှ လှမ်းကြည့် နေ့င်း မြံထဲမှာ ဝါဝွမ်းဖြူဖြူ ပုံခင်းထားသလို ဖြူဖွေးလှပတဲ့ စံပယ်ရုံကို ကြည့် ပြီး စိတ်မထိန်းနိုင်တာနဲ့ အိမ်ပေါ်မှ ဆင်းလာပြီး ဖြူဖွေးပြီး ရနံ့လေးတွေ သင်းပျံ့မွှေးကြိုင်လွန်းလှတဲ့ စံပယ်ပန်းလေးတွေကို လက်ခုပ်ထဲထည့်ပြီး မွှေးကြူနေတုန်း စဝ်သီဟာက ကျွန်မနားကို ရုတ်တရက်ရောက်လာပြီး ကျွန်မ လက်ထဲက စံပယ်ပန်းလေးတွေ ကိုင်ထားတဲ့လက်ကို အမှတ်တမဲ့ ငုံ့နမ်း ရှိုက်လိုက်ပါတော့တာရှင်၊

ကျွန်မ ရုတ်တရက်ဆိုတော့ ကြောင်ငေးသွားမိတယ်၊ ကျွန်မ ရှက်လည်း ရှက်၊ ဒေါသလည်းထွက်သွားပါတယ်။ ဟုတ်တယ်လေ၊ ကျွန်မတို့နှစ်ယောက် ရဲ့အမူအရာဟာ မသိတဲ့လူဆိုရင် လှပတဲ့ ပန်းတောထဲမှာ ချစ်သူနှစ်ဦး ကြည် နူးနေတဲ့ ပုံစံမျိုးဖြစ်မနေပေဘူးလား၊ ကျွန်မလည်း စဝ်သီဟာကို အတင့်ရဲ လိုက်တဲ့ လူဆိုပြီး အကြည့်စိမ်းစိမ်းနဲ့ တစ်ချက်ကြည့်ပြီး ဟော်နန်းထဲပြန်ဝင် ခင်ပြေးလာခဲ့မိပါတယ်၊ ဒါကို အစအဆုံးကြည့်နေကြတဲ့သူနှစ်ဦးကတော့ ကျွန်မရဲ့ခင်ပွန်း စော်ဘွားကြီးနဲ့ မဟာဒေဝီ စဝ်သူဇာတို့နှစ်ယောက် ဖြစ်နေ ခဲ့တော့တယ်ရှင်၊

တကယ်တမ်းတော့ သူ့ရဲ့တူတော် စဝ်သီဟာက မဟာဒေဝီနဲ့ ဘယ်လိုမှ အမျိုးမတော်စပ်ပါဘူး၊ မဟာဒေဝီစဝ်သူဇာကို ငယ်စဉ် ကလေးဘဝထဲက နေပြီး စော်ဘွားကြီး စဝ်ခွန်ဖနဲ့ အကြောင်းပါတဲ့အထိ အပါးတော် အမြဲထား



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ နောက်တော်ပါး နို့ထိန်းတစ်ယောက်ရဲ့ မွေးစားသားပါ။ သူဟာ ဂမ္ဘီရ အတတ်ပညာတွေလည်း လေ့လာဆည်းပူးပြီး ဆရာတစ်ဆူ ဖြစ်လောက် နေပြီလို့ သတင်းထွက်နေသူ တစ်ယောက်ပါရှင်။

ဒီအဖြစ်အပျက်ကို မြင်ပြီးတဲ့နောက်ပိုင်းမှာ စော်ဘွားကြီးဟာ ကျွန်မ အနားကို ရှောင်ဖယ်ရှောင်ဖယ်ဖြစ်သွားပြီး ကျွန်မဆီကို မလာတော့ပါဘူး။ အမြဲပဲ မဟာဒေဝီနဲ့ အနေများပါတယ်။ ကျွန်မဟာ ရုပ်ဆင်းသဏ္ဌာန်ကြောင့် သာ စော်ဘွားကြီးရဲ့ ဇနီးသည်တစ်ယောက်အပါအဝင် ဖြစ်နေပေမယ့် စဝ်သူဇာလို နောက်ခံအင်အားမရှိပါဘူးရှင်။ သူတို့တွေရဲ့သွေးထိုးဖြားယောင်း တဲ့ စကားတွေကို နားယောင်နေတဲ့ စော်ဘွားကြီးရဲ့မျက်နှာထားတင်းတင်း ကြောင့် ကျွန်မလည်း သူ့အနား မကပ်ရဲဘဲ စိတ်ထိခိုက်ပြီး တစ်နေကုန် မြင်း လျှောက်စီးရင်း အချိန်တွေ ဖြုန်းတီးနေမိပါတော့တယ်။

တစ်နေ့ ကျွန်မဟာ မြင်းစီးနေရင်းအချိန်လင့်မှ ဟော်နန်းကိုပြန်ရောက် လာပြီး မြင်းပေါ်မှ ဆင်းလိုက်သည်နှင့် စဝ်သူဇာရဲ့လူယုံနှစ်ယောက်က ကျွန်မ ကို ချုပ်နှောင်ပြီး ဆွဲခေါ်ကြပါတယ်။ ဟော်နန်းရဲ့ ဧည့်ခန်းမှာ ကျွန်မကို ချစ် မြတ်နိုးလှပါတယ်ဆိုတဲ့ စော်ဘွားကြီးက ခုံမှာ မိန့်မိန့်ကြီးထိုင်ပြီး ကျွန်မကို နာကြည်းမုန်းတီးစက်ဆုပ်လှတဲ့ မျက်ဝန်းအစုံနဲ့ စူးစူးရဲရဲကြီး စိုက်ကြည့်နေ ပါတယ်။ ကျွန်မကို အပြစ်ပေးတော့မယ်ဆိုတာ သိလိုက်သော်လည်း ကျွန်မ ဟာ ငိုယိုပြီး ...

"စော်ဘွားကြီးရယ် - ကယ်ပါဦး။ ကျွန်မမှာ ဘာအပြစ်တွေရှိလို့လဲ" ဟု ချုပ်နှောင်ထားသည့်ကြားမှ ငိုယိုပြီး အားကိုးတကြီးနဲ့ တိုင်တန်းမိသော်လည်း ကျွန်မရဲ့ သခင်ဟာ ကျွန်မကို ရွံ့ရှာစက်ဆုပ်တဲ့ အကြည့်နဲ့ တစ်ချက်ကြည့် ပြီး ကျောခိုင်းထွက်ခွာသွားပါတော့တယ်။ အဲဒီအချိန်ကစပြီး ကျွန်မဟာ မြေ အောက်ခန်းမှာ ပိတ်လှောင်ခြင်းခံရပြီး အစာရေစာပါ ဖြတ်တောက်ခြင်းခံရ ပါတယ်။



ကျွန်မဟာ ဝေဒနာတွေကို ကြိတ်မှိတ်ခံစားရင်း သေအံ့မူးမူးမှာ မဟာ ဒေဝီနဲ့ စဝ်သီဟ အနားရောက်လာတော့ အားအင်ချိနဲ့နေတဲ့ ကျွန်မဟာ မှိုသမျှ ခွန်အားလေးကို ဖျစ်ညှစ်ပြီး မေးမိလိုက်ပါတယ်။

"ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ" ဟု မေးရာ စဝ်သူဇာက ရယ်မောပြီး ပြောတယ်။

"ငါ ဘာကြောင့် အခုလို ကြံစည်တယ်ဆိုတာကို မင်းမသေခင် နား ထောင်သွား။ စော်ဘွားကြီးတို့ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာတဲ့ လည် ဆွဲရတနာကို ငါ့ကိုမပေးဘဲ နင့်ကို ပေးထားတာ ငါသဘောမတူဘူး။ စော်ဘွားကြီးဟာ ငါ့ထက် မင်းကို မေတ္တာပိုတာလည်း ငါ မကြည့်လိုဘူး။ မကျေနပ်ဘူးပေါ့။ ဒါကြောင့် မင်းကို အခုလို ကြံစည်လိုက်တာ"

ဒီတန်ဖိုးမဖြတ်နိုင်တဲ့ လည်ဆွဲကြီးကိုလည်း စပ်သူဇာက စော်ဘွားကြီး ကျွန်မကို ပေးထားတာ မကျေနပ်ဘူး။ ဒါကြောင့် ပုံတူလုပ်ချင်တယ်ဆိုပြီး ကျွန်မဆီက လှည့်ထုတ်သွားတာပါ။ ကျွန်မဆီက လိမ်လည်ယူပြီး ကျွန်မက တစ်ပါးသော ယောကျ်ားကို လက်ဆောင်ပေးသလို ဖန်တီးကြတာပါ။ ပြီးတော့ စော်ဘွားကြီးကို စဝ်သူဇာနဲ့ စဝ်သီဟက သွားပြကြတယ်လေ။ အထင်လွဲနေတဲ့ စော်ဘွားကြီးဟာ အချစ်ကြီး၍အမျက်ကြီးဆိုသလို ကျွန်မရဲ့ မျက်နှာကို မကြည့်ချင်တော့လောက်အောင် မုန်းတီးသွားပါတော့တယ် ရှင်။

ကျွန်မကို အချစ်ကြီးလွန်းလှ၍ သဝန်တိုပြီး ရက်စက်တဲ့ ကျွန်မရဲ့ခင်ပွန်း စော်ဘွားကြီးကို ကျွန်မဟာ မမုန်းရက်ပါဘူးရှင်။ ကျွန်မရဲ့ကံကြမ္မာကိုပဲ ကျွန်မ အပြစ်ပုံချရတော့မှာပေါ့ဦးရယ်။ ဒီအဖြစ်အပျက်တွေကို ကျွန်မဘဝရဲ့ နောက်ဆုံးအချိန်မှာ အားလုံးကို သိလိုက်ရပြီး လောကကြီးဟာ ကျွန်မနဲ့ လုံးဝ အဆက်ပြတ်ဝေးကွာ သွားပါတော့တယ်ရှင်။

ဂမ္ဘီရပညာရပ်တွေကို တတ်ကျွမ်းနားလည်တဲ့ စဝ်သီဟဟာ လင်းရာ မြောက်လှတဲ့ ပန်းပုဆရာဆီမှာ လုပတဲ့ ရုပ်ထုလေးထုပြီး ကျွန်မရဲ့ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com

ကို ပူးကပ်ထည့်သွင်းလိုက်တယ်။ ကျွန်မ ရုပ်ထုထဲက အပြီးတိုင် ရုန်းထွက်ချင်ပါတယ်၊ ဒါပေမဲ့ - မရဘူး။ ရုပ်ထုလေးရဲ့ လက်နှစ်ဖက်မှာ ရေးထားတဲ့ အင်းကွက်တွေရဲ့အစွမ်းကို ကျွန်မ မခုခံနိုင်ဘူး။ အင်းကွက်က အင်မတန် အစွမ်းရှိတယ်၊ ကျွန်မကို အစွမ်းသိဒ္ဓိရှိတဲ့ နတ်မိမယ်လေးကို ဖန်ဆင်းသတ်မှတ်ပြီး ပေါ်နန်းရဲ့စည့်ခန်းတစ်နေရာမှာ ထားတယ်။ တကယ်တော့ ကျွန်မရဲ့ဝိညာဉ်ဟာ လူ့ဘဝထဲမှာ လွတ်လပ်နေရင် စဝ်သူဇာတို့ လူစုရဲ့မတရားမှုကို ဖော်ထုတ်မှာ စိုးတဲ့အတွက် အခုလို ချုပ်နှောင်ထားတာလို့ ကျွန်မ ထင်မိပါတယ်၊ ကျွန်မရဲ့ဝိညာဉ်က အချုပ်နှောင်ခံရတာပါ။

အခုလို ဦးလေးက ကျွန်မရဲ့ဝိညာဉ်ကို ပိတ်လှောင်ခံထားရတဲ့ ရုပ်ထုကို မီးရှို့ဖျက်ဆီးပစ်လိုက်တဲ့အတွက် ကျွန်မရဲ့ဝိညာဉ်လည်း လှောင်ချိုင့်စံဘဝထဲက လွတ်မြောက်သွားပါပြီ၊ ဒါပေမဲ့ - ကျွန်မ အကူအညီတစ်ခု တောင်းပါရစေ၊ ကျွန်မအတွက် ရည်စူးပြီး အလှူအတန်းတစ်ခု လုပ်ပေးပါလို့ တောင်းဆိုပါရစေရှင်၊ ကျွန်မ ကျေးဇူးဆပ်ခဲ့မှာပါ" လို့ ကြေကွဲဝမ်းနည်းစွာ ရှင်းပြပါတော့တယ်၊

မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိဟု ဆိုသည့်အတိုင်း (စဝ်ပန်းလှ) မတရားခံရသည်ကို သေဆုံးပြီး (၅) ရက်အကြာမှ စော်ဘွားကြီးအကြောင်းစုံ သိရလေသည်၊ စော်ဘွားကြီးသည် လေသာပြတင်းပေါက်မှ အဝေးသို့ အဓိပ္ပာယ်မဲ့စွာ ငေးမောကြည့်နေမိလေသည်၊ ရင်ခွင်တစ်ခုလုံး ဆွဲထုတ်ပစ်လိုက်သလို ခံစားနေရပြီး တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသည်၊ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်၊ ပူလောင်လွန်းလှတဲ့ အချစ်စိတ်နှင့် မုန်းတီးစိတ်တို့ ဒွန်တွဲနေသည်၊

"စဝ်ပန်းလှ သိပ်ရက်စက်တဲ့ မိန်းမ - ငါ့ရဲ့အချစ်တွေကို အလေးမထား တန်ဖိုးမထားတဲ့ မိန်းမ၊ ဟင်း - ဒီလောက်တော့ သူလည်း ပြန်ပေးဆပ်ရမယ်လေ"



ဟု ဆိုနင့်ကြေကွဲနေသည့်အသံက စော်ဘွားကြီး၏ နှုတ်ဖျားမှ ထွက်မလာနိုင်တော့၊ လည်ချောင်းဝမှာတင် ရပ်တန့်သွားလေသည်၊

ထိုစဉ် လှေကားမှ တက်လာသည့် ခြေသံကြောင့် အတွေးစတို့ ရပ်သွားလေသည်၊ စော်ဘွားကြီး၏ လူယုံကြီးက ...

"သခင်ကြီး - ဒီမှာ လူတစ်ယောက် စာလာပေးသွားတယ်"

"ပြော်"

စော်ဘွားကြီးသည် ပေးလာသော စာကို ဖောက်လိုက်ရာ "ဟင်" ဟု အံ့သြစွာ ရေရွတ်ရင်း မျက်ခုံးနှစ်ဖက်ကို တွန့်၍ မျက်မှောင်ကျုံ့လိုက်ပြီး လျှင် ...

## သခင်သိပါစေ

"ချစ်ထုံးဖွဲ့သီ ချစ်သူ သခင်စကား ...

နားဝမှာ ပျားရည်အလား၊ ချစ်မိုးဖွေရွာ အနမ်းများ၊ တလှိုင်လှိုင်နဲ့၊ သခင်ရဲ့နူးညံ့တဲ့ အပြုံး၊ နွေးထွေးတဲ့ အကြည့်တွေ၊ ယုယပျူငှာတဲ့ ရင်ခွင်မှာ မေးစက်နားစို ပျော်မွေ့ရင်း၊ အတုနှိုင်းမရှိ ကျေနပ်လှတဲ့ ငါ့ဘဝ မုန်တိုင်းတစ်ခု ထင်တိုင်းပြုရန်၊ ငါ့ရဲ့ဘဝထဲ မွှေနှောက်တော့၊ သခင်ရဲ့အမုန်းကျိန်စာကြောင့်၊ ငါ့ရဲ့ နှလုံးသားပြတ်ကြွေပြုန်း၍၊ သွေးမျက်ရည်မြေခ၊ နေဝင်ချိန်စောခဲ့ရ၊ တောင်းဆုခြွေခဲ့မယ့် ချစ်သူသခင် ကြားပါစေသား"

ဘဝဆက်တိုင်း အသက်တမျှ ချစ်ရတဲ့သခင်နဲ့ မခွဲမခွာ ကိန်းရှိ ကိန်းရာလို ချစ်ရည်တူပြီး ဘဝဆုံးတိုင်ပေါင်းဖက်ရပါစေသားဟု နှုတ်ဖျားသစွာ စကားတစ်ခွန်းကို ချစ်သခင်သိအောင် ဤပေလွှာ၌ မှတ်တမ်းတင်ရင်း နှုတ်ဆက်စကား ဆိုလိုက်ပါတယ်၊ သခင်ရက်စက်သော်လည်း ဘယ်တော့မှ မမုန်းသံသရာ ဆုံးကမ္ဘာတိုင် ချစ်နေမယ်လို့ တောင်းဆုခြွေရင်း ...

(စဝ်ပန်းလှ)



www.burmeseclassic.com

www.burmeseclassic.com

စဝ်ပန်းလှရေးထားသော ကဗျာစာသားလေးတွေကို (စဝ်ခွန်ဖ) ဖတ်အပြီးတွင် ပါးပြင်နှစ်ဖက်မှ မျက်ရည်များ စီးကျလာပြီးလျှင် ...

"မှားပြီ ပန်းလေးရယ်၊ ငါ့ကို ခွင့်လွှတ်ပါ၊ မဟုတ်ဘူး၊ ဘယ်တော့မှ ခွင့်မလွှတ်နဲ့၊ ဘယ်တော့များမှ ခွင့်မလွှတ်လိုက်ပါနဲ့ကွယ်" ဟု ဆိုပြီး ရင်ကွဲမတတ် ခံစားရလေသည်။

သူမ၏ အဖြစ်အပျက်လေးတွေကိုလည်း ကြေကွဲစွာ ရင်ဖွင့်တင်ပြတတ်လေသည်။ တစ်နေ့ အခုလို အဖြစ်ဆိုးမျိုးနှင့် ကြုံလာခဲ့လျှင် သူမ အလွန်မြတ်နိုးတွယ်တာရပြီး ဘယ်တော့မှ သစ္စာပျက်ပြယ်ခြင်းမရှိခဲ့ရသည့် သူမ၏ ခင်ပွန်းစော်ဘွားကြီးထံသို့ ဤစာရွန်လေးကို မဖြစ်ဖြစ်အောင် ပေးပေးပါရန် ပေါ်နန်းနှင့် မနီးမဝေး ပန်းအလှ စိုက်ပျိုးသော အဘိုးအိုလင်မယားကို မှာကြားထားခဲ့ခြင်း ဖြစ်သည်။ ကြေကွဲဝမ်းနည်းစွာ ငိုရှိုက်ရင်း မှာကြားခဲ့လေသည်။

ထိုအကြောင်းစုံကို သိရသော စော်ဘွားကြီးသည် တုန်ခိုက်ကာ ကြေကွဲဝမ်းနည်းပြီး မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင်နှင့် စိတ်ထိခိုက်ပြီး လပိုင်းအတွင်းမှာပင် သူ၏ ချစ်လှစွာသော ဇနီးစဝ်ပန်းလှရှိရာ သေမင်းနိုင်ငံသို့ လိုက်သွားလေတော့သည်။

ဦးလှထွန်းအိပ်မက်မှ လန့်နိုးလာသောအခါတွင် အင်မတန်မှ နူးညံ့သိမ်မွေ့၍ ချိုသာသော စကားသံဝဲဝဲလေးနှင့် ချောမောလှပပြီး ကျက်သရေရှိလှသည့် မိန်းမချောလေးဖြစ်သူ ရှမ်းစော်ဘွား၏ ဇနီးငယ်လေး စဝ်ပန်းလှဆိုသူ ကြေကွဲဝမ်းနည်းနေသည့် မျက်နှာလေးကို မြင်ယောင်ရင်း မိုးစင်စင်လင်းခဲ့လေသည်။

နောက်အားလပ်ရက်တစ်ရက်တွင် စဝ်ပန်းလှအတွက် ရည်စူးပြီး သံဃာတော်များ ပင့်ဖိတ်၍ အလှူအတန်းတစ်ခု ပြုလုပ်ပေးပြီး အမျှပေးဝေလိုက်မိလေသည်။

ညရောက်သောအခါ ဦးလှထွန်းနှင့် ဒေါ်ရီရီတို့ လင်မယားနှစ်ယောက်လုံး အိပ်မက်မြင်မက်လေသည်။ ထိုအိပ်မက်ထဲတွင် ရှပ်ထုရှင်မိန်းမပျို၏ မျက်နှာမှာ ကြည်လင်ဝင်းပပြုံးရွှင်နေပြီး လက်ပြနှုတ်ဆက်၍ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။ မပျောက်ကွယ်ခင် သူမ၏ လက်ထဲမှ အရာတစ်ခုကို စတိုခန်းထဲသို့ ပစ်ချကြဲဖြန့်သည်။

ထိုအိပ်မက်ကို မက်ပြီးပြီးချင်း နေ့စဉ်ထူးဆန်းဖြစ်ရပ်ဆန်းကြယ် တစ်ခုကို တွေ့ကြုံရလေသည်။ ထိုအခြင်းအရာကား စတိုခန်းထဲမှ နေ၍ မတ်စေ့ကလေးတစ်စေ့ နေ့စဉ် ထွက်ကျလာသော အံ့ဩဖွယ်ရာ ဖြစ်ရပ်ပေတည်း။

"ထူးဆန်းလိုက်တာ အစ်ကို"

"အေးပေါ့ - တို့ကလည်း သူ့ကို ကောင်းရာမွန်ရာရောက်အောင် သူ့ဝိညာဉ်ကို လွတ်လပ်အောင် ဖြေလွှတ်ပေးလိုက်တာကိုး။ သူက ကျေးဇူးပြန်ပြုတာပေါ့"

ထိုသို့ ဝိညာဉ်ရှင်မလေးကို သတိရလွမ်းဆွတ်စွာ ပြောဆိုနေဆဲမှာပင် အရာဝတ္ထုကလေးတစ်ခု ပြုတ်ကျလာပါသည်။

"ဒေါက် - ဒေါက် - ဒေါက်"

"ဟင်"

"ဟာ"

လင်မယားနှစ်ယောက်လုံး ရှေ့တွင် ပြုတ်ကျလာသော အရာလေးကို ငြိုင်တူကြည့်လိုက်သောအခါတွင် တစ်မတ်စေ့လေးပင် ဖြစ်နေလေသည်တကား။

>>>> အောင်ဇာပေါက်ခေ

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း (၃၅) နှစ်ကျော်ခန့်တုန်းက ရှိခဲ့ထားသည့် အကြောင်းအရာ ဖြစ်သည်။ ဇာတ်ကြောင်းပြောပြသူ တပ်မတော်သားမှာလည်း ရပ်းတိုက်တွေ့ ထူးဆန်းစွာ ကြုံခဲ့ရသော ဇာတ်လမ်းဖြစ်၍ မိမိမှာ တစ်နေ့တွင် ရေးဖြစ်လိမ့်မည်ဟု ဆုံးဖြတ်ထားခဲ့၏။ အကြောင်းအရာမှာ ထူးဆန်းပြီး ရပ်းတိုက် ကြုံခဲ့ရခြင်း တုတ်၊ တေတ် အထပ်ထပ်အခါ၏ မေးမြန်းပြီးသော်မှ ကျွန်တော်မှာ မေ့နိုင်လွန်း၍ နှစ်ပေါင်းများစွာရေးဖို့ လက်တွန့်နေမိခဲ့သည်။



# သွေးစုပ်ဖုတ်ကောင်

ညိုကျော်



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရဇာတ်လမ်းများစွာကို စွဲစွဲမြဲမြဲ ဖတ်သောအခါတွင် မဖြစ်နိုင်ဟု ထ ရသော ဇာတ်လမ်းများကို ဖတ်မိသည်နှင့် ၎င်းကိုယ်တိုင် ထိတ်လန့်တုန်လှု ဖွယ် ကြုံခဲ့ရသည့် ယခုဇာတ်လမ်းမှာလည်း တစ်ကယ်ဖြစ်သွားခဲ့ပြီမို့ ဖွ နှစ်ပြီး ဤဇာတ်လမ်းကို ရေးဖြစ်မိပါသည်။

ဇာတ်လမ်းဆင်ပြီး ချဲ့ထွင်ရေးမိပါက အဖြစ်မှန်နှင့် ကင်းကွာသွားမည် ကိုစိုးရိမ်မိခြင်း၊ "တစ်ကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်ဇာတ်လမ်းထ ဆန်းကြယ်၏" ဆိုသော စကားအတိုင်း "စကားပြော" အား တန်ဆာဆင်ခြ မှလွဲ၍ ၎င်း၏ ပြောပြချက်အတိုင်း (ဇာတ်လမ်းကို မချဲ့ထွင်ပဲ) အရှိကို အ အတိုင်း ရေးသားပေးပို့ပါ၏။ ကျွန်တော့်မှာ "တစ်ကယ် မကြုံဘူး၊ မမြင်ဘူး မယုံနိုင်" ၎င်းအား အကြိမ်ကြိမ် ဖိအားပေးသည့်အခါ ၎င်းမှ "ကဲ - ဒါလော ရှိမှတော့ မရှိသေစကား ခင်ဗျားကို ပြောမယ်။ မိန်းမနဲ့ ယောကျ်ား ညားကြ တယ်။ နောက်မကြာခင် ကလေးမွေးတယ်၊ ဘာလေးမွေးဖို့ ဘယ်လိုဆက် ကြတယ်ဆိုတာ ခင်ဗျား လုံးစေ့ပတ်စေ့ မြင်ဖူးလို့လား၊ ကလေးမွေးလာ ဪ - ဒါဟာ ဒီလိုပါလားလို့ စိတ်ကူးနဲ့ တွေးရတာချည်းပဲ မဟုတ်လား" ဆိုသဖြင့် ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနဲ့ ပြုံးမိခဲ့သည်။

သည်အတိုင်းပါ သူ့ကိုယ်တွေ့ အဖြစ်အပျက်ကို ကျွန်တော်က ဇာတ် လမ်းရေးသူအဖြစ် အရှိန်အတိုင်း ပေးပို့လိုက်ခြင်းသာဖြစ်၍ "ဖြစ်နိုင်၊ မဖြ နိုင်" ဆိုသည်အား စာတည်းများနှင့် စာဖတ်သူတို့ ဆုံးဖြတ်ကြပါကုန် (အကယ်၍ ဤဝတ္ထု အရွေးခံရပါက) ဇာတ်လမ်းပါ "ဖုတ်ကောင်" အာ ရင်တထိတ်ထိတ်နှင့် သုတ်သင်ရပုံ၊ မွေးကင်းစကလေး ထူးဆန်းစွာ သေဆုံ နေပုံတို့မှာ စိတ်ကူးယဉ်ရေးသားချက်များ မဟုတ်၍ ဖြစ်ရပ်မှန်ဟု ဆိုချင်ပါ သည်။

ကျွန်တော့်မှာလည်း ၎င်းပြောပြသည်မှလွဲ၍ စိတ်ကူးဉာဏ်ကွန့်၍ မစဉ်းစား မရေးသားတတ်ပါ။



ကျွန်တော်၏ အရေးအသားညံ့ဖျင်းမှုကြောင့် ဇာတ်လမ်းကောင်းတစ် ပုဒ် ဆုံးရှုံးသွားမှာစိုး၍လည်းကောင်း၊ အရွေးမခံရဘဲ ဇာတ်လမ်းပျံ့နှံ့သွားမှာ စိုး၍လည်းကောင်း ကျွန်တော်သည် ဤဇာတ်လမ်းအား မရေးဘဲ နှစ်ပေါင်း များစွာ ရင်ထဲမှာသာ သိုသိုသိပ်သိပ် သိမ်းဆည်းထားခဲ့ရပါသည်။

"ဟော - အခုတော့ ရေးချလိုက်ပါပြီ"

ဤဇာတ်လမ်းအား မူရင်းအရသာ မပျက်စီးစေပဲ ပြင်ဆင်တည်းဖြတ် နိုင်ကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်
ညီညွှန့်ရောင်

(၁)

လေရူးမွှေ နွေလယ်ညတစ်ည ...

ကျွန်ုပ်သည် ကင်းမှူးအဖြစ်နှင့်နမ့်စန်လေယာဉ်ကွင်းတွင်တာဝန်ကျစဉ် ကာလက ဖြစ်၏။ ထိုညမှ စတင်ကာ ခ.လ.ရ ( )မှ ဆရာမြင့်နိုင်ဆိုသူနှင့် တွေ့ဆုံသိကျွမ်းကြပြီး ထိုစဉ်ကာလက ၎င်းပြောပြသည့် ထူးခြားဆန်းကြယ် သော အဖြစ်အပျက်တစ်ခုကို ကြားသိခဲ့ရခြင်း ဖြစ်ပါ၏။ ကျွန်ုပ်၏ ဘဝတွင် တစ္ဆေ၊ သရဲ၊ ဖုတ်ကောင် စသည်တို့နှင့်ပတ်သက်ပြီး တွေ့ဖူးမြင်ဖူးခြင်း မရှိ ကြောင်း ဦးစွာဝန်ခံရပေမည်။ ထိုအချိန်အခါက ကျွန်ုပ်သည် ဤလေယာဉ် ကွင်းသို့ လေကြောင်းထိန်းသိမ်းရေးတာဝန်ဖြင့် ရောက်ရှိခါစကပင် ရှိသေး ၏။

ကျွန်ုပ်သည် ကင်းမှူးတာဝန်ဖြင့် နမ့်စန်တာဝါ (မျှော်စင်)အပေါ်ထပ်ရှိ မှန်လုံခန်းထဲ အေးအေးလူလူ ရှိသည်နှင့် တစ်ကိုယ်တည်း အိမ်ပမာဖြစ်ခဲ့၏။ သုံးလေးရက်ခန့်ခြားပြီး ကင်းတစ်ပတ်လည်သည့်ညတွင် ကင်းသားများကို နေရာချနေစဉ် ကင်းသားများထဲမှ ...



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတာဝါပေါ်အိပ်နေတုန်းက ဘာထူးခြားတာတွေ့သေးလဲ" လို့မေး သည်နှင့် ...

"ဘာဖြစ်လို့တုံး" ဟု ကျွန်ုပ်က အံ့သြစွာ ရူးစမ်းလိုက်မိ၏။

"ဟာ - ဆရာကလည်း ဒီတာဝါပေါ်အိပ်တဲ့လူတိုင်း သရဲခြောက်လွန်းလို့ ဆင်းပြေးခဲ့ရတာချည်းပဲ။ လေယာဉ်မှူး သရဲခြောက်တယ်လို့ တွေ့ဖူးတဲ့ ရဲဘော်တိုင်း ပြောကြတာပဲ"

"ဒါထက် - ဆရာ့ကိုတော့ မခြောက်ဘူးလား"

ယင်းရဲဘော်၏ အမေးကြောင့် ကျွန်ုပ် ခဏမျှ စဉ်းစားပြီး ...

"အေး - သရဲခြောက်လား၊ မခြောက်လားတော့ မသိဘူး။ ကြွက်ပြေးနေ သံလိုလို၊ ကုလားထိုင်ပဲ ရွှေ့နေသလိုလိုတော့ ကြားရတယ်။ ငါ့စိတ်က ထင် တာပဲ ဖြစ်မယ်ဆိုပြီး ပေတေပြီး အိပ်လိုက်တာပဲ"

ကျွန်ုပ်၏ အဖြေကြောင့် ထိုရဲဘော်က ခွက်ထိုးခွက်လန် ရယ်ပါသည်။

"အဲဒါ လေယာဉ်မှူးတစ္ဆေပေါ့ဆရာရယ်၊ သူ့ပိုင်းလော့ကုလားထိုင်ကို တာဝါမှာ ယူသုံးထားတော့ ခြောက်ကရောပေါ့" ဟု မှတ်ချက်ပေးပြီး ထို ရဲဘော်မှပင် ဆက်လက်၍ ...

"ဆရာ ရောက်ခါစပဲ ရှိသေးတော့ ဘယ်သိနိုင်ပါ့မလဲ။ ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်ကပေါ့။ ဒီကွင်းကို ခရီးသည်တွေ အပြည့်နဲ့ "ဒါကိုတာ" လေယာဉ်တစ်စီး အဆင်းမှာ ပျက်ကျဖူးတယ်။ လေယာဉ်မှူးတွေ ရော၊ စစ်သားတွေနဲ့ ခရီးသည်တွေပါ အတုံးအရုံးသေလိုက်ကြတာ မပြော ပါနဲ့တော့ ဆရာရယ်၊ လေယာဉ်ပေါ်မှာ ပါလာတဲ့ ငါးရံ့ ငါးခူတွေဆိုတာ တဖျပ် ဖျပ်ခုန်ပြီး လူ့သွေးတွေ အလူးလူးနဲ့ မြင်မကောင်း ရှုမကောင်းပဲ။ အဲဒီညက စပြီး ခရီးသည်တစ္ဆေ၊ စစ်သားတစ္ဆေ၊ လေယာဉ်မှူးသရဲ၊ အို - စုံနေတာပဲ၊ လေယာဉ်ပြေးလမ်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် သွားနေလိုက်ကြတာ ကျော ချမ်းစရာပဲ"



ဝင်းပြောပြသည့် သရဲ၊ တစ္ဆေဇာတ်လမ်းစုံအား ကြားရသည့်နေ့မှစ၍ ကျွန်ုပ်လည်း တာဝါပေါ် မအိပ်ဖြစ်တော့ပါ၊ မအိပ်ချင်တော့ပါ။ ဝင်းနှင့်ကပ် လျက်ဆောက်ထားသည့် ကင်းတဲတွင်သာ ကင်းစောင့်ဖော် ရဲဘော်များနှင့် အတူ ရောယှက်ကာ အိပ်ဖြစ်ပါတော့၏။

"တစ်ည" မိမိတို့အဖွဲ့နှင့် ကင်းစောင့်နေကြစဉ် ကင်းတဲပေါ်သို့ သဲ၊ ကျောက်ခဲမှုန့်တို့နှင့် အဆုပ်လိုက် ပက်ကြဲရသလို တဖွားဖွား၊ အသံများကို ကြားရတော့၏။ ထိုစဉ်က ဒု - ကင်းမှူးဖြစ်သည့် ဆရာ (တပ်ကြပ်မြင့်နိုင်) မှာ လည်း မိမိနှင့်အတူ ကင်းတစ်တွဲတည်း စောင့်ရသည့်အလှည့် ဖြစ်နေ၏။

"ဆရာညီမြင့်က အတွေ့အကြုံမရှိသေးလို့ ခင်ဗျားကို သရဲတွေ၊ ပညာ ပြလိုက်ပြီထင်တယ်"

ဆရာမြင့်နိုင်က ပြုံးစိစိဖြင့်ကြည့်ရင်း ကျွန်ုပ်ကို ကျီစယ်လိုက်သည်။ ကျွန်ုပ်လည်း ကျွန်တော်တော့ သရဲခြောက်တာ တစ်ခါမှ မခံရဖူးဘူး။ တစ္ဆေ၊ သရဲဆိုတာကော တစ်ကယ်ပဲရှိလို့လား ဆရာမြင့်နိုင်ရယ်ဟု သူ့စကား အသွားကို ဝယ်လိုက်မိသည်နှင့် ဆရာမြင့်နိုင်က ...

"ဟာ - ရှိပြီလား ဆရာရယ်၊ ဘုရားဟော ကျမ်းဂန်ထဲမှာ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ ဖုတ်၊ ကျတ်၊ ဘီလူးဆိုတာတွေရှိတဲ့အကြောင်း ဟောထားဖူးတာပဲ"

အစကတော့ ကျွန်တော်လည်း စစ်သားဆိုတော့ ဘယ်အယုံအကြည် ရှိပါ့မလဲ၊ တိုက်တယ်၊ ခိုက်တယ်၊ ရန်သူ့စခန်းသိမ်းမယ်။ ဒါလောက်ပဲ စိတ်ကူး ရှိတာ၊ တစ်ကယ်တမ်း နဖူးတွေ့ ဒူးတွေ့ကြုံဖူးတော့မှပဲ ဆရာရေ့ - အဲဒါတွေ ဟာ တစ်ကယ်ရှိပါလားဆိုပြီး သြချပြီး ယုံလိုက်ရတော့တယ်"

ဆရာမြင့်နိုင်သည် သူတစ်ကယ် တွေ့ကြုံလိုက်ရသည့် ဇာတ်လမ်း အတွက် စကားနိဒါန်း ပျိုးလိုက်၏။ ကျွန်ုပ်မှာ သူ့စကားကြောင့် အလဲ့ - အတော်စာဆိုပါလားဆိုပြီး ခနဲ့တဲ့တဲ့ပြောလိုက်၏။ ပြောသာပြောလိုက် သော်လည်း ကျွန်ုပ်မှာ သူ့နိဒါန်းစကားကြောင့် အတော်စိတ်ဝင်စားသွားမိပြီ ဖြစ်သည့်ကြောင့်ပင် "ဆရာတစ်ကယ်ပြောတာလား။ ကျွန်တော်က ဘာမှမကြုံဘူး



www.burmeseclassic.com

www.burmeseclassic.com

သေးတော့ ယုံရမှာလား၊ မယုံရမလားလို့တောင် မဝေခွဲတတ်ဘူး" ဟု ဆို လိုက်မိ၏။

စိတ်အားထက်သန်လွန်းသဖြင့် မျက်လုံးများပင်တဖျတ်ဖျတ်တောက်လာသည့် ဆရာမြင့်နိုင်က "မယုံမရှိနဲ့ ဆရာရေ့ ကိုယ်တွေ့မှ တစ်ကယ့် ကိုယ်တွေ့ကိုးဗျ။ အဲသည်တုန်းက ကျိုင်းတောင်နယ်မှာ ဟိုးလေးတကြော် ပြောနေကြတဲ့အဖြစ်ဆန်းဗျ။ အဲသည်အချိန်တုန်းက ကျွန်တော်တို့ဗျာ ကျိုင်းတောင်ခွင်မှာ ကြုံလိုက်ရတဲ့ ကိုယ်တွေ့ကိုသာ ဆရာကြားရရင် ဖျားသွားလောက်တယ်" ပြောရရင်တော့ ဖုတ်ကောင်စစ်ဆင်ရေးလို့တောင် အမည်တပ်ရမလားပဲ၊ အဲသည်တုန်းက ကျိုင်းတောင်နယ်မှာ လူသေပြီး ဖုတ်ဖြစ်သွားတဲ့ သူနဲ့ နဖူးတွေ့ ဒူးတွေ့ကို ကြုံလိုက်ရမှပဲ တော်တော်တုန်လှုပ်သွားမိတယ်။ ဒါဟာ – တစ်ကယ်ပါပဲလားလို့လည်း ဖွတ်နစ်ပြီး ယုံလိုက်ရတော့တယ်။

ဆရာမြင့်နိုင်၏ စကားအဆုံးသတ်အပြီး ကျွန်ုပ် ဦးနှောက်ထဲဝယ် တွေးစရာ တစ်သီကြီးကျန်နေခဲ့ပါ၏။ စဉ်းစားစရာတွေ ဖြစ်သည်။

နမ့်ဆန်မြေသို့ ခြေချအပြီး ရက်များမကြာမီ မကျွတ်မလွတ်သော တစ္ဆေဖတ်လမ်းမျိုးစုံတို့မှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိခဲ့ရလေ၏။ တချို့ ဇာတ်လမ်းများမှာ စက်ချုပ်သမက သူ ချုပ်သည့်စက်ကို စိတ်စွဲရင်းသေလေတော့ မလွတ်မကျွတ်နိုင်ဖြစ်ပြီး ညညဆိုလျှင် အပ်ချုပ်စက်နင်းသံပေးသည့် အကြောင်း၊ သေလွန်ပြီးသည့်တိုင် မပုပ်မသိုးဘဲ ဖုတ်ဘဝ ရောက်နေရှာသည့် ဖုတ်ကောင်များ။

လူခြေတိတ်ချိန်၊ သချိုင်းကုန်းမြေပုံထဲမှ ဂယ်ပေါက် (လေရှူပေါက်) အပေါက်နှစ်ပေါက်ဖောက်ကာ အဝင်တစ်ပေါက်၊ အထွက်တစ်ပေါက်ဖြင့် သွားလာနေကြသည့် ဖုတ်ကောင်များ။ သေပြီးသော်လည်း မသေခင်အသား အရေအတိုင်း အစွယ်ငေါငေါထွက်လာ၊ ဆံပင်တွေပါ ရှည်လာကြကြောင်း တုန်လှုပ်ချောက်ချားစွာ ကြားခဲ့ရပါသေး၏။ ကမ္ဘာအရပ်ရပ်မှ ပုဏ္ဏကတိုက်သည့် ဖြစ်ရပ်ဆန်းကြယ်များကလည်း နိုင်မာသည့်သာဓကများ ရှိခဲ့သည် မဟုတ်ပါလော။



ကျွန်ုပ်လည်း တွေးလက်စအတွေးတို့ကို စုစည်းပြီး ပြောလက်စ ဆရာမြင့်နိုင်စကားအပေါ် ဆင်ခြေပေးလိုက်ရ၏။

"ဒါထက် – ဆရာမြင့်နိုင်ရယ်၊ တစ္ဆေတို့၊ သရဲတို့ဆိုတာ ကိုယ်ထင်ပြတာလောက် အသံဗလံနဲ့ခြောက်လှန့်တာလောက်တော့ ကြားဖူးတယ်၊ စုလိုမကောင်းဆိုးရွား အတ္တဘောကြီးနဲ့ သွားတာလာတာကော ဖြစ်နိုင်လို့လား" ဟု အမေးရှိသည်နှင့် ဆရာမြင့်နိုင်မှ ...

"အဲဒါကြောင့် ဆရာ့ကို ပြောတာပေါ့။ လူစင်စစ်က ဖုတ်ဖြစ်သွားတဲ့ မကောင်းဆိုးရွားကောင်ကြီးကို ကျွန်တော်တို့တပ်စုကသာ မနိမ်နင်းခဲ့ဘူး ဆိုရင် ကျွန်တော်လည်း ယုံမှာတောင်မဟုတ်ဘူး။ ကိုယ်တိုင် ကြုံလိုက်ရလို့သာ ယုံလိုက်ရတော့တယ်"

ဆရာမြင့်နိုင်မှာ သူ့စကားနှင့်သူ သဘောအကျကြီး ကျပြီး သူ့ရှေ့ရှိ ရေနွေးကြမ်းတစ်ခွက်ကို အားပါးတရမော့ချလိုက်သည်။ ပြီးတော့မှ – လက်ဖက်သုပ်ပန်းကန်ထဲမှ လက်ဖက်သုပ်များကို တစ်ဇွန်းချင်း ခပ်စားလိုက်လေ၏။

ထိုစဉ်က ကျွန်ုပ်တို့ကင်းတာဝန်ကျသည့်ညတိုင်းစစ်သည်တန်းလျားနေ အိမ်ထောင်သည်မိန်းမများက ရေနွေးကြမ်းနှင့်အတူ လက်ဖက်သုပ်၊ ချင်းသုပ်၊ ထန်းလျက်ခဲ၊ မြေပဲကြော် စသည်တို့ကို မပျက်မကွက် အိန်ပြုပို့ပေးနေကျမို့ ယခုလို ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း တွေရာလေးပါး စကားပြောရသည်မှာ အစဉ်အလာတစ်ရပ်လို ဖြစ်နေခြင်း ဖြစ်၏။

အချိန်မှာ ယခုနေ့ခေတ်လို နယ်မြေအေးချမ်းမှု မရှိသေးရကား ရောင်စုံသူပုန်များ ထကြွနေချိန်လည်းဖြစ်၍ လေယာဉ်ကွင်း လုံခြုံရေးအတွက် သတိကြီးစွာ ထားနေရသောကာလ ဖြစ်ချေ၏။

ကျွန်ုပ်မှာ ရေနွေးတစ်ကျိုက် ကျိုက်လိုက်၊ လက်ဖက်သုပ်တစ်ဇွန်း ခပ်လိုက်ဖြင့် ပါးစပ်အရသာခံနေသော ဆရာမြင့်နိုင်ကို ကြည့်ရင်း အားမလိုအားမရ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ – ဆရာရေ၊ ဆရာ့ကိုယ်တွေ့ဇာတ်လမ်းလေးကို ပြောမှာဖြင့် ပြောစမ်းပါ၊ ဒီက တပည့်တွေ စောင့်ရလွန်းလို့ ရှုစိရှုစိ ဖြစ်နေပြီ"

ကင်းသားတစ်ယောက်က စိတ်မရှည်သည့်လေသံဖြင့်ပွဲတောင်းလိုက်သဖြင့် ကျွန်ုပ်မှာလည်း မနေသာတော့ပဲ ...

"ဟုတ်သားပဲ – ဆရာမြင့်နိုင်၊ ကျုပ်အဖွဲ့တွေကလည်း တောင်းဆိုနေကြပြီ"

"ကျွန်တော်တောင် တော်တော်စိတ်ဝင်စားနေပြီ၊ ခင်ဗျား ကိုယ်တွေ့လေး စ,လိုက်တော့ဗျာ" ဟု ပွဲတောင်းလိုက်ရ၏၊ နှစ်ယောက်တစ်တွဲ ကင်းစောင့်နေသည့် ရဲဘော်မှအပ ကျွန်ုပ်တို့လည်း ဆရာမြင့်နိုင်ပြောပြမည့်ဇာတ်လမ်းအပေါ် စောင့်စားနေကြတော့၏၊

ညဥ့်ကလည်း တစ်စထက် တစ်စ နက်ရှိုင်းလာချေပြီ၊ သည်တော့မှ – ဆရာမြင့်နိုင်က သောက်လက်စ ရေနွေးကြမ်းတစ်ခွက်ကို လက်စသတ်လိုက်ပြီး "အင်း – ဒါဆိုလည်း ပြောပြရတာပေါ့" လန့်တော့လန့်မသွားကြနဲ့ဦး၊ ဟိုးလွန်ခဲ့တဲ့လေး ငါးနှစ်လောက်တုန်းကပေါ့၊ ကျိုင်းတောင်းတောစပ်အနီး စခန်းတစ်နေရာမှာ ကျွန်တော်တို့ တပ်စု စခန်းချစဉ်အခါတုန်းကပေါ့ဟု အစချီကာ ဤတုန်လှုပ်ချောက်ချားဖွယ် ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်အား နိဒါန်းပျိုးလိုက်ရပါတော့၏၊

(၂)

ကျိုင်းတောင်းတောင်ကုန်းစခန်းတစ်နေရာ၊

ကျွန်တော် တပ်ကြပ်မြင့်နိုင်သည် လက်အောက်ငယ်သား တပည့် စစ်သားများနှင့်အတူ တောမြိုင်တစ်ခွင်တောင်စဉ်အနှံ့ ရှေ့တန်းထွက်နေရသည့် ကာလတွင်ဖြစ်၏၊



ကျွန်တော်တို့ စခန်းချရာမှာ ကျိုင်းတောင်းရွာအနောက်ဘက်ရှိ လူသူအရောက်အပေါက်နည်းလှသည့် ကျွန်းတောကြီးနှင့် မြင့်မားလှစွာသော တောင်ညိုညိုများဖြင့် ပတ်ကာဝိုင်းရံလျက် ရှိနေချေ၏၊ ရှေးယခင်အခါက ကျိုင်းတောင်ရွာမှာ ယခုလို မြို့ပြအဆင့်သို့ပင် မရောက်ရှိသေး၊ နွေဆိုလျှင် မြူဝိုင်မြူခဲများစွာဖြင့် ဝိုင်းရံလျက်ရှိပြီး နေရာအနှံ့ရှက်ကြွေတောများကမင်းမူနေရာယူကြ၏၊ နေပြောက်ပင် မထိုးနိုင်လောက်အောင် ပိတ်ဆီးနေသည့် ကျွန်းတောကြီးများက ရှုလေတိုင်း မဆုံးနိုင်လောက်အောင် တပြန့်တပြောရှိနေပါ၏၊

နာမည်ကျော် ကျိုင်းတောင်းရေတံခွန်မှ စီးကျလာသော ရေစီးသံများကလည်း အဝေးမိုင်ပေါင်းများစွာသို့တိုင်အောင် တရွေ့ရွေ့ညည်းညူသံပမာ ခြောက်လှန့်နေတတ်ပါ၏၊

သည်လမ်း သည်ခရီးအား အရောက်အပေါက်နည်းသူများအဖို့ အပင်ချင်းယှက်ကာ နွယ်ချင်းလိမ်ဆက်နေကြသည့် ပင်ကြီးပင်ငယ်တို့ကြောင့် လမ်းစပျောက်နေတတ်ကြချေ၏၊ အမဲလိုက်မုဆိုးများမှာလည်း "တောကြီးမာယာ ဝင်ကာပါ" ကြောင့်ပင် လမ်းဘယ် မမြင်နိုင်ဘဲ တဝဲလည်လည်နှင့် ကြုံတွေ့ရဖူး ကြောင်း သိရှိခဲ့ရသည်၊

ကျွန်တော်တို့စခန်းချရာမှာ ရွာနှင့်နီးသည်ဟုမဆိုသာ၊ ဝေးသည်လည်း မဟုတ်၍ အရေးအကြောင်းရှိပါက မြင်းတစ်ပြေးစနဲ့ အချိန်အတွင်း ရောက်သွားနိုင်ပါသည်၊ ရွာတွင် ရိက္ခာအရာထွက်သည့်အခါ ဆေးဝါးအတွက် အလိုရှိသည့်အခါများတွင် ရွာသို့ မကြာခဏဆိုသလို ရောက်ရစမြဲ၊

မိမိနှင့်တကွ ရဲဘော်တစ်ဦးစ နှစ်ဦးစ နေထိုင်မကောင်းဖြစ်သည့်အခါများတွင် ရွာကျန်းမာရေးဆေးပေးခန်းသည်သာ ကျွန်တော်တို့အတွက် အားထားရာ အိမ်ဦးနှင့် ကြမ်းပြင်ပမာ၊ ထိုအချိန်၊ ထိုအခါမှစ၍ ဆေးခန်းရှိ သားဖွားဆရာလေး "နော်ခြူးရီ" နှင့် သိကျွမ်းခင်မင်မိပါတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ စခန်းချနေစဉ် ကာလမှာ ရွာမှ မကောင်းဆိုးရွားသတင်းများက လည်းနေရာအနှံ့ပျံ့နှံ့နေချိန်ဖြစ်၏။ ကျွန်တော်နှင့်တကွ ကျွန်တော့်တပ်သားများမှာ လက်နက်ကိုင်သူပုန်သူကန် ရန်တွေကို မတွန်းလှန် မနှိမ်နင်းရသေးသော်လည်း ဤမကောင်းဆိုးရွားများ၏ သတင်းဆိုးတို့ကြောင့် များစွာတုန်လှုပ်ချောက်ချားနေကြချိန် ဖြစ်၏။ ညညဆိုလျှင် လူခြေတိတ်ချိန် ရောက်တိုင်း ရွာဘက်ဆီမှ ဆွဲဆွဲငင်ငင် အူနေကြသည့် ခွေးအူသံများကြောင့် ရန်သူလား၊ မိစ္ဆာလား ဝေခွဲမရနိုင်လောက်အောင် မိမိတို့တပ်စုတစ်စုလုံးမှာ အသင့်အနေအထားဖြင့် ထာဝရနိုးကြားနေကြရချိန် ဖြစ်၏။



ကျွန်[illegible]ယ်စဉ်က [illegible]များ [illegible] ဖုတ်ဆောက်လစ်များနှင့် ချိန်ထိုးပြီး စဉ်းစားနေမိ၏။ ထန်းပင်ပေါ်က ပြုတ်ကျပြီး လက်ရှိမိသားစု ဘဝထဲတွင် အသက်ရှင်လျက် ဟန်မပျက် ဖုတ်ဝင်နေသည့် ဖုတ်ကောင်များ။ ညညတွေမှာ ဖုတ်ဝင်ပြီး လူခြေတိတ်ချိန်ဆိုလျှင် အသားမိမိ၊ ပိုးမိမိများကို ခိုးစားတတ်သည့် လူတစ်ပိုင်း၊ ဖုတ်တစ်ပိုင်း သတ္တဝါတွေ။



"ဆရာလုံ - ခွေးအူသံတွေက ညတိုင်းလိုလို မကြားချင်အဆုံးပဲနော်"

"ရွာထဲမှာ လူတွေ သေလိုက်ကြတာလည်း သိပ်များနေပြီလို့ ပြောပြောနေကြတယ်"

ဟိုတစ်လောကပဲ "အိုက်ပြား" ဆိုတဲ့ကောင် မြွေကိုက်သေပြီးကတည်းက ဆက် တိုက်ဆိုသလို ရွာထဲမှာ တစ်လောင်းပြီးတစ်လောင်း မသာချနေရတယ်"

"အဲဒီ အိုက်ပြားက သေပြီးတော့ ဖုတ်ဝင်နေတယ်တဲ့ ဆရာ"

"ဖုတ်ဖြစ်ပြီး ကံနိမ့်တဲ့ ရွာသားတွေကို ဖမ်းစားနေတယ်လို့လည်း ရွာထဲမှာ လူပြောသူပြော များနေတယ်။ အဲဒါ ဆရာ ဘယ်လိုထင်လဲ"

တစ်ညတွင် ဖြစ်၏။ ကျွန်တော်တို့ တပ်စု ကင်းလှည့်ပြီး ပြန်လာခါစ၊ ရေနွေးကြမ်း အေးအေးလူလူ ဝိုင်းဖွဲ့နေကြစဉ် အထက်ပါအတိုင်း တပ်သား ခင်ကြိုင်မှ စတင်ပြီး စကားဆိုလာ၏။

"အေး - မင်းမေးလို့ ပြောရမယ်ဆိုရင် ငါတော့ သိပ်မယုံချင်ဘူး၊ ဘယ့်နယ်ကွာ - လူသေပြီး ခုလိုဖုတ်ကောင်ဖြစ်နေမှတော့ ရွာထဲမှာ လူမှကျန်ပါဦးမလားကွာ"

ကျွန်တော့်မှတ်ချက်ကြောင့် ခင်ကြိုင်မှာ မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်ရင်း ...

"နို့မဟုတ်ဘူးလား - ဆရာ၊ ရွာထဲမှာ တစ်လောင်းပြီးတစ်လောင်း မသာချနေတာ ဆရာ့အမြင်ပဲ"

"ကျွန်တော်တို့ စခန်းကုန်းပေါ်ကနေ တွေ့နေရတာပဲ မနည်းတော့ဘူး"

"ဒါက သေချိန်တန်လို့ သေနေကြတာပဲ၊ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပါကွာ"

ခင်ကြိုင်မှာ ကျွန်တော့်စကားအပေါ် ဘဝင်သိပ်ကျချင်ပုံမရ၊ သူ့မျက်နှာအနေအထားမှာလည်း မရိုးမရွနှင့်မို့ ပြောသင့်၊ မပြောသင့် ချိန်ဆနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် – ခင်ကြိုင်၊ မင်းမျက်နှာက အီးမှန်ထားတဲ့ပုံစံနဲ့ ဘယ်လိုဖြစ်နေရတာလဲ၊ မင်း – ဘာပြောစရာ ရှိသေးလဲ၊ ငါ့မှန်မှန်ပြောစမ်း"

သည်တော့မှ ခင်ကြိုင်က စပ်ဖြဲဖြဲမျက်နှာပေးဖြင့် …

"ဟဲ – ဟဲ – ကျွန်တော်ပြောရင် ဆရာစိတ်မဆိုးရဘူးနော်၊ ဆရာသိလား ကျွန်တော် ကြိတ်ပိုးပိုးနေတဲ့ ရွာထဲက ရှမ်းမလေး ပြောပြလို့ ဟိုဖုတ်ကောင် အိုက်ပြားအကြောင်း …"

"ဟေ့ကောင် – မအေပေး၊ ဒါကြောင့်မင်း – ပျောက်ပျောက်သွားနေတာကိုးကွ"

ခင်ကြိုင်စကားတောင်အဆုံးမသတ်လိုက်ရ၊ ကျွန်တော်က အသံမာမာဖြင့် ဖိဟောက်လိုက်တော့မှ ခင်ကြိုင်မှာ မျက်နှာငယ်လေးနှင့် ဖက်ပုနေရှာတော့၏။

"ဒီမှာ ခင်ကြိုင်၊ နောက် ဘယ်သွားသွား မင်း ငါ့ဆီ သတင်းပို့ပြီးမှ သွား"

"ကြားလား …"

"မင်းကို ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ မင်းတို့ကို ညီအစ်ကိုလို သဘောထားပြီးငါ အုပ်ချုပ်နေတာ၊ ဒါက ရေတွန်းတစ်နေရာကွ၊ မင်းတစ်ခုခု ဖြစ်ရင် မသိရကောင်းလားဆိုပြီး အထက်က ထုလာရင် ငါ့ခေါင်းပေါ် ပုံကျတော့မယ်၊ ကဲ – ဆိုစမ်းပါဦး၊ မင်း ကောင်မလေးက ဘာတွေများ ပြောလွှတ်လိုက်လို့လဲ"

ကျွန်တော် ရှည်ဝေးလှစွာသော ဩဝါဒမိန့်ခွန်းအား ခင်ကြိုင်သည် ခေါင်းငုံ့ကာ နားထောင်နေရာမှ မျက်နှာငယ်လေးဖြင့် သူ့စကားကို ဆက်လိုက်၏။

"ဟို – ဟိုလေ – ဆရာ၊ ရှမ်းမလေးက ပြောတယ်၊ အစိမ်းသေ စားတဲ့အဲဒီ ဖုတ်ကောင် အိုက်ပြားဆိုလား၊ သူ့မိန်းမနဲ့ လာလာအိပ်တာတဲ့၊ သူ့မိန်းမမှာ ကြောက်လွန်းလို့ အအိပ်မခံဘူးတဲ့၊ သူ့မှာက အိုက်ပြားမသေခင် ရထားတဲ့ ကလေးနှစ်ယောက်နဲ့မို့ ပြေးစရာ မြေမရှိ၊ နေစရာလည်း မရှိရှာတော့ ကြောက်ကြောက်နဲ့ပဲ အဲဒီကောင်ပြုသမျှကို ကြိတ်မှိတ်ပြီး နေလိုက်ရတယ်တဲ့"



ကျွန်တော့်မှာ ခင်ကြိုင့် စကားအဆန်းကြောင့် တဒင်္ဂငယ်မျှ မှင်တက်သွားမိသည်၊ ဖြစ်နိုင်ခြေရှိ မရှိဆိုသည့် ပဟေဠိတစ်ပုဒ်မှာလည်း ကျွန်တော့် ဦးနှောက်ထဲဝယ် တဝဲလည်လည်ဖြင့် ဆုံးဖြတ်ရခက်နေ၏။

ကျွန်တော်သည် ငယ်စဉ်က မိဘများ ပြောပြဖူးသည့် ဖုတ်ဇာတ်လမ်းများနှင့် ချိန်ထိုးပြီး စဉ်းစားနေမိ၏၊ ထန်းပင်ပေါ်က ပြုတ်ကျပြီး လက်ရှိ မိသားစု ဘဝထဲတွင် အသက်ရှင်လျက် ဟန်မပျက် ဖုတ်ဝင်နေသည့် ဖုတ်ကောင်များ၊ ညညတွေမှာ ဖုတ်ဝင်ပြီး လူခြေတိတ်ချိန်ဆိုလျှင် အသားစိမ်း၊ ငါးစိမ်းများကို ခိုးစားတတ်သည့် လူတစ်ပိုင်း၊ ဖုတ်တစ်ပိုင်း အမနုဿ သတ္တဝါတွေ၊

မွေးကတည်းက ဘီလူး သရဲရုပ်သွင်ဖြင့် အစွယ်ပါ ပေါက်နေသည့် မွေးကင်းစ ဖုတ်ကလေးတွေ၊ နိုင်ငံတကာ၊ ဝတ္ထုနှင့် ရုပ်ရှင်များတွင် မြင်တွေ့နေရတတ်သည့် သွေးစုပ်ဖုတ်ကောင် ဇာတ်လမ်းတွေထဲမှ "ဒရက်ကူလာ၊ ဖရန်ကင်စတိန်း" စသည့် သွေးစုပ်ဖုတ်ကောင်တို့မှာ "ရှမေးနီးယား" နိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အမှန်တကယ် ရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာများ၊ သက်သေခံရုပ်ပုံများနှင့်တကွ ဖော်ညွှန်းပြဆိုထားတာတွေကို ဖတ်ရှုဖူးခဲ့ပါ၏။

ကျွန်တော်သည် ငယ်စဉ်က ရုပ်ရှင်မင်းသား တင်ထွန်းနှင့် တာတေကြီး၊ ဒေါ်မြလေးတို့ ပါဝင်သည့် သွေးစုပ်ဖုတ်ကောင်ဇာတ်ကားကို ကြည့်ဖူးခဲ့တာကိုပင် ရေးရေးမျှ မှတ်မိနေသေးတော့၏။

မျက်နှာတံတောင်လောက် သရဲရုပ်နှင့် ကြောက်စရာကောင်းလှသည့် "တာတေကြီး" ကိုလည်းကောင်း၊ ထဘီခြုံလျှင် "လင်းတ" ဖြစ်သွားသည့် ဒေါ်မြလေးကိုလည်းကောင်း ကျွန်တော့်စိတ်အာရုံဝယ် ယနေ့ထက်တိုင် မြင်ယောင်နေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာမနိုင် နှစ်ဆောင်ပြိုင်"၊ "ဆရာမနိုင် သုံးဆောင်ပြိုင်"၊ "အိမ်ကြီးမာယာ" စသည့် ဇာတ်ကားများကလည်း ငယ်ဘဝအကြောက်တရားကို ထပ်လောင်း၍ ပုံဖော်ပေးခဲ့ပါသည်၊ အလိုလိုနေရင်း ကျောချမ်းချင်စရာကောင်းလှသည့် သချိုင်းအတွင်း အစိမ်းသေများ မြှုပ်နှံထားသည့် မြေပုံမှမှ ပေါ်တွင် သိုက်ဆရာနှင့် တပည့်များ၊ အစိမ်းသေကြီးက မြေပုံထဲမှ တရွေ့ရွေ့ထလာပုံ၊ စသည့်ပြကွက်များကို ရောက်တော့ ကျွန်တော်တို့မှာ နေစရာ မရှိလောက်အောင်ပင် ကြောက်ဒူးတုန်ခဲ့ရပါ၏။

ဤလောကသည် ဆန်းကြယ်မှုတို့ဖြင့် ပြည့်နှက်နေချေ၏၊ တိုးတက်ထွန်းကားပါသည်ဆိုသော သိပ္ပံပညာဖြင့်ပင် အဖြေရှာလိုက်မမီသည့်ဖြစ်ရပ်ဆန်းတို့သည် ဤလောကဒွန္ဒရာ၌ ပြည့်နှက်နေကြသည် မဟုတ်တုံလော၊ နေရာတကာ သိပ္ပံလက်တွေ့စကားတွေ ပြောမရ။

ဘုရားဟော ကျမ်းဂန်အဆိုအရ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် တည်ရှိကြကုန်၏၊ ထိုမှုမက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံ စသည့် မကောင်းသော ဘုံများနှင့်အတူ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေတို့ကလည်း မကောင်းဆိုးရွားများအဖြစ် လူ့ဘုံလောကမှာ သွားလာကျက်စားနေကြကြောင်း သိရှိနေရပါ၏၊ ဤစကြဝဠာနှင့် ဤကမ္ဘာကို ဘုရားသခင် ဖန်ဆင်းပေးသည်ဆိုအံ့၊ ဆန်းကြယ်လှစွာ ဖန်ဆင်းတတ်သော ဘုရားသခင်သည် အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ခွဲခြမ်းစိတ်ဖြာပေးမည်မှာ ဧကန်မလွဲပင်။

ကျွန်တော်၏ အတွေးမျှင်တိမ်တိုက်များက ခင်ကြိုင်စကားအပေါ် လျှောက်နင်းကျော်ခွရင်း ရှုပ်ထွေးစွာ ရွေ့လျားနေမိတော့၏၊

ကျွန်တော် မည်မျှ အတွေးလွန်နေမိသည်မသိ၊ သတိလည်ကာ ကြည့်လိုက်မိတော့မှ ကျွန်တော့်အနီးတွင် မည်သူမျှ ရှိမနေကြတော့ကြောင်း သတိထားလိုက်မိသည်၊

ကိုယ်စီကိုယ်င ကင်းစောင့်သူစောင့်၊ ကင်းလှည့်သူ လှည့်၊ အိပ်သူတွေကဖြင့် အိပ်နေနှင့်နေကြပြီထင့်၊ ထိုအခါသမယဝယ် ရွာလယ်လောက်ဆီမှ



ခွေးတစ်အုပ်၏ ရှူရှာထိတ်လန့်ဖွယ် ကျက်သရေကင်းမဲ့စွာ ဆွဲဆွဲငင်ငင်အူသံများက သွေးပျက်လုခမန်း ကြားရပါတော့၏၊ အင်း - နောက်ထပ်တစ်လောင်းတော့ သွားရှာလေပြီ ထင်ပါရဲ့၊

(၃)

ရိက္ခာအတွက် ကြက်အရှာထွက်ရင်း ရှယ်လယ်ဆေးပေးခန်းသို့ ကျွန်တော်တို့ ရောက်ရှိသွားချိန်ဝယ် ဆရာမလေး "နော်ခြူးရီ"အား အခန့်သင့်ပင်တွေ့လိုက်ရ၏၊ အချိန်မှာ နေဝင်ရီတရော အမှောင်နှင့်အလင်းတို့ သူနိုင်ကိုယ်နိုင် အားပြိုင်နေကြဆဲမို့ လင်းသည်ဟု မဆိုသာသလို အမှောင်ထုတလည်း ...

လမ်းလျှောက်တတ်ခါစ ကလေးငယ်လို တစ်လှမ်းချင်း သွေးထိုးစမ်းနေချိန်၊ အမှန်ကို ဝန်ခံရလျှင် ကရင်သံဝဲဝဲလေးနှင့် ချစ်စဖွယ်စကားကို ဆိုတတ်သည့် ဆရာမလေး နော်ခြူးရီအား စတင်သိကျွမ်းသည့် အချိန်မှစ၍ ကျွန်တော်သည်  သူမအား တိတ်တခိုးလေး ချစ်နေမိပါသည်၊ စေတနာ၊ ဓါသနာ၊ အနစ်နာတို့ကို အရင်းတည်လျက် ကရင်ပြည်နယ်မှ ဤမျှဝေးလံခေါင်သီသော နယ်စွန်နယ်ဖျားများ၊ ဇနပုဒ်ရွာလေးသို့ မညည်းမညူ တာဝန်ထမ်းဆောင်ခြင်းအတွက် နဂိုကပင် တန်ဖိုးထားရသော ဆရာမလေးအပေါ် ခုက်ယူခြင်း၊ အထင်ကြီးခြင်းများက ထပ်လောင်းကာ ပက်ကျဲလိုက်သည့်နှယ် ...

"လူကြီးကြိုက်တော့ ဂုဏ်ရှိုဆယ်"ဆိုသလို သမာမိပိုး ပိုးနေသည့် ကျွန်တော့်အပေါ် တပည့်များကလည်း ရိပ်စားမိလာပုံရ၏၊ ကရင်ဆရာမလေး နော်ခြူးရီထံသို့ တိုင်းခန်းလှည့်လည်ရာတွင် ကျွန်တော့်တပည့်ကျော်နှစ်ယောက်ဖြစ်သည့် ခင်ကြိုင်နှင့် ထွန်းဆိုင်တို့ကလည်း ပါရမီဖြည့်ဖက်အဖြစ် အဆစ်ပါလာခဲ့ခြင်း ဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"တို့ဆရာလုံကတော့ ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးဆိုသလိုဟန်ကျ လိုက်တာ"

တပည့်ဖြစ်သူထွန်းဆိုင်၏စကားကြောင့်ကျွန်တော့်မှာ လူကြီးရှက်တော့ ရယ်ဆိုတာ တဟဲဟဲရယ်ပြီး ...။

"ဟေ့ကောင် - ပေါက်ကရစကားတွေ ပြောမနေနဲ့၊ တော်ကြာ - ဆရာမ လေး ကြားသွားမှ ဟုတ်ပေ့ဖြစ်နေဦးမည်"

ဟု ဟန့်တားလိုက်ရသည်။

"ကြားသွားတော့လည်း နားဖောက်ပြီးသား ဖြစ်သွားတာပေါ့ ဆရာလုံ၊ တို့ ဆရာလုပျိုကြီး စွံသွားတာ ဒီက တပည့်တွေ မြင်ချင်လှပြီဆရာ၊ ဒါမှ ဆရာ မိန်းမလက်ရာ ထမင်းဟင်းတွေကို မြိန်ရေရှက်ရေနဲ့ အတိုးချပြီး စားရတော့မှာ ဟုတ်တယ် မဟုတ်လား - ထွန်းဆိုင်"

အတူပါလာသည့် ခင်ကြိုင်က ထွန်းဆိုင်ကို အဖော်ညှိရင်း ကျွန်တော့် အား အဆင်းတွန်းချလိုက်၏။ "ဒီကောင်တွေကတော့ကွာ ပြောလေကဲလေ၊ မန်းလေပြလေပါပဲလား။ မင်းတို့စကားတွေကို ဒီနေရာမှာပဲ တော်တန်တိတ်၊ ရှေ့မှာ ဆေးပေးခန်း တွေ့တယ်မဟုတ်လား၊ ကဲ - အထဲဝင်ကြမယ်"

ကျွန်တော်က စိတ်မဆိုးသော်လည်း ဟန်ကိုယ့်ဖို့လုပ်ရင်း ဆေးပေးခန်း အတွင်းသို့ တပည့်များနှင့်အတူ မလုံမလဲစိတ်ဖြင့် ဝင်လိုက်သည်။

ဆရာမလေး နော်ခြူးရီမှာ ဆေးအိတ်၊ လက်အိတ်၊ နားကြပ်များကို ကိုင် တွယ်စစ်ဆေးပြီး အလုပ်ရှုပ်နေသည့်ပုံဖြင့် ဝင်လာသည့် ကျွန်တော်တို့အား လှမ်းကြည့်ရင်း သူ့မျက်နှာမှာ လက်ခနဲ ဝင်းလက်သွားပါ၏။

"ဟော - ဆရာတို့လာတာနဲ့အတော်ပဲ၊ ဒီည မွေးလူနာရှိလို့ နောက်တစ် နာရီကျော်ကျော်လောက်ဆို ကျွန်မ သွားရတော့မယ်။ ခုတောင် ဆရာ့ဆီ လူလွှတ်ပြီး အကြောင်းကြားနိုင်းတော့မလို့၊ ဒါနဲ့ - ကျွန်မသွားခင် ဆရာတို့ကို အကူအညီတစ်ခုလောက် တောင်းချင်လို့"



နော်ခြူးရီက ရှက်ရွံ့အားနာသည့် မျက်နှာပေးနှင့် ကျွန်တော့်ကို ခွေ ကြည့်ရင်း ဆေးအိတ်ကို နေသားတကျ နေရာချပြီး ပြောလာသည်။

"ဘာအကူအညီပေးရမလဲ ပြောပါ ဆရာမ၊ ကျွန်တော် ပေးနိုင်မယ့် အကူအညီဆိုရင် အသက်စွန့်ရ၊ စွန့်ရ ပေးဖို့အသင့်ပါ"

"မစွမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိ" မို့ ဆရာမလေး၏ မျက်နှာအား ရွှန်းရွှန်းစားစားကြည့်ရင်း ကျွန်တော့်မှာ စေတနာ ရေစီးကမ်းပြို လိုက်လိုက်ရ၏။

"အမလေး - ပိုတတ်ရန်ကော ဆရာရယ်၊ အသက်စွန့်ရလောက်အောင် အကူအညီပေးဖို့ မလိုပါဘူး၊ အဲ - ဒါပေမဲ့ ..."

ဆရာမက စကားစတန်းလန်းနှင့် ကျွန်တော့်အား အကဲစမ်းသလိုကြည့် လိုက်၏။

"ဘာ - ဒါပေမဲ့လည်း ဆရာမ၊ ပြောသာပြောပါ၊ အားမနာနဲ့"

"ဟိုလေ - ဟိုး - အခု ကျွန်မ မွေးပေးရမယ့် မွေးလူနာက ရိုးရိုးသာမန် မိန်းမ မဟုတ်ဘူး၊ အင်း - ဘယ်လိုပြောရမလဲ၊ ယောကျ်ားမရှိဘဲနဲ့ ကိုယ်ဝန် လွယ်ထားရတာတဲ့၊ ခု - နေ့စေ့လစေ့နဲ့မို့ ညတွင်းချင်း သွားမွေးပေးရမှာ"

"ခပ်စောစောကပဲလက်ထောက်ဆရာမလေးတစ်ယောက်ကိုကြိုလွှတ် လိုက်ပြီးပြီ"

မျက်နှာပူပူနှင့် နေးကန်စွာပြောနေသည့် ဆရာမစကားကြောင့် ကျွန် တော့် ဦးနှောက်မှာ ချွေးကိုယ်နှင့် တဒင်္ဂမျှ ကင်းလွတ်သွားရသည်၊ တွေဝေ ခြင်း၊ ဝေခွဲမရခြင်းများစွာဖြင့် ...

"ဘယ်လို - ဘယ်လို - ယောကျ်ားမရှိဘဲကလေးမွေးမယ်၊ ဒါဆိုရင် လင် ကောင်မပေါ်ပဲ တိုးတိုးတိတ်တိတ်မွေးပေးရမှာမို့ ဆရာမက ကျွန်တော့်ကို အကူအညီတောင်းတာလား"

တုံးတိတိ ပြောချလိုက်သည့် ကျွန်တော့်စကားကြောင့် ဆရာမလေး နော်ခြူးရီမှာ ကွက်ခနဲ မျက်နှာတစ်ချက် ပျက်သွားရှာ၏။ သည်...

www.burmeseclassic.com

မျိုးမှာ ယောကျာ်းသားတစ်ယောက် သို့မဟုတ် စစ်သားတစ်ယောက်ဖြစ်သည့်ကျွန်တော့်အားလင်ယူသားမွေးကိစ္စကိုတိုင်ပင်ရမှာမို့တော်ရုံနှင့်မဆုံးဖြတ်နိုင်ပဲ ချီတုံချတုံ ဖြစ်နေပုံရသည်။

ဆရာမလေး နော်မြူးရီက သူမ၏လှပသော နှုတ်ခမ်းကလေးကိုဖိကိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုကို အမိုင်အမာ ချလိုက်ဟန်ဖြင့် ...

"အင်း - ပြောရမှာ မျက်နှာတော့ ခပ်ပူပူပဲ ဆရာရယ်၊ ဒါပေမဲ့လည်း မလွှဲသာလို့သာ ပြောရမှာ၊ နားနဲ့မနာ ဝေါးနဲ့ နာပါဆရာ၊ ခုဖြစ်ပုံဟာ ခပ်ဆန်းဆန်းရယ်၊ ကျွန်မလည်း ဒီလိုတစ်ခါမှမကြုံဖူးတော့သွားမွေးပေးရမှာတောင် ခပ်လန့်လန့်ရယ်၊ မပြောမပြီး မတီးမမြည်ဆိုသလို ကျွန်မ ရှင်းရှင်းပဲ ပြောပါရစေတော့၊ အခု ကျွန်မ သွားမွေးပေးရမယ့် နန်းကြာမုံဟာ တခြားသူ မဟုတ်ဘူး ဆရာရဲ့၊ တစ်လောကမှ သေသွားတဲ့ အိုက်ပြားရဲ့မိန်းမပဲ"

ဟု တုံးတိတိကြီး ပြောချလိုက်ပါတော့သည်။

"ဗုဒ္ဓေါ - မြတ်စွာဘုရား" ဆရာမ၏နောက်ဆုံးစကားကြောင့် ကျွန်တော့်မှာ ခေါင်းခေါင်းကြီး မိုးကြိုးပစ်ခံလိုက်ရသလို ကြောင်စီစီ ဖြစ်သွားပါ၏။

အာမေဋိတ်သံ လွှတ်ခနဲ ရွတ်မိအပြီး ဒါဆိုရင် လူတွေပြောနေကြတဲ့ မြွေကိုက်ခံရပြီး ဖုတ်ဖြစ်သွားတဲ့ အိုက်ပြားဆိုတာလား" ဟု အံ့သြခြင်းကြီးစွာဖြင့် မေးလိုက်မိသည်။

"အစစ်ပဲပေါ့ - ဆရာ၊ အိုက်ပြားဟာ သေသာသွားတယ် လုံးဝမပုပ်မသိုးဘူးတဲ့၊ ခါတိုင်းလို သူ့လင်အဖြစ်နဲ့ပဲ လမိုက်ညတွေရောက်တိုင်း သချိုင်းက ထထလာလာပြီး အိပ်နေကျတဲ့ ဆရာ"

ဆရာမ၏ အသံလွင်လွင်ကလေးနှင့် ပြောပြနေသည့် စကားသံစဉ်နှင့်အတူ ကျွန်တော်သည် နွေညတစ်ညကအဖြစ်ကို ပြန်တွေးနေမိတော့သည်။ ထိုစဉ်က လက်ဖက်ရည်ကြမ်းဝိုင်းမှာ "ခင်ကြိုင်" ပြောပြနေခဲ့သည့် စကားသံများ။



"အဲဒီဖုတ်ဖြစ်နေတဲ့ အိုက်ပြားက မသေဘူးတဲ့၊ ဖုတ်ဘဝနဲ့ ညည ဆိုရင် သင်္ချိုင်းကုန်းက ထလာပြီး သူ့မိန်းမနဲ့ လာ လာအိပ်တာတဲ့၊ သူ့မိန်းမနဲ့ လာလာအိပ်တာတဲ့" ခင်ကြိုင် ပြောနေသံဟာ ကျွန်တော့် နားစည်ထဲ လှုပ်ခတ်ကာ ပဲ့တင်ထပ်နေ၏။

"ဖုတ်ကောင်က သူ့မိန်းမနဲ့ လာအိပ်တယ်၊ ဒါ - ဖြစ်နိုင်ပါ့မလား၊ ဒါဆိုရင် ခင်ကြိုင်ပြောတာနဲ့ ဆရာမစကားက တစ်ထပ်တည်းပဲပေါ့"

မယုံကြည်နိုင်လောက်သော အတွေးများနှင့်အတူ ကျွန်တော့်မှာ မှင်တက်နေမိသည်၊ ကျွန်တော့်ဖြစ်အင်ကို ကြည့်ရင်း ဆရာမလေး နော်မြူးရီက ...

"ဆရာ မယုံဘူးမဟုတ်လား၊ ကျွန်မတောင်ကြားခါစက ယုံတောင်မယုံချင်ဘူး ဆရာရယ်၊ သူများအကြောင်းလည်း မကောင်းမပြောချင်ပါဘူး၊ ကောင်မလေးခမျာ လင်ကလည်း မရှိတော့ ဖော်လီဖောက်ပြားပြီး တခြားတစ်ယောက်ယောက်နဲ့ပဲ မှားမိကြတာပဲလားလို့ပေါ့၊ ကျွန်မလေ ထင်ယောင်ထင်မှားနဲ့တောင် စဉ်းစားနေမိသေးတယ်၊ အဲ - နန်းကြာမုံကို ကြည့်ရတာလည်း ရိုးရိုးအအနဲ့ဆိုတော့ စဉ်းစားရခက်နေပြန်တယ်၊ နောက်ပြီးယောကျာ်းဖြစ်သူက ဖုတ်ဖြစ်နေတယ်လို့ ကြားရပြန်တော့ ဘယ်ကာလသားကမှ သူ့အနား မကပ်ရဲကြဘူးလေ"

ကျွန်တော်သည် ပြောလက်စဆရာမစကားကို အင်းမလှုပ် အဲမလှုပ် ငြိမ်သက်စွာ နားထောင်နေမိ၏၊ ၎င်းက ဆက်လက်၍ ...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး နန်းကြာမုံ ကိုယ်ဝန်က မဖုံးနိုင်မဖိနိုင် ဖြစ်လာတော့မှ သူကြီး ဦးစိန္တာက သူ့ကို ခေါ်တွေ့တယ်"

သူကြီးက - နင်ဘယ်သူနဲ့ အိပ်လို့ ဗိုက်ကြီးလာတာလဲ၊ ငါ့မှန်မှန် ပြောစမ်း၊ လိမ်မယ်တော့ မကြံနဲ့၊ မှန်မှန်မပြောရင် နင့်ကို ကြိမ်ဒဏ်လည်း ပေးမယ်၊ ရွာကလည်း အပြီးအပိုင် မောင်းထုတ်ပစ်မယ်၊ ဘယ့်နှယ်ကွာ - နင်တို့ တမြင်းချင်တိုင်း ကမြင်းနေတော့ တို့ ရွာနာတယ်၊ ငါ့ကို အမှန်အတိုင်းပြော



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုရင် အသက်ညှာဆုံး စဉ်းစားပေးမယ်လို့ ခြောက်တစ်လှည့်၊ ချော့တစ်လှည့် မေးတော့မှ ရှမ်းမလေး နန်းကြာမုံက တုန်တုန်ယင်ယင်ဖြင့် ရှိကြီးခိုးပါရဲ့ သူကြီးမင်းရယ်၊ ဒီဗိုက်က ကျွန်မ ယောက်ျားနဲ့ ရတဲ့ ဗိုက်စစ်စစ်ပါ၊ သူကြီး မယုံရင် ရှမ်းမလေး နန်းကြာမုံရဲ့ စကားတောင် အဆုံးမသတ်လိုက်ရဘူး၊ ပြူး ကျယ်ကျယ် မျက်လုံးနှစ်လုံးဟာ ရှေ့ကို တစ်လက်မလောက် ပြူးထွက်လာ သလား အောက်မေ့ရတယ်၊ သူ့မျက်ခုံးနှစ်ဖက်ကလည်း လေထဲ မြောက် တက်လုနီးနီးပေါ့ ဆရာရယ်ဟု ဆရာမက ဆက်၍ပြောတယ်၊

"သူကြီးရဲ့ ဖောင်းပွပွမျက်နှာကြီးကလည်း ဒေါသနိုးတွေနဲ့ ရဲရဲကို တောက်လို့ပေါ့ ဆရာရယ်"

"ဟယ် - ဒီကောင်မ၊ ငါ ပြောလိုက်ရမကောင်းပဲရှိတော့မယ်၊ ငါက မယုံ လို့ သချိုင်းကုန်း လိုက်သွားပြီး ညည်းလင် အသုဘမသာကောင်ကြီးကို "ထ - ထ" လို့ နှိုးပြီး မေးရမှာလားကွ"

သူကြီးစကားကြောင့် ကျွန်မတို့မှာ ကြိတ်ပြီး ရယ်ချင်ပက်ကျိဖြစ်လိုက် ရသေးတယ် ဆရာ၊

သူကြီး စိတ်တိုတိုနဲ့ ဆက်ပြီး စစ်မေး မေးပါသေးတယ်၊

"နင့်ယောက်ျား ငအိုက်ပြားက သေပြီပဲဥစ္စာ၊ နင့်ကို ဟိုလေကွာ - ဘာ လုပ်နိုင်မှာလဲကွ၊ သူကြီးက စိတ်အရမ်းတိုနေတယ်၊ ရှမ်းမလေးကလည်း အလိုက်ကမ်းဆိုးကို မသိဘူး၊ ရှမ်းသံဝဲဝဲလေးနဲ့ ဝဲ့စကား နွားရ ဆက်ပြော တယ်၊

"သူ သေတယ်၊ ဒါပေမဲ့ - သူ တစ်ကယ်မသေဘူးလို့လည်း ပြောတယ် သူကြီး"

"သူ့ဆံပင်တွေ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေကလည်း အရှည်ကြီး ပဲ၊ အစွယ်ကလည်း ခွေးစွယ်လို့ ထွက်နေတယ်၊ ပြီးတော့ ကျွန်မကို သူနဲ့ မအိပ်ရင် သတ်ပစ်မယ်လို့လည်း ခြိမ်းခြောက်တယ်"

နန်းကြာမုံ၏ ဝန်ခံချက်၊ သူကြီး၏ စစ်မေးချက်များကို ဆရာမလေး နော်ခြူးရီက ဖောက်သည်ချအပြီး ...



"အဲသည်တုန်းကပေါ့ ဆရာရယ်၊ သူကြီးနဲ့ ရှမ်းမလေးတို့ရဲ့ အချီအချ ပြောနေသံကို နားထောင်ပြီး ကျွန်မတို့မှာ ငိုအားထက် ရယ်အားသန်လိုက်ရ သေးတယ်" ဟု ဆရာမလေးက ရင်းသိခဲ့ရသည့် အတွေ့အကြုံကို စိကာပတ် ကုံး အဆုံးသတ်လိုက်ပါသည်၊ တစ်ဆက်တည်းမှာပင် ကျွန်တော်က ...

"ကဲ - ဒီတော့ ဆရာမ ဘယ်လိုဆုံးဖြတ်မှာလဲ တစ်ကယ်သွားမွေးပေး မှာလား"

ဟု အမေးရှိသည်နှင့် ဆရာမက ...

"ဘယ်တတ်နိုင်မလဲ ဆရာရယ်၊ သူ့ဆန်စားရဲမှလို့ ဆိုကြတယ် မဟုတ် လား၊ တာဝန်အရဆိုပေမယ့်လည်း မွေးပေးရမှာပေါ့"

ကျွန်တော့်မှာ ဆရာမ၏ ဆုံးဖြတ်ချက်စကားကြောင့် သူမအား ပိုပြီး လေးစားလာမိတော့သည်၊

"အာဂဆရာမပဲဟေ့၊ ဖုတ်ကောင်ရဲ့ မိန်းမကို မွေးပေးရတော့မှာဆို ပါလား"

သည်တော့မှ ဆရာမက ပါးချိုင့်ကလေး နှစ်ခွက်ပေါ်အောင် ပြုံးရင်း ...

"ဒါကြောင့် - ဆရာတို့ကို အကူအညီတောင်းရတာပေါ့"

"ဘယ်လိုလဲ - ကူညီနိုင်ပါ့မလား"

ဆရာမလေး နော်ခြူးရီ၏ အပြုံးလဲ့လဲ့မှ ပွင့်အာလာသည့် ဆည်းလည်း သံ ရှိုလဲ့လဲ့ကြောင့်ပင် ကျွန်တော်သည် တွန်းလှန်နိုင်သည့် စွမ်းအင်များ ကုန်ခန်းသွားသည့်အလား နော်ခြူးရီအတွက် ကတိပေးလိုက်ရတော့၏၊

"ကဲ - ကဲ - လှိုက်လှိုက်လှဲလှဲကို ကူညီပါ့မယ်ဗျာ၊ ဘယ်လိုကူညီရမလဲ ဆိုတာသာ လင်းစမ်းပါဦး"

"ကျွန်မတို့ မိုးစုပ်စုပ်ချုပ်တာနဲ့ မီးနေသည်အိမ်ကို ဝင်ကြမယ်၊ ခုချိန်က စပြီး တစ်နာရီကျော်လို့မှ ကျွန်မတို့ ဆရာ့စခန်းကို ရွာသားတွေလွှတ်ပြီး အကြောင်းမကြားနိုင်ဘူးဆိုရင် ဆရာတို့ သေနတ်ဆွဲပြီးသာ လိုက်လာခဲ့ကြ ပေတော့"

www.burmeseclassic.com

"ကဲ - ကျွန်မလည်း သွားဖို့အချိန်တန်ပြီ၊ ဟော - ဟိုမှာ အခေါ်လွှတ်ဖို့ လိုက်လာကြပြီ"

ပြောရင်းဆိုရင်းမှာပင် ဆရာမအား လာကြိုသည့်လှည်း ရောက်လာသည်နှင့် ၎င်းက ဆေးအိတ်ကိုယူပြီး အလောတကြီးနှင့် လှည်းပေါ်သို့ တက်သွားပါတော့သည်။

လှည်းပေါ်မှ လက်ဝှေ့ယမ်းပြနှုတ်ဆက်ထွက်ခွာသွားသော ဆရာမလေး နော်မြူရီအား ရီဝေစွာငေးကြည့်ရင်း ကျွန်တော့်မှာ ပဟေဠိများစွာဖြင့် ကျန်ရစ်ခဲ့ပါတော့သည်။



ယောကျ်ားလေး - ဆရာရေ့၊ ဒါပေမဲ့ - မွေးကတည်းက
အစွယ်နဲ့ ဆရာ။ မျက်နှာကလည်း အကြီးကြီးပဲ။
သပြေသီးမှည့်လို ပုပ်အဲ့အဲ့နဲ့ မည်းသည်းနေတာပဲ။
တကယ့်ဘီလူးလေးအတိုင်းပဲ။ ကျွန်မတို့လည်း မကြည့်ရဲလို့
စောင်စုတ်နဲ့ ပတ်ထုပ်ထားလိုက်တယ်။
ဆရာ ကြည့်ရဲရင် ယူကြည့်လေ ...



(၄)

ချောက်ချားရသော ညတစ်ည

ညဥ့်သည် အမှောင်ကမ္ဘာ၏လွှမ်းမိုးချုပ်ကိုင်မှုကြောင့် မဟာရာကမ္ဘလာကို ဖြန့်ကျက်လိုက်ရလေပြီ။ ရွာလယ်မှ စဉ်ဆက်မပြတ် အူနေသည့် ခွေးအူသံများက ကျွန်တော်တို့ စခန်းကုန်းဘက်ဆီသို့ ပျံ့လွင့်လာချေပြီ။

ခွေးအူသံမှာ တစ်စုံတစ်ရာသော အရိပ်၊ အကောင်ကိုတွေ့၍ ထိတ်လန့်တကြား ထိုးဟောင်နေရာမှ တအင်းအင်း ညည်းသံအဖြစ်သို့ ပြောင်းသွားသည့်အသံ၊ ထိုမှ အစုလိုက် အအုံလိုက် အူလိုက်ကြသည့်အသံများမှာ ကမ္ဘာပျက်သည့်အလား ချောက်ချားစရာ ကောင်းလှချေ၏။

တရွေ့ရွေ့သွားနေသည့် စက္ကန့်သံများက မိနစ်ဆီသို့၊ မိနစ်မှသည် နာရီလက်တံသို့ အချိန်ယန္တရားက တာဝန်ကျေစွာ ပြောင်းလဲပေးနေသည်ကို သတိထားမိရင်း ...

"အင်း - ဆရာမလေးပြောတဲ့အတိုင်းဆိုရင် တို့ သွားဖို့ အချိန်တန်ပြီ"

"ကဲ - ရဲဘော်တို့၊ သေနတ်တွေ အသင့်ပြင်ကြ၊ သွားကြမယ်"

ကျွန်တော်သည် တပ်စုထဲမှ စိတ်တိုင်းကျ ရွေးချယ်ပြီးသား တပ်သား သုံးယောက်အား သတိပေးစကားပြောရင်း နေရာမှ ထလိုက်သည်။

ခင်ကြိုင် အပါအဝင် တပ်သားနှစ်ဦးမှာ မိမိထသည်နှင့် ပြိုင်တူထရပ်ကြပြီး အသင့်အနေအထားဖြင့် ကျွန်တော့်အနားတွင် လာရောက်စုရုံးကြ၏။

"မင်းတို့ သေနတ်တွေ ကျည်ထိုးထားကြ၊ မောင်းထိန်းခလုတ်ကိုတော့ ပိတ်ထား၊ ငါ့အမိန့် မရမချင်း မပစ်ကြနဲ့၊ ကဲ - ဘာမေးစရာရှိလဲ"

"မရှိပါဘူး - ဆရာ"

ကဲ - ဒါဆိုရင် ဆက်ထွက်ကြမယ်"

ကျွန်တော်တို့လည်း မဟာရာညဥ့်လွှာရုံအောက်ဝယ် သတိကြီးစွာ ထား ရင်း ခြေသံလုံလုံဖြင့် ရွာတွင်းသို့ဝင်ခဲ့ကြတော့၏။ တို့ထိတို့ထိ ခွေးဟောင်သံ



www.burmeseclassic.com

www.burmeseclassic.com

နှင့်အသံများကတော့ဝန်းကျင်တစ်ခွင်လုံးအဆက်မပြတ်ဆိုသလိုကြားနေရ၏။

ကျက်သရေကောင်းမဲ့သည့်ခွေးအူသံနှင့်အတူတစ်ချက်တစ်ချက်ငှက်ဆိုးကောင်တို့က ကျွန်တော်တို့ခေါင်းပေါ်ဖြတ်ပျံရင်း ဂစ်ခနဲ သေငယ်ဖောအသံဖြင့် အော်မြည်သွားကြသေး၏။

"အူး - အူး - အူ - ဟူး - ဂစ် - ဂစ် - ဂစ်"

ခွေးတွေက အူ၊ ငှက်ဆိုးတွေက ထိုးနှင့် ကျွန်တော့်ရဲဘော်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခြေလှမ်းများ ကြောက်ဒူးတုန်နေကြရှာ၏။

တစ်ချက်တစ်ချက်မှာ မိမိတို့ရှေ့မှဖြတ်ပြေးသွားသည့်ခွေးနက်အုပ်ကြီး၏ တွတ်တွတ်နီနေသော အမိုးအလျှံမျက်လုံးများနှင့်အတူ အူနေသည့်အသံများကလည်း နားမချမ်းသာစရာ၊ ကျောချမ်းချင်စရာ ကောင်းလှ၏။ နာရီဝက်ကျော်ကျော်ခန့်လျှောက်လာမိတော့မှ ဆရာမလေးကလေးမွေးပေးနေသည့်အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားပါတော့၏။

လမိုက်ည၏ မှိန်ပျပျအလင်းရောင်အောက်ဝယ် ခနော်ခနဲ့နှင့် ပြင်သူမရှိသော တဲအိမ်စုတ်မှာ သရဲတစ်ကောင် မတုန်မလှုပ် ဆောင့်ကြောင့်ထိုင်နေသည့်နှယ်။

ထိုစဉ် အိမ်၏ တံစက်မြိတ်အောက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် အရိပ်မည်းကြီးတစ်ခုအား မထင်မရှား လရောင်ဖြတ်အသွားမှာ ရျောက်ချားစွာ မြင်လိုက်ရတော့၏။

"ဆရာ - ဟို - ဟိုမှာ - ဘာကောင်ကြီးလဲ မသိဘူး၊ ရိပ်ခနဲ - ရိပ်ခနဲ ပေါ်ချီတစ်ခါ မြုပ်ချီတစ်လှည့် မြင်နေရတယ်၊ ဆရာမတို့ကော တွေ့မိလား"

တပည့်တစ်ဦးမှ ကျွန်တော့်လက်ကို ကြောက်ကြောက်နှင့် ဆွဲရင်း လေသံဖြင့် တီးတိုးပြောလိုက်၏။



"အေး - တိတ်တိတ်လေးနေ၊ ငါ မြင်တယ်၊ ဒါ သွေးရိုးသားရိုးတော့ ဟုတ်လောက်ဘူး၊ မီးနေသည့်အိမ်ဆိုတော့ လာစောင့်ရှောက်ပေးတာလား၊ စားဖို့ လာတာလားတော့ မသိဘူး"

ကျွန်တော်က တပည့်အား လေသံသဲ့သဲ့ဖြင့် စကားမပြောဖို့သတင်းပေးရင်း လုံခြုံရေးစလုတ်အား အဆင်သင့်ဖွင့်ထားရန် လှည့်ပြောလိုက်၏။

ထိုစဉ်မိမိတို့စောင့်ကြည့်နေသည့်မီးနေသည့်အိမ်ဘက်မှ အူဝဲ - အူဝဲ - အူဝဲဟု မွေးကင်းစကလေး၏ ငိုသံသဲ့သဲ့အား စတင်ကြားလိုက်ရတော့၏။

တစ်ဆက်တည်းမှာပင် မည်းမည်းအကောင်ကြီးကလည်း တဲလှေကားထစ်သို့ လှမ်းတက်ဖို့အလုပ် "ပစ် - ပစ်" ဟု ကျွန်တော့်အမိန့်ပေးသံနှင့်အတူ "ဒိုင်း - ဒိုင်း - ဒိုင်း" ဟူသော သေနတ်သံများက အဆက်မပြတ်ပင် မြည်ဟည်းသွားပါတော့သည်၊

မရှေးမနှောင်းမှာပင် မည်းမည်းအကောင်ကြီးသည် လေ၏ လျင်မြန်သောအဟုန်ဖြင့် ရွာအစွန် သချိုင်းဘက်သို့ သုတ်ခြေတင်ကာ ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရတော့၏။

"ဟိုအကောင်ကြီးတော့ ပြေးပြီ၊ ကဲ - အိမ်ပေါ်တက်ကြရအောင်"

ကျွန်တော့် ညွှန်ကြားချက်မှုမဆုံးခင် အားလုံး အိမ်လှေခါးထစ်ပေါ်သို့ တက်မိကြသည်နှင့် ဆရာမလေး နော်ခြူးရီက ဆရာတို့လားဟု ဖွဖွမေးရင်း တစ်လက်စတည်း တံခါးထဖွင့်ပေးပါ၏၊

"အချိန်ကိုက်ပဲ ဆရာရေ၊ ခုလေးတင်ပဲ နန်းကြာမုံ မွေးတယ်၊ ကျွန်မလည်း စိတ်မချတာနဲ့ သူကြီးဦးစိန္တာတို့အဖွဲ့ကို အဖော်ခေါ်ထားလိုက်ရသေးတယ်"

"နန်းကြာမုံကလေး မမွေးခင်တုန်းက အပြင်ဘက်မှာ တဖျပ်ဖျပ်နဲ့ လမ်းလျှောက်နေတဲ့ ခြေသံတွေတော့ ကြားနေရတယ်။ ကျွန်မတို့လည်း ကြောက်လွန်းအားကြီးလို့ ဘယ်သူမှ အပြင်ထွက်မကြည့်ရဲကြဘူး"

ဆရာမလေး ပြောအပြီး ရှမ်းခေါင်းပေါင်းကြီး တကားကားနှင့် သူကြီးချစ်သူက ...

www.burmeseclassic.com

"ဟုတ်ပေါ့ - ဆရာလုံ။ ဌါန်ဒေါ် (ကျွန်တော်)လည်း ဒီကဆရာမလေး တွေကို အဖော်လုပ်ရင်း မျက်မြင်သက်သေအနေနဲ့ လာစောင့်ပေးတာပါ"

ဟု ဆရာမ စကားအား ထောက်ခံရင်း ပြောလာပါ၏။ သည်တော့မှ ကျွန်တော့်မှာ တောင်တောင်အီအီအတွေးဖြင့် တစ်အိမ်လုံးအနှံ့ လှည့်ပတ်ကြည့်ရှုရင်း ...

"ဒါထက် ဆရာမ - ကလေးလည်း မမြင်ပါလား။ ဘာလေးမွေးတုံး" ဟု စူးစမ်းလိုက်ရ၏။

"ယောကျ်ားလေး ဆရာရေ၊ ဒါပေမဲ့ - မွေးကတည်းက အစွယ်နဲ့ဆရာ။ မျက်နှာကလည်း အကြီးကြီးပဲ၊ သပြေသီးမှည့်လို ပုပ်အဲ့အဲ့နဲ့ မည်းသည်းနေတာပဲ၊ တကယ့်ဘီလူးလေးအတိုင်းပဲ၊ ကျွန်မတို့လည်း မကြည့်ရဲလို့စောင်စုတ်နဲ့ ပတ်ထုပ်ထားလိုက်တယ်။ ဆရာ ကြည့်ရဲရင် ယူကြည့်လေ"

ဆရာမစကားအဆုံးမှာ ကျွန်တော်လည်း မရဲသော်လည်း ကျွဲပြုစီးလုပ်ကာ စောင်စုတ်အတွင်းမှ ကလေးမျက်နှာအား လှုပ်ကြည့်လိုက်တော့သည်။

"ဟာ ..."

"ဟင် ..."

"အလိုလေး - ကြောက်စရာကြီးပါလား"

ကျွန်တော့်နောက်မှကျော်ခွပြီးအလုအယက်ကြည့်နေကြသည့်ရဲဘော်များနှင့် ကျွန်တော့် နှုတ်ဖျားမှ အာမေဋိတ်သံများ ပြိုင်တူထွက်လာကြတော့၏။

ကျွန်တော့် တစ်သက်တာတွင် ဤမျှ အရုပ်ဆိုး အကျည်းတန်ပြီး ကြောက်စရာအလွန်တရာကောင်းလှသည့် မွေးကင်းစကလေးမျိုးကို မတွေ့ဘူး၊ မမြင်ဘူးရိုး အမှန်ပါ။ ညစ်ထေးထေး မွဲခြောက်ခြောက် အသားအရေ



တစက်စက်အိတွဲကျနေသည့် အရိအရွဲ ဖောင်းကားပြီး ပေါက်ကွဲထွက်တော့ မည့်အလားပြူးကြောင်ကြောင် မျက်လုံးနှစ်လုံး၊ ထော်အမ်းအမ်းနှုတ်ခမ်းနှင့် အတူ အစွယ်နှစ်ချောင်းကလည်း ရှေ့သို့ ငေါထွက်နေသည်မှာ မြင်ရသူအဖို့ လိပ်ပြာလွင့်လောက်ချင်စရာ။

ထိုအခြင်းအရာအား စိတ်ဝင်တစားကြည့်နေစဉ် သူကြီးဖြစ်သူက တဒင်္ဂငြိမ်သက်နေမှုကို ဖြိုခွင်းလိုက်တော့၏။

"ကဲ - ဆရာလုံတို့ အချိန်ရတုန်း ဟိုအကောင်နောက်ကို လိုက်မှဖြစ်မယ်၊ နောက်ကျတာနဲ့ တစ်ရွာလုံးကိုဒီကောင် ဒုက္ခပေးတော့မယ်၊ ကဲ - ဒီက ဆရာမ ဖလေးတွေတော့ ဒီမှာပဲ မီးနေသည် စောင့်နေနှင့်ကြဦး၊ ဌါန်ဒေါ့ (ကျွန်တော့်)တပည့်တွေကို အစောင့်ချထားပေးမယ်၊ ကဲ - အိုက်ပန်၊ မင်းဓါတ္တိနဲ့ လိုက်ခဲ့"

"ဒီက ဆရာလုံတို့နဲ့ သချိုင်းကုန်း သွားကြမယ်"

သူကြီးသည် ဆရာမများကို မှာကြားပြီး တစ်ဆက်တည်းမှာပင် သူ့တပည့် အိုက်ပန်ဆိုသူအား ခေါ်လိုက်၏၊ အိုက်ပန်မှာ သူကြီး၏ တစ်ချက်လွှတ်အမိန့်အရသာ သချိုင်းမြေသို့ လိုက်ရမည်ဖြစ်သော်ငြား သူ့မျက်နှာမှာ ထိုအချိန်က ဆီးရွက်ခန့်သာ ရှိပေလိမ့်မည်ဟု ကျွန်တော် ခန့်မှန်းလိုက်ရ၏။ ကျွန်တော့် တပည့်များကို ငဲ့ကြည့်မိပြန်တော့လည်း အိုက်ပန်နီးနီး တုန်လှုပ်နေကြရှာ၏။

အမှန်ကို ဝန်ခံရသော် ကျွန်တော်ပင်လျှင် သူတို့နှင့်မခြား ချောက်ချားနေမိပါသည်၊ သို့ပေသိ - ရှောင်လွှဲ၍မရနိုင်တော့သည့်အဆုံး ခေါင်းဆောင်းတို့၏ တာဝန်တစ်ရပ်အနေဖြင့် အန္တရာယ်ကို တော့တော့ဆိုင်ဆိုင်ပင် ရင်ဆိုင်ဖြေရှင်းရပေတော့မည်၊ စိတ်ဓာတ်အင်အားကို ကိုသွင်းဦးမှ၊

"ကဲ - စထွက်ကြမယ်။ အားလုံး သတိရှိရှိနဲ့ ချီတက်ကြပေတော့၊ ရှေ့မှာ ညသမည်းမြင်ရင် ပစ်သာပစ်"



www.burmeseclassic.com

www.burmeseclassic.com

စစ်မိန့်သံဖြင့် ရဲဆေးတင်အပြီး သချိုင်းဘက်ဆီသို့ ဆက်ထွက်ခဲ့ကြ၏။ ခွေးအူသံများကိုလည်း သချိုင်းဘက်ဆီမှ ဆွဲဆွဲငင်ငင် အဆက်မပြတ် ကြားနေရဆဲ။

လူခြေတိတ်ချိန် သက်ကြီးခေါင်းချရိုန်ဖြစ်၍ ပတ်ဝန်းကျင်မှာ ဆိတ်ငြိမ်လွန်းလှ၏။ ခွေးအူသံမှတစ်ပါး "အသံတိတ်ခေတ်" သရဲကား ကြည့်နေသည့်အလား ချောက်ချားစရာ ကောင်းလှ၏။

လမ်းတစ်လျှောက်လုံး စစ်ဖိနပ်ခြေသံနှင့်အတူ ပုစဉ်းရင်ကွဲသံများကလည်း ညဥ့်ယံအား ထိုးဖောက်ပြီး ခြောက်လှန့်နေကြ၏။

သည်လိုနှင့်ပင် သစ်ပင်ချုံနွယ် ပိတ်ပေါင်းများဖြင့် မှောင်အတိ ဖုံးပြီး တောထနေသည့် သချိုင်းကုန်းအစပ်သို့ ရောက်ရှိလာကြတော့၏။

ညောင်မှတ်ဆိတ်ပင် အုပ်အုပ်က သချိုင်းကုန်းအဝင်တွင် လေအသွဲ့မှာ ဘယ်ညာယိမ်းနွဲ့လှုပ်ရှားနေကြ၏။ ဖျင်းရိဖျင်းတွဲကျနေသည့် ကိုင်းထောက်မြစ်များကလည်း တစ္ဆေလက်တံများပမာ လက်ယပ်ခေါ်ငင်နေကြသည်။

မလင်းတစ်လုည့်၊ လင်းတစ်လှည့် လမိုက်ည၏ မဆိုသလောက် အလင်းရောင်အောက်မှာ ရေညှိတက်ပြီး ဟောင်းအိုဆွေးမြည့်နေသည့် အုတ်ဂူများ ကလည်း မခေါ်ဘဲရောက်လာသည့် ညဥ့်ဧည့်သည် သူစိမ်းတို့ကို ခရီးဦးကြိုပြုနေသည့်နှယ်။

မညီမညာလဲပြိုအိတွဲနေသည့် မြေပုံမို့မို့များကကုန်းရုန်းပြီးထလာသလို ပေါ်ရှိတစ်ခါ၊ ငုံ့ရှိတစ်လှည့်နှင့် ...။

ထိုစဉ် သူကြီးက "ဆရာလုံ - ဟိုကောင်ကြီး မြေပုံနားရောက်တော့မယ်။ သတိနဲ့ ဓာတ်မီး (လက်နှိပ်ဓာတ်မီး) ထိုးထားပေးပေတော့" ဟု လေသံဖြင့် သတိပေးလိုက်သည်။

တစ်လှမ်း နှစ်လှမ်းမျှသာ လျှောက်လိုက်ရ၏။

"ရပ်တော့ - ဆရာလုံ။ ဒါ - အိုက်ပြားမြေပုံပဲ" သူကြီး အချက်ပြလိုက်သည်နှင့် ပြိုင်တူ ရပ်လိုက်ကြ၏။ ဒီလို ဖုတ်ကောင်မျိုးက ဒင်း (သင်း) တို့ကို



မြှုပ်ထားတဲ့ မြေစာပုံထဲကထွက်ဖို့ ကယ်ပေါက် (လေရှူပေါက်) တစ်ပေါက်၊ အစာရှာပြီး ပြန်ဝင်ဖို့ တစ်ပေါက် ဖောက်ထားတတ်ကြတယ်။ အဲဒီ အပေါက်နှစ်ပေါက်ကို အရင်ရှာရမယ်"

"နှစ်ပေါက်စလုံး ပိတ်ပြီးတာနဲ့ ဒီကောင် ဝင်လို့ထွက်လို့ မရနိုင်တော့ဘူး"

"ကဲ - အိုက်ပန်၊ မင်းက ကယ်ပေါက်တွေကို လိုက်ရှာ၊ ဆရာလုံတို့က သေနတ်တွေကို အသင့်ကျည်ထိုးထားပေတော့"

သူကြီး၏ စကားအဆုံးတွင် တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်နေရှာသည့် အိုက်ပန်မှာ ကျွန်တော် ထိုးပေးထားသည့် ဓာတ်မီးရောင်အောက်ဝယ် စမ်းတဝါးဝါးဖြင့် ကယ်ပေါက်ကို တုတ်တစ်ချောင်းနှင့် စမ်းရင်း ကလော်ရင်း အလောတကြီး ကုန်းကွကွဖြင့် ရှာနေပါ၏။ မကြာပါချေ။

အိုက်ပန်မှ တွေ့ပြီ သူကြီးဟု သူကြီးဦးစိန္တာအား တိုးတိုးတိတ်တိတ် ပြောလိုက်သည်နှင့် သူကြီးက အိုက်ပန် မင်း အဲဒီနှစ်ပေါက်ကို လုံနေအောင်ပိတ်။ ကဲ - ဆရာလုံတို့အဖွဲ့ကလည်း အလောင်းကို စဖော်ပေတော့ဟု အလောတကြီး ပြောလာပါတော့၏။

အသင့်ယူဆောင်လာသည့် ပေါက်ပြား၊ ဂေါ်ပြားတို့ဖြင့် အားတိုက်အင်တိုက် သုံးလေးပေခန့် တူးအပြီးမှာ အိုက်ပြား၏ ခေါင်းတလားကြီး ပေါ်လာပါတော့၏။

ထိုစဉ်အခါက မိမိနှင့်တကွ အခေါင်းဖော်အဖွဲ့သားများမှာ ဤကဲ့သို့သော အတွေ့အကြုံမျိုး မရှိခြင်းကြောင့် မည်မျှတုန်လှုပ် ချောက်ချားခြင်းသည်ကို စာဖွဲ့၍ပင် ကုန်နိုင်မည်မထင်ပါ။ ကျွန်တော်တို့သည် ဘွားခနဲ ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတလားအား သံတူးရွင်းဖြင့် ထိုးကလော် ဖွင့်ပြီးသည်နှင့် ငြိမ်သက်စွာ မလှုပ်မယှက် လဲလျောင်းနေသည့် အလောင်းကောင်ကြီးအား မျက်ဝါး ထင်ထင် မြင်လိုက်ရတော့၏။

"အလိုလေး - ဘုရား - ဘုရား"

ကျွန်တော့်တစ်သက်တာတွင် ဤကဲ့သို့ ထိတ်လန့်ကျောချမ်းဖွယ် မြင်ကွင်းအား တွေ့ကြုံမြင်ဖူးခြင်း မရှိ၍ ခေါင်းနားပန်းကြီးပြီး ကြက်သီး မွေးညင်းများပါ တဖြန်းဖြန်းထလာပါတော့၏။ ဟုတ်ပါသည်။ မျက်ဝါး ထင်ထင်ပင် နဖူးတွေ့ဒူးတွေ့မြင်လိုက်ရပါပြီ။ အလောင်းကောင်ကြီးမှာ ညှိုးသိုးသိုး ဆံပင်များက မျက်နှာတစ်ခုလုံးနီးပါးအား အဆမတန် ရှည်လျား စွာ ဖုံးအုပ်နေခြင်း၊ အသားအရေမှာလည်း မပုပ်မသိုးပဲ လူကောင်းပကတိ အတိုင်း ရှိနေသေးခြင်း၊ လက်တစ်ဆစ်မျှ အစွယ်များက ဘယ်ညာနှစ်ဖက် ပြူထွက်နေခြင်း စသည့်အချက်တို့ဖြင့် အံ့သြတုန်လှုပ်စွာ တွေ့လိုက်ရသည် နှင့် မရေးမနှောင်းမှာပင် ပစ်ဟူသော ကျွန်တော့်အမိန့်ပေးသံက တုန်လှုပ် ချောက်ချားစွာပင် ပါးစပ်ဖျားမှ အလိုက်သင့် ထွက်သွားပါတော့၏။

ထိုအခါ - အသင့်ထိုးထားသည့် ဂျီ - ၃ (G-3) ၏ မောင်းပြန်ရိုက်ချက် များကြောင့် ကော်ဒိုက်ယမ်းငွေ့များမှာ သချိုင်းတစ်ခုလုံးအား မှိုင်းမှုန်တုန် ဟည်း သွားစေတော့၏။

ဝန်းကျင်တစ်ခုလုံးကျယ်ကျယ်လောင်လောင်ပေါက်ကွဲသည့်သေနတ် သံများကြောင့်လားမသိ၊ အိပ်တန်းတက် ညဥ့်ငှက်များမှာ ဖျတ်ခနဲဖျတ်ခနဲ အလန့်တကြား ထပျံကြကုန်၏။ ကျီးကန်းတွေ လန့်ပြိုကုန်သည်။

တရစပ်ပစ်ခတ်လိုက်မှုကြောင့်ရဲဘော်တို့၏ကျည်ကပ်အတွင်းမှကျည် ဆန်လက်ကျန်များ မရှိတော့သော်လည်း အလောင်းကောင်ကြီးမှာကား ဘုပ်တုပ်မျှ မလှုပ်ပါချေ။ လှုးလွန့်ရုံမျှလောက်သော လက်နှစ်ဖက်က အပေါ် သို့ မြှောက်ပင် မြှောက်တက်လာသေး၏။



"ဆရာရေ - မြန်မြန်လုပ်၊ မြန်မြန် - ဝါးလုံးရှည်တစ်ချောင်းရှာယူလာခဲ့"

သူကြီးမှ အလောတကြီး ဆော်သြလိုက်သံနှင့်အတူ ရဲဘော်များက အသုဘချစဉ်က စွန့်ပစ်ထားခဲ့သည့် ဝါးလုံးရှည်တစ်လုံးကို အလျင်အမြန် ဆောက်ယူလာပြီး ကျွန်တော့်အား ပေးပါတော့သည်။

ကျွန်တော်သည် အသင့်ပါလာသည့် ဓားရှည်ဖြင့် ယင်းဝါးလုံးအား ဆောလျင်စွာ တစောင်းချွန် ချွန်လိုက်ရ၏။ လှံသွားပမာ ချွန်လိုက်ခြင်း ဖြစ်ပါ သည်။

တစ်ဆက်တည်းမှာပင် ...

"ကဲ - ဒီလောက် အသက်ပြင်းလှတဲ့ အကောင်၊ မထစတမ်း သေပေ တော့လကွာ" ဟု ဟစ်ကြွေးရင်း ယင်းအလောင်းကောင်၏ နှလုံးသားရှိရာ နေရာ့ တည့်တည့်သို့ အားရှိပါးရှိ ထိုးချလိုက်ပါတော့သည်။

အလောင်းကောင်ကြီးမှာ သည်တော့မှပင် မျက်နှာကြီး ရှုံ့မဲ့စွာဖြင့် အသတ်ဆတ် တုန်ရီရင်း နောက်ဆုံးတွင် ဇီဝိန်ချုပ်သွားပါတော့၏။

ကျွန်တော့်ကြာဖူးနားဝအရ ဖုတ်ကောင်တို့ကိုသတ်နိုင်နည်းမှာ သချိုင်း ဘာ "တံစူးဝါး" သာရှိကြောင်း သိထားဖူး၍သာ ယခုလို လတ်တလော ဆုံးဖြတ် လိုက်နိုင်ခြင်း ဖြစ်ချေတော့၏။

တစ်ကယ့်တစ်ကယ်တွင် ကျွန်တော်တို့၏ လူသတ်သေနတ်များမှာ လူရန်သူကိုသာ ချေမှုန်းသတ်ဖြတ်နိုင်စွမ်းသော်လည်း ပရလောကသား ဖုတ်ကောင်တို့အတွက်တော့ အသုံးမဝင်လှကြောင်း လက်တွေ့သင်ခန်းစာ ရလိုက်ပါတော့သည်။

"ကဲ - အမြန်ဆုံး ဒီကောင်ကြီးကို မြေမြှုပ်ပစ်၊ ဌျွန်ဒေါ် (ကျွန်တော်) တို့ အခုတနေ မြန်မြန်စွာကြမှ ဖြစ်မယ်"

သူကြီးစကားအဆုံး အားလုံးဝိုင်းဝန်းပြီး အလောင်းကောင်ကြီးအား မြှုပ်နှံပစ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အောင်ပွဲ ဆင်လိုက်ရပြီမို့ အပြန်လမ်းမှာ အားလုံးတက်ကြွနေကြ တစ်ခုထူးခြားသည်မှာအလာတုန်းကခွေးအူသံများဖြင့်ဆူညံနေသလော ယခုတော့လည်း ဘယ်ခွေးတစ်ကောင် ကြောင်တစ်ပြီး၏အသံမျှ မကြ လိုက်ရခြင်းပင်။ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေ သည်။

သိပ်မကြာသောကာလမှာပင်ကျွန်တော်တို့သည် "မီးနေသည်" အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြပါတော့သည်။

ရင်တုန်ချောက်ချားရသော သည်ညကြီးက အဆုံးသတ်သွားပြီ ဖြစ်ပေ တာဝန်တွေက မပြီးဆုံးသေးပါ။ မျှော်နေရှာမည့် ဆရာမလေး "နော်ခြူး တို့အဖွဲ့ကို အကြိုတော်ထောက်ရပါဦးမည်။

အပြေးကလေး ကြိုလာရှာသည် ဆရာမလေးက ကျွန်တော်တို့အဖွဲ့ အိမ်ပေါ်သို့ ရောက်ရောက်ခြင်းမှာပင် ...

"ဆရာတို့စစ်ဆင်ရေးကြီး အောင်မြင်ခဲ့ရဲ့လား" ဟု ဖုတ်ကောင်စစ်ဆင် ရေးအား ရည်ရွယ်ပြီး အလျင်စလို မေးလေ၏။

"အိုကေပါတယ် - ဆရာမ"

ကျွန်တော်က ဆရာမအမေးကို ဝင့်ကြွားစွာ ဖြေရင်း လက်မထောင်ပြ လိုက်၏။

"ဒါနဲ့ - ဆရာနဲ့ သူကြီးတို့ကို ပြောပြရဦးမယ်။ ဆရာတို့လည်း ထွက်သွား ရော ကျွန်မတို့မှာ တထိတ်ထိတ်နဲ့ ဘယ်လိုဆက်ဖြစ်ဦးမလဲလို့ ရင်တမမ နားစွင့်နေခဲ့ကြတာ။ သေနတ်သံတွေ တဖိုင်းဖိုင်းကြားအပြီး မရှေးမနှော မှာပဲ စောင်ကြားထဲက ကလေးက ရှူးရှူးဝါးဝါး အာခေါင်ခြစ်ပြီး ငိုတာကြား လိုက်ရတယ်။ အင်း - တစ်ခုခုတော့ထူးပြီလို့စိတ်ကအလိုလိုသိလိုက်သလို ဒါနဲ့ - ကလေးသိပ်ထားတဲ့စောင်ကိုလှပ်ကြည့်လိုက်ရောလား - လား - ဆရာ ရယ် ကလေးက အသက်မရှိတော့ဘူး။ သေနေပြီ - အဲဒီလိုနဲ့ ..."



ဆရာမ စကားပင် အဆုံးမသတ်လိုက်ရသေး၊ သူကြီးက စကားစကို အလျင်အမြန်ဖြတ်ပြီး ...

"အင်း - ဟုတ်ပြီ - ဟုတ်ပြီ၊ ဆရာမ - ကလေးကိုကြည့်တော့နောက်ထပ် ဘာထူးခြားတာ တွေ့သေးလဲ"

ဟု အလောတကြီး လျှာစလုတ်တိုက်မတတ် မေးသည်နှင့် ဆရာမ က ...

"ကျွန်မ ပြောလို့တောင် မဆုံးသေးဘူး။ သူကြီးက သိပ်စိတ်စောနေတာ ကိုး"

ဒီလိုလေ - ကလေးက နာနာကျင်ကျင် မခံမရပ်နိုင်အောင် ငိုနေလို့ ကျွန်မက ဘာဖြစ်လည်းဆိုပြီး ပြေးကြည့်လိုက်တော့မှ လား - လား - ကလေး ရင်ဘတ်မှာ စူးထိုးခံထားရတဲ့ ဒဏ်ရာလိုလို အပေါက်ကြီးကို မြင်လိုက်ရ တယ်" ဟု အံ့သြစွာ ပြောပြရှာပါ၏။

"ဌျန်ဒေါ် (ကျွန်တော်) ထင်တဲ့အတိုင်းပါပဲလား ဆရာတို့ရယ်"

ရှေးလူကြီးတွေက ဒါမျိုးတွေ ကြုံဖူးလို့ ဌျန်ဒေါ် (ကျွန်တော်) လည်း ကြားဖူးနားဝ ရှိနေတာပေါ့"

"ဖုတ်ကောင်ဟာ သူ့ရင်သွေးကို ဖုတ်အမွေနှစ်တွေ ချန်ထားတတ်ကြ တယ်တဲ့။ အဲဒီဖုတ်ကောင်ဟာ ဖုတ်သက်ကြွေလို့ သေတယ်ဆိုရင်ပဲ သူ မျိုးစေ့ချခဲ့တဲ့ကလေးလည်း အလိုလို အသက်ကုန်တော့တာပဲ။ သွေးချင်း ဆက်နေတဲ့သဘောပေါ့။ တကယ်လို့သူမသေသေးဘဲနဲ့ကလေးကကြီးလာ ရင် သူ့မကောင်းဆိုးရွားအမွေကို ဆက်ပေးတော့မှာ။ အင်း - ဒီညသာ အဲဒီ ဖုတ်ကောင်ကို မသတ်လိုက်နိုင်ရင်တော့ လား - လား - ဖုတ်မျိုးဆက်တွေ ပြန့်ပြီး ရွာလုံးကျွတ် အစားခံရပြီသာမှတ်"

သူကြီး စကားကြောင့် ကျွန်တော်တို့မှာ တစ်ယောက်မျက်နှာတစ် ယောက်ကြည့်ပြီး ကြက်သီးမွေးညင်းများ ထောင်ထလာကြတော့၏။

www.burmeseclassic.com

ဤတွင် သူကြီးက သူ့စကားကို အဆုံးသတ်လိုဟန်ဖြင့် ...

"ကဲ - ကဲ - ဆရာလုံတို့လည်း ပင်ပန်းလှရောပေါ့၊ စခန်းပြန်ပြီး အနားယူဖို့ လုပ်ကြပေတော့၊ ဆရာတို့သာ ခုလိုမကူညီရင် ဒီရွာရေ့ရေးကို တွေးတောင် မတွေးရဲတော့ဘူး၊ ခုလို ကူညီတဲ့အတွက် ဆရာလုံတို့ကို ကျေးဇူးအများကြီးတင်ပါတယ်၊ ကျန်နေတဲ့ဒီကလေးကိုတော့ မနက်မှပဲ ရွာသားတွေခေါ်ပြီး သူ့အဖေ မြေပုံနားမှာ မြေမြှုပ်လိုက်ကြတာပေါ့"

သူကြီးက စကားအဆုံးမှာ ကျွန်တော်တို့ တစ်ဦးချင်းစီအား လက်ဆွဲနှုတ်ဆက်ရင်း "မီးနေသည်" အိမ်တွင် စောင့်ဆိုင်းကျန်ရစ်ခဲ့ပါ၏။

ကျွန်တော်တို့သည် ဤမယုံကြည်နိုင်လွန်းသည့် အဖြစ်အပျက်များနှင့်အတူ နောက်ဆုံးတာဝန်ဖြစ်သည့် သားဖွားဆရာမ နှစ်ဦးတို့ကို လိုက်ပို့အပြီး စခန်းချရာ တောင်ခြေသို့ နေးကန်သောခြေလှမ်းများဖြင့် နွမ်းလျစွာပြန်လာခဲ့ရပါတော့သည်။

စိတ်ရောကိုယ်ပါပင်ပန်းလွန်းလှရကား စခန်းပြန်ရောက်သည်နှင့် ဆိုင်းမဆင့်၊ ဗုံမဆင့်ပင် ကျိုင်းတောင်းဖြစ် တောအရက်ဖြင့် ပိုင်းဖွဲ့ကြရင်း စခန်းတွင် ကျန်ရှိနေရစ်သည့် ရဲဘော်များ၏ မေးမြန်းစပ်စုချက်များကို ဖောက်သည်ချရင်း ချောက်ချားရသည့် ထိုတစ်ညအား ကုန်လွန်စေခဲ့တော့၏။

ကျွန်တော် "မောင်မြင့်နိုင်" မှာ ထိုစဉ်က ကြုံဖူးခဲ့သည့် ဖြစ်ရပ်ဆန်းအား နှောင်နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် မေ့မရနိုင်ပဲ တွေးမိလေတိုင်း တုန်လှုပ်ချောက်ချားခြင်းကြီးစွာ ဖြစ်နေမိပါတော့သည်။

>>>> ညိုချောင်


www.burmeseclassic.com

www.burmeseclassic.com

ညွန့်မောင်ဦး

# ခြေလိမ်မ

ကရင်ပြည်နယ်မှာ မြို့နှစ်မြို့သည် တစ်မြို့မှ ယခုအခါ ပြည်မြို့အဖြစ် လူသိများသော ဖားအံမြို့ဖြစ်ပြီး ကျန်တစ်မြို့မှာ ဘီလင်းမြို့မှ လမ်းဖောက်ထားသော ဖာပွန်မြို့ဖြစ်သည်၊ ဖာပွန်မြို့မှာ တောင်ပေါ်မြို့မေမြို့လိုဖြစ်၍ အင်္ဂလိပ်လက်ထက်က ရုံးစိုက်ရာမြို့ဖြစ်သည်၊ နောက်ပိုင်းကျမှသာ ဖားအံမြို့ကို သထုံမြို့မှ လမ်းဖောက်လိုက်ပြီး မြိုင်ကလေးမှာ စက်များတည်ကာ သောင်းရင်းမြစ်ကိုလည်း တံတားဆောက်ပေးလိုက်သဖြင့် ဖားအံမြို့မှာ လမ်းပန်းကောင်း၍ စည်ကားလာသည်၊ ကရင်ပြည်နယ်မြို့တော်လည်းဖြစ်လာသည်၊ ဖားအံမှ တစ်ဆင့် ထိုင်းနိုင်ငံအထိသွားနိုင်သည်ဟု ဆိုပါသည်၊ သို့သော် - ကျွန်တော် ယခု တင်ပြလိုသည်က ဖာပွန်မြို့နှင့် ဘီးလင်းမြို့ကြားမှာရှိသော ဆံတော်တောင်အကြောင်းနှင့် နတ်ကြီးရွာ လမ်းဘေးမှာရှိသော နတ်ကြီးအကြောင်းများကို တင်ပြမည် ဖြစ်သည်၊ ထိုသို့ဂမ္ဘီရဆန်သော အဖြစ်အပျက်များကို တင်ပြနိုင်ခြင်းမှာ ကျွန်တော်သည် ငယ်စဉ်က ဘီးလင်းမြို့နယ်မှာမွေး၍ ထိုရွာများကို ရောက်ဖူး၍ တင်ပြနိုင်ခြင်းဖြစ်သည်၊

ကျွန်တော်သည် လွန်ခဲ့သော နှစ်ခြောက်ဆယ်ကျော်လောက်က ကရင်ပြည်နယ်ဆံတော်ရွာနှင့်ဆံတော်တောင်ပေါ်ရှိ ဆံတော်စေတီကို ဖူးမြော်ဖူးခဲ့သည်၊ ထို့ပြင် ဆံတော်ရွာအနီးမှာ မြန်မာများနေသော ရင်းအုံရွာမှာ ၂ နှစ်ခန့် ပညာသင်ခဲ့ဖူး၍ ဆံတောင်တောင်မှ ခြေလိမ်မကြီးအကြောင်းနှင့် နတ်ကြီးရွာမှ နတ်ကြီးအကြောင်းများ သိရ ကြားရခြင်း ဖြစ်သည်၊ ဆံတော်တောင်မှာ ထိုနယ်တစ်ဝိုက်မှာ တောင်မြင့်ကြီးတစ်တောင်ဖြစ်ပြီး သစ်ကြီးဝါးကြီးများပေါက်သော တောင်ဖြစ်သည်၊ ရှေးအခါက တောင်ပေါ်မှာ ညသူမှ မအိပ်ရဲ မီးချုပ်သည်နှင့် မည်သူမှတောင်ပေါ်ကို မတက်ရဲကြပါ၊ သို့သော်လည်း နေ့ခင်းဘက်တွေမှာ အနီးအနားရှိရွာများမှ လူများ ထင်းသွားခုတ်သည်၊ အင်ဖက်များ ကောက်ကြသည်၊ ထိုအချိန်ထိုရွာတွေမှာ အင်ဖက်ကို အိမ်မိုးကြသည်၊ အကာလည်း လုပ်သည်၊ ပုတက်စာပင်များ ခုတ်ကြသည်၊ သားကောင်များပေါ်၍ အမဲလည်း လိုက်ကြသည်၊ တစ်ခု ထူးခြားသည်မှာ ပုတက်စာမှာ ဆံတောင်တောင်မှာသာ များများပေါက်သည် ပုတက်စာပေါ်ချိန်ဆိုလျှင် လှည်းနှင့်တိုက်၍ ဘီးလင်းမြို့မှာ သွားရောင်းကြသည်၊ ဆံတော်တောင်မှာ နောက်တစ်ခု ထူးခြားသည်က ခြေလိမ်မကြီးဖြစ်သည်၊ ခြေလိမ်မကြီးမှာ တောင်ကို စောင့်ရှောက်နေသော ဆင်မကြီးကို ခေါ်ခြင်းဖြစ်သည်၊ ခြေလိမ်မဟု ခေါ်ကြခြင်းဖြစ်သည်၊ ခြေလိမ်မမှာ ခြေတစ်ဖက်လိမ်နေသော်လည်း လူတွေနောက်ကို လိုက်ရာမှာ မြန်လွန်း၍ မလွတ်ပါ၊ လိုက်၍မိသွားလျှင်လည်း နင်းသတ်သည်ဟု ဆိုပါသည်၊ ခြေလိမ်မကို တောင်စောင့်ကြီးဟုယုံကြည်ကြပြီး ကြောက်ကြသည်၊

ဆံတော်တောင်မှာ မုဆိုးအဖွဲ့သုံးလေးဖွဲ့ရှိသည်၊ ထိုမုဆိုးအဖွဲ့များထဲမှ လပြားဆိုသော ကရင်အမျိုးသားမုဆိုးမှာ တောလိုက်ရာမှာ အဲလွန်ကျော်စက်သည်၊ တခြားမုဆိုးများက သားကောင်ကြီးများကိုသာ ပစ်ခတ်သော်လည်း လပြားကတွေ့သည့် သတ္တဝါအကြီးအငယ် အကုန်သတ်သည် အမဲလိုက်ရာမှာလည်း ဖွဲ့ကောင်းသည်၊ တခြားမုဆိုးများက ခြေလိမ်မကို





www.burmeseclassic.com

www.burmeseclassic.com

ကြောက်၍နေဝင်သည်နှင့်တောင်ပေါ်က ဆင်းကြသည်၊ လမြားက တောင်ပေါ်မှာမှောင်၍ ဘာကောင်မှ မမြင်ရမှ တောင်ပေါ်မှ ဆင်းသည်၊ သည်လို နှင့် တစ်နေ့မှာ လမြားက ဦးရှိနေသော သမင်မတစ်ကောင်ကို ပစ်လိုက်ရာ သမင်မကြီးမှာ မပြေးသော်လည်း အားစိုက်၍ပြေးနေပါသည်၊ လမြားကလည်း နောက်က လိုက်နေရာ နေဝင်၍ မှောင်သွားပါသည်၊ သို့သော် - လမြားက မလျှော့ဘဲလိုက်နေသည်၊ ထိုအချိန်မှာ ဆင်အော်သံကြားရ၍ လမြား ဆက် မလိုက်ရဲတော့ဘဲ လှည့်ပြန်ခဲ့ပါသည်၊ ထိုအချိန်မှာ မိမိနေ့စဉ် သွားနေကျ လမ်းမှာ လမ်းမှားသွားပြီး ချောက်ကြီးတစ်ခုနား [illegible]သည်၊ ထိုချောက်



တောထဲက သစ်ပင်[illegible]ကိုမခု[illegible]

ရှူနှင့်နီးနီး ဘုရားလမ်းအထ[illegible]ကြီးတစ်ပင်ကို

ခုတ်လှဲလိုက်ရာ သစ်ပင်လဲသံ ကြားသောအခါ ခြေလိမ်မ

တောထဲမှ ထွက်လာပြီး သစ်ပင်လှဲသူ (၂) ယောက်စလုံးကို

နင်းသတ်လိုက်သည်။ ထိုအချိန်မှစပြီး ရွာမှလူများက ခြေလိမ်မကြီးမှာ

တောင်စောင့်ဖြစ်သည်ဟု[illegible] ကြောက်နေကြပါသည်။

နားမှ ဆက်ပြီး တောတိုးပြီးတက်ခဲ့ရာမှ တောင်ပေါ်တက်ရာ လမ်းမကြီးပေါ် ကို ရောက်လာသည်၊

လမ်းမကြီးပေါ်ရောက်၍ ဝမ်းသာနေချိန်မှာပင် နောက်မှ ခြေလိမ်မကြီး အော်သံနှင့်အတူ တောင်အောက်ကို ဆင်းလာမှန်း သိရသည်၊ ထိုအခါ လမြားမှာ ကြောက်ကြောက်နှင့် သစ်ပင်ကြီးတစ်ပင်ပေါ်ကို ပြေးတက်လိုက် သည်၊ မကြာမီအချိန်မှာပင် ခြေလိမ်မကြီးမှာ မိမိတက်နေသော သစ်ပင် ရှေ့ကို ရောက်လာပြီး သစ်ပင်အောက်မှာ ရပ်နေသည်၊ ထို့နောက် - အောက် ဘက်ကို ဆင်းသွားသည်၊ ခြေလိမ်မကြီး ဆင်းသွားသော်လည်း လမြားမှာ သစ်ပင်ကြီးပေါ်မှ မဆင်းရဲ၍ သစ်ကိုင်းတစ်ကိုင်းကိုဖက်၍ အခြေအနေကို ကြည့်နေသည်၊ ထိုအချိန်မှာပင် မိုးချုပ်သွား၍ လမြား အောက်မဆင်းရဲတော့ ပါ၊ လမြားသစ်ပင်ပေါ်မှာ တက်နေ၍ တစ်နာရီခန့်ကြာသော်အခါ အမဲကောင် များဖြစ်ကြသော ချေများ၊ ဆတ်များနှင့် တောဝက်များမှာ သစ်ပင်ကြီးအောက် မှာ ရောက်နေကျသည်၊ အထူးသဖြင့် နေ့လယ်က မြားမှန်သွားသော ချေမကြီးကလည်း သစ်ပင်အောက်မှာ ရောက်နေသည်၊ ထို့နောက် မကြာမီ မှာပင် ခြေလိမ်မကြီး အသံပေး၍ ဆင်းလာသည်၊ သည်တစ်ကြိမ် ခြေလိမ်မ ကြီး ဆင်းလာသည်မှာ တစ်ကောင်းတည်းမဟုတ်ဘဲ မိမိကျောကုန်းပေါ်မှာ မည်းမည်းကောင်ကြီးက စီးလာသည်၊ မည်းမည်းကောင်ကြီးမှာ သစ်ပင်နား ရောက်သောအခါ အပေါ်ဘက်ကိုကြည့်၍ လက်ညှိုးထိုးပြသည်၊ ထိုအချိန် မှာ ခြေလိမ်မကြီးက စူးစူးဝါးဝါးအော်၍ သစ်ပင်ကိုခေါင်းနှင့်ပြေးတိုက်သည်၊ သစ်ပင်ကြီးမှာခါနေ၍ လမြားမှာ ကြောက်လွန်း၍ သစ်ကိုင်းကြီးကို ဖက်ထား သည်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုက်၍ လမြား လိမ့်မကျသောအခါ ခြေလိမ်မကြီး ထွက်သွားရာ မည်းမည်းကောင်ကြီးလည်း ပါသွားသည်၊ သည်လိုနှင့် လမြား မှာ မိုးလင်းမှသာအပင်ပေါ်မှ ဆင်းပြီး အိမ်ပြန်ခဲ့ပါသည်၊ နောက်ပိုင်းမှာ ကြောက်သွား၍ မုဆိုးအလုပ် မလုပ်တော့ပါ၊ တောင်ပေါ်ကိုလည်း မတက် တော့ပါ၊





www.burmeseclassic.com

www.burmeseclassic.com

ခြေလိမ်မမှာ မိုးချုပ်မှသာ တောထဲမှ ထွက်လာပြီး တောင်ကို ပတ်သည်။ နေ့လယ်ဘက်မှာ တစ်ခါတစ်ရံ တောင်ပေါ်တက်သူများနှင့် မုဆိုးများနှင့် ဆုံမိသော်လည်း အန္တရာယ်မပြုဘဲ တောထဲဝင်သွားပါသည်။ တစ်ခါကလည်း သစ်ခုတ်သမားတစ်ယောက်မှာ မိမိအဖော်တစ်ယောက်နှင့်အတူ တောထဲက သစ်ပင်များကိုမခုတ်ဘဲ ရွာနှင့်နီးနီး ဘုရားလမ်းအထက်နားမှ သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲလိုက်ရာ သစ်ပင်လဲသံ ကြားသောအခါ ခြေလိမ်မ တောထဲမှ ထွက်လာပြီး သစ်ပင်လှဲသူ (၂)ယောက်စလုံးကို နင်းသတ်လိုက်သည်။ ထိုအချိန်မှစပြီး ရွာမှလူများက ခြေလိမ်မကြီးမှာ တောင်စောင့်ဖြစ်သည်ဟူ၍ ကြောက်နေကြပါသည်။ ခြေလိမ်မကြီးမှာ ဆံတော်တောင်မှာ (၁၀)နှစ်ကျော် ကျော်စောင့်ရှောက်နေပြီး ပျောက်သွားသည်။ ဆံတော်တောင်မှာ ဆံတော်စေတီအပြင် တောင်ခြေရင်းမှာ အလောင်းတော်ကဿပ ကျောက်ရုပ်ထုမှာ ဆုတောင်းပြည့်သည်ဟူ၍ ယုံကြည်နေကြသည်။ ဆံတော်တောင်ကို ဘီးလင်းမှနေ၍ ဖာပွန်သွားသည့်ကားလမ်းအတိုင်းသွားလျှင်ရောက်ပါသည်။ အထူးသဖြင့် ထိုနယ်တစ်ဝိုက်မှာနေသူများမှာ သင်္ကြန်ရက်များမှာ သွားကြ၍ ဆံတော်တောင်မှာ လူစည်ကားသည်။

နောက်တစ်ခု ဂမ္ဘီရဆန်သည်က နတ်ကြီးရွာမှ "နတ်ကြီး" တစ်ပါး ဖြစ်သည်။ ထိုနတ်ကြီးမှာ တန်ခိုးကြီးသောကြောင့် အင်္ဂလိပ်များ အုပ်ချုပ်စဉ် အခါကပင် ထိုနတ်ကြီးကို အစွဲပြု၍ ထိုအနားမှရွာကို နတ်ကြီးရွာဟုခေါ်ကြသည်။ ရှေးအခါက ကားလမ်းဘေးနားမှာ နတ်စင်ကြီးနှင့် နတ်ရုပ်သာရှိသော်လည်း နတ်စင်အနောက်ဘက်မှာ ကားလမ်းဘေးနားမှာ နတ်စင်ကြီးနှင့် နတ်ရုပ်သာရှိသော်လည်း နတ်စင်အနောက်ဘက်မှာ တောရှိသည်။ ထိုတောမှာ ကျယ်၍ တောထဲမှာ ကြက်များ၊ ဆိတ်များ၊ နွားများနှင့် တခြားတောငှက်မျိုးစုံရှိသည်။

ကြက်နှင့် ဆိတ်များနွားများမှာ ခရီးသွားများက နတ်ကြီးကို ပသသည့် အနေနှင့် လွှတ်သွားကြခြင်း ဖြစ်သည်။ ထိုအချိန်က ရွာတွေမှာ နေထိုင်သူများနှင့်ခရီးသွားများနှင့်ကုန်သည်များမှာ မိမိတို့ခရီးသွားရာမှာ အဆင်ပြေ



စေရန် နတ်စင်ရှေ့ရောက်သည်နှင့် မိမိတို့မှာ ပါလာသော စားစရာများကို တင်မြှောက်ပသကြပြီးမှသာ ခရီးဆက်ကြသည်။ ခရီးသွားများ တင်မြှောက်သွားကြသော ပစ္စည်းများမှာ ကောက်ညှင်းပေါင်းများ၊ ကောက်ညှင်းထုပ်များ၊ ကြံသကာများစသည့် စားစရာများနှင့်ဆေးလိပ်၊ ကွမ်းယာ၊ ငှက်ပျောသီး၊ အုန်းသီးများမှာ နတ်စင်အပြည့် ရှိနေသည်။ သတ္တဝါများကို တင်သူများက နတ်ကြီးကို ဆုတောင်း၍နတ်စင်အနောက်ဘက်မှ တောထဲကို လွှတ်ခဲ့ကြသည်။ နတ်စင်ကြီးမှာ (၅)ပေလောက်ရှိသည်။ ရွာသားများမှာ အယူအဆရှိကြသည်က နတ်ကြီးကို ကန်တော့သွားပါက လမ်းခရီးမှာ အန္တရာယ်ကင်းသည်ဟု ယုံကြည်ကြသည်။ ထိုနတ်ကြီးသတင်းမှာ ထိုနယ်တစ်နယ်လုံး ယုံကြည်ကျသည်သာမကဘဲ တစ်မြို့တစ်ရွာမှ ခရီးသွားများကလည်း ပြောသံကြားသော စကားများအရ နတ်စင်ရှေ့ရောက်လာကြသည်နှင့် ပါလာသောပစ္စည်းများနှင့် တင်မြှောက်ပသကြသည်။

နတ်ကြီးမှာ လူတွေကိုမှ,စသည့်အပြင် နွားကျောင်းသားလူငယ်ကလေးများကိုလည်း ချစ်သည်ဟုဆိုပါသည်။ မိမိနတ်စင်ပေါ်မှာရှိနေသော စားစရာများကို နွားကျောင်းသားများက ယူစားလျှင် မည်သို့မျှ မလုပ်သော်လည်း နတ်စင်အနောက်ဘက်မှာရှိသော ကြက်များကို ဖမ်းပါက မြွေဟောက်များနှင့် ငန်းမြွေများက လိုက်ကိုက်သည်ဟုဆိုပါသည်။ နတ်စင်အနောက်မှာ မြွေများကို နတ်ကြီးက မွေးထားသည်ဟုဆိုပါသည်။ တစ်ခါက ရွာတစ်ရွာမှ အရက်သမားနှစ်ယောက်မှာ နတ်ကြီးတောထဲရှိ နွားကိုဖမ်းပြီး အမဲပေါ်ရောင်းရန် ကြံစည်၍ နှစ်ယောက်သား အရက်မူးအောင်သောက်ပြီး ညအချိန်ရောက်မှ ခိုးကြရန် နတ်ကြီးတော်နားမှာ စောင့်နေကြသည်။

"နွားတွေ အများကြီးရှိတာ တစ်ယောက်တစ်ကောင်စီယူရအောင်"

"ဒို့က ဟိုဘက်ရွာရောက်အောင် မောင်းရမှာ၊ တစ်ကောင်ပဲယူပါကွာ"

"တစ်ကောင်တည်းဆိုရင် ငါတို့ငွေနည်းနည်းပဲ ရမှာပေါ့"

"အကောင်ကြီးရင် တစ်ထောင်ကျော်ပေးမယ်လို့ ပြောထားသည်။ လောဘမကြီးပါနှင့် တစ်ကောင်ပြီးမှ တစ်ကောင်ခိုးကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းအကြံကောင်းတယ်၊ ငါတို့ခိုးမှန်းဘယ်သူမှမသိဘူး။ နွားပျောက်မှန်းလည်း ဘယ်သူမှ မသိဘူး"

"ကဲ - ငါတို့ တောထဲဝင်ရအောင် မားကိုင်ထား - ဘာကောင်တွေ့တွေ့ ခုတ်"

သူခိုးနှစ်ယောက် တောထဲ ဝင်သွားကျပြီး နွားတွေအိပ်သော နေရာရောက်အောင် သွားကြသည်။ နွားတွေ အိပ်သောနေရာမှာ မြွေများ ပြောင်ပြုင်းနေ၍အလွယ်တကူတွေ့ကျရသည့်နွားတွေလဲနေကြသည်ကိုအရောက်မှာ သူတို့နှစ်ယောက် နွားတစ်ကောင်ကို ပါလာသောကြိုးနှင့်ချည်ရန် ကိုင်လိုက်သည်၊ ထိုအခါမှ နွားမှာလူနှင့်မတွေ့သည်မှာကြာ၍အကိုင်မခံဘဲ ရုန်းသည်၊ ထိုနွား ရုန်းသည်နှင့်ဘေးနားမှ နွားများလန့်ပြီး ထကြပြီး နွားတစ်ကောင်က သူတို့နှစ်ယောက်ကိုဝှေ့ပြီး တစ်ကောင်က ကန်လိုက်ရာ သူခိုးနှစ်ယောက် ကြောက်ကြောက်နှင့် မြွေများရှိရာဘက်သို့ ပြေးကျရာ မြွေကဆီးပေါက်လိုက်၍ နှစ်ယောက်စလုံး သေသွားသည်၊ သူခိုးနှစ်ယောက်သေသွားသည်ကိုမြင်သောအခါ ရွာသူ၊ ရွာသားများက နွားလာခိုး၍နတ်ကြီးက မြွေနှင့် တိုက်သတ်လိုက်သည်ဟု ပြောကြသည်၊

ရေးအခါက အညာဘက်မှ နွားကုန်သည်များမှာ ပွင့်လင်းသော နွေရာသီတွင် ဖာပွန်နယ်တစ်လျှောက်မှာရှိသော နွားများကိုလိုက်ဝယ်၍ မြေပြန့်မှာ တစ်ဆင့်ပြန်ရောင်းကြသည်၊ ထိုနည်းအတူကြက်ကုန်သည်များနှင့် အခြားကုန်သည်များကလည်း ထိုနယ်တစ်ဝိုက်မှာ လိုအပ်သောကုန်များ တက်ဝယ်ကြသည်၊ ထိုကုန်သည်များထဲတွင် နွားကုန်သည်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် အညာသားတစ်ယောက်မှာ မိမိ မသိနားမလည်သော်လည်း လူပြောများသော နတ်ကြီးကို ယုံကြည်၍ ကြောက်လည်း ကြောက်သည်၊ သူတို့အဖွဲ့ရောက်ခဲ့ရာ နတ်စင်ရှေ့အရောက်မှာ အများနည်းတူ နတ်စင်ကို ကန်တော့ပြီး ဆုတောင်းပါသည်၊

"နတ်မင်းကြီးခင်ဗျား - ကျွန်တော်တို့အဖွဲ့ကို နွားကောင်း၊ ကျွဲကောင်းများ ဝယ်ရအောင် မ,စပါ။ ကျွန်တော် နတ်မင်းကြီးကို ကျွဲတစ်ကောင် ဆက်ပါ့မယ်"



ဟု ဆုတောင်းပြီး တောင်ပေါ်တက်သွားပြီး ကျွဲ၊ နွားများလိုက်ဝယ်ရာမှာ (၃)ရက်အတွင်းမှာ ကျွဲ၊ နွားများ လိုသလောက်ရ၍ ကျွဲနှင့်နွားအုပ်ကြီးကို မောင်း၍ ပြန်ဆင်းလာကြသည်၊ အခုတစ်သားမှာ မိမိတို့အရပ်နှင့် စာလျှင် ဈေးချို၍ ဝမ်းသာနေပါသည်၊ သည်လိုနှင့်နတ်စင်ရှေ့ရောက်သောအခါ ကတိပြုခဲ့သည့်အတိုင်း ကျွဲသိုးကြီးတစ်ကောင်ကို မိမိတပည့်တစ်ယောက်အား နတ်ကိုဆက်ခိုင်းသည်၊

"နတ်ကို ဆက်တာ ဟုတ်ပါပြီ၊ ဘယ်မှာ ထားခဲ့ရမှာလဲ"

"နတ်စင်တိုင်မှာ - ခိုင်ခိုင်ချည်ထားခဲ့ကွာ၊ သွားကြရအောင်၊ နေမဝင်ခင် ဟိုဘက်ရွာရောက်အောင် သွားပြီး ချက်ပြုတ်စားရဦးမယ်"

"သွားကြပြီ - နွားအုပ်တွေ မောင်းကြဟေ့"

ကျွဲသိုးကြီးကို နတ်စင်တိုင်မှာ ချည်ထားခဲ့ပြီး နွားအုပ်၊ ကျွဲအုပ်များ မောင်း၍ ထွက်သွားကြသည်၊ ထိုအချိန်မှာ တစ်ကောင်တည်း ကျန်ခဲ့သော ကျွဲသိုးကြီးမှာ အဖော်များနောက်ကိုလိုက်ချင်၍ ချည်ထားသောကြိုးကိုအားနှင့် ဆောင့်ရုန်းလိုက်ရာ နတ်စင်ပြိုကျသွားပါသည်၊ နတ်စင်ပြိုကျသောအခါ ကြိုးချည်ထားသော တိုင်တန်းလန်းနှင့် မိမိအဖော်များသွားရာနောက်သို့ ပြေးလိုက်လာသည်၊ ထိုအချိန်တွင် နတ်ကြီးက ရွာထဲမှ အမျိုးသမီးတစ်ယောက်ကို ဝင်ပူး၍ မိမိနတ်စင်ကို ကျွဲတစ်ကောင်ဖျက်သွားသည့် အသစ်ပြန်ဆောက်ပေးပါဟု ပြောပါသည်၊ ရွာသားများက ကြောက်ကြ၍ ချက်ချင်းလူစုကာ ပြန်ဆောက်ပေးကြသည်၊ ထိုနယ်မှ လူများမှာ ယခုချိန်ထိ နတ်ကြီးကို ကိုးကွယ်မြဲ ဖြစ်နေပေသည်၊

>>>> ညွှန့်မောင်ဦး

www.burmeseclassic.com

www.burmeseclassic.com

# အမြီးကိုးခွဂမ္ဘီရအိမ်မြှောင်



မကွေးညိုစိမ့်

# အမြီးကိုးခွ
## ဂမ္ဘီရအိမ်မြှောင်

ကျွန်တော်၏လက်ဝယ် ထိုင်းနိုင်ငံမှ ထူးဆန်းသော သတ္တဝါတစ်ကောင် ရှိနေသည်၊ သင် ယုံကြည်အောင် ပြောပြလိုပါသည်၊ သည်လိုပါ ...။

မြန်မာပြည်တွင် အမြီးနှစ်ခွအိမ်မြှောင်သာ ရှိ၏၊ တွေ့ဖူးသည်၊ ထိုအမြီးနှစ်ခွအိမ်မြှောင် မှာ ရှားရှားပါးပါးဖြစ်သည်၊ မြင်ချင်တိုင်း မမြင်ရ၊ တွေ့ချင်တိုင်း မတွေ့ရပေ။

အိမ်မြှောင်အမြီးနှစ်ခွသည် (ပီယဆေး) ကိုယ့်ကို လူအများ ချစ်ခင်စုံမက်အောင် ဆေးဖော်ကြကြောင်း ကြားသိရ၏။

ထိုင်းနိုင်ငံတွင်မူ အမြီးနှစ်ခွ၊ အမြီးသုံးခွနှင့် အမြီးကိုးခွထိရှိသော အိမ်မြှောင်များကို ထိုင်းဘုန်းကြီးကျောင်းတွင် မွေးမြူထားပြီး တစ်ကောင်လျှင် ကျပ်ငါးသိန်းဖြင့် ရောင်းချပြီး ရန်ပုံငွေ ရှာနေသည်ကို တွေ့ရ၏။

ထိုရောင်းရငွေများဖြင့် ထိုင်းနိုင်ငံမှ မြန်မာပြည်သို့ လာရောက်ပြီး မိဘမဲ့ မြန်မာတိုင်းရင်းသားများအတွက် စာသင်ကျောင်းများ၊ ရှင်တစ်ရာ ရှင်ပြုပွဲများ လုပ်ပေးနေသည်ကို စာရေးသူကိုယ်တိုင် လိုက်ပါဆောင်ရွက်ပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ - ခုနှစ်က ပင်းဒယမြို့နယ်၊ ရေဖြူကန်ကျေးရွာတွင် ပဒိုလူမျိုး မိဘမဲ့ကလေး(၁၃၀)ယောက်ကို ရှင်ပြုပေးခဲ့၏။

သာယာဝတီမြို့ မင်းကျောင်းဘုန်းကြီးကျောင်းမှ မိဘမဲ့ကလေးများ စာသင်ကြားရန်အတွက် မိုးလုံလေလုံ၊ တိုက်ကျောင်းဆောက်ရန်နှင့် ဗလာ စာအုပ်များ၊ ကျောင်းသားဝတ်စုံများ လှူဒါန်းခဲ့သည်။

ယခုလာမည့် ၂၀၀၅ - ခုနှစ်၊ မေလထဲတွင် မြစ်ကြီးနားမြို့(ဟိုပင်)ကျေး ရွာတွင် တိုင်းရင်းသား မိဘမဲ့ကလေး(၁၃၀) ရှင်ပြုနားသပွဲလုပ်ရန် ယခု ကတည်းက လှူဖွယ်ပစ္စည်း ပို့ဆောင်လျက်ရှိ၏။

သာယာဝတီမြို့မင်းကျောင်းကို ပစ္စည်းများအပြင် ကျောင်းဆောက်ရန် ကျပ်သိန်းလေးရာကျပ် လှူထားခဲ့သည်။

စာရေးသူသည် (၃၀.၁၂.၂၀၁၃)တနင်္လာနေ့က ဆရာတော် ရွှေညဝါ ဆရာတော်၊ စာရေးဆရာ ဆရာ လင်းသိုက်ညွန့်တို့နှင့်အတူ ထိုင်းနိုင်ငံ ဘန်နီ မြို့မှ ရွှေပါရမီ ပညာဒါနအဖွဲ့၏ ဖိတ်ကြားချက်အရ တတိယအကြိမ်မြောက် ပိမိုင် တရားပွဲနှင့် စာပေဟောပြောပွဲ သွားရောက်ဟောပြောခဲ့ရာမှ ၎င်းဘုန်းကြီး ကျောင်းတွင် အမြီးနှစ်ခွ၊ အမြီးသုံးခွနှင့် အမြီးကိုးခွအိမ်မြှောင်များမွေးပြီး သားဖောက်နေသည်ကို တွေ့ရှိခဲ့သဖြင့် အလှူငွေ ကျပ်ငါးသိန်းလှူပြီး အမြီး ကိုးခွတစ်ကောင် အစွန့်နိုင်းပြီး ယူခဲ့ပါသည်။

အမြီးကိုးခွအိမ်မြှောင်၏ အစွမ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

'အမြီးကိုးခွအိမ်မြှောင်၏အစွမ်း'

၁။ မိန်းမကို စွန့်သွားသောယောက်ျား၊ ယောက်ျားကိုစွန့်သွားသောမိန်းမ၊ မချွတ်မကွက် အိမ်ပြန်ရောက်ရမည်။

၂။ ကိုယ်က ချစ်ခင်ပါသော်လည်း ကိုယ့်ကိုပြန်မချစ်သောမိန်းမ၊ ယောက်ျား ပြန်ချစ်ရမည်။ မြတ်နိုးတွယ်တာရမည်။

၃။ ရွှေချပြီး ဆောင်ထားပါက စီးပွားလာဘ်လာဘ တိုးမည်။ အထက်လူကြီး ချစ်ခင်မြှောက်စားမည်။ အောက်လက်ငယ်သားက ကိုယ့်ကိုရိုသေလေး စားချစ်ခင်သည်။ စီးပွားပြိုင်၊ လုပ်ငန်းပြိုင်များကို နိုင်ရမည်။

၄။ အရောင်းအဝယ်သမားများ အပြိုင်အဆိုင်ဖြစ်ပါက ကိုယ်က နိုင်ရမည်။

၅။ တရားတဖေါင်ဖြစ်ပါက ကိုယ့်ဘက်က မှန်မှန်၊ မှားမှား နိုင်ရမည်။

ဆေးစီရင်ပုံ

ပထမ အမြီးကိုးခွအိမ်မြှောင်ကို အသက်သွင်းရမည်။ စွမ်းအားများ သွင်း သောဂါထာကို ဂါထာအစအဆုံး ရွတ်ပြီးတိုင်း ပုတီးတစ်လုံး ချရမည်။ ပုတီး တစ်ပတ်ပြည့်သွားသောအခါ ဂါထာရွတ်ဆိုခြင်း(၁၀၈)ခေါက်ပြည့်သွားမည် ဖြစ်သည်။





www.burmeseclassic.com

ထိုဂါထာကို ညနေ(နွားရိုင်း)သွင်းချိန်၊ နွားများ အစာစားရန် လွှတ်ထား ရာမှ အိမ်သို့ပြန်ယူလာသောအချိန်၊ ညနေ(၆)နာရီတွင် ထိုဂါထာအား အဦး ကိုးခွအိမ်မြှောင်ကို ရှေ့မှထားလျက် လူတစ်ယောက်ကို ပုဂ္ဂိုလ်ထူးတစ် ယောက်ကို အမိန့်ပေးသကဲ့သို့ မာမာထန်ထန် ရွတ်ဆိုရမည်။

## ရွတ်ဆိုရမည့်နေရာများမှာ ...

၁။ နာမည်ကြီးသချိုင်း။

၂။ မြို့တော်နတ်ကွန်းအနီးရှိ အကြီးဆုံးသစ်ပင်။ (နတ်နေပင်)

၃။ လူအများ ရေချိုးသော(နေရာ) မြစ်ဆိပ်ကမ်းနဖူး၊ ရေတွင်း၊ ရေကန် အနီး။

၄။ တန်ခိုးကြီးဘုရားရှေ့။

၅။ တန်ခိုးကြီး ဆရာတော်ဘုရားများ၏ ကျောင်းအတွင်းရှိ(သိမ်)။

စသည့်နေရာများတွင် တစ်ရက်တည်း အပြီးသော်လည်းကောင်း၊ ငါးရက်သော်လည်းကောင်း ရွတ်ဖတ်နိုင်သည်။ ထိုငါးရက်အတွင်း ရက်ပျက်မရှိစေ ရ။

## ရွတ်ဆိုရမည့်ဂါထာတော်

ဥုံ ... ပဗ္ဗတ ... ဟု၊ မြင်းမိုရ်ခန်းဝါ၊ လေးဖြာစတု၊ ကျွန်းလေးခုတွင်၊ စောင့်မြင်းမြဲထွေ၊ ဝသုန္ဒြေနှင့် ရေမြေပိုင်စိုး၊ ပိသနိုးနှင့် လက်ညှိုးညွှန်လျက်၊ အရှေ့တောင်ဘက်က၊ ပြလျက်ကိုယ်ယောင်၊ ညီနောင်သိကြားဟစ်လျက်၊ ခေါ်ဖို့ တက်၏။

ယဥ်လိုက်လိပ်ပြာ၊ နတ်ဒေဝါတို့၊ ငါ၏အာကာ၊ မနေရရှာ၊ လူ၏လိပ်ပြာ၊ နတ်၏လိပ်ပြာ၊ စုန်း၏လိပ်ပြာ၊ တစ္ဆေသရဲ၏လိပ်ပြာ၊ ကရုဏာစိုက်စိုက်၊ ငမိုက်မောင်ကြီး ... ကြိမ်းစရာကြိမ်း၊ ဝပ်စရာဝပ် ...။



ကိုးမော်သွင်း၍၊ ဆယ်မော်သွင်းသည်၊ အို ... ခမ်းတွင်းမယ်ယဥ်နှ၊ ချင်းစရာချင်း၊ ကပ်စရာ ကပ် ...။

ဥုံ ... သူရဿတီ၊ ခန္တီမယ်လှ၊ နတ်မိန်းမ၊ ချဥ်းစရာချင်း၊ ကပ်စရာကပ်၊ ဘုထိုင်းနေရာဌာနတွင် ရွတ်ဆို၍ တန်ခိုးအာနိသင် ပြန်သွင်းပြီးနောက် ပီယ ဆေးဖော်မည်ဆိုလျှင် အမှုန့်ကြိတ်ထားရမည်။

အဆောင်ထားမည်ဆိုလျှင် အကောင်လိုက် ရုပ်မပျက် ထားရမည်။ စာရေးသူကတော့ ထိုအိမ်မြှောင်အား ရွှေချထားပြီး အဆောင်အဖြစ် သွား လေရာ ယူသွားပါသည်။ ရန်သူမရှိ၊ စာရေးသားမှု ချောမွေ့အဆင်ပြေပြီး သခင်က မပြောနိုင်၊ မဆိုနိုင်ဖြစ်နေသောပုဂ္ဂိုလ်များပင် လူကိုမြင်လျှင် ပြုံးပြ ၍ နှုတ်ဆက်နေကြပါပြီ။

တကယ်စွမ်းတယ်ဆို မယုံမရှိနဲ့၊ ကိုယ်တွေ့ဗျ၊ ကဲ - ပီယဆေးဖော်နည်း တလေး ဖတ်ကြည့်ပါဦး။ တခြားနည်းများလည်း ရှိသေးသည်။ ယောကျ်ား ကြိုက် ပီယဆေး၊ မိန်းမကြိုက် ပီယဆေး ဖော်ပြရန် မသင့်၍ ချန်ထားခဲ့ပါ သည်။

## အပြိုင်အဆိုင် အနိုင်ယူချင်လျှင်

ဥပမာ - ကိုယ်က ကုန်စုံဆိုင်ဖွင့်ထားသည်။ ကိုယ့်အိမ်နီးချင်းကလည်း ကုန်စုံဆိုင်ဖွင့်ထားသည်။ ကိုယ့်ဆိုင်လူမလာ၊ သူ့ဆိုင်သာ သွားပြီးဝယ်နေ သူများ ကိုယ့်ဆီရောက်လာရန် သို့မဟုတ် ရုံးရောက်၊ စခန်းရောက် အမှုဖြစ် နေလျှင် လုပ်ရမည့်ကိစ္စမှာ ...

မိမိရဲ့အိမ်၊ တံစက်မြိတ်အောက်တည့်တည့် အိမ်ရှေ့အမိုးအောက်တွင် တွင်းတစ်ထွာ၊ တစ်မိုက်အနက် တူးပါ။

ထိုတွင်းထဲသို့ မုန့်အကြော် (၁၅)မျိုးထည့်ပါ။ ၎င်းအပေါ်မှ အိမ်မြှောင် အမှုန့်ကိုဖြူးလိုက်ပါ။ ထိုသို့ထည့်ထားပြီးအိမ်မြှောင်ကိုအသက်သွင်းခဲ့သော ဂါထာကို (၁၀၈)ခေါက် ရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဆိုပြီးပါက ...

"နင်တို့ထက်ကြီးသော နတ်ဒေဝါတို့ရဲ့အမိန့်၊ ဒီပတ်ဝန်းကျင်မှာ ရှိကြကုန်သော သရဲ၊ တစ္ဆေ၊ မှင်စာ၊ ပြိတ္တာ၊ မြေ၊ ဖုတ်ဘီလူး၊ စုန်းကဝေတို့ လာကြကုန်လော့၊ ငါကျွေးသောအစားအစာများကို စားကြကုန်လော့၊

ငါ့အစာကိုစားပြီးပါက တခြားဆိုင်မှာ ဝယ်နေသော ဈေးဝယ်သူများကို ငါ့ဆိုင်ကို ခေါ်ခဲ့ကြ" ဟူ၍လည်းကောင်း၊

ငါ့အစာကိုစားပြီးပါက ငါနဲ့ တရားပြိုင်ကို ဒီအမှုနဲ့ပတ်သက်ပြီး တရားပြိုင်ဘက်မှ ပါနေသော အစိုးရမင်းမှုထမ်းများ၊ ရှေ့နေများနဲ့ သက်သေများအား မပြောနိုင်၊ မဆိုနိုင်အောင် ချုပ်ကိုင်ထားပြီး ဒီအမှုမှာ ငါ့ကို နိုင်အောင် လုပ်ပေးကြ ဟူ၍လည်းကောင်း၊

ငါ့အစာကိုစားပြီးပါက ငါ့အိမ်က ထွက်သွားသောယောကျ်ားသို့မဟုတ် မိန်းမကို ငါ့ဆီအရောက် ပြန်လာအောင် ခေါ်ခဲ့ကြ" ဟူ၍လည်းကောင်း

လိုရာဆုကို တောင်းနိုင်ပါကြောင်း ... ဤကဲ့သို့ စီရင်နည်းကို ပြောကြားပေးခဲ့သော စာရေးဆရာ ဇာဂရ(သရက်တော) ကြည့်မြင်တိုင်၊ စာပေစာနယ်ဇင်းဥက္ကဋ္ဌအား အထူးပင် ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်လိုက်ရပါတယ်၊ ဤသို့ လိုရာဆုတောင်းပြီးနောက် အစားအသောက်များကို မြေမြှုပ်ပါမည်၊ လောကမှာ သိပ္ပံပညာရှင်မှ တိုင်းထွာနိုင်သော ကိစ္စတွေရှိသည်၊ မယုံမရှိနှင့် ...

"တကယ်စွမ်းတယ်ဆိုတာ သေချာရဲ့လား ဆရာ"

အယ်ဒီတာဆရာက ပြုံး၍ ...

"တကယ်စွမ်း၊ မစွမ်း လက်တွေ့ပဲဗျို့"

ကျွန်တော်က ခိုင်မာစွာဆိုသည်၊ အသေးစိတ်ကိုကျွန်တော့်ထံမေးပါက ပို၍အဆင်ပြေမည် ထင်သည်၊



အယ်ဒီတာဆရာက ကျွန်တော်၏ အိမ်မြှောင်အဆောင်ကို သေချာစွာ ကြည့်မိသည်၊ အိမ်မြှောင်သည် အရှင်လတ်လတ်ကို ပလတ်စတစ်လောင်းထားရာ မီးကျွမ်းသကဲ့သို့ မည်းနေသည်၊

လောကသည် ထူးဆန်းဖွယ်ရာများနှင့် ပြည့်နေသည်၊ မယုံမရှိပါနှင့်၊

အားလုံး လိုရာဆန္ဒ ပြည့်ဝကြပါစေ ...

>>>> မကြွေးညီမြိုင်မှ

၂

## စာမူရှင်များသို့

[illegible]လောကမဂ္ဂဇင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်[illegible] ဆက်သွယ်ရန် နေရပ်လိပ်စာမပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်[illegible] [illegible]ခြင်း စသည့်အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်[illegible] ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်[illegible] ဆက်သွယ်မှု ပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာ[illegible]

ရမ္မာလောက[illegible]

www.burmeseclassic.com

www.burmeseclassic.com



## မောင်မြင့်မား (မိုလ်ကလေး)

# ကျွန်ုပ်နှင့် ကိုတင်ဆန်း

ကျွန်ုပ်သည် ကိုတင်ဆန်းနှင့် သိကျွမ်းနေကြသည်မှာ အတော်ကြာပြီ။ သို့သော်လည်း တရင်းတနီး စကားမပြောဘူးချေ။ ဘာဖြစ်လို့လဲဆိုတော့ ကိုတင်ဆန်းဟာ အေးအေးဆေးဆေး ရိုးရိုးအအနှင့် စကားနည်းသူ တစ်ယောက်ဖြစ်သောကြောင့်ဖြစ်သည်။ ကိုတင်ဆန်းက ကျွန်ုပ်တို့အလုပ်ဌာနတွင် ကန်ထရိုက်ယူ၍ အလွန်ကြီးရင့်နေသော သစ်ပင်အိုများကို ခုတ်ထွင်ရှင်းလင်းနေသော ကန်ထရိုက်တာတစ်ဦးနှင့် အတူသွားလာနေတိုင်း ကျွန်ုပ်မိတ်ဆွေက လုပ်ငန်းသဘောအရ သူနှင့် စကားပြောလျှင် ကျွန်ုပ်ပါ မျက်နှာချင်းဆိုင် တွေ့ခွင့်ရသောကြောင့် သူနှင့် ရင်းနှီးနေရခြင်း ဖြစ်သည်။

ကိုတင်ဆန်းသည် အရပ်ပုပု၊ အသားညိုညိုနှင့် လွယ်အိတ်တစ်လုံးလွယ်ကာ ကွမ်းတမြုံ့မြုံ့ဝါး၍ သွားလာလှုပ်ရှားနေတတ်သည်။ သူနှင့် မတွေ့ဘူးခင်၊ မသိကျွမ်းခင်ကတည်းက သူ့ရိုးအပုံကို ကျွန်ုပ်တို့ သိရှိရ၍ သူ့ကို သိကျွမ်းချင်နေသည်။ တစ်နေ့မှာ ကျွန်ုပ်၏ မိတ်ဆွေညောင်ဦးသားကိုလှသန်းက ကျွန်ုပ်ကား ...


www.burmeseclassic.com

www.burmeseclassic.com

ကိုလှသန်း ။ ။ ကိုတင်ဆန်းကို ခင်ဗျား သိလား။

ကျွန်ုပ် ။ ။ မသိပါဘူးဗျာ၊ ဘယ်တ ကိုတင်ဆန်းပါလိမ့်။

ကိုလှသန်း ။ ။ သစ်ပင်တွေ လိုက်ခုတ်နေတဲ့လူဗျာ၊ သူခုတ်တာ တော့ မဟုတ်ပါဘူး၊ သူက ကန်ထရိုက်ယူထားပြီး အလုပ်သမား ငှားလုပ်တာပေါ့။

ကျွန်ုပ် ။ ။ ကြားတော့ - ကြားဖူးတယ်ဗျ။

ကိုလှသန်း ။ ။ ဒါဆိုရင် သူ့အကြောင်း ရယ်စရာလေးတစ်ခု ပြောပြ ရဦးမယ်၊

ကျွန်ုပ် ။ ။ ပြောဗျာ - ကျွန်ုပ်က ရယ်စရာဆိုရင် အရမ်း နား ထောင်ချင်တာ၊

ကိုလှသန်း ။ ။ အဲဒီကိုတင်ဆန်းကကန်ထရိုက်တာဆိုတော့အလုပ် ထဲကနေ ဝင်လိုက်ထွက်လိုက် သွားလာနေတော့ ကျုပ်တပည့်တွေက...

သူ့ကို နောက်ပြောင်ပြီး လက်ဖက်ရည် တိုက်ခိုင်းတယ်၊ သူတို့က ကိုတင်ဆန်းတို့ "ကိုတင်ဆန်း ကျုပ်တို့ ဂိတ်က လူတွေကို လက်ဖက်ရည်ဖိုး နစ်ကျပ်တော့ပေးခဲ့ပါဗျာ" ဆိုတော့ ကိုတင်ဆန်းက "ဆရာတို့ရယ် - နစ်ကျပ် တော့ နည်းပါတယ်၊ ဆယ့်ငါးကျပ်တော့ယူ" ပါဆိုပြီး ဆယ့်ငါးကျပ် ထုတ်ပေး တယ်၊ အဲဒီတော့ ကျုပ်တပည့်တွေက ဗိုင်းရယ်ကြတယ်၊ ရယ်တာတောင် ကိုတင်ဆန်းက သဘောမပေါက်သေးဘူး၊ နောက်တော့ကျုပ်တပည့်တွေက နစ်ကျပ်ဆိုတာ နစ်ရာကိုပြောတာဆိုမှ ဟုတ်လားဆိုပြီး နစ်ရာထုတ်ပေး တယ်၊ ကိုတင်ဆန်းက အဲဒီလို ရိုးတာဗျ။

ကျွန်ုပ်က ကိုတင်ဆန်း သစ်ပင်တွေ လိုက်ခုတ်နေတာကြည့်ပြီး တစ်စုံ တစ်ခုကို မေးချင်နေသည်၊ ၎င်းတစ်စုံတစ်ခုဆိုတာက ကျွန်ုပ်ကိုယ်တွေ့ ငယ်စဉ်က တောတွင်းမှာ အမဲလိုက်ရင်း ကြုံတွေ့ရသော အဖြစ်အပျက်



တလေးတစ်ခု ဖြစ်သည်၊ အဲဒီနေရာမှာ ကျွန်ုပ်အကြောင်း နည်းနည်းတော့ ပြောပြချင်သည်။ ကျွန်ုပ်သည် အမဲလိုက်သော သားကောင်များကို သတ် ဖြတ်သည့်အလုပ်ကို မွေးကတည်းက ဝါသနာမပါ၊ သက်ရှိသတ္တဝါတစ် ကောင်တောင် သေးသေးကြီးကြီး သတ်ဖို့ရာ အင်မတန် ဝန်လေးသည်၊ သို့သော် - ကျွန်ုပ် ငယ်စဉ်က အဘယ့်ကြောင့် အမဲလိုက်ဝါသနာပါရသနည်း ဆိုသော် ကျွန်ုပ်၏ ငယ်သူငယ်ချင်း ကျော်စိုးကြောင့်ဖြစ်သည်ဆိုလျှင် လွန်အံ့ မထင်ပါ။

ကျော်စိုးသည် ယခု ရန်ကုန်မြို့တွင် တရားရုံးချုပ်ရှေ့နေကြီးအဖြစ် နှစ် (၃၀) ကျော် အသက်မွေးဝမ်းကြောင်းနေသူ ဖြစ်သည်၊ သူနှင့် ကျွန်ုပ် မတွေ့ သည်မှာလည်းနှစ် (၂၀) နီးပါးရှိနေပြီ၊ ကျော်စိုးသည်ငယ်စဉ်ကလေသေနတ် နံပါတ် (၂) တစ်လက်ဖြင့် အမဲလိုက်သူဖြစ်သည်၊ သူ၏ မွေးရာဇာတိ ဖြစ်သော ဘိုကလေးမြို့အောက်ဘက် အမာရွာဟုခေါ်သော ရွာကြီး၏ ပတ်ဝန်းကျင် တောများအတွင်းမှာ အမဲလိုက်နေကျဖြစ်သည်၊ သူ ရွာပြန် လျှင် ဘိုကလေးမြို့သားဖြစ်သော ကျွန်ုပ်အား သူ့ရွာသို့ အလည်ခေါ်သည်၊ အမှန်က သူများအသက် သတ်ရမှာ ဝါသနာမပါသော ကျွန်ုပ်အား ဆွယ်ခြင်း ဖြစ်သည်၊

ကျွန်ုပ်ကလည်း သူများအသက် မသတ်သော်လည်း သူဝစ်ပြီးသား တောကောင်များကို လိုက်ကောက်ရင်း အမဲလိုက်သည့် ဇာတ်သုတကို လေ့ လာသူဖြစ်သည်၊ နောင်ကျွန်ုပ်စာရေးဝါသနာပါ၍ မဂ္ဂဇင်းများတွင် အမဲ လိုက်ဝတ္ထုများရေးသားသောကုန်ကြမ်းများသည်သူ့ကြောင့်အတော်များများ ရခဲ့သော ရေးစရာအကြောင်းများ ဖြစ်သည်၊ (ဤကား စကားချပ်)

ထားပါ၊ ကျွန်ုပ်ပြောချင်သည်မှာ ကိုတင်ဆန်းအကြောင်း ဖြစ်သော် လည်း ကိုတင်ဆန်းအား တွေ့ဆုံပြီး မေးချင်သောအကြောင်းသည် ကျွန်ုပ် နှင့် သူငယ်ချင်းကျော်စိုးတို့ငယ်စဉ်က ဘိုကလေးမြို့အောက်ဘက်ပင်သယ်စ



www.burmeseclassic.com

www.burmeseclassic.com

အနီး အမာဟုခေါ်သည့် ရွာအနီးတောတွင်းမှ ရခဲ့သောအတွေ့အကြုံတစ်ခု ကြောင့် ကိုတင်ဆန်းကို ထိုတစ်ခုတစ်ခုကိစ္စ မေးချင်နေခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ငယ်စဉ်က မိဘနှစ်ပါး၏ မိဘများဖြစ်သော အဘိုး၊ အဘွား အစုံအလင်နှင့် အတူနေလာခဲ့ရသောကြောင့် အဖေဘက်မှ အမေဖြစ်သူ ကျွန်ုပ်အဖွားက ကျွန်ုပ်ငယ်စဉ်ကတည်းက သွန်သင်ပြသသောအကြောင်း တစ်ခု ရှိခဲ့သည်။ ဒါက ဘာလဲဆိုတော့ ကျွန်ုပ်အဘွားက ...

အဖွား ။ ။ ဝဲ့မြေး – မြေးတို့က ကလေးအရွယ်ဆိုတော့ ဆော့ကစားရင်း အန္တရာယ်မလွတ်နိုင်လို့ အပေါ့အပါး သွားချင်ရင် တစ်ခါတစ်ရံ လယ်ကွင်းထဲမှာ ဖြတ်သွားရင်း အပေါ့အပါးသွားချင်လို့ရှိရင် ပိုင်ရာဆိုင်ရာတွေကို တောင်းပန်ပြီးမှ သွားရတယ်။ ဥပမာ – တောထဲသွားရင်း သစ်ပင်အောက်မှာ သွားချင်တယ်ဆိုရင် သူပိုင်ရာဆိုင်ရာတွေကို "အမိုက်အမဲလေးမို့ ဖွေမယူပါနဲ့၊ အမှားအယွင်းရှိရင် ခွင့်လွှတ်ပါ" လို့ပြောပြီး သွားရတယ်။ လယ်ကွင်းထဲမှာ သွားရင်လည်း ဒီလိုပြောပြီး သွားရတယ်။ သစ်ပင်ကြီးတို့၊ ကွင်းတို့ဆိုတာက အဘွားတို့ နားမလည်နိုင်တဲ့ သူပိုင်ရာဆိုင်ရာတွေ ရှိတတ်ကြတယ်။

ကျွန်ုပ် ။ ။ ဟုတ်ကဲ့ – အဘွား၊ ပိုင်ရာဆိုင်ရာဆိုတာ ဘာလဲဟင်။

အဖွား ။ ။ မြေးတို့နေတဲ့အိမ်ကို မြေးတို့အမေပိုင်သလိုပေါ့ကွယ်။ အဲဒီအိမ်မှာ တစ်စုံတစ်ယောက် တစ်ခုခုလုပ်မယ်ဆိုရင် မြေးရဲ့အမေကို ခွင့်တောင်းရသလိုပေါ့။

ကျွန်ုပ် ။ ။ အဘွား – ဒါဆိုရင် သစ်ပင်ကြီးကျတော့ ဘယ်သူက ပိုင်တာမို့လို့လဲ။

အဖွား ။ ။ ပိုင်တာရှိတယ်၊ အဖွားတို့မြေးတို့ မသိနိုင်တဲ့ ပိုင်ဆိုင်သူပေါ့ကွယ်။



ထိုစဉ်က ကျွန်ုပ်အဘွားပြောသောစကားကို ရေးတေးတေးသာ သိသော ပေါက်ခဲ့သည်။ သို့သော်လည်း ကလေးအရွယ်မို့ အလေးအနက်မထားခဲ့၊ အဘွားသွန်သင်ခဲ့သော ကိစ္စကိုလည်း မှတ်တော့မှတ်ထားသည်၊ ဘာသိဘာသာပင် နေခဲ့သည်။

ကျွန်ုပ် စကားကြော ရှည်သွားပါသည်၊ လိုရင်းဆက်ပါမည်၊ ထိုကဲ့သို့ ကျွန်ုပ်ဝါသနာမပါသော အမဲလိုက်ခြင်းကိစ္စကို ကျွန်ုပ်၏ သူငယ်ချင်းကျော်စိုးက အဆွယ်ကောင်းသောကြောင့် ကျောင်းပိတ်တိုင်း အမာရွာမှာ အမဲလိုက်



ထူးခြားသည်က လေပြင်းတိုက်သလို အသံကြားလိုက်သော်လည်း သစ်ပင်၊ သစ်ရွက်များက ငြိမ်သက်နေခြင်းသည် အကြောင်းတစ်ခုခုကြောင့်ပဲဟု ကျွန်ုပ်သဘောပေါက်ကာ ကျွန်ုပ်သူငယ်ချင်း ပြေးထွက်သွားရာဘက်သို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထွက်ကြသည်၊ လေသေနတ် နံပါတ် (၂) အပြင် ပွိုင့်တူးတူးတစ်လက်ပါ သူက မှာထားသည်၊ တစ်ကြိမ်သောအခါက ဖြစ်သည်၊ ကျွန်ုပ်နှင့် ကျော်စိုးတို့ နှစ်ယောက် နံနက်စောစော ဝေလီဝေလင်းတွင် ကောက်ညှင်းငချိတ်ပေါင်းများ အဝစားကာ ငါးခြောက်များကို မီးဖုတ်၍ တောတွင်းသို့ ထွက်လာခဲ့သည်၊

လမုပင်များ၊ မဒမပင်များ၊ ကနစိုပင်များ အုံ့ဆိုင်းနေသော တောတွင်းသို့ ရောက်လာသောအခါ မိုးအတော်လင်းနေပြီဖြစ်သည်၊ သွားရင်လာရင်း ...

နံနက်စောစော အိပ်တန်းမှထသော ကြက်တူရွေး၊ ရုံးပတီနှင့် တခြား အမျိုးအမည်မသိသော ငှက်ဆယ်ကောင်ခန့် ရနေပြီဖြစ်သည်၊ ကျွန်ုပ် သူငယ်ချင်း ကျော်စိုးက ပစ်လိုက်၊ ကျွန်ုပ်က ပြေးကောက်လိုက် ဖြစ်သည်၊ နံပါတ် (၂) လေသေနတ်သာ သုံးရသေးသည်၊ ပွိုင့်တူးတူးကို တစ်ခါမှ မသုံးရသေး၊

တောကလည်း နက်သည်ထက် နက်လာသည်၊ ကျွန်ုပ်တို့နှစ်ယောက် လည်း နေထန်းတစ်ဖျားခန့် အချိန်လောက်တွင် ညောင်သီးများ မြွတ်သိပ်ကာ သီးနေသော ညောင်ပင်ကြီးအောက်သို့ ရောက်လာကြသည်၊

ညောင်ပင်ကြီးအောက် ပေငါးဆယ်လောက်တွင် ရှင်းနေ၍ တောတွင်း သတ္တဝါများ၏ မစင်လတ်လတ်ဆတ်ဆတ်ကို တွေ့ရသောကြောင့် ကျွန်ုပ် သူငယ်ချင်းက ကျွန်ုပ်ကို လက်ကုတ်ကာ ချေတစ်ကောင်ရဲ့ မစင်များ ဖြစ်ကြောင်းနှင့် ညောင်ပင်အောက်က ထွက်သွားတာ မကြာသေးကြောင်း ပြောသည်၊

ကျွန်ုပ်တို့နှစ်ယောက် ခြေရာခံကာ လိုက်ကြသည်၊ ကျွန်ုပ်က သူ့နောက် က ဖြစ်သည်၊ သူပြသော ဘာမှန်းမသိသည့် ခြေရာကို သူက ချေ၏ခြေရာဆို သောကြောင့် ကျွန်ုပ်က ခေါင်းညိတ်ကာ လိုက်လာခဲ့သည်၊ ကျွန်ုပ် ရှေ့ငါးပေ ခန့်အကွာမှ သွားနေသော ကျွန်ုပ် သူငယ်ချင်းသည် ဖြုန်းခနဲ အပင်တစ်ပင် ဘေးတွင် ဝပ်လိုက်ကာ ကျွန်ုပ်ကိုလည်း နောက်ကို လှည့်မကြည့်ဘဲ ဝပ်ရန် လက်နှင့် အရိပ်အခြည်ပြလိုက်သည်၊ သူနှင့်လိုက်နေကျဖြစ်သော ကျွန်ုပ်က လည်း အထာသိပြီးဖြစ်သောကြောင့် ရောက်ရာနေရာတွင် ဝပ်ချလိုက်သည်၊ ကျွန်ုပ် သူငယ်ချင်းက ပွိုင့်တူးတူးကို ကြိတ်၍ မောင်းတင်လိုက်ကာ တစ်နေရာ ကို ချိန်လိုက်လေသည်၊

သူချိန်သော နေရာကို ကျွန်ုပ် တွေ့လိုက်ပါသည်၊ ရှေ့ကိုက် နှစ်ဆယ်ခန့် လောက်တွင် ကုန်းမို့မို့လေးတစ်ခုကို သစ်ပင်ကြို သစ်ပင်ကြားမှ လှမ်းမြင်နေ ရသည်၊ ထိုကုန်းမို့မို့လေးပေါ် ခြေတစ်လှမ်းတက်ကာ အပင်မှ အသီးများကို စားနေသော ချေတစ်ကောင်ဖြစ်သည်၊ ၎င်းချေကို ကိုယ်လုံးမမြင်ရပဲ ခေါင်း တလေး လှုပ်နေတာ တွေ့နေရသည်၊ ကျွန်ုပ်နေရာက ကြည့်လျှင် သစ်ပင် များ ကွယ်နေ၍ဖြစ်သည်၊ ကျွန်ုပ် သူငယ်ချင်းနေရာက ကြည့်လျှင်တော့ ညည်သည့်အနေအထားတွေ့မည်ကို ကျွန်ုပ်မသိ၊

"ဖောင်း" ခနဲ မြည်သံကို ကျွန်ုပ်ကြားလိုက်ရသည်၊ တစ်ဆက်တည်း ကျွန်ုပ် သူငယ်ချင်းထံမှ "ထိပြီဟေ့" ဆိုသော စကားကို ကြားလိုက်ရပြီး သူ တစ်ဟုန်ထိုး တောထဲသို့ ပြေးသွားသည်ကို မြင်လိုက်ရသည်၊ ထိသွားသော ချေနောက်ကို သူလိုက်သွားမှန်း ကျွန်ုပ်သဘောပေါက်လိုက်သည်၊

ကျွန်ုပ်လည်း သူ့နောက်သို့ ပြေးလိုက်ခဲ့သည်၊ ပစ်၍ ထိသွားသော သတ္တဝါနောက်သို့ လိုက်သွားသော သူ့ခြေကို ကျွန်ုပ်လိုက်မမီပါ၊ သူက ဖော နှင့် ဖြစ်သည်၊ ကျွန်ုပ်က အတွေ့အကြုံ ရှာသူဖြစ်သောကြောင့် ဖြစ်ပါသည်၊ ဒါကြောင့် သူ့ကို ကျွန်ုပ် မျက်ခြည်ပြတ်သွားသည်၊ စိတ်တော့မပူပါ၊ ဒီတော များကို သူက ကျွမ်းကျင်ပြီးသားဖြစ်၍ သူ ပြန်လာမည်ကို ကျွန်ုပ် သိသော ကြောင့် အထုပ်အပိုးများချကာ တစ်နေရာတွင် ကျွန်ုပ်ထိုင်လိုက်သည်၊

ရွှေးများသုတ်ကာ အပန်းဖြေရင်း တော၏သဘာဝကိုငေးကာ ကျွန်ုပ် ဘွေးနေမိသည်၊ ငှက်သံများ ဆူညံနေအောင် ကြားရသည်၊ ကြက်တူရွေးသံ



www.burmeseclassic.com

များက အဆူဆုံးဖြစ်သည်။ ကျွန်ုပ် ချထားသော စစ်သုံးလွယ်အိတ် အရှည်ကြီးထဲတွင် ငှက်အသေကောင်များ တစ်ပုံတစ်ပင်။

အိမ်ပြန်ရောက်လျှင် ခြေထောက်၊ ခေါင်းဖြတ်၊ ကလီစာများထုတ်၊ နနွင်း၊ ဆားလူးကာ ကြော်စားနေကျဖြစ်သည်။

ဆယ့်ငါးမိနစ်ခန့်မျှ ကြာသည်အထိ ကျွန်ုပ် သူငယ်ချင်းကို စောင့်သော်လည်း မလာသောကြောင့် အထုပ်အပိုးများကို ဆွဲကာ ထလာခဲ့သည်။ ကျွန်ုပ်ထလိုက်သည်နှင့်လေပြင်းတိုက်သလို "ဝေါ - ဝေါ" ဟူသော အသံကြီးကိုကြားလိုက်ရသည်။ ကျွန်ုပ်သည် ကြောက်တတ်သူ မဟုတ်သောကြောင့် ဘာသံလည်းဟု စဉ်းစားနေမိသည်။ ထူးခြားသည်က လေပြင်းတိုက်သလို အသံကြားလိုက်သော်လည်း သစ်ပင်၊ သစ်ရွက်များက ငြိမ်နေခြင်းသည် အကြောင်းတစ်ခုခုကြောင့်ပဲဟု ကျွန်ုပ်သဘောပေါက်ကာ ကျွန်ုပ်သူငယ်ချင်း ပြေးထွက်သွားရာဘက်သို့ လျှောက်လာခဲ့သည်။

လေး၊ ငါးလှမ်းမျှ လှမ်းမိသောအခါ စောစောက ကြားလိုက်သော "ဝေါ - ဝေါ" ဟူသော အသံကြီးကိုကြားလိုက်ရပြန်သည်။ ထိုအခါ မကြောက်တတ်သော်လည်း ဘာရယ်မဟုတ် ကျွန်ုပ်လာရာ အနောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ သစ်ပင်ခြေရင်းတွင် အပေါ့ထိုင်သွားခဲ့သော သစ်ပင်ကြီးသည် တဝေါဝေါမြည်ကာ မြေပေါ်သို့ တိခနဲ လဲကျသွားပါတော့သည်။ ကျွန်ုပ်အပေါ်သို့ မလဲ၍သာ တော်တော့သည်။ လူနှစ်ဖက်စာနီးပါး ကြီးမားသော သစ်ပင်ကြီးက ကျွန်ုပ်အပေါ်သာ လဲကျခဲ့လျှင် ကျွန်ုပ်၏ ဤအဖြစ်အပျက်ကိုပြန်ရေးပြနိုင်တော့မည် မဟုတ်ပေ။

ကျွန်ုပ် အံ့ဩသွားသည်။ သစ်ပင်ခုတ်သူလည်း မရှိ၊ လေလည်း မတိုက်၊ *တခြားသစ်ပင်များက ဘာမှမဖြစ်ပဲ ထိုအပင်တစ်ပင်ပဲရွေး၍ လဲကျသွားခြင်း*ဟာ ဘာကြောင့်လဲဟု ကျွန်ုပ်တွေးနေချိန်အတွင်း ကျွန်ုပ်တွင် ကြက်သီးမွေးညင်းများ အလိုအလျောက်ထလာသည်။ ခေါင်းထဲကပဲ မူးလာသလို ရက်လုံးထဲကပြောလာသလိုဖြစ်လာသည်။ ကျွန်ုပ် သတိကောင်းစွာရှိနေသော်လည်း မကြောက်သော်လည်း တောကြီးထဲတွင် တစ်ယောက်တည်း ယခုလိုအဖြစ်မျိုး မကြုံဖူးသောကြောင့် အားတင်းကာ ရှေ့ကို ဆက်လျှောက်လာခဲ့သည်။

သို့သော် - နောက်ကမလုံ၊ အလိုလို ပြန်ကြည့်ချင်စိတ် ပေါ်လာသောကြောင့် နောက်ကိုပြန်လှည့်ကြည့်လိုက်သည်။ ကျွန်ုပ် မျက်စိများ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သေချာအောင် မျက်လုံးကို ပွတ်ကြည့်လိုက်သည်။ သေချာပါသည်။ ကျွန်ုပ် သတိမလွတ် အမြင်မမှားပါ၊ စောစောက ဝုန်းခနဲ လဲကျသွားသော သစ်ပင်ကြီးသည် ယခု သူ့နေရာတွင် ယခင်အတိုင်း မလှုပ်မယှက် ထောင်လျက်ရှိကာ သစ်ရွက်လှုပ်သည်ကိုပင် မတွေ့ရ၊ သစ်ပင်ကြီးကိုကြည့်ရင်း ကျွန်ုပ်ဖောခွေးများ ပြန်လာသည်၊ ကြက်သီးမွေးညင်းများ ထလာသည်၊ ကျွန်ုပ် နောက်လှည့်မကြည့်တော့၊ တစ်မျိုးတည်း လစ်လာခဲ့သည်။

ကျွန်ုပ် မည်မျှ ပြေးလာခဲ့သည်မသိ၊ ချေအသေကောင်ကြီးကို ထမ်းလာသော ကျွန်ုပ် သူငယ်ချင်းကျော်စိုးကို တွေ့တော့မှ ရပ်တော့သည်။ ကျွန်ုပ်လည်း စကားမပြောနိုင်လောက်အောင် မောနေသည်။ ကျွန်ုပ် သူငယ်ချင်းက ကျွန်ုပ် အဖြစ်အပျက်ကိုမသိ၊ ချေရလာသောကြောင့် ပျော်နေသည်။

ဝမ်းသာနေသော ကျွန်ုပ်သူငယ်ချင်းက တစ်လမ်းလုံး သီချင်းဆိုကာ ချေကောင်ကြီးကို ထမ်းလာသော်လည်း ကျွန်ုပ်က ရွာပြန်ရောက်သည်အထိ စကားတစ်လုံးမျှ မပြောမိ၊ ရွာထဲက ကျွန်ုပ် သူငယ်ချင်း၏ အမျိုးများကို ထိုအကြောင်းပြောပြချင်သော်လည်း ယုံနိုင်မည် မထင်သောကြောင့် မပြောမိ၊

ကျွန်ုပ်မှာ အသိတစ်ခုတော့ရှိသည်၊ ထိုအသိက တောထဲတွင် ကျွန်ုပ် အမှားတစ်ခုခု လုပ်ခဲ့၍လားဆိုသော အသိပင်ဖြစ်သည်၊ ထိုအမှားက ကျွန်ုပ် *ငယ်စဉ်က အဘွားပြောခဲ့သော* အန္တရာယ်မလွတ်နိုင်လို့ ကွင်းပြင်တို့၊ သစ်ပင်တွေ အောက်တို့မှာ မသန့်တာတွေ စွန့်မိခဲ့ရင် တောင်းပန်တိုးလျှိုးရတယ် ဟူသောအမှုကို ကျွန်ုပ် ဂရုမထားမိခြင်းဖြစ်သည်။

www.burmeseclassic.com

ကျွန်ုပ် ကံကောင်းသည်ဟုဆိုရမည်။ သတိကောင်းခြင်းကြောင့်သာ နောက်ထပ် ဘာမှ မဖြစ်ခဲ့ခြင်းဟု ယုံကြည်မိသည်။

ကျွန်ုပ်တွေ့ချင်နေသော ကိုတင်ဆန်းနှင့် အေးအေးဆေးဆေးတွေ့ပြီး တစ်စုံတစ်ခုကို မေးချင်သော ကိစ္စကို အစမှ ကျွန်ုပ်မေးရသည်။

ကျွန်ုပ် ။ ။ ကိုတင်ဆန်း - ခင်ဗျားကို အေးအေးဆေးဆေးတွေ့ပြီးမေးချင်နေတာကြာပြီဗျ။

ကိုတင်ဆန်း ။ ။ ပြောပါ - ဆရာ၊ ဆရာ ဘာမေးချင်လို့လဲ။

ကျွန်ုပ် ။ ။ ခင်ဗျားက ခင်ဗျားရဲ့မိသားစု စားဝတ်နေရေးကြောင့် ခုလို ကန်ထရိုက်ယူပြီး သစ်ပင်တွေ ခုတ်နေတာ ခင်ဗျားက ကိုယ်တိုင် တက်ခုတ်တာတော့ မဟုတ်ဘူးပေါ့ဗျာ။ တပည့်တွေ ခိုင်းတဲ့ အခါကျတော့ ခင်ဗျားက ဘယ်အပင်ကို ခုတ်ဆိုတာ အမိန့်ပေးရတာကိုး။ အဲဒီတော့ ခင်ဗျား သစ်ပင်ပေါင်း မြောက်မြားစွာခုတ်လာတာ ဘာတွေများ ထူးဆန်းတာ တွေ့မိလဲ။

ကိုတင်ဆန်း ။ ။ ဘယ်လို ထူးဆန်းတာလဲ ဆရာ၊ ကျွန်တော် နားမလည်လို့ပါ။

ကျွန်ုပ် ။ ။ ဒီလိုဗျ - ကျွန်တော်လည်း ဖတ်ဖူး၊ မှတ်ဖူး၊ ကြားဖူးတာကို ပြောတာပါ၊ သစ်ပင်တိုင်းတော့ မဟုတ်ဘူးပေါ့ဗျာ၊ တချို့သစ်ပင်ကြီးတွေမှာ ပိုင်ရာဆိုင်ရာတွေ ရှိတတ်ကြတယ်ပေါ့ဗျာ။ ဥပမာ - ရုက္ခစိုးတို့မကောင်းဆိုးဝါးတို့ပေါ့ဗျာ။ သူတို့က အမြီသဟဲပြုပြီးတော့နေရတယ်ဆိုတော့ ခင်ဗျားက အဲဒီအပင်ကို ခုတ်လိုက်တော့ သူတို့မှာ နေစရာမရှိဖြစ်ကုန်ရော၊ အဲဒီတော့ အမိန့်ပေးတဲ့ ခင်ဗျားကို ထုံးပြန်မှုတွေ ဘာတွေများ လုပ်သလဲဆိုတာကိုပါ။

ကိုတင်ဆန်း ။ ။ သြော် - ဒါလား၊ ဒီအလုပ်လုပ်စားတဲ့လူက ဒါလောက်တော့ နားလည်ရမယ်ပေါ့ ဆရာရယ်။ ခုချိန်ထိ ကျွန်တော့်မှာ ဘာအနှောင့်အယှက်၊ အခက်အခဲမှတော့ မကြုံဖူးပါဘူး။ စီးပွားရေး လုပ်ပေမယ့် ညစဉ်ဘုရားရှိခိုး အမျှအတန်းဝေပါတယ်။ ကျွန်တော့်တပည့်တွေက အလုပ်တာဝန်အရလုပ်ရသော်လည်း တောင်းပန်တိုးလျှိုပြီးတော့ လုပ်ကြပါတယ်။ နောက်ပြီး တစ်ပင်လုံးလည်း မခုတ်ပါဘူး၊ တစ်ကိုင်းလောက်တော့ ချန်ထားတတ်ပါတယ်။ ဆရာပြောသလို ကျွန်တော်လည်း ယုံကြည်မှုရှိပါတယ်၊ ဒါပေမဲ့ - မယုံကြည်တဲ့ ကျွန်တော့်အဖေ ကိုယ်တွေ့ကလေး တစ်ခုတော့ ပြောပြချင်တယ်။

ကျွန်ုပ် ။ ။ ကောင်းတယ်ဗျာ။ ကျွန်တော်လည်း အဲဒါမျိုး နားထောင်ချင်တာ။

ကျွန်ုပ်တွေ့ချင်နေသော ကိုတင်ဆန်း၏ သူပြောပြသော သူ့အဖေ ကိုယ့်တွေ့အဖြစ်အပျက်ကလေးကို သူပြောပြသည့်အတိုင်း ဆီလျော်အောင် ကျွန်ုပ် ပြင်ဆင်ရေးသား၍ တင်ပြလိုက်ပါသည်၊ ကိုယ်တွေ့ ရွှေလေးနှင့်ယှဉ်၍ ဗဟုသုတ ရနိုင်ကြပါကုန်။

ကျွန်တော်က အောင်လံသား ဆရာရဲ့၊ အောင်လံဆိုပေမယ့် မြို့ပေါ်က အောင်လံသားတော့ မဟုတ်ဘူးပေါ့ ဆရာရယ်၊ အောင်လံနဲ့ (၁၂) မိုင်လောက်ဝေးတဲ့ ရွာကလေးတစ်ရွာက ကျွန်တော့် ဇာတိပေါ့၊ ဆောက်လုပ်ရေးမှာ





www.burmeseclassic.com

www.burmeseclassic.com

(၁၅) နှစ်ကျော်လောက် အလုပ်လုပ်ပြီးမှ ကျွန်တော် အလုပ်ထွက်လိုက်ပြီး ကိုယ်ပိုင် အလုပ်လုပ်တာ။ ကျွန်တော်တို့ မျိုးရိုးက သစ်ပင်ခုတ်တဲ့ မျိုးရိုးလို့ ပြောရမလားမသိဘူး။ ကျွန်တော့်အဖေလည်း အဲဒီအလုပ်ပဲလုပ်တယ်၊ ဆရာ မေးသလို ကျွန်တော် သစ်ပင်တွေ မရေတွက်နိုင်အောင် ခုတ်ခဲ့ပြီးပြီ၊ တစ်ခါမှ ထူးထူးဆန်းဆန်း မကြုံဖူးဘူး။ ကျွန်တော်ကိုယ်၌က ဘုရားရှိခိုးအမျှအတန်း ဝေပြီးမှ အလုပ်လုပ်တာမို့လို့ဖြစ်မယ်ထင်ပါတယ်။

ကျွန်တော့်အဖေက လူရှုတ်ကြီး ဆရာရဲ့ - အယုံအကြည် မရှိဘူး။ ကုသိုလ်ကံ ကောင်းနေသေးတော့ ဘာမှမဖြစ်ဘူးပေါ့ ဆရာရယ်၊ တစ်နေ့ တော့ - အလုပ်သမားတစ်ယောက်က အဖေ့ကို လာပြောတယ်၊ အဲဒီအချိန် က ကျွန်တော်က ကလေးအရွယ်ပေါ့၊ ကျွန်တော်တို့ ရပ်ကွက်ထဲက အပင် ကြီး တစ်ပင်ကို အဖေ့ကိုခုတ်ဖို့ လူကြီးတွေက တာဝန်ပေးတဲ့အကြောင်းနဲ့ အဲဒီအပင်ကြီးမှာ နတ်စင်တွေလည်း ရှိတဲ့အကြောင်း ပြောနေတာ ကြားရ တယ်။

အဖေကတော့ လုပ်နေကျအလုပ်မို့ အေးအေးဆေးဆေးပါပဲ၊ နတ်စင် တွေ ဖယ်ပြီး အဲဒီအပင်ကို ဘယ်လို ခုတ်ဖို့ သူ့တပည့်တွေကို တာဝန်ပေး လိုက်တယ်၊ သိပ်မကြာဘူး အဖေ့တပည့်တွေ ပြန်လာတယ်၊ အဲဒီအပင်ကြီး ကို ခုတ်လို့မရကြောင်း၊ အပင်ပေါ် တက်လိုက်တိုင်း တစ်စုံတစ်ယောက်က တွန်းချနေရသလို ခံစားရကြောင်း အဖေ့ကိုပြန်ပြောကြတယ်။

နောက်ပြီး လက်ဖက်ပွဲကလေးနဲ့ တောင်းပန်ပြီး ခုတ်သင့်ကြောင်း အကြံပေးကြတယ်။ အဖေက ဒါတွေကို လုံးဝအယုံအကြည်မရှိကြောင်းနှင့် အပင်ရှိရာကို လက်ညှိုးထိုးပြီး "မင်းတို့ ခုတ်မရရင် ငါကိုယ်တိုင် ခုတ်မယ်ကွ" လို့ပြောပြီး လက်ညှိုးထိုးထားတဲ့ လက်ကို အောက်ပြန်ချတော့ မရတော့ဘူး။

ဆွဲချလည်း မရဘူး၊ လက်ကြီးက တန်းလန်းကြီးဖြစ်နေတယ်၊ အဖေ့ကို ဆေးခန်းခေါ်သွားတော့လည်း အဲဒီအတိုင်း လက်ကြီးက တန်းလန်းကြီးပဲ။ ဆရာဝန်လည်း မစဉ်းစားတတ်တော့ဘူး၊ အိမ်ပြန်ရောက်တော့ ပတ်ဝန်း ကျင်က လူတွေ အကြံပေးတိုက်တွန်းကြတာနဲ့ လက်ဖက်တစ်ပွဲနဲ့သွားပြီး အပင်အောက်က ထိုင်ကန်တော့ တောင်းပန်လိုက်မှ အဖေ့လက်က အလိုလို အောက်ကို ချလို့ရသွားတယ်၊ အဲဒီအပင်ကြီးလည်း ဘယ်သူမှ မခုတ်ရဲတော့ ဘူး၊ အဖေလည်း အဲဒီကစပြီး တစ်ယူသန် ကိစ္စကို စွန့်လွှတ်လိုက်တော့တယ်၊ ဆေးခန်း ဆရာဝန်တောင် အဖေ့လက်ချမရတဲ့ အဖြစ်ကို အံ့ဩနေတယ်၊ ဘယ်လိုကြောင့် လက်ပြန်ချဖို့ ရတယ်ဆိုတာရော ဆရာဝန်က ပိုအံ့ဩနေ သေးတယ်။

အဲဒီကစပြီး အဖေ့အမွေကို လက်ခံတဲ့ ကျွန်တော်ဟာ နောက်ဆိုရင် သစ်ပင် ကြီးကြီးမားမားခုတ်ရင် တောင်းပန်ပြီးမှပဲ ခုတ်တော့တယ်၊ ဘုရား ရှိခိုးရင်တောင် ခုတ်မယ့်သစ်ပင်ကို ရည်စူးပြီး မေတ္တာပို့ အမျှအတန်းဝေပြီးမှ ခုတ်တော့တယ်ဆရာ။

(စိတ်မဝေဟာတ)

»»» မောင်မြင့်မား (မိုလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com



## မြမြလှိုင်

# မချစ်ပြွင်ပြွင်
# တမင်မမုန်းသော်လည်း

နလိုစိတ်လွတ် ကိုယ်လွတ် ခရီးထွက်လာရတော့လည်း ရင်ထဲမှာ ခံစားရတဲ့ ဝေဒနာတွေ နည်းနည်းတော့ ပေါ့သွားသလိုပဲ"

ကိုဝေလွင်က အနားတွင် ကားမောင်းကာ လိုက်ပါလာသော တပည့်ဖြစ်သူ ကျော်မောင်အား ပြောလိုက်သည်။ သူတို့နှစ်ဦး စီးလာခဲ့သည့်ကားမှာ စက်မှုဖုန်ထုတ် မြန်မာဂျစ်ကားအမိုးဖွင့်ဖြစ်သည်။ အလုပ်ကိစ္စပင် ဖြစ်သော်လည်း ခရီးထွက်ရသည်ကို ဝါသနာပါသော ကိုဝေလွင်အဖို့ စိတ်အေးချမ်းမြေ့စွာဖြင့် ထွက်လာသည်။

"မောင်ရင် ကုမ္ပဏီကိစ္စနဲ့ မြို့ရွှေ့ဆယ်ဘက်ကို ခရီးထွက်ရမယ်။ လိုအပ်တာတွေ အကုန် ကိုယ် လုပ်ထားမယ်"

"ဒါဆိုရင် - ကျော်မောင်ကို ခေါ်ပြီးသွားမယ်"

ကိုဝေလွင်သည် "ရွှေနဒီ "ဆောက်လုပ်ရေး"ကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ ထို့ပြင် ရှယ်ယာမင်ဘာတစ်ဦးလည်း ဖြစ်သည်။ အသက်သုံးဆယ်ကျော် အရွယ်ရှိပြီး လူရည်သန့်ယောကျ်ားပီသ ခန့်ချော ဖြစ်သည်။ အရပ်မြင့်မြင့် အသားလတ်လတ် ရှိသည်။ သို့သော် ယခုထက်တိုင် အိမ်ထောင် မရှိသေးသော တစ်ကိုယ်တည်းလူပျိုကြီး ဖြစ်သည်။ အိမ်ထောင်

www.burmeseclassic.com

ကျမည့် အနေအထားမှ လွှဲဖယ်ခံရသောသူပင်။ သူချစ် ကိုယ်ချစ် နှစ်ကိုယ်ချစ်တူမျှသော ချစ်သူ နီနီနန်းထိုက်သာ သူ့ကိုဥပေက္ခာပြုပြီး ကျောခိုင်းမသွားလျှင် ယခုလောက်ဆိုသားသားလား၊ မီးမီးလေးလား တို့အဖေ ဖြစ်နေလောက်ပြီ။ ချစ်သူမှာ မည်သူ့ကိုမှ ဂရုမစိုက်၊ ကိုဝေလွင်၏မေတ္တာအတိမ်အနက်ကိုလည်း ရှိန်စက်ကာ စကားမဆိုတော့ဘဲ နောက်ပြန်မလှည့်စတမ်းနှင့် ဘဝခရီးလမ်းမှ ပျောက်ကွယ်သွားသည်။ ပြောရလျှင် ကိုဝေလွင်အား တမင်သာ မကြင်နာလို့ မဟုတ်ပါဘဲနှင့် ခွဲသွားရရှာသူ ဖြစ်သည်။ မမျှော်လင့်ဘဲ ရုတ်တရက် သူ့ကို ထားသွားခဲ့သည်၊

"နီကတော့လေ - ဖေဖေ၊ မေမေတို့ကို ပြောလိုက်မယ်၊ ကိုယ့်ဘာသာကိုယ် လစာထဲကစုပြီးမှ မောင်နဲ့လက်ထပ်မယ်လို့"

"ဒီတော့ - ဘာပြန်ပြောကြလဲ"

"ဖေဖေက သမီးတို့ သဘောတဲ့၊ နှစ်ဦးသား စိတ်ချမ်းသာရင်ပြီးရောလို့ ပြောတယ်"

"ဒါ - မှန်တာပေါ့၊ မောင်လည်းနီလေးရဲ့အစီအစဉ်ကိုသဘောကျတယ်၊ တစ်ဦးနဲ့တစ်ဦး သစ္စာရှိရှိနဲ့ ဘဝတစ်ခုကို ထူထောင်ရင်း ပကာသနဆိုတာ ဝေးရောက်နေပါပြီ"

ကျောင်းသူ၊ ကျောင်းသားဘဝမှ အလုပ်တူတူ လုပ်ကိုင်လာကြသည့် အခါတွင် ထိုက်တန်သောလုပ်အားခကို ရရှိထားကြသူနှစ်ဦးလည်းဖြစ်၊ လုပ်ကိုင်ဆောင်ရွက်ရသည့် တာဝန်နှင့် ရာထူးကလည်း သင့်တင့်သော အခြေအနေမှာ ရှိကြသည်၊ သူတို့နှစ်ဦးသား၏ ဘဝမှာ ချိုမြိန်လှသော စိတ်ကူးယဉ်ကမ္ဘာလေး ဖြစ်နေသည်၊ အလုပ်သွား အလုပ်ပြန် အတူတူ ဆုံကြရင်း ဘဝခရီး၏ ရေရှည်အစီအစဉ်တွေကို ဆွေးနွေးရင်း ပြုံးပျော်ကြသည်၊ နှစ်ဖက်မိဘနှစ်ဦးစလုံးနှင့် အတူမနေဘဲတိုက်ခန်းလေးတစ်ခန်းဝယ်ကာနှစ်ယောက်ကမ္ဘာလေးကိုတည်ဆောက်မည်ဟုရည်ရွယ်ထားကြသည်၊



သို့သော် ကံကြမ္မာသည်နှစ်ဦးသားကိုမျက်နှာသာ မပေး၊ ရက်စက်ရိုင်းစိုင်းစွာ ကြမ္မာမှန်တိုင်းက လေဆင်ရိုင်း ဆင်တော့သည်၊

"နီနီ - ဆုံးပြီ"

ဒီသတင်းကို စကြားစဉ်က ကိုဝေလွင် မယုံနိုင်ခဲ့၊ သူ နားကြားမှားသည်လို့သာ ထင်လိုက်သည်၊

"နီနီ - ဆုံးပြီ - မောင် - မယုံဘူး၊ နီလေးရယ် - မောင် - မယုံဘူး"

အမှန်တကယ်လည်း မယုံနိုင်စရာပင်၊ သူနှင့်ပင် အတူယှဉ်တွဲကာ မနေ့က ညနေက နှစ်ယောက်သား ရုံးအဆင်းမှာ အတူတူပြန်လာပြီး စကားပြောကြသေးသည်၊ သည်နေ့နံနက်တွင် ကြားရသည့်သတင်းက ချစ်တဲ့သူ နီနီ တစ်ယောက် လူ့လောကကြီးက ပျောက်ကွယ်သွားပြီတဲ့၊ တကယ့်ကို မယုံနိုင်စရာ ကောင်းလှသည်၊

"မနက်က ရေချိုးခန်းက အထွက်မှာ ခြေခေါက်ပဲပြီး ချော်လဲသွားတာ ကြမ်းပြင်နဲ့ ခေါင်းထိပြီး ဆုံးတာပဲ၊ ဆေးရုံကို ပို့ပေမယ့် လမ်းမှာတင် ဆုံးသွားတာ"

သတင်းကို လာပြောသူက သေသေချာချာ ပြောပြသည်၊ မကြားရက်၊ မယုံနိုင်စရာ ကောင်းသောသတင်းဖြစ်သည်၊ နီနီ၏မိသားစုလည်း မျက်ရည်မစဲ၊ ငိုပွဲ ဆင်ရသလို ကိုဝေလွင်တစ်ယောက်လည်း ဖြေမဆည်နိုင်အောင် ကြေကွဲရသည်၊

မမြဲသော သင်္ခါရတရားကိုပြောပြသော်လည်း ကိုဝေလွင်ကမူ ရင်ထဲက အပူမီးကို ငြိမ်းအောင် မကြိုးစားနိုင်ခဲ့ ၊သင်္ဂြိုဟ်မည့်နေ့တွင် ချစ်သူ၏ ရုပ်အလောင်းကို စေ့စေ့ကြည့်ရင်း တမ်းတကာ လွမ်းတသသ ဖြစ်ရသည်၊ မီးသင်္ဂြိုဟ်ရန်အတွက် အခေါင်းကိုမပိတ်ခင်နီနီကြိုက်တတ်သော နှင်းဆီပန်း အနီပွင့်ကို ရုပ်အလောင်း၏ ရင်ခွင်ထက်မှ အမှတ်တရ အလွမ်းပြေယူကာ ဖုန်းစာအုပ်နတ်ဘုတ် (Note book) ထဲတွင် အမြဲတမ်းရှိနေသော နီနီ၏

www.burmeseclassic.com

ဓာတ်ပုံနှင့်အတူ ထည့်ထားလိုက်သည်၊ ချစ်သူ၏ နောက်ဆုံး အမှတ်တရ ပစ္စည်းလေး ဖြစ်သည်။

လွမ်းစိတ်၊ တမ်းတစိတ်ကိုဝတ္ထုရေးနှင့်ချိုးနှိမ်ကာ ပယ်ဖျောက်ပြီးအလုပ်ထဲမှာသာ နစ်မြှုပ်ထားလိုက်သည်၊ သို့နှင့်ပင် စိတ်ပြေပျောက်စေရန်အတွက် ကုမ္ပဏီလူကြီးများက သူ့ကို နယ်မြို့ဆီသို့ အလုပ်တာဝန်နှင့် ခရီးထွက်ခိုင်းလေသည်၊ လွမ်းစိတ်ကို တတ်နိုင်သမျှဖြေသိမ့်ပြီး စိတ်ကို ငြိမ်အောင်ထားကာ ခရီးထွက်ခဲ့သည်။ ခရီးလမ်း၊ ပတ်ဝန်းကျင်၊ ရာသီဥတု အပြောင်းအလဲကြောင့် စိတ်ထဲအေးငြိမ်းသွားသလို ခံစားရသည်။ ချစ်သူနီနီကိုလည်း သတိရသည်၊ ဘာလိုလိုနှင့် နောက်တစ်ပတ်ဆိုလျှင် နီနီဆုံးတာ တစ်လပြည့်တော့မည်။ ချစ်သူကိုယ်စား ကိုဝေလွင်၏ ရင်ထဲတွင် နီနီ၏ ဓာတ်ပုံလေးကို ထည့်ထား၍ ပါလာသည်၊ ခရီးတစ်ထောက်နားသည့်နေရာရောက်လေတိုင်း ချစ်သူ၏ ရုပ်ပုံလွှာကို အလွမ်းပြေ ထုတ်ကြည့်ရသည်၊

"အချစ်ရယ် – မောင့်အနားမှာပဲ အမြဲနေနော်"

လွမ်းတသသ ဖြစ်ရမှုလို့ နှုတ်မှ စကားတဖွဖွပြောကာ လွမ်းစိတ်ကို ဖြေသိမ့်ရသည်။ ယခုလည်း မြို့ရှေ့ဆယ်မှ မြပဟာသံအပန်းဖြေကမ်းခြေသို့ လာခဲ့ကြသည်၊ မြို့သာယာတံတားကို ကျော်လျှင် ပတ်ဝန်းကျင်သည် ပို၍စိုပြေလာသည်၊ လမ်းဘေးဝဲယာရှိ ရာဘာတော၊ ရေငန်းတော ပိန္နဲခြံ၊ မင်းဂွတ်ပင်အုပ်အုပ်တွေမှာ စိမ့်စိမ့်အေးအေး ရှိလှသည်၊ တောတန်းရှည်တစ်ခုကို လွန်သည်နှင့် တောင်ကုန်းမို့မို့တစ်ခုကို ကွေ့ကာဝိုက်ကာ ကျော်တက် မောင်းလာရသည်၊

"ဒီတောင်ကုန်းအဆင်းကျရင် စားသောက်ဆိုင်တော့ ရှိလိမ့်မယ်၊ ကုန်းအဆင်းဖြစ်၍ ကားကို ဖြည်းဖြည်းထိန်းကာ မောင်းလာသည်၊ မနက်စောစော သုံးနာရီလောက်ထဲက ထွက်လာခဲ့ကြ၍ ယခုနံနက် ဆယ့်တစ်နာရီရှိပြီ၊ အိမ်မှလမ်းတွင် သောက်ရန် ဖျော်ထည့်လာသည့် လက်ဖက်ရည်



ဓာတ်ဘူးတစ်ဘူးလည်း ကုန်ပြီ၊ ယခု ဝမ်းအာဟာရအတွက် ဗိုက်အတွင်းမှ သံစုံမြည်ချင်လာသည်၊

"ဟိုး – ရှေ့မှာ တွေ့ရတာ ထမင်းဆိုင်များလား မသိဘူး"

"ဖြစ်နိုင်တယ် ဆရာ၊ လူလေးငါးယောက် ထိုင်နေကြတာလည်း တွေ့ရတယ်"

အဆောက်အအုံပုံစံလေးမှာ ခေါ်မိုးထရံကာ သုံးပင်နှစ်ခန်းတွဲအိမ်လေးဖြစ်သည်၊ အတွင်းဘက်တွင် ကွပ်ပျစ်နှစ်လုံးကို ချထားသည်၊ ပေနှစ်ဆယ်လောက် ကျယ်သည်၊ အောက်ခြေအခင်းမှာ မြေမာမာအခင်း ဖြစ်သည်၊ အစားအစာ စားသောက်ရန် ခုံတန်းရှည်စားပွဲနှစ်လုံးနှင့် ထိုင်စရာခုံကို ပုံစံအမျိုးမျိုး ချထားသည်။ စားပွဲပေါ်တွင် ရေနွေးကရား၊ ဖန်ခွက်သေးသေးလေးငါးလုံးကို ခုံတစ်ခုစီတွင် တင်ထားသည်၊ အဝင်ဝတံခါးပေါင်တွင် ပုဆိုးလိုလို အဝတ်စကို ချိတ်ဆွဲထားသည်၊ နံဘေးတွင် ခုံတစ်လုံးပေါ်၌ ရေဖလုံတစ်ခု ရှိသည်၊ ကိုဝေလွင်နှင့် တပည့်ကျော်မောင်တို့ ဆိုင်ထဲသို့ဝင်လာကြပြီး လွတ်နေသောနေရာတွင် မျက်နှာချင်းဆိုင်ကာ ဝင်ထိုင်လိုက်သည်။

"အော် – အစ်ကိုကြီးတို့ – ထမင်းစားကြမလို့လားရှင်"

အသက်နှစ်ဆယ်အရွယ်ရှိ မိန်းကလေးတစ်ဦး ထွက်လာသည်၊ ဖြူဖြူစင်စင် ယဉ်စစနှင့် ချောမောလှသူလေးပင်၊ ဆံနွယ်အုံကောင်းကောင်းကို ထုံးနှောင်ကာ ဖွဲ့ထားသည်၊ ပါးနှစ်ဖက်က သနပ်ခါးပါးကွက်နှစ်ဖက်ကလည်း ဝါရွှေရည်လွင်သော အသားတွင် ဖြူဖြူထင်းထင်းလေး ဖြစ်သည်၊

"လှလိုက်တာ"

ပထမဆုံး ရင်ထဲမှ သူစိမ်း မိန်းကလေးတစ်ဦးပေါ် ခံစားမိသော ဝေဒနာ ဖြစ်လေသည်၊

"ဟာ – ဘာဖြစ်တာလဲ"

စိတ်ထဲမှ ရေရွတ်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်တစ်နေရာကို လက်နှင့် ပုတ်လိုက်သလို ခံစားလိုက်ရသည်။ ကိုဝေလွင်မိန်းကလေးကို လှမ်းကြည့်လိုက်သည်။ ပင်ကိုအလှနှင့် ယဉ်စလေးရှိသောသူ ဖြစ်သည်။

"ဘာဟင်းတွေနဲ့ စားကြမှာလဲရှင်"

"ညီမလေးတို့ဆီမှာ ဘာဟင်းတွေရသလဲ"

မိန်းကလေးက ဆိုင်တွင် ချက်ထားသော ဟင်းအမယ်စုံကို ရွတ်ပြသည်။ အသံလေးကလည်း ချိုသည်။ ကိုဝေလွင်က သူတို့နှစ်ယောက်အတွက် အဆင်ပြေသော ငါးဟင်းနှင့်အသားဟင်းတစ်မျိုးကို မှာလိုက်သည်။ ခဏအကြာတွင် သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားသော စားချင်စဖွယ် ထမင်းပွဲတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။

"အစ်ကိုကြီး – ဒါက ငါးမြင်းရင်း ဝမ်းပျဉ်းသားကို ချဉ်စပ်လေးချက်ပြီး ရှမ်းနံ့နံ့လေးအုပ်ထားတာ၊ ဒါက ဆိတ်သားခြောက်ကို နူးအိနေအောင်ပြုတ်ပြီး အသားမျှင်ထွင်ပြီး အကျွတ်ကြော်ထားတာ၊ ဟောဒါက ပဲနီလေးကြော်ဆံ ချက်စားလို့ မြိန်မှာပါ"

မိန်းကလေးက ကိုလွင်ဦး၏ထမင်းပန်းကန်ထဲသို့ ဟင်းခပ်ပြီး ထည့်ပေးရင်း ပြောသည်။

"ချလွမ် – လွမ်"

ရုတ်တရက် ဖြစ်သွားသော အဖြစ်အပျက် ဖြစ်သည်။ မိန်းမရွယ်လေးလက်ထဲမှ ဇွန်းကို တစ်ယောက်ယောက်က ပုတ်ချသလိုပင် အောက်သို့ ဇွန်းလွတ်ကျသွားသည်။

"အား – အား – နာလိုက်တာ"

ထို့ပြင် – မိန်းကလေးမှာ ဇွန်းကိုင်သည့်သူ၏ ညာဘက်လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ နာကျင်စွာဖြင့် နှုတ်မှ အော်လိုက်သည်။

"ဟင်း – ဟင်း – သစ္စာဖောက်မယ်တော့ မကြံနဲ့နော်"



ကိုဝေလွင်၏နားထဲသို့ စကားသံတချို့ဝင်လာသလို ကြားရသည်။ အသံတ ခပ်သြသြ ဖြစ်သော်လည်း ရင်းနှီး ကျွမ်းဝင်ထားသော အသံမျိုးပင် ...

"အားနာလိုက်တာ – အစ်ကိုကြီးရယ်၊ ညီမလေး ဇွန်းတစ်ချောင်းထပ်ပြီး လဲပေးပါ့မယ်"

နှစ်ယောက်သား ထမင်းဆက်စားကြပြီး ခဏ အနားယူကြသည်။ ကားစက်ကိုလည်း အနားပေးရင်း တစ်ညလောက် တည်းခိုခွင့်ရဖို့ ပြောကြည့်မည်ဟု ကိုဝေလွင်က စဉ်းစားလိုက်သည်။



ဟင့်အင်း–ကျွန်တော်နဲ့ပါလာတာ ကျော်မောင်တစ်ယောက်ထဲ ဘယ်လာ မိန်းကလေးမှ ပါမလာပါဘူး။ အဘ မျက်စိများ မှားနေသလား။ မိမိ၏ နောက်ဘက်ဆီသို့ ကိုယ်ကိုလှည့်ကာ ကြည့်လိုက်ပြီး အဘအား ပြန်ပြောလိုက်သည်။ မင်းရဲ့နောက်မှာကပ်ပြီး နေတာ။ မမြင်ဘူးလား။ ကြည့်စမ်း–ဖိုကို ကြည့်နေလိုက်တာ မကျေနပ်တဲ့ပုံပဲ ...

www.burmeseclassic.com

"အစ်ကိုကြီးတို့ - ဒီတစ်နေ့လောက် ဒီမှာ တည်းခွင့်ရမလားလို့၊ ညီမလေးရဲ့မိဘတွေကို မေးပေးပါ"

"ရပါတယ် - အစ်ကို၊ ဒီလိုပဲ လာတည်းကြတဲ့သူတွေ ရှိပါတယ်။ လူနည်းပြီး အဆင်ပြေရင် ပြေသလို လက်ခံပါတယ်"

မိန်းကလေးက ပြောဆိုပြီး ဆိုင်၏ အတွင်းခန်းထဲသို့ ဝင်သွားသည်၊ ဆယ်မိနစ်သာသာလောက်တွင် မိန်းကလေး ပြန်ထွက်လာသည်။

"အစ်ကိုတို့ကို အဖေနဲ့အမေက တည်းဖို့ခွင့်ပြုလိုက်ပါတယ်၊ နေပါတဲ့၊ အမေက သူ့သောက်ဖို့အတွက် ကွမ်းသီးဖက် ဆေးပေါ့လိပ်၊ လိပ်နေတာမပြီးသေးလို့ ထွက်မလာတာပါ၊ အဖေက ထွက်လာပါလိမ့်မယ်"

ကိုဝေလွှင် ခေါင်းညိတ်ပြလိုက်သည်၊ ဝမ်းအာဟာရက ပြည့်လာ၍ မျက်စိအနည်းငယ် မှေးစင်းလာသည်။ မိုးမလင်းခင်က ခရီးထွက်လာရ၍ ပင်ပန်းနေသည်၊ ကျော်မောင်ကတော့ ဟန်ပင်မဆောင်နိုင်၊ ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်လှဲချကာ အိပ်နေပြီ။ တောရိပ်၊ တောင်ရိပ် အုံ့ဆိုင်းနေသဖြင့် နေဝင်စောသလို အလင်းရောင်က ညှိုမှောင်လာသည်၊

"အစ်ကိုကြီးတို့မှာ အနွေးထည် လုံလုံလောက်လောက် ပါရဲ့လား၊ ညဘက်ရောက်ရင် အရမ်းအေးလာတယ်"

"ပါပါတယ် - ညီမလေး၊ အစ်ကိုကြီးတို့အတွက် ဒီထမင်းစားတဲ့နေရာမှာဘဲ ခုံတွေရွှေ့ပြီး အိပ်မှာပါ"

"ကျွန်မ နာမည်က နန်းမြို့သူလို့ ခေါ်ပါတယ်၊ ရင်းရင်းနှီးနှီးဆို သူသူလို့ ခေါ်ကြပါတယ်၊ အစ်ကိုကြီးတို့ကလည်း သူသူလို့ ခေါ်နိုင်ပါတယ်"

စကားဆက်ပြောစရာ မရှိတော့၍ ပါလာသည့် အဝတ်အစားထည့်ထားသော ခရီးဆောင်အိတ် အပျော့ကိုပင် ခေါင်းအုံးလုပ်ကာ လှဲအိပ်လိုက်သည်၊ အိပ်ချင်စိတ်ရှိသော်လည်း မျက်လုံးကိုမှေးကာ အတွေးကမ္ဘာထဲတွင် ဝဲလည်လည် လှည့်နေသည်၊ နံနက်မိုးလင်းမှပင် မြို့ထဲသို့သွားကာ အလုပ်ကိစ္စအတွက် စီစဉ်ရတော့မည်၊



"တော်တော်လေးပင်ပန်းကြပြီနဲ့တူတယ်၊ မြို့က လာကြတော့ ခရီးလမ်းတစ်လျှောက် ပင်ပန်းမှာပေါ့"

စကားသံကြောင့် မှေးမှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ကာ အနီးနားကျင်သို့ကြည့်လိုက်သည်၊ အသက်အားဖြင့် ခြောက်ဆယ်ကျော်အရွယ်ရှိမည်၊ အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ခေါင်းအထက်ရှိဆံပင်ရှည်ကို သျှောင်ထုံး ထုံးထားသည်၊ ထူထဲဖြူဖွေးသော နှုတ်ခမ်းမွေးအောက်တွင် နှုတ်ခမ်းလွှာတစ်စုံက တိကျ ပြတ်သားမှု ရှိမည့်အသွင်၊ ရှပ်အင်္ကျီ အဖြူလက်ရှည် လည်ခေါင်းတုံးနှင့် ယောပုဆိုးအညိုရောင်ကွက်ကို ဝတ်ထားသည်၊

"အေးကွဲ့ - အဘက သမီးလေးသူသူရဲ့ဖခင်ပါ၊ အထဲမှာ အလုပ်ကိစ္စလေး ရှိနေတာနဲ့ မောင်တို့ကို ချက်ချင်းလာပြီး မနှုတ်ဆက်တာကို ခွင့်လွှတ်ပါ။

"ဟာ - ဦး - အဲ - အဘရယ် - ရပါတယ်၊ ကျွန်တော်တို့က လူငယ်ပါ၊ ကျေနပ်ပါတယ်"

"မကျေနပ်ဘူး - လုံးဝကို မကျေနပ်ဘူး"

"ဘာလဲ - မောင်ရင် - ဘာဖြစ်တာလဲ"

ကိုဝေလွှင်အား အဘက မေးလိုက်သည်၊ အဘမျက်နှာတွင် တစ်စုံတစ်ခုကို ခံစားလိုက်ရသလိုပင် ...

"ဘာ - ဘာဖြစ်လို့ပါလည်းခင်ဗျာ"

"မင်းတို့နဲ့အတူ - ဘယ်သူပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး၊ ကျွန်တော်တို့ ဆရာတပည့် နှစ်ယောက်ထဲပါ"

ကိုဝေလွှင်က အဘ၏ မေးခွန်းကို ဖြေလိုက်သည်၊ အဘကထပ်မြီး စကားမဆို၊ ကိုဝေလွှင်၏ နောက်ကျောပြင်ကို လှမ်းကြည့်နေသည်၊

"ဒါဆို - မင်းဘယ်သူလဲ"

"ဘယ်သူ့ကို မေးတာလဲ - အဘ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းနောက်က မိန်းကလေးက မင်းနဲ့ပါလာတာ မဟုတ်လား"

"ဟင့်အင်း - ကျွန်တော်နဲ့ ပါလာတာ ကျော်မောင် တစ်ယောက်တည်း ဘယ်လာ မိန်းကလေးမှ ပါမလာပါဘူး။ အဘမျက်စိများ မှားနေသလား"

မိမိ၏ နောက်ဘက်ဆီသို့ ကိုယ်ကို လှည့်ကာ ကြည့်လိုက်ပြီး အဘအား ပြန်ပြောလိုက်သည်။

"မင်းရဲ့နောက်မှာ ကပ်ပြီးနေတာ၊ မမြင်ဘူးလား၊ ကြည့်စမ်း - ငါ့ကို ကြည့်နေလိုက်တာ မကျေနပ်တဲ့ပုံပဲ"

အဘက သူ့ကို အမှန်တကယ် မြင်နေသည့် အသွင်နှင့် ပြောနေသည်။

ကိုဝေလွင် လှည့်ကြည့်လိုက်သည်၊ မည်သည့်အရာကိုမှ မမြင်ရ။ သို့သော် - ကျောဘက်တွင် တစ်စုံတစ်ခုရှိနေသလိုတော့ ခံစားရသည်။ အေးစိမ့်စိမ့်နှင့်တစ်ခုခုက ထိကပ်ထားသလိုပင်၊

"မင်းနောက်မှာအမျိုးသမီးတစ်ယောက်ရပ်နေတယ်၊ ဆံပင်ဖားလျားနဲ့ မျက်နှာတ တစ်ခုခုကို မကျေနပ်သလိုပဲ"

ကိုဝေလွင် စဉ်းစားရ ခက်နေသည်။ တဖြည်းဖြည်း ညဥ့်အမှောင်က ပိုပြီးဒီဂရီတိုးလာသည်၊ ညစာကိုအနည်းငယ်ပဲစားလိုက်သည်။ နေရာဒေသ အပြောင်းအလဲဖြစ်၍ ရေမရျိုးတော့ တပည့်ကျော်မောင်တစ်ယောက်မှာ အိမ်အတွင်း၌ ရေနွေးကြမ်းသောက်ရင်း အဖိုးကြီးနှင့်စကား ပြောနေသည်။ ကိုဝေလွင်မှာ အိပ်ချင်စိတ် မရှိသေး၍ အိမ်အပြင်ဘက်တွင် လမ်းလျှောက်ပြီး သရက်ပင်ကြီးအောက်တွင်ရှိသော သစ်တုံးတစ်တုံးပေါ်တွင် ထိုင်လိုက်သည်၊ လမိုက်ညဖြစ်၍လားမသိ၊ ပတ်ဝန်းကျင်တွင် အမှောင်ထုက စိုးမိုးနေသည်၊

"မောင် - မောင်"

အနားဆီကလိုလို၊ ခပ်ဝေးဝေးကလိုလို အသံကို ပဲ့တင်သံကို ကြားရသည်၊ ချစ်တဲ့သူ၏ အသံ၊ ပြောရလျှင် ဘယ်သောအခါမှ မမေ့နိုင်မေ့လို့မရသောအသံ ဖြစ်သည်၊ ကိုဝေလွင် လှည့်ကြည့်လိုက်သည်၊ မည်သူတစ်ဦး တစ်ယောက်ကိုမှ မတွေ့ရ၊ အရိပ်အရောင်ပင် မတွေ့ရပေ။

"နီလေးကိုများ - မေ့နေပြီလား မောင်ရယ်"

အမှန်တကယ် ချစ်သူနီနီ၏အသံကိုကြားရသလိုဖြစ်သည်၊ စိတ်ထဲမှာ အဝေဇဝါ၊ သူ့စိတ်ထဲထင်၍ လား။ သူ့ကိုယ်သူ သံသယ ဖြစ်မိသည်၊

"အစ်ကိုကြီး - အစ်ကိုကြီး"

နန်းမြို့သူ၏ ခေါ်သံကို ကိုဝေလွင် ကြားရသည်။ အမှောင်ဖုံးလွှမ်းသော်လည်း အလေ့အကျင့် ရှိထား၍ ကိုဝေလွင်ရှိရာသို့ လျှောက်လာသည်၊

"အစ်ကိုကြီး - အစ်ကိုကြီး - ဟာ - အမယ်လေး - အဘရေ - လာပါဦး"

အနားရောက်ခါနီးမှ အလန့်တကြား အော်ဟစ်ကာ ပြေးသွားသော နန်းမြို့သူ၏အသံကို ကြားရသည်။ ကိုဝေလွင် ထိုင်နေရာမှ အလျင်အမြန်ထလိုက်သည်။ နန်းမြို့သူ၏ နောက်သို့ လိုက်သွားမည်ဟု၊ သို့သော် - ခြေတစ်လှမ်းစ၍ လှမ်းလိုက်သည်တွင် ...

"မောင် - လိုက်မသွားနဲ့၊ ဒီကောင်မလေးက မောင်နဲ့ ဘာမှမဆိုင်ဘူးလေ"

ညာဘက်လက်မောင်းတွင် ရေခဲတမျှအေးစက်ကြမ်းတမ်းသော အထိအတွေ့ခံစားရပြီး နားနားတွင် ကပ်ပြောလာသောအသံ ...

သို့သော် ကိုဝေလွင်အိမ်ထဲသို့အမြန်ဝင်လိုက်သွားသည်။ အိမ်အတွင်းရှိ ထမင်းစားခန်းတွင် လူစုံနေသည်၊ တပည့်ကျော်မောင် နန်းမြို့သူ၏ အဘနှင့် အမေ၊

"ဘာ - ဘာဖြစ်တာလဲဟင် - ညီမလေး"

နန်းမြို့သူမှာ မျက်လုံးလေးမိတ်ကာ မိခင်၏ ရင်ခွင်ထဲတွင် မှီလှဲနေသည်၊ အသက်ရှူနန်းမြန်ပြီး ထိတ်လန့်နေသောအသွင်၊

"ကျွန်တော့်ဆီလာပြီး ရောက်မလာဘဲ အော်ပြေးသွားလို့ လိုက်လာခဲ့တာ"





www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့လည်း သူ့ အတင်းအလန့်တကြား အော်ပြေးလာတာပဲ သိတယ်၊ ပါးစပ်ကတော့ ဆံပင်ဖားလျားကြီးဆိုပြီး ပြောနေတာ"

ကိုဝေလွှင် ဘာထပ်ပြောရမှန်း မသိတော့ အားလုံး၏ မျက်လုံးအစုံတလည်း သူ့ကို ရှုးစမ်းလေ့လာနေကြသည်၊ အတန်ကြာမှ နန်းမြို့သူမှာ မျက်လုံးဖွင့်လာသည်၊ အဘကလည်း ကြေးဖလားခွက်ထဲမှ သောက်တော်ရေကို နှုတ်မှတတွတ်တွတ် မန်းမှုတ်ပြီး နန်းမြို့သူအား တိုက်လိုက်သည်၊

"သောက်လိုက် – သမီးလေး၊ ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး ဘယ်သူရဲ့တန္တြေ နာနာဘာဝမှ မကပ်နိုင်တဲ့ဂါထာကို အဘ ရွတ်ထားတယ်၊ သောက်လိုက် – သမီး – သောက်လိုက်"

အဘလက်ထဲမှ သောက်ရေကိုယူပြီး နန်းမြို့သူ သောက်လိုက်သည်၊ အနည်းငယ် လန်းလာကာ အကြောက်ပြေသွားသလိုပင်၊

"အစ်ကိုကြီးရယ် – အစ်ကိုကြီးရဲ့ဘေးမှာ မိန်းမတစ်ယောက် ရပ်နေတယ်၊ ဆံပင်ဖားလျားကြီး ခေါင်းကနေ သွေးတွေယိုစီးကျနေတယ်၊ မျက်လုံးနှစ်ဖက်ကလည်း အပြင်ကို ပြူးထွက်နေတယ်၊ ခေါင်းက စီးကျလာတဲ့ သွေးတွေကို လျှာနဲ့ လျက်နေတာ၊ ညီမလည်း မြင်တာနဲ့ အရမ်းကြောက်ပြီး အော်ပြေးတာ"

"သမီးပြောတာ – ဟုတ်တယ်မောင်၊ ကျုပ်လည်းမောင့်အနားမှာ မိန်းမတစ်ယောက် တွေ့ရတယ်၊ မကျေနပ်ဘူးဆိုပြီးတော့ ကျုပ်ကို ပြောသေးတယ်၊ ကျုပ်စိတ်ထဲမှာ သူ မောင့်အနားမှာ ရှိနေသလိုပဲ"

ကိုဝေလွှင်မည်သို့ပြောရမှန်း မသိတော့၊ သားအဖနှစ်ယောက်စလုံးက သေသေချာချာကို ပြောနေသည်၊ ရင်ထဲတွင် စိုးရိမ်စိတ်ဝင်လာသည်၊ နီနီ – ကိုဝေလွှင်၏ချစ်သူနီနီ၊ သူများ မကျွတ်မလွတ်၍ ကိုဝေလွှင်သွားရာနောက်သို့လိုက်လာလေသလား၊ ရင်ထဲတွင် မွန်းကျပ်လာ၍ ဝတ်ထားသည့်အပေါ်မှ အင်္ကျီကိုချွတ်ကာ အနားရှိခုံတစ်လုံးပေါ်သို့ ပစ်တင်လိုက်သည်၊

"ဖတ်"



အတွင်းအိတ်ထဲမှ စက္ကူအထပ်လိုက်လေး ပြုတ်ကျသွားသည်၊ နှင်းဆီဝန်းခြောက်ပွင့်နီနီ၏ ကိုယ်တစ်ပိုင်းဓာတ်ပုံ၊

"အဘ – အဘ – သူပေါ့ – ဆံပင်ဖားလျားနဲ့ မျက်လုံးကြီးပြူးနေတာ"

နန်းမြို့သူက နီနီ၏ဓာတ်ပုံကိုမြင်လိုက်သည်နှင့် အဘကို လက်ညှိုးထိုးတာ ပြောလေသည်၊ အဘကလည်း သေသေချာချာကြည့်ကာ သူ မြင်ရသည့် သူ၏ ပုံစံနှင့် တူကြောင်းကို ပြောသည်၊

"သူက – ဘယ်သူလဲ – မောင်ရင်"

"သူ – သူက ကျွန်တော့်ချစ်သူပါ၊ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ သူပေါ့ အဘရယ်"

"ဒါဆိုမင်းတို့ – လက်ထပ်တော့မယ်ပေါ့"

"ကျွန်တော်တို့ လက်မထပ်ဖြစ်ပါဘူး အဘရယ်၊ သူက မမျှော်လင့်ဘဲ ဆုံးသွားတော့ သူ့ကို သင်္ဂြိုဟ်မယ့်နေ့မှာ သုသာန်မှာ သူ့အလောင်းထားတုန်း အဲဒီနှင်းဆီပန်းတစ်ပွင့်ကို ယူခဲ့ပြီး သူ့ဓာတ်ပုံနဲ့အတူ သိမ်းထားတာ"

ကိုဝေလွှင်၏စကားကို အဘနားထောင်ပြီး သေသေချာချာ စဉ်းစားနေသည်၊

"အင်း – မင်းက အစွဲအလမ်း အလွန်ကြီးတာကိုး၊ ဒါကြောင့် – မဆောင်အပ်၊ မယူအပ်ဆိုတဲ့ နေရာတွေထဲက သုသာန်ကပစ္စည်းကိုမှ ယူခဲ့တာကိုး၊ အဲဒါကြောင့် – ခုမှာ မင်းနောက်ကို လိုက်လာပြီး သူထင်တိုင်း ကျဲနေတာပေါ့"

ကိုဝေလွှင် ရှက်လည်းရှက်၊ စိတ်လည်း ပျက်သွားသည်၊ အစွဲအလမ်းထားလွန်းသွားသည်၊ သူ့ကို ရူးကြောင်ကြောင် ဖြစ်နေသည်ဟု ထင်ကောင်းထင်ကြမည်၊ သေသောသူ ဆိုတာ ကြာလာလျှင် မေ့ကို မေ့ရမည် ဖြစ်သည်၊

"မောင်ရင် – ဘယ်လို လုပ်ချင်သလဲ"

"သူ ကျွန်တော်နဲ့ ဝေးဝေးမှာပဲ ရှိစေချင်ပါတယ်၊ ဘဝက ခြားနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား - ဟား - ငါ့ကိုများ ဝေးဝေးမှာ နေနိုင်းမလို့လား"

ကိုဝေလွင် ထိတ်လန့် တုန်လှုပ်သွားသည်။ သူ့နားတွင် ကပ်ပြောလိုက်သလို အသံကိုကြားလိုက်ရသည်။ ညကလည်း တဖြည်းဖြည်း ညဉ့်နက်လာသည်။ မနက်မိုးလင်းသည်နှင့် ခရီးဆက်ရဦးမည်။ ဒီလိုသာ ခရီးတစ်လျှောက်လုံး လိုက်နှောင့်ယှက်ပါက မခက်ပေလား။

"ဒါဆို - ကျွန်တော်ဘယ်လို လုပ်ရမလဲ အဘ"

"ကျုပ်ကို - အကူအညီတောင်းရင် ကျုပ် ကူညီနိုင်ပါတယ်"

"အဘရယ် - အဘကို အကူအညီ တောင်းပါတယ်၊ ကူညီပါနော်"

"ဒါဆို - ကောင်းပြီ၊ လိုအပ်တာတွေ စီစဉ်လိုက်မယ်"

အဘအခန်းထဲသို့ ဝင်သွားသည်၊ ကိုဝေလွင်၏ နားထဲတွင် ရှုံက်ငိုသံကြားရသည်။ ချမ်းစိမ့်စိမ့်ဖြစ်ပြီး တစ်ကိုယ်လုံးကြက်သီးထသွားသည်။

"ကဲ - ဟောဒီ - ကျုပ် စည်းဝိုင်းထားတဲ့အတွင်းကို ဘယ်သူမှမလာနဲ့ပေး - မောင်ရင့် ပန်းခြောက်နဲ့ဓာတ်ပုံ၊ သူ့အတွက်လည်းကောင်းအောင်၊ မင်းလည်း လွတ်လပ်မှု ရှိသွားအောင် ကျုပ်က ဆရာ မဟုတ်ပါဘူး၊ ကျုပ် ပြုလုပ်တဲ့ သီလကို သစ္စာဆိုပြီး လုပ်မှာပါ"

စည်းဝိုင်းခပ်သေးသေးဝိုင်းကာ ဓာတ်ပုံနှင့်ပန်းပွင့်ပေါ်သို့ အုန်းဆံဖတ်နနွင်းမှုန့်တို့ နိုင်နိုင်ဖြူးတင်ပြီး ပါးစပ်မှ တစ်ခုခုကို ရွတ်ဆိုကာ မီးရှို့လိုက်သည်။

"ရက်စက်လိုက်တာ - ရက်စက်လိုက်တာ - ရက်စက်လိုက်တာ"

နားထဲတွင်ကြားရသောအသံတို့ တဖြည်းဖြည်း ဝေးသွားသည်။

"ဟာ - ဟိုမှာ - ဟိုမှာ - အစ်ကိုကြီး"

မီးတောက်တွေထဲမှ အခိုးအငွေ့များသည် လူ့ရိပ်အသွင်သဏ္ဍာန်လိုလိုပေါ်ထွက်လာကာ အားလုံးပြာကျသည့်အခါတွင်ပျောက်သွားတော့သည်။ ကိုဝေလွင်၏ရင်ထဲမှာတော့ စိတ်မကောင်း ဖြစ်မိသည်၊ သို့သော် - ဘဝချင်းက ခြားနေပြီ။



"ကဲ - သူ့ဘဝနဲ့သူ ဖြစ်သွားပြီ၊ မင်းတို့လည်း ခရီးဆက်ရဦးမှာဆိုတော့ တစ်မှေးလောက် အိပ်လိုက်ဦး"

မှေးခနဲ တစ်ရေး အိပ်လိုက်ရသည်၊ လန်းလန်းဆန်းဆန်းတော့ ရှိသွားပြီ၊ ကိုဝေလွင်တို့ ဆရာတပည့်နှစ်ယောက်မြို့ထဲသို့သွားကာ အလုပ်ကိစ္စအတွက် စီစဉ်ရဦးမည်၊ ကားကို စက်နှိုးကာ မောင်းထွက်လာသည်။

"တောက်တဲ့ - တောက်တဲ့ - တောက်တဲ့"

သရက်ပင်အမြင့်ဆီမှ တောက်တဲ့တစ်ကောင်၏အသံကို အချိန်အခါမဟုတ်ဘဲ ကြားလိုက်ရသည်၊ ခရီးတစ်ဆုံးကို မျှော်ငေးကြည့်ကာ အော်လိုက်သလိုပင်၊ သရက်ပင်ပေါ်သို့ အသာမော့ကြည့်လိုက်မိသည်။

»»» မြမြလှိုင်




www.burmeseclassic.com

www.burmeseclassic.com





# ခိမ်မက်တောက်ကြောင်း

မိုးဖွဲဖွဲ ရွာသွန်းလျက်ရှိသော ည။
ထာတုတ်တံကို အဆက်မပြတ် လွှဲရိုက်နေသော လူတစ်ဦး။
်ဆောင်ပေါ် တွင် လဲကျလျက် လူရုပ်မပေါ် နိုင်လောက်အောင်
အနှတ်စံနေရသော အမျိုးသမီးဝယ်တစ်ယောက်။
လေးမျှ ရှုန်းကန်အော်တစ်ရပ်း ရိုက်ချက်များကြားတွင်
်ပျောက်သွားသောခြင်းတွင်း။ မိန်းကလေး၏ ရုပ်အလောင်းကို
်စွန်းများတစ်ဖက်ရှိ ဝပ်လယ် ဖြပ်ထဲသို့ ဆွဲဖွေ့ဝစ်ချလိုက်ပြီး
ဖေး လှည့်ထွက်လာသော လူသတ် သမား၏မျက်နှာ။
လား ...' ရွှန်းလဲ့တို့၏ သွေးမျက်ရောက်များဖွယ် အော်သံနတ်ကြီးသ
ခေါင်သံ အစာရှာထွက်လည့် ညငှက်များကိုပင် တုန်ရီလန့်ပြုး သွားစေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလဲ့ဘို အိပ်မက် မက်နေခြင်းဖြစ်သည်၊ ကြောက်မက်ဖွယ်ရာ မက်ကြီးပါလား၊ အိပ်မက်မှ လန့်နိုးနိုးချင်း ရင်တစ်ခုလုံး ပြောင်းဆန်ခ သွေးပျက်ထိတ်လန့်နေပြီး ကြောက်ရွံ့ချောက်ချားစိတ်များဖြင့် ပတ်ဝန်း သို့ ဝေ့ဝဲကြည့်မိသည်၊

အိပ်မက်ထဲကလို အမှန်တကယ်ပဲ ပင်လယ်နံဘေးက ကျောက်ဆေ ပေါ်ကို ရောက်နေတာများလား။ စိတ်က ထင်ယောင်ထင်မှား ဖြစ်သွား သည်၊ မဟုတ်ပါ၊ တော်ပါသေးသည်၊ ရွှန်းလဲ့ဘို ရောက်ရှိနေသည့်နေရ တာမွေမှ တိုက်ခန်းလေးထဲတွင်ဖြစ်၍ အနည်းငယ် စိတ်သက်သာရာ ရသွ ၏။

စိတ်သက်သာရာ ရသွားခဲ့သော်ငြား အိပ်မက်ကိုမူ ရွှန်းလဲ့ဘို မမေ့နိ ချောက်ချားတုန်လှုပ်စိတ် လျှော့ပါးသွားသည့်အခါ၌ အိပ်မက်အကြောင်း ရွှန်းလဲ့ဘို ပြန်စဉ်းစားသည်၊ မစဉ်းစားဘဲ နေ၍မဖြစ်၊ စဉ်းစားမှကို ဖြစ်မည် သို့မှသာ ရွှန်းလဲ့ဘို လက်ရှိခံစားနေရသော သံသယများ ပျောက်ကင်းမည် နည်းလမ်းကို ဖွေရှာတွေ့နိုင်မည် မဟုတ်ပါလား၊

အိပ်မက်သည် အိပ်မက်နှင့်မတူဘဲ အပြင်လောကဝယ် အမှန်တကယ် ဖြစ်ပျက်နေသကဲ့သို့ ခံစားရစေသည်၊ အိပ်မက်ထဲတွင် လူတစ်ယောက် မိန်းကလေးတစ်ယောက်ကို ဘေ့စ်ဘောတုတ်တံတစ်လက်နှင့် အဆေ မပြတ် ထုရိုက်နေခြင်း ဖြစ်သည်။ ဘာကြောင့်များ ဒီလောက်ရက်စက်ရ လိမ့်ဟု ရွှန်းလဲ့ဘို တွေးမိသည်၊

ရွှန်းလဲ့ဘိုက အိပ်မက်တို့၏ထုံးစံအတိုင်း ထိုအဖြစ်အပျက်ကို ဘေး ထိုင်ကြည့်နေသူတစ်ယောက်သာ၊ ဘာကိုမျှ လုပ်မရ၊ ဝင်တားမြစ်၍လည် မရ၊ စိတ်မချမ်းသာဖွယ်မြင်ကွင်းကို သည်အတိုင်း ကြည့်နေရသည်၊ သ သူကလည်း ရက်စက်ပါဘိ၊ ပန်းနုရောင်တောက်တောက် ဂါဝန်ကို ခန္ဓာကိုယ် အချိုးအစားပေါ်လွင်စွာ လှလှပပ တင်းတင်းကျပ်ကျပ် ဝတ်ဆင်ထားသော အသားဖြူဖြူနှင့် ရုပ်ရည်ချောမောပြေပြစ်မည့်ပုံပေါ်သော မိန်းမပျိုလေး



မညှာမတာ ရိုက်နှက်နေခြင်း ဖြစ်၏။ ရှင်းရှင်းပြောရသော် အသေသတ်နေခြင်းပါပေ၊

မြင်ကွင်း၏ နောက်ပိုင်းကို ခပ်လှမ်းလှမ်းနေရာမှ ကြည့်နေရခြင်းပါ။ အနီးယောကျ်ားသည်တောင့်တင်းသော ကိုယ်ဟန်၊ ညိုဖျော့ဖျော့အသားအရေ ရှိသူဖြစ်ပြီး လုပ်ရပ်ကိုကြည့်ရုံဖြင့် ရက်စက်ကြမ်းကြုတ်သော စိတ်ဓာတ်ရှိပုံ ရသည်ဟု ကြည့်နေရင်းမှာပဲ ရွှန်းလဲ့ဘို တွေးလိုက်မိ၏၊ မိန်းကလေးမျာ တတ်နိုင်သမျှရုန်းကန်ဟစ်အော်နေသော်လည်း လူခြေတိတ်သော ပင်လယ် ကမ်းခြေဘေးတစ်နေရာတွင်ဖြစ်ပွားနေခြင်းဖြစ်သည်ကတစ်ကြောင်း၊ မိုးဖွဲ့ဖွဲ့ ရွာနေသော ညကာလဖြစ်နေသည်က တစ်ကြောင်းကြောင့် ကူကယ်မည့်လူ မရှိပါချေ။

ရုန်းကန်အော်ဟစ်ရင်းဖြင့် အသက်ကုန်သွားခဲ့ရှာလေပြီ။ မျက်နှာတစ်ခု လုံးလည်း ရုပ်ရာမရှိ၊ သတ်သူယောကျ်ားက အပြီးလက်စဖျောက်ရန် စဉ်းစား ထားပြီးသား ဖြစ်မည်၊ သေဆုံးသွားသော မိန်းမပျိုလေး၏ ရုပ်အလောင်းကို ပေါ့ပေါ့ပါးပါးကောက်ပွေ့ကာ ပင်လယ်တွင်းသို့ ပစ်ချလိုက်သည်၊ နောက် စိတ်လက်ပေါ့ပါးသော အမူအရာဖြင့် လှည့်ပြန်လာလေသည်၊

ထိုသူက ရွှန်းလဲ့ဘို ရပ်ကြည့်နေရာဘက်သို့ လှည့်ထွက်လိုက်သည့် အခါ ...

"အမလေး ..."

ဟု၍ အလန့်တကြား ဟစ်အော်ကာ ရွှန်းလဲ့ဘို လန့်နိုးသွားခဲ့ရခြင်း မဟုတ်ပါလား။ အဘယ့်ကြောင့်ဆိုသော် ထိုသူကို ရွှန်းလဲ့ဘို သိနေသော ကြောင့်ပင်တည်း။

ရွှန်းလဲ့ဘိုသည် ခုတင်ပေါ်တွင် ထိုင်နေရာမှ ဝရန်တာဆီသို့ ထွက်လာခဲ့ သည်၊ အရှုပ်တွေစိတ်သန္တာန်ထဲဝယ် ကြောက်စိတ်တို့ မရှိတော့ဘဲ စဉ်းစားရ ခက်သည့်အတွေးတို့ဖြင့် ရှုပ်ထွေးပွေလီနေသည်၊ ဝရန်တာမှနေ ကတ္တရာ လမ်းမကြီးဘက်သို့ မျှော်ငေးကြည့်နေရင်း အတိတ်သို့ ပြန်စဉ်းစားရန်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးမိသည်။ အမှန်တော့ ပြန်မတွေးချင်၊ မေ့ထားချင်၍သာ ဤတိုက်ခန်းဆီသို့ ထွက်လာခဲ့ခြင်း မဟုတ်ပါလား။

လရောင်သည် ဝရန်တာနှင့်တကွ လမ်းမကြီးတစ်လျှောက်သို့ အလင်းရောင်ကို တင့်တယ်ခမ်းနားစွာ ဖြန့်ကျက်ထား၏။ ပတ်ဝန်းကျင်သည် ငွေသော်တာရောင်ခြည်အောက်ဝယ် ကျက်သရေတင့်ကာ ပြည့်စုံနေသကဲ့သို့ရှိသည်။ သို့သော် - ရွှန်းလဲ့ဘို၏ စိတ်ထဲမှာတော့ မိမိ၏ နေရပ်ဖြစ်သည့် ထားဝယ်ဒေသလေးလောက်လှပခြင်းမရှိဟုတွေးထင်နေမိသည်။ ဟုတ်၏။ ရွှန်းလဲ့ဘို နေထိုင်ရာ ထားဝယ်ရှိနေအိမ်မှာ သိပ်သာယာလှပသည်။

ရွှန်းလဲ့ဘိုက အမှန်တော့ ရန်ကုန်သူစစ်စစ်၊ အဖေ - ရန်ကုန်သား။ အမေ - ရန်ကုန်သူက မွေးလာခဲ့ပြီး ရန်ကုန်တွင်နေ၊ ရန်ကုန်တွင် ကြီးခဲ့သူ။ အသက် (၂၀)အထိ ရန်ကုန်တွင်သာ ခြေချနေခဲ့သူ။ စံထူးကျော်နှင့် ချစ်သူတွေဖြစ်ကာ လက်မထပ်ခင်အထိ ရန်ကုန်တွင်သာ နေထိုင်လာခဲ့သူတစ်ယောက် ဖြစ်၏။

စံထူးကျော်က ရွှန်းလဲ့ဘိုထက် အသက် (၇)နှစ်နီးပါး ကြီးသည်။ အားကစားလိုက်စားပြီး ခေတ်ဆန်သူဖြစ်ရာ ရိုးရိုးအေးအေးနေသော ရွှန်းလဲ့ဘိုနှင့်မှ အံ့သြဖွယ် နဖူးစာဆုံခဲ့ကြသည်။ ခေတ်ဆန်တာကိုမှ နှစ်သက်သူ စံထူးကျော်နှင့် ရန်ကုန်သူမဆန်ဘဲ ရိုးရိုးအေးအေးဝတ်ဆင်တတ်သူ ရွှန်းလဲ့ဘိုတို့ဟာ ဆန်းကြယ်စွာ တွေ့ဆုံခဲ့ကြခြင်းပါ။ တွေ့ဆုံခဲ့ကြပုံက အင်တာနက်ကွန်ယက်မှ။

ရွှန်းလဲ့ဘိုက သူမ၏ Facebook account တွင် ဓာတ်ပုံများကို မကြာခဏတင်ရာ ထိုဓာတ်ပုံများကို မပြတ် Like ပေးနေသူ စံထူးကျော်နှင့် ခင်မင်ခဲ့ကြခြင်း ဖြစ်သည်။

စကားပြောကောင်းသူ စံထူးကျော်၏ တီတီတာတာစကားများကြားတွင် ရွှန်းလဲ့ဘို သာယာသွားခဲ့သည်။ Chatting မှတစ်ဆင့် တက်ကာ ဖုန်းပြောဖြစ်ခဲ့သည်။ လေလှိုင်းကြားမှာပဲ ချစ်သူများ ဖြစ်ခဲ့ကြသည်။



စံထူးကျော်က ထားဝယ်သား။ စကားအနည်းငယ်ဝဲဝဲလေးနှင့် ထားဝယ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်ပြီး စကားအလွန်တတ်သူ။ ချစ်သူတွေဖြစ်ပြီး မကြာ စံထူးကျော် ရန်ကုန်သို့ ရောက်လာသည်။ လာရင်းကိစ္စက ရွှန်းလဲ့ဘိုကို အပြင်မှာ တွေ့ဖူးချင်လို့ ဟူ၏။ နှစ်ယောက်အတူ တွေ့ဆုံသည့်အခါ စံထူးကျော်၏ရုပ်သွင်က ဓာတ်ပုံထဲမှာထက် အပြင်မှာ ပိုပြီးတည်ကြည်ခန့်ညားသည်ဟု ရွှန်းလဲ့ဘို ယူဆခဲ့မိသည်။ သူကလည်း ရွှန်းလဲ့ဘိုအပေါ် ထပ်တူထပ်မျှ တွေးခဲ့မိဟန်တူပါသည်။

ချစ်သူသက်တမ်း တစ်နှစ်ကျော်လွန်ချိန်မှာတော့ ရွှန်းလဲ့ဘိုတို့နှစ်ယောက် လက်ထပ်ဖြစ်ခဲ့ကြသည်။ သူ့မိဘများက သူ့အလိုကျ လာရောက်တောင်းရမ်းပေးခဲ့သည်။ ကောင်လေးတွေဘက်က စီးပွားရေးတောင့်တင်းသလို သမီးဖြစ်သူကိုယ်တိုင် သူ့ဘက်သားဖြစ်နေပြီမို့ ရွှန်းလဲ့ကို၏ မိဘများတလည်း ငြိုငြင်ခြင်းမရှိဘဲ လက်ခံခဲ့ကြသည်။ လက်ထပ်ပြီးနောက် သျှောင်နောက် ဆံထုံးပါဆိုသည့်အတိုင်း သူနှင့်အတူ ထားဝယ်သို့ ပါသွားခဲ့သည်။ သို့နှင့် ရွှန်းလဲ့ဘိုမှာ ထားဝယ်သူ ဖြစ်ခဲ့ရပါပေ့။

"ဝုန်း ..."

"အမလေးတော့ ..."

အတိတ်သံသရာထဲတွင် ရွှန်းလဲ့ဘို နစ်ဝင်တွေးမြောနေမိစဉ် ညည့်ခန်းထဲမှ တစ်စုံတစ်ခုပြုတ်ကျသံ ဝုန်းခနဲကို ကြားလိုက်ရ၍ လန့်ဖျပ်ကာ ထအော်မိသည်။ မျက်လုံးများကလည်း ညည့်ခန်းရှိရာဆီသို့ လှည့်ကြည့်မိသည်။ ရင်ထဲမှာတော့ တစ်အိမ်လုံးမှာ ကိုယ်တစ်ယောက်တည်းပါလားဟူသော အသိဖြင့် ကြောက်ရွံ့စိတ် ဝင်လာမိပြန်သည်။

"ဟယ် - မောင်နဲ့ ရွှန်းရဲ့ဓာတ်ပုံပါလား။ ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ညည့်ခန်းထောင့်တစ်နေရာ၌ အကျအနရိုက်ဆွဲထားသော မင်္ဂလာဓာတ်ပုံက ကြမ်းပြင်ပေါ်သို့ပြုတ်ကျလာခြင်း ဖြစ်သည်။

ဤတိုက်ခန်းက စံထူးကျော်နှင့် ရွှန်းလဲ့ဘိုတို့ လက်ထပ်ပြီးခါစ ရန်ကုန်မှာ ခဏနေစဉ်က မေမေတို့ပေးထားသော တိုက်ခန်း။ ရွှန်းလဲ့ဘိုတို့အတွက် ရွှန်း၏မိဘများဘက်မှ လက်ဖွဲ့သည့်ပစ္စည်းဆိုလျှင်လည်း မများ။ နှစ်ယောက်သား ရန်ကုန်သို့ရောက်တိုင်း ဤတိုက်ခန်းတွင်သာ နေဖြစ်တာများသည်။ သို့ကြောင့် - တစ်အိမ်လုံးကို ပြည့်ပြည့်စုံစုံ ပြင်ဆင်ခြယ်မှုန်းထားသည်။ နှစ်သက်သလို ဓာတ်ပုံများ၊ ပန်းချီကားများကို ရိုက်ဆွဲထားသည်။ ယခုတော့ နံရံမှာ ခိုင်မာစွာရိုက်ဆွဲထားသော မင်္ဂလာဓာတ်ပုံက သူ့အလိုလို ပြုတ်ကျလာပြီ။

ဒါ - သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။

အတွေးက အိပ်မက်ဆီသို့ ပြန်ရောက်သွားသည်။ သန်မာသော ယောကျ်ားတစ်ယောက်က ခေတ်ဆန်ဆန် လှပနေသူ မိန်းမငယ်လေးတစ်ယောက်ကို ဘေ့စ်ဘောတုတ်တံနှင့် အဆက်မပြတ် မသေမချင်း ရိုက်နှက်သတ်နေခြင်း။ ထိုအိပ်မက်ကို ရွှန်းလဲ့ဘို မြင်မက်တာ ယနေ့ညပါဆို နှစ်ညဆက်တိုက် ရှိပြီ။ ရွှန်းလဲ့ဘို ရန်ကုန်သို့ရောက်လာသည့် မနေ့ညကလည်း ဤအိပ်မက်ကိုပဲ တစ်ထပ်တည်းမြင်မက်ခဲ့ပြီးပြီ။

ဤမျှလောက် တိုက်ဆိုင်စရာအကြောင်းမရှိ၊ အိပ်မက်တစ်မျိုးကိုနှစ်ညတိုင်တိုင် တစ်ပုံစံတည်း မြင်မက်နေခြင်းဟာ သမားရိုးကျမဖြစ်နိုင်ပါ။ အိပ်မက်၏ နောက်ကွယ်တွင် ထူးခြားသော အကြောင်းအရာတစ်ခု ရှိကိုရှိနေလိမ့်မည်။

ဟို - အိပ်မက်က အဖြစ်မှန်တစ်ခုများလား။ ဒါ - ဒါဆို - ဒို - မဖြစ်နိုင်ပါဘူး။ မဖြစ်ပါစေနဲ့။

သွေးပျက်ဖွယ်အတွေးတစ်ခုကို ရွှန်းလဲ့ဘို တွေးလိုက်မိပါပြီ။

"တစ်နှစ်ပျော်ချင်ရင် အိမ်ထောင်ပြု" ဆိုသော ဆိုရိုးစကားအတိုင်း အိမ်ထောင်ပြုအပြီး တစ်နှစ်ကတော့ ရွှန်းလဲ့ဘိုအဖို့ ပျော်လိုက်သည်မှာ မိုးမမြင်လေမမြင်။ တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော ထားဝယ်မြို့၏ အထင်ကရ



နေရာများသို့ နှစ်ဦးသား ဟန်းနီးမွန်းထွက်ခဲ့ကြသည်။ ရွှန်းလဲ့ဘိုက ချစ်စနိုးဖြင့် "ကိုကို" ဟုခေါ်သော စံထူးကျော်ကလည်း ညားခါစ ချစ်ဇနီးလေး၏ အလိုကျ အရက်မသောက်၊ အပျော်မမက်ဘဲ အိမ်ကိုသာ ကပ်နေသည်။

မိဘများက ငွေကြေးတောင့်တင်းသူများဖြစ်၍ စံထူးကျော်မှာ အသက်(၂၅)နှစ် ရောက်သည့်တိုင် အလုပ်လက်မဲ့ပါပဲ။ အိမ်ထောင်ကျပြီးနောက် အလုပ်လုပ်မည်ဟုဆိုကာ ပွဲစားယောင်ယောင်၊ ဘာယောင်ယောင် လုပ်နေသည်။ သို့သော် - အလုပ်မလုပ်ဘဲ ခပ်လေလေ ခပ်ပေပေနေသည်ကလွဲပြီး အရက်မသောက်၊ မိန်းမ မပွေရှုပ်သဖြင့် ထိုစဉ်ကတော့ ရွှန်းလဲ့ဘိုလည်း ငြီးငွေ့ခြင်းမရှိခဲ့။

သို့ပေမဲ့ - အိမ်ထောင်သက် တစ်နှစ်ကျော်လာသည့်အခါ ရွှန်းလဲ့ဘို စိတ်ကုန်လာသည်။ မနက်မိုးလင်းလျှင် ဆိုင်ကယ်တစ်စီးနှင့် ရွာရိုးကိုးပေါက် လျှောက်သွားကာ လေပန်းပြီး ပြန်လာသော သူ့ကို အပြစ်မြင်လာသည်။ ယောကျ်ားများဆီမှ လက်ဖြန့်တောင်းရလွန်းသဖြင့် မျက်နှာပူလှပြီ။ ယောကျ်ားများက မညည်းညူသည့်တိုင် သူတို့ဆီမှ လက်ဖြန့်နေရသည့် ဘဝကို ရွှန်းလဲ့ဘို ရှက်ရွံ့လာသည်။ သို့ကြောင့် သူ့ကို ...

"ကိုကို့မိဘတွေရဲ့ဈေးဘာလုပ်ငန်းမှာ ကိုကို ဝိုင်းကူလုပ်ပါလား"

ဟု စကားခေါ်ကြည့်သည်။ သို့သော် - သူက ခေါင်းတစ်ချက်မညိတ်ဘဲ ဘူးခံငြင်း၏။ ရွှန်းလဲ့ဘိုကိုလည်း ...

"မင်းကိစ္စ မဟုတ်ဘူး။ ဝင်မပါနဲ့"

ဟု အော်ငေါက်ခဲ့သည်။ နဂိုကတည်းက အသက်အရွယ်အရရော၊ ငွေကြေးဥစ္စာအရပါ သူကချည်း သာနေသူမို့ ရွှန်းလဲ့ဘိုမှာ သိမ်ငယ်စိတ်ဝင်ကာ မာန်တင်းထားရသည့်အထဲ ထိုသို့အော်ငေါက်စံလိုက်ရသည့်အခိုက် ဒေါသထောင်းခနဲ ထွက်သွားခဲ့ရသည်။ ငြိမ်ခံလျှင် ပိုရောင့်တက်မည်ဟုတွေးကာ သေးသေးတင်မခံဘဲ ပြန်ရန်လုပ်ခဲ့သည်။ သည်မှာပဲ လင်မယားနှစ်ယောက် ပြဿနာတက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့စံထူးကျော်က လေပြေသမား၊ ရွှန်းလဲ့ဘိုက ပါးစပ်သေနတ်သမား။ စံထူးကျော်က မိန်းမဖြစ်သူကို လှလှပပ ခေတ်ဆန်ဆန် နေထိုင်စေချင်သည်၊ အဝတ်အစားကိုနိုင်ငံတကာနှင့်အညီ အတိုအပြတ်တွေ၊ အလန်းစားတွေ ဝတ်စေချင်သည်၊ ရွှန်းလဲ့ဘိုကလည်း ဘုနှင့်ဘောက်၊ မြန်မာဝတ်စုံကို နံမင်စွာဝတ်ဆင်တတ်သူ၊ အမျိုးဘဝတုန်းကမှ ဘောင်းဘီတို၊ စကပ်တိုတို ဝတ်စားတတ်ခဲ့ပေမယ့် အိမ်ထောင်ကျပြီးနောက် လုံလုံခြုံခြုံ တည်တည်ငြိမ်ငြိမ်သာ ဝတ်ဆင်တော့သည်၊

"မိန်းမရယ် - ကိုကိုလည်း ကိုယ့်အလုပ်ကိုယ် ကြိုးစားလုပ်နေတာပဲ၊ ကဲ - ဒီမှာကြည့်စမ်း၊ ဒီနေ့ ကားတစ်စီး ခွင်မိမိနဲ့ ရောင်းလိုက်ရလို့ မိန်းမဖို့ စကပ်တစ်ထည် ဝယ်လာတယ်၊ အဝါနလေး လှရဲ့လား"

"အို - ကျွန်မက ဘယ်တုံးကများ စကပ်အတို ဝတ်တတ်လို့တုန်း၊ ဘယ့်နှယ် - အိမ်ထောင်သည်က အတိုအပြတ်တွေဝတ်နေရင် လူများ ကဲ့ရဲ့မှာပေါ့"

"ဩော် - ဘိုကလည်း၊ သူများ ကဲ့ရဲ့တာ ဂရုစိုက်စရာလားလို့၊ ကိုယ့်ယောကျ်ား သဘောကျရင် ပြီးရောပေါ့၊ ဘိုက ကံကောင်းတာပါနော်၊ တချို့ယောကျ်ားတွေဆို သိပ်အူတိုတာ၊ ကိုယ့်မိန်းမ လှလှဝတ်ရင် အမျိုးမျိုးကဲ့ရဲ့တတ်တာ၊ ကိုယ်ကတော့ ကိုယ့်မိန်းမကို လှစေချင်လွန်းလို့ ဝယ်တောင်လာတယ်၊ ဝတ်ကြည့်စမ်းပါဦး - ဘိုရယ်"

"အာ - မဝတ်ချင်ပါဘူးဆိုနေ၊ အဲဒါမျိုးတွေက အရှက်သိက္ခာမဲ့တဲ့မိန်းမတွေပဲ ဝတ်တာရှင့်၊ ကျွန်မ မဝတ်နိုင်ဘူး။ ရှင့်ဟာရှင် နဂိုကတည်းက အဲဒါမျိုး ဝတ်တတ်တဲ့မိန်းမကို ယူခဲ့ပေါ့၊ ဘာဖြစ်လို့ ကျွန်မလို သုံးတောင်ဝတ်ကို ယူခဲ့လဲ၊ ရှင့်ဟာရှင် မိုက်တာလေ"

"ဟာ - မင်း - မင်းကွာ၊ ပြောလိုက်တိုင်း ဒီစကားပဲ၊ အေး - နောက်မှ နောင်တမရနဲ့"

ထိုနေ့က စံထူးကျော် အကြီးအကျယ် ဒေါသထွက်သွားခဲ့သည်ကို ရွှန်းလဲ့ဘို မှတ်မိနေသည်၊



စံထူးကျော်က အခြားနေရာတွင်သာ အပြောနှင့်အလုပ် ညီချင်မှ ညီမည်၊ သည်နေရာမျိုးကျ ရက်ပိုင်းအတွင်းပင် အပြောကို လက်တွေ့လုပ်ပြတော့သည်၊ အိမ်ပြန်နောက်ကျလာသည်၊ အရက်သာ မူးချင်မူးလာမည်၊ ဘယ်သောအခါမှ အိမ်အတွက် ပိုက်ဆံပါမလာ၊ ပို၍ဆိုးသည်မှာ အပြင်က တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ကြားလာရသည့်သတင်းများ၊

"ရွှန်းရေ - ညီမလေးကို ခင်လို့ သတိပေးရဦးမယ်၊ ယောကျ်ားကို လွှတ်မထားနဲ့နော်၊ ယောကျ်ားဆိုတာ မြင်းလိုပဲ၊ သခင်က လွှတ်ပေးလိုက်တာနဲ့ မြင်းစောင်းက ကဆုန်ပေါက် ပြေးတော့တာပဲ"

စံထူးကျော်နှင့် အစ်မနစ်ဝမ်းကွဲတော်သည့် နွံနွံသော်၏စကားကြောင့် ရွှန်းလဲ့ဘို၏ရင်ထဲ သံသယတို့ တိုးပွားလာခဲ့သည်၊ ဤသို့သော စကားမျိုးကို ယောက္ခမကြီးထံမှလည်း အရိပ်အမြွက် ကြားခဲ့ပြီးပြီ၊ ဤအကြောင်းများသည် တစ်စုံတစ်ခုကို ဦးတည်နေလိမ့်မည်မှန်း ရွှန်းလဲ့ဘို သိလိုက်သည်၊

ရွှန်းလဲ့ဘိုက ပုံစံကြည့်လျှင် အေးအေးကြည်ကြည်နဲ့ ပျော့စိပျော့ညက်ဟု ထင်စရာရှိပေမယ့် အင်မတန် စိတ်မာသူတစ်ယောက်၊ အကယ်၍ စံထူးကျော်သာ ဖောက်ပြန်နေခြင်းအမှန်ဆိုလျှင် လွယ်လွယ်ကူကူဖြင့် ခွင့်လွှတ်လိမ့်မည် မဟုတ်၊ တစ်ခါ မြုံနန်ဖူးတဲ့နွားက နောက်တစ်ခါလည်း မြုံနန်မှာပဲလေ၊ ဒီကိစ္စကို အချိုသတ်ပြီးမှ နောင်ကြဉ်သွားအောင် ဆုံးမရမယ်ဟု တေးထားသည်၊ ရိုးသားမှုကင်းသော အပြုံးအတေးစိတ်ရင်းဖြင့် ယောကျ်ားဖြစ် သူထံ ပြန်လည်ချဉ်းကပ်ခဲ့၏၊ အချစ်ကြီးရင် အမျက်ကြီး ဆိုသည့်စကားအတိုင်း လင်သားနှင့် ပတ်သက်လာပါက ရေမြှုပ်ဘဝမှ မြေပြောက် မြွေပွေးဘဝသို့ ရုတ်ခြည်းပြောင်းလဲသွားတတ်သည်မှာ ဣတ္ထိယများပင် မဟုတ်ပါတကား၊

စံထူးကျော် အံ့ဩသွားလောက်အောင် ရွှန်းလဲ့ဘို၏စကားသံများ ပြောင်းလဲသွားသည်၊ သကာကို ဖျားရည်လူးသော အပြုံးတို့ဖြင့် စံထူးကျော်ကို ခရီးဦးကြိုပြုလေ့ရှိပြီး သူ ဘယ်လောက်ပဲ မူးပေရူးဆဲနေပါစေ အပြုံး



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက် မပျက်ဘဲရှိလေရာ ကြာလာတော့ စံထူးကျော်ပင် အားနာလာပုံ ပေါ်သည်။

လင်မယားနှစ်ယောက် ညားခါစတုန်းကလို ပြေပြေလည်လည်ပြန်ဖြစ်လာသည်။ တီတီတာတာစကားတို့ဖြင့် တွတ်ထိုးမနေသော်ငြား တကျိန်းကျိန်းရန်မဖြစ်ကြတော့။ အမှန်မှာ မုန်တိုင်းတိုက်ခတ်ပြီး၍ မိုးစဲသွားခြင်းမဟုတ်၊ မုန်တိုင်းဝင်ရန်အတွက် လေငြိမ်နေခြင်းသာ။

"ကိုကို - ဘို မေးစရာရှိတယ်"

"အင်း - မေးလေ၊ ဘိုလေး"

"ကိုကို ဘို့ကို မလိမ်ရဘူးနော်၊ အမှန်အတိုင်း ဖြေပေး"

"ဩော် - ဒီကောင်မလေးနယ်၊ လူကို တရားခံစစ် စစ်နေတယ်၊ အမှန်ဖြေမယ် ဟုတ်ပြီလား"

"ဒီဖုန်းထဲက ဓာတ်ပုံက ဘယ်သူ့ပုံလဲဟင်"

ရွှန်းလဲ့ဘိုက ဟန်းဖုန်းကို မြှောက်ပြကာ ခပ်အေးအေးမေးလိုက်ခြင်းဖြစ်ပေမယ့် စံထူးကျော်ကလည်း ပျာယာခတ်သွားခဲ့သည်။ မျက်နှာက လေဖြန်းသွားသည့်အလား တွန့်လိမ်ရှုံ့မဲ့သွားသည်။

"ဟာ - ဒီ - ဒီဓာတ်ပုံက - ဘယ် - ဘယ်လိုလုပ်ပြီး ဘို့ဆီ ရောက်နေရတာလဲ"

"သိပ်အံ့သြသွားလား၊ သူက သိပ်လှတာပဲနော်၊ ကိုကို့အကြိုက် ဂါဝန်တိုလေးတွေ၊ စကပ်တိုလေးတွေကို အမြဲတမ်းဝတ်တတ်ပုံပဲ။ အင်းပေါ့လေ - သူ့ခြေသလုံးလေးတွေက သွယ်သွယ်ပျောင်းပျောင်းလေးတွေပဲကိုး၊ ကိုကိုက သူ့ကို သိပ်ချစ်တာပဲလား"

"အာ - မ - မဟုတ်ရပါဘူး - ဘိုရယ်၊ သူနဲ့ကိုကိုနဲ့က သာ - သာမန်ခင်မင်ရုံပါ"

"ဩော် - ဟုတ်လား၊ ဒါဆို - ဘိုက သံသယများနေတာပေါ့နော်၊ မသိပါဘူး၊ ကိုကို့ဖုန်းမှာ သူ့ကိုခေါ်ထားတဲ့ Call က ရာချီနေတော့ ထူးခြားတဲ့ဆက်ဆံမှုများလားလို့ပါ၊ ဒါဆို - သာမန်ခင်မင်ရုံပေါ့၊ ဒီစကားလေးပြောတာကို ဘာဖြစ်လို့ ချွေးတွေထွက်နေရတာလဲ - ဟင်းဟင်း၊ အဖြေက ရှင်းရှင်းလေးပါ၊ ကိုကိုက လိမ်နေတာပဲကိုး။ ပါးစပ်က စကားလုံးတွေပဲ ညာလို့ရမယ်ကိုကို၊ မျက်လုံးအကြည့်တွေကိုတော့ ညာလို့မရဘူး၊ နှစ်နှစ်နီးပါး ပေါင်းလာတဲ့ လင်မယားတွေပါ၊ ကိုကို ညာနေသလား၊ မညာနေဘူးလားဆိုတာ ဘို သိတယ်၊ ပြောပါ၊ ဒီအမျိုးသမီးနဲ့ ကိုကိုက ဘယ်အဆင့်ထိ ရောက်နေပြီလဲ"

ရွှန်းလဲ့ဘိုက အကွက်ကျကျ ပြောလိုက်တော့ စံထူးကျော် မျက်လုံးပြူးသွားသည်။ နားသယ်စပ်က စီးကျနေသော ချွေးများကိုလက်ခုံဖြင့်ပွတ်သုတ်လိုက်ရင်း သက်ပြင်းရှိုက်သည်။ စူးစူးရဲရဲစိုက်ကြည့်နေသော ရွှန်းလဲ့ဘိုကို မဝံ့မရဲမော့ကြည့်ပြီး ...

"ဘို - ကိုကို တောင်းပန်ပါတယ်၊ ကိုကို မှားသွားပါတယ်နော်၊ ကိုကို့ကို ခွင့်လွှတ်ပါ"

"မရဘူး - ကိုစံထူးကျော်၊ ကျွန်မ ရှင့်ကို ခွင့်မလွှတ်နိုင်ဘူး၊ ဒါ - သစ္စာဖောက်တာပဲ၊ အဲဒီမိန်းမက ရှင့်မယားငယ် မဟုတ်လား"

"မဟုတ်ရပါဘူး - ဘိုရယ်၊ ကို - ကိုကိုစိတ်ကစားသွားတာပါ၊ သူ - သူက ဘီယာဆိုင်မှာ သီချင်းဆိုတဲ့ကောင်မလေးလေ၊ ကိုကိုက အဲဒီဆိုင်မှာ နေ့တိုင်း သွားသောက်နေကျ၊ အဲဒီမှာပဲ မူးမူးရူးရူးနဲ့ ငြိသွားတာပါ၊ ကိုကို့စိတ်ထဲက ပါလို့မဟုတ်ပါဘူး၊ ကိုကိုချစ်တာ ဘို့တစ်ယောက်တည်းပါ ဘိုရယ်နော် ..."

"ဟင်း - ဟင်း - ယောကျ်ားတွေကတော့ ဒီလိုပဲ လျှာရိုးမရှိတိုင်း ပြောတတ်ကြတာပဲလေ၊ ကျွန်မကိုယ်တိုင်လည်း အဲဒီစကားတွေထဲမှာ ပျော်ဝင်သွားခဲ့မိလို့ ရှင်နဲ့ အိမ်ထောင်ကျခဲ့တာ မဟုတ်လား"

"ဘိုရယ် - အဲဒီလို မပြောပါနဲ့၊ ဘို့အပေါ်မှာ ကိုကို ဘယ်လောက်ချစ်သလဲဆိုတာ ဘို အသိဆုံးပါ၊ ခွင့်လွှတ်ပါနော်၊ ကိုကို ဘယ်တော့မှ ဒါမျိုး မဖြစ်စေရဘူး"





www.burmeseclassic.com

www.burmeseclassic.com

စံထူးကျော်က အသည်းအသန်နစ်သိမ့်သည်။ သို့သော် - ဒေါသကုမ္ပဏီ၏ ရွှန်းလဲ့ဘိုက မည်သို့မျှ ချွေးသိပ်၍မရတော့၊ တစ်ကိုယ်လုံး ဆူဝေမတတ် ဒေါသသွေးတို့ပွက်နေခဲ့ပြီ၊ ဒေါသ၏တွန်းအားကြောင့် ရွှန်းလဲ့ဘို၏နှုတ်မှ ခပ်ကြမ်းကြမ်းစကားလုံးများ ထွက်ကျကုန်သည်။

"တော်စမ်းပါ - ကိုစံထူးကျော်ရယ်၊ သစ္စာဖောက်ပြီးမှ နစ်သိမ့်ဖို့ မကြိုးစားပါနဲ့၊ ကျွန်မ ရှင့်ကို ခွင့်မလွှတ်ဘူး၊ ကျွန်မ မိဘတွေရှိတဲ့ ရန်ကုန်ကို ပြန်မယ်"



အမှုမှန်ကို ဖော်ထုတ်မည့် [illegible] ဆုံးဖြတ်လိုက်ပြီ။
နှစ်ညဆက်တိုက် မြင်မက်သော အိပ်မက်တစ်ပုဒ်ကို
ယုံကြည်ကာ ယောကျ်ားကို လူသတ်သမားဟု စွပ်စွဲနေမိသူ
ကိုယ့်ကိုယ်ကိုယ်လည်း ဖျံ့ခြမိသည်။ သို့သော်လည်း
မသိစိတ်ထဲက ထိုကိစ္စကို အမှန်တကယ်ဖြစ်ပျက်ခဲ့သည်ဟု
ယုံကြည်နေသောကြောင့် အမှန်တရား ပေါ်ပေါက်ဖို့ရာ
ရွှန်းလဲ့ဘို ကြိုးစားရတော့မည်။



"ဘာကွ - မင်း - မင်းကွာ၊ ဘို - မင်း လွန်နေပြီ၊ မင်း ဒီလောက်တော့ ရက်ရက်စက်စက် မပြောပါနဲ့၊ ကိုယ်က သစ္စာမဲ့ချင်လို့မဲ့တာ မဟုတ်ပါဘူး၊ မင်းနဲ့ အဆင်မပြေလို့စိတ်ပျော်ရာ ရှာမိတာပါ၊ ကိုယ်တောင်းပန်နေပြီပဲလေ၊ ခွင့်လွှတ်လိုက်ပါတော့"

"အို - မသိဘူး - မသိဘူး၊ ရှင့်ကို မယုံတော့ဘူး၊ ရှင့်စကားတွေကိုလည်း မယုံကြည်တော့ဘူး"

"တောက် - ဒီလောက် ရှင်းပြတာတောင်မှ ခွင့်မလွှတ်နိုင်ရင် အဲဒီမိန်းမကို သွားသတ်ဖို့ပဲ ကျန်တော့တယ်၊ သွားသတ်ပေးရမလား - ပြော - ရွှန်းလဲ့ဘို"

"မသိဘူး - မသိဘူး၊ ကျွန်မကို ဘာမှ လာမေးမနေနဲ့၊ ကျွန်မကတော့ မိဘအိမ်ကို ပြန်မှာပဲ၊ ရှင်နဲ့ မပေါင်းတော့ဘူး၊ သစ္စာမဲ့တဲ့အကောင်ကြီး"

"တောက် ..."

စံထူးကျော်က ဒေါသတကြီး ထထွက်သွားသည်၊ အိပ်ခန်းထဲတွင် ရွှန်းလဲ့ဘိုတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်၊

"ကိုကို - ကိုကို - တကယ်ပဲ ကောင်မလေးကို သွားသတ်လိုက်တာများလား"

အတိတ်၏ အာရုံထင်ဟပ်မှုပုံရိပ်၏ အနားသတ်သို့ ရောက်သည့်အခါ ဝယ် ရွှန်းလဲ့ဘို၏ အာရုံထဲသို့ တိုးဝင်လာသောအတွေးက ထိုအတွေးဖြစ်နေသည်၊ နှစ်ကြိမ်နှစ်ခါ မြင်မက်သောအိပ်မက်ထဲတွင် တစ်ထပ်တည်းပါနေသော လူသတ်သမား၏မျက်နှာက ရွှန်းလဲ့ဘို၏ ခင်ပွန်းသည် စံထူးကျော် ဖြစ်နေသည်ပဲကိုး၊

နံရံပေါ်က ဓာတ်ပုံ ပြုတ်ကျကာ မမြင်ရတဲ့တစ်စုံတစ်ယောက်ရဲ့ လာအော်ချက်များလား၊



www.burmeseclassic.com

www.burmeseclassic.com

အတွေးနှင့်အတူ ရွှန်းလဲ့ဘို၏ ခန္ဓာတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတို့ ဖြန်းခနဲထကုန်သည်။ ပတ်ဝန်းကျင်က ရုတ်ခြည်းအေးစက်လာသည်။ နံဘေးတွင် လူတစ်ယောက် လာရပ်နေသလို ခံစားရသဖြင့် ကြောက်စိတ်တို့သည် ရွှန်းလဲ့ဘို၏ နလုံးအိမ်တစ်ခုလုံး ပြည့်လျှံတက်သွား၏။

ကိုယ့်စိတ်ကပဲ ချောက်လှန့်နေသလား။ ဒါမှမဟုတ် အမှန်တကယ်ပဲ တစ္ဆေခြောက်နေသလား။

ရွှန်းလဲ့ဘို တွေးတောဆင်ခြင်၍မရတော့။ အသိဉာဏ်တို့ ကမြောက်ကပြန်ဖြစ်နေပြီ။ ဟန်းဖုန်းထဲမှ ဓာတ်ပုံကိုပြန်လည်မြင်ယောင်မိသည်။ ကိုကို့လည်ပင်းကို ဖက်တွယ်ထားသော စကပ်အကျပ်တိုတိုနှင့် မိန်းမချောလေး။

ထိုမိန်းကလေးသည် ဒေါ်ရာဒေါ်ချက်တို့ ပြည့်နက်လျက်ပုံစံဖြင့် မိမိနံဘေးတွင်ရပ်ကာ မိမိကို စူးစူးရဲရဲကြီး စိုက်ကြည့်နေသည်ဟု ရွှန်းလဲ့ဘို၏ စိတ်အာရုံတွင် ခံစားလာရလေရာ ဝရန်တာတွင် ဆက်နေရန် မဝံ့တော့ချေ။ ဧည့်ခန်းနှင့် တစ်ဆက်တည်းရှိသော အိပ်ခန်းကျယ်ထဲတွင် ပြန်သွားအိပ်ပျော်ရန်ဆို ပိုဆိုးသေး။

နာရီကို မော့ကြည့်တော့ မနက် (၄)နာရီ။ အပေါ်ထပ်အခန်းက အသံတွေ ကြားနေရပြီ။ သည်အချိန်ဆို အပေါ်ထပ်အခန်းနေ ဘွားသန်းစိန်တစ်ယောက် ဆွမ်းဟင်းထချက်နေလောက်ရောပေါ့။ ဤတိုက်ခန်းတွင်ရွှန်းလဲ့ဘိုတို့ လင်မယားနှစ်ယောက် ရောက်လာနေခဲ့စဉ်က တစ်တိုက်လုံးနှင့် ခင်မင်ရင်းနှီးပြီးသားမို့ အပေါ်ထပ်ခန်းမှ ဘွားသန်းစိန်နှင့်လည်း အသိတွေ ဖြစ်နေပြီ။

"ဒုန်း"

မီးဖိုခန်းဆီမှ ဒုန်းခနဲမြည်သံတစ်သံ ထွက်ပေါ်လာသည့်အခါ၌ ရွှန်းလဲ့ဘို အားခနဲ ကြုံးအော်မိတော့မတတ် ထိတ်လန့်သွားသည်။ သွေးပျက်သွားခဲ့ရသည်။

"ကြောင် – ကြောင် – နန်ဆင်းတာပဲ ဖြစ်မှာပါ။ အို – ဒါပေမဲ့ ငါ့အိမ်မှာ ကြောင်မှ မရှိဘဲ"



စိတ်ဖြေရာ တွေးတောကြည့်ပေမယ့် မရ။ အာရုံတစ်ခုလုံးကို ကြောက်မက်ဖွယ်အတွေးတို့က ကြီးစိုးသွားခဲ့ပြီ။ ကြောက်စိတ်တို့ကြောင့် တစ်ကိုယ်လုံးပင် တဆတ်ဆတ်တုန်လာသည်။

ညနေ (၃)နာရီ၌ ထားဝယ်သို့ လိုင်းကားနှင့် ပြန်လာခဲ့၏။ အာရုံထဲတွင် တစ်ချိန်လုံး စဉ်းစားလာမိသည်က အိပ်မက်အကြောင်းနှင့်ပတ်သက်၍ အဖြစ်မှန်ကို ဖော်ထုတ်ကာ တရားဥပဒေအတိုင်း ဆုံးဖြတ်ရမလား။ ဒါမှမဟုတ် ထိုကိစ္စကို ကြံရာပါတစ်ယောက်အဖြစ်နှင့် နှုတ်ပိတ်နေရမလား။ ပထမတစ်ချက်ကို အလေးအနက်ထား တွေးကြည့်မိသည်။

စံထူးကျော်ဆိုသူက အခြားမဟုတ်။ ရွှန်းလဲ့ဘို၏ ခင်ပွန်းသည် မည်မျှပင် သစ္စာမဲ့ခဲ့ပါစေ၊ နှစ်နှစ်တာ ပေါင်းသင်းခဲ့ရသူမို့ သံယောဇဉ်က ဖြတ်တောက်ရန် မလွယ်။ အဖြစ်မှန်ကို ဖော်ထုတ်ပြီး ဥပဒေလက်သို့ ထိုးနှံအပ်ဖို့ဆိုတာ အတော်ခက်သည့်ကိစ္စ။

နောက်ပြီးဖြစ်ပျက်ခဲ့သည့်ကိစ္စကိုဖော်ထုတ်ရန်ကလည်းတိမ်မယောင်နှင့် နက်သည်။ လူသတ်မှုကို ရွှန်းလဲ့ဘိုက ကိုယ်တိုင်တွေ့မြင်ခဲ့ရသူလည်း မဟုတ်။ ကယောင်ကတမ်းမက်သော အိပ်မက်တစ်ပုဒ်ကို ဘယ်ရဲအရာရှိကရော ယုံယုံကြည်ကြည်လက်ခံမှာတဲ့လဲ။ နောက် – မိမိကလည်း စုံထောက်တစ်ယောက် မဟုတ်၊

ကြံရာပါအဖြစ်နှင့်နှုတ်ပိတ်နေရန်ကရော။ ရွှန်းလဲ့ဘိုတွေးကြည့်သည်။ အဖြစ်မှန်များကို မသိချင်ယောင် ဆောင်နေဦးတော့ တစ်နေ့နေ့တစ်ချိန်ချိန် တိုကိုက ဖွင့်ပြောလာခဲ့လျှင် ရွှန်းလဲ့ဘိုက နားလည်ပေးနိုင်မှာတဲ့လား။ ကိုယ့်ဟာကိုယ် ထင်သလို ပေွရှပ်ခဲ့ပြီး ဇနီးသည် အပြစ်တင်မှ ဒေါသထွက်ပြီး အခြားမိန်းမငယ်ကို သတ်ပစ်ခဲ့သည့်ကိစ္စအပေါ်၌ ရွှန်းလဲ့ဘို ခွင့်လွှတ်နိုင်ပါ့မလား။ မိမိကို ချစ်လွန်းလို့ လုပ်တာပါဆိုဦးတော့ လူတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com

အသက်ကို ဟင်းရွက်ကန်စွန်းရွက်ပမာ လုပ်ရဲသည့်သူတစ်ယောက်ကို ရှန်းလုံဘို လိပ်ပြာသန့်သန့်နှင့် ဆက်ပေါင်းဖို့ပါ့မလား။

"အို – ဘယ်လိုပဲဖြစ်ဖြစ် အဖြစ်မှန်ကို ဖော်ထုတ်မယ်။ အဖြစ်မှန်ကို ဖော်ထုတ်ရမယ်"

အမှုမှန်ကို ဖော်ထုတ်မည်ဟု ရှန်းလုံဘို ဆုံးဖြတ်လိုက်ပြီ။ နစ်ညဆက် တိုက်မြင်မက်သော အိပ်မက်တစ်ပုဒ်ကိုယုံကြည်ကာယောကျ်ားကိုလူသတ်သမားဟု စွပ်စွဲနေမိသူ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိသည်။ သို့သော် လည်း မသိစိတ်ထဲက ထိုကိစ္စကိုအမှန်တကယ်ဖြစ်ပျက်ခဲ့သည်ဟု ယုံကြည် နေသောကြောင့် အမှန်တရား ပေါ်ပေါက်ဖို့ရာ ရှန်းလုံဘို ကြိုးစားရတော့ မည်။

အိပ်မက်ကိုပြန်စဉ်းစားကြည့်သည်။ အိပ်မက်သည်ရှန်းလုံဘိုအတွက် သဲလွန်စသာ ဖြစ်သည်။ ဘယ်နေရာ ဘယ်ဒေသဆိုတာ သိရမှဖြစ်မည်။ သို့မှသာ အလောင်းကို ရှာဖွေနိုင်မည် မဟုတ်ပါလား။ မိန်းမပျိုလေး၏ အလောင်းကို တွေ့ပါက လူသတ်တရားခံကို ရဲအရာရှိတို့က သေချာပေါက် ဖွေရှာရမည်သာ။ ထိုအခါ၌ လူသတ်သမားဟာ ဘယ်သူဘယ်ဝါဆိုတာ လက်တို့လိုက်ရုံမျှ။

"အို - ငါကိုကို့အပေါ် ရက်စက်လွန်းရာများ ကျနေသလား"

အမှုမှန်ပေါ်ပေါက်ရန် စိတ်အားထက်သန်စွာ စဉ်းစားခန်းဝင်နေရင်းမှ ခင်ပွန်းသည်ကို အားနာသွားမိသည်။

ယခုကဲ့သို့ စံထူးကျော် လူသတ်ရခြင်းမှာ မိမိကြောင့် မဟုတ်ပါလား။ ရှန်းလုံဘိုသာ ထိုနေ့က ခွင့်လွှတ်ခဲ့လျှင် ရှန်းလုံဘိုသာ ထိုနေ့က သူ့အပေါ် နားလည်ပေးခဲ့လျှင် ယခုလို လူသတ်မှုတစ်ခုပေါ်ပေါက်လာလိမ့်မည်မထင်။ သို့ပေမဲ့ မာနခဲလေး ရှန်းလုံဘိုက ပွဲကြမ်းပစ်ခဲ့သည်။ "သူ" တောင်းပန်သမျှ ရှင်းပြသမျှကို ဆန့်ကျင်ကာ အပြစ်တင်စကားချည်း ဖိဆိုခဲ့သည်။ နောက်ဆုံး အဲဒီမိန်းမကို သွားသတ်မှ ကျေနပ်မှာလားဟု သူ့နှုတ်မှ ထွက်ကျလာအောင် ရှန်းလုံဘို လုပ်မိခဲ့ခြင်း ဖြစ်သည်။



"အာ – မဟုတ်သေးပါဘူး။ ဒါတွေအားလုံး ဘယ်လိုလုပ် ငါ့အပြစ် ဖြစ် ရမှာလဲ။ ဒါက အဲဒီမိန်းကလေးကို သွားသတ်ဖို့ မခိုင်းပါဘူး။ ငါလိုချင်တာက အိမ်က ဆင်းသွားတဲ့ငါ့ကို တောင်းတောင်းပန်ပန်နဲ့ လိုက်ခေါ်စေချင်ရုံပါ။ ဒါကိုပဲ သူ့ဟာသူတစ်လွဲမာနထောင်ပြီး လူသတ်တဲ့အထိဖြစ်ကုန်တာ။ ဒါဟာ သူ့ရဲ့အတွင်းစိတ်ကို ဖော်ပြလိုက်တာပဲ၊ သူက တော်တော်ရက်စက်တဲ့ လူပါလား။ မဖြစ်ပါဘူး။ ဟိုမိန်းကလေးအတွက်ရော၊ ငါ့အတွက်ပါ အမှန် တရားကို ပြန်ရှာဖွေတဲ့အနေနဲ့ အဖြစ်မှန်ကို ဖော်ထုတ်ရမယ်"

အာရုံတို့ ရှုပ်ထွေးနောက်ကျိနေပြီ။ အိပ်မက်ထဲမှ ပုံရိပ်များကိုပြန်လည် ပုံဖော်၍ မရသဖြင့် နောက်တစ်မျိုး လှည့်တွေးကာ အဖြေရှာရပြန်သည်။ မိန်းကလေး၏ အမည်နှင့်လိပ်စာကို သိရလျှင် ကောင်းမည်။ အကယ်၍ သေသူ၏အမည်နှင့်နေရပ်လိပ်စာကိုသိရပါက ရဲစခန်း၌ပျောက်ဆုံးနေသည့် အကြောင်း တိုင်ချက်ဖွင့်၍ ရမည်ထင်သည်။

"အင်း – ကောင်မလေးက ဟိုလိုခပ်ရှုပ်ရှုပ်မိန်းကလေးဆိုတော့ ဘယ်သူ ကမှ အလေးထားမှာ မဟုတ်ဘူး။ အဲဒီလိုမျိုး မိန်းကလေးတွေက ဘော့စ် တစ်ယောက်နဲ့ ပါသွားရင် နှစ်ရက်၊ သုံးရက် ပျောက်သွားတတ်တာရှိသလို အကောင်ကြီးကြီးမိလို့ကတော့ နှစ်လ၊ သုံးလလည်း ပျောက်နေနိုင်တာပဲ၊ သူ့အတွက် ဘယ်သူကမှ လူပျောက်တိုင်ချက် ဖွင့်ပေးမယ် မထင်ဘူး၊ သူ့ ဘော်ဒါတွေကလည်း အကောင်ကြီးတစ်ကောင် အမိမိထားလို့ ပျောက်ချက် ကောင်းနေတာလို့ပဲ ထင်နေကြမှာ ...ဟူး ..."

ပြဿနာက တွေးလေ ရှင်းရခက်လေပင်၊

တရားခံကို သိနေသော်ငြား သက်သေသက္ခာယ မရှိသောကြောင့် ဖော်ထုတ်ရခက်နေသည်၊ အကယ်၍ အလောင်းကိုတွေ့လျှင်မှ အပေါ်



www.burmeseclassic.com

www.burmeseclassic.com

အောင် ဖန်တီးယူ၍ လွယ်ကူလိမ့်မည်မို့ စိတ်အာရုံတို့ကို စုစည်းလိုက်သည်။ အိပ်မက်ကို ပြတ်ပြတ်ထင်ထင် မြင်ယောင်နိုင်အောင် ကြိုးစားလိုက်သည်။

တသုန်သုန်တိုက်ခတ်နေသော လေညင်းကို ပထမဆုံး အမှတ်ရမိသည်၊ နောက် - လူသတ်သမားက အလောင်းကို မွေ့ရာကြီးကာ ပင်လယ်ထဲသို့ ပစ်ချလိုက်သည့်အကွက်၌ ခပ်လှမ်းလှမ်းအကွာတွင် ရွှေစေတီလေးတစ်ဆူကို မှုန်ဝါးဝါး လှမ်းမြင်နေရသလို ခံစားမိသည်၊ ဟုတ်ပြီ ...၊ ထားဝယ်မြို့တစ်ဝိုက်ရှိ ပင်လယ်ကမ်းခြေနဖူးပေါ်တွင် မေးတင်နေသော ဘုရားတစ်ဆူ၏ အနီးမှာ ဖြစ်ပွားခဲ့ခြင်းသာ ဖြစ်မည်၊ ရွှန်းလဲ့ဘို သိသလောက်ဆို ထိုအနေအထားမျိုးရှိသော ဘုရားဟူ၍ မျှော်ရစ်စေတီတော်တစ်ဆူသာ ရှိသည်ပဲ မဟုတ်လား။

“ဟာ - သေစမ်း၊ ဒီလောက်အရေးကြီးတဲ့ သက်သေတွေကို ငါ ဘာဖြစ်လို့ မေ့နေရတာလဲ”

အဓိကအကျဆုံးသက်သေပစ္စည်းများကို ရွှန်းလဲ့ဘို သတိရသွားသည်။ ထိုအရာများကား ဘော့စ်ဘောတုတ်တံနှင့် မိန်းကလေး၏ ခန္ဓာကိုယ်မှ သွေးတို့ ပေစွန်းသွားသော မိုးပြာရောင်ရှပ်အင်္ကျီ၊ ထိုအင်္ကျီ ရွှန်းလဲ့ဘိုကိုယ်တိုင် ဝယ်ပေးခဲ့ခြင်းပါ။

“အဲဒီပစ္စည်းတွေကို အိမ်မှာပဲ ဖွက်ထားမလား မသိ၊ ဟုတ်ပြီ၊ အဲဒါတွေကို ငါ သွားရှာကြည့်မယ်၊ အကယ်လို့ ရှာတွေ့ခဲ့ရင်တော့ အမှုမှန် ပေါ်ပြီပဲ”

ပြဿနာကို ဖြေရှင်းရန်အတွက် နည်းလမ်းမျှင်မျှင် ရှာတွေ့နဲ့ပြီမို့ ရွှန်းလဲ့ဘို စိတ်သက်သာရာ ရသွားခဲ့သည်၊

သေဆုံးသူမိန်းကလေးကို ကရုဏာထား၊ သနားလှသည်ချည်း မဟုတ်သော်လည်း လူတစ်ယောက်ကို အကြောင်းမဲ့ မသေဆုံးစေလိုသော စိတ်ဆန္ဒကြောင့် ယခုကဲ့သို့ ဖော်ထုတ်ရန် စဉ်းစားနေမိခြင်း ဖြစ်သည်၊ နောက်ပြီး သေဆုံးသူ ကိုယ်၌က ရွှန်းလဲ့ဘိုကို အားကိုးလွန်းသဖြင့် နစ်ညဆက်တိုက် အိပ်မက်ပေးခဲ့ခြင်း မဟုတ်ပါလော၊ ယခုမူ ဖြေရှင်းရန် နည်းလမ်း ရှာတွေ့ခဲ့ပြီ



ဖြစ်၍ တစ်ညလုံး မအိပ်ခဲ့သမျှကို အတိုးချကာ အိပ်ပစ်လိုက်တော့သည်၊ ထားဝယ်သို့ ရောက်ရှိရန်လည်း လိုသေးသည်ပဲကိုး။

ကိုယ့်ကိုယ်ကိုယ် Spy လိုလို ခံစားနေမိသည်၊ ကိုယ့်ခြံထဲကိုယ် ဝင်လာခြင်း မှန်ပေမယ့် ပတ်ဝန်းကျင်သို့ အရိပ်အခြေကြည့်နေရသည်၊ ရွှန်းလဲ့ဘိုကို အိမ်နီးနားချင်းတွေ မြင်သွား၍ မဖြစ်သေး၊ ရွှန်းလဲ့ဘို အိမ်ပြန်လာသည့် အကြောင်းကို စံထူးကျော် သိသွားလို့ မဖြစ်၊ သက်သေပစ္စည်းအားလုံးကို သူ ဖျောက်ဖျက်ပစ်လိုက်လိမ့်မည်၊

အချိန်က မနက် (၉) နာရီ၊ စံထူးကျော်တစ်ယောက် ဆိုင်ကယ်တစ်စီးနှင့် ရွာရိုးကိုးပေါက် လမ်းသလားနေလောက်ပြီမို့ အိမ်ထဲသို့ စိတ်ချလက်ချ ဝင်လာလိုက်သည်၊ ဆိုင်ကယ်လည်း မတွေ့သဖြင့် ယခုကဲ့သို့ စိတ်ချနေခြင်း ဖြစ်သည်၊ မိမိမရှိသည်မှာ လပင်မချိသေး၊ တစ်အိမ်လုံး ရှုပ်ပွနေပြီ၊ ထိုကိစ္စအပေါ် စိတ်တိုသွားမိပေမယ့် အခြေအနေက ယခင်နှင့် မတူတော့သည့်အကြောင်း သတိရကာ လာရင်းကိစ္စကိုဦးတည်လုပ်ဆောင်ရန် စဉ်းစားလိုက်သည်၊

အတူနေလာခဲ့သော လင်မယားတွေဖြစ်၍ သူ့အကြောင်းက အတွင်းသိ အစင်းသိ၊ သူက မိမိကို လျှို့ထားချင်သည့် ကိစ္စရှိလျှင် အိမ်အလယ်ရှိ စာကြည့်ခန်းထဲက အဝတ်ဗီရိုဟောင်းထဲတွင် သိုဝှက်ထားတတ်သည်၊ ဒါကလည်း သူ့အကျင်ဆိုးတစ်ခုပဲလေ၊ ယခုတော့ ထိုအကျင့်ဆိုးက သူ့ကို ဒုက္ခပေးတော့မည်မှ ပြဿနာသက်သေ ... ဒုက်ခတ်သွားလေပြီ၊ ရွှန်းလဲ့ဘို ထင်ထားသည့်အတိုင်းပင် သွေးနီနီတို့ စွန်းပေနေသည့် ဘော့စ်ဘော်တုတ်တံနှင့် ရှပ်အင်္ကျီကို ဗီရိုအောက်ဆုံးထပ်၏ ရောင်ထဲ၌ လုံးထွေးလျက် တွေ့လိုက်ရ၏၊ သွေးတို့ကတော့ ခြောက်သွေ့နေပါပြီ၊

“ဩော် - တကယ်ပါပဲလား”



www.burmeseclassic.com

www.burmeseclassic.com

အစက စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်လိုလို ယောင်ယမ်း၍မြင်မက်ခဲ့သော အိပ်မက်ဆန်းတစ်ပုဒ်လိုလို စိတ်အာရုံထဲတွင် လှည့်စားထင်မြင်နေမိသေးရာ အခုလို သက်သေခံပစ္စည်းများကို အထင်တရှား တွေ့မြင်လိုက်သည့်အခါမှပဲ ရွှန်းလဲ့ဘို ငိုင်တွေသွားခဲ့ရသည်။ စိတ်ကူးအိပ်မက်တို့က လက်တွေ့ဖြစ်နေလေပြီပဲကိုး။

တွေဝေနေမိသေးသည်။ တစ်ယောက်နှင့်တစ်ယောက် အသက်မကချစ်ခင်စွာ လက်ထပ်လာခဲ့ကြသော ခင်ပွန်းသည်ကို မိမိကိုယ်တိုင် ဥပဒေပေါင်အတွင်းသို့ အပ်နင်းရမည့်ကိစ္စသည် အမှန်တော့ ရှုးမိုက်လွန်းရာကျနေသည်။ နောက်ပြီး အသတ်ခံရမည့်မိန်းကလေးကလည်း မိမိနှင့်ယောကျ်ားလုဇက်ဆိုလျှင်လည်း မမှား။ ဘာလုပ်ဖို့ သူ့အတွက် ကိုကို့ကိုထောင်ထဲထည့်ရမှာလဲဟုကိုယ့်ကိုယ်ကိုယ် ဆင်ခြေပေးမိပေမယ့်ရွှန်းလဲ့ဘို၏ အတွင်းစိတ်က ထိုစကားကို လက်မခံ။

အို - ဘယ်သူဘယ်ဝါပဲဖြစ်နေပါစေ ...။ အသက်သေဆုံးရလောက်သည်အထိ အပြစ်မရှိနိုင်ပါ။ သေဆုံးခဲ့ပါလျက်နှင့် သတ်သည့်သူက အဖမ်းမခံရဘဲ ပျော်ရွှင်နေပါလျှင်မှုထိုကိစ္စသည်တရားပါသတဲ့လား။ ရွှန်းလဲ့ဘိုကရောစိတ်သန့်သန့်ဖြင့် အသက်ဆက်ရှင်ဝံ့ပါ့မလား။ စိတ်ကို ပြတ်သားစွာဆုံးဖြတ်လိုက်သည်။ ဤကိစ္စကို ရဲအရာရှိများထံသို့ အကြောင်းကြားရမည်။

"ကျွီ"

အတွေးအမျိုးမျိုးကြား ပြေးလွှားရှုပ်ထွေးနေစဉ် အိမ်ရှေ့မှ အသံတစ်သံကြားသည်။ တံခါးဖွင့်လိုက်သော အသံ။ ဤအိမ်မှာနေတာဖြင့် စံထူးကျော်နှင့်ရွှန်းလဲ့ဘိုတို့နှစ်ယောက်တည်းဖြစ်ရာ အိမ်ထဲသို့ဝင်လာသူမှာစံထူးကျော်မှလွဲပြီး တခြားသူ မဖြစ်နိုင်။ ရွှန်းလဲ့ဘို စိတ်ပူသွားရပြီ။ အကယ်၍ အဖြစ်မှန်



ကိုမိမိ သိနေသည့်အကြောင်း စံထူးကျော် သိသွားခဲ့လျှင် ဘာတွေ ဆက်ဖြစ်ကုန်လေမလဲ။

သွေးဆူနေ၍ ဘာတစ်ခုမျှ စဉ်းစား၍မရ။ ခြေသံက အလယ်ခန်းဆီသို့ ဦးတည်လာနေပြီမို့ ရွှန်းလဲ့ဘိုလည်း ကြံရာမရသည့်အဆုံး၌ ဗီရိုထဲသို့ ဝင်ပုန်းလိုက်သည်။

"ဟာ - ဒုက္ခပါပဲ"

စိတ်ပူနေခဲ့သည့်အတိုင်း ခြေသံက အလယ်ခန်းဘက်သို့ လျှောက်လာပြီး စာကြည့်ခန်းထဲသို့ ဝင်လာလေသည်။ ရွှန်းလဲ့ဘိုမျော ရင်တို့ တဒိန်းဒိန်းအခုန်မြန်နေကာ ခြေဖျားလက်ဖျားတို့ အေးစက်တုန်ရီနေပြီ။ အတွေးတို့တယောင်ချောက်ချားဖြစ်နေသည်ကြောင့် အသိစိတ်တို့ လွတ်ထွက်မသွားအောင် မနည်းထိန်းထားရသည်။ အော်ဟစ်ပြေးထွက်သွားချင်စိတ်တောင်ပေါက်သည်။

ဝင်လာသူက မိမိ၏ ခင်ပွန်းသည် စံထူးကျော်မှန်း သိနေပေမယ့် ရွှန်းလဲ့ဘို ကြောက်ရွံ့နေမိသည်။ ဤဗီရိုထဲမှသာ မိမိကို တွေ့သွားခဲ့လျှင် စံထူးကျော်တစ်ယောက် မည်သို့များ တုံ့ပြန်လေမလဲ။

အပြုံးနဲ့ ကြိုဆိုမှာလား ...။

အံ့ဩသွားမလား။ ဒါမှမဟုတ် ...

အမှုမှန်ပေါ်မှာကြောက်ပြီး သွေးတွေပေစွန်းနေတဲ့ ဘော့စ်ဘောတုတ်တံနဲ့ ရွှန်းရဲ့ဦးခေါင်းကို မိတ်ဆက်ပေးလိုက်မလား။

"အို - သူ ဒီလောက်တော့ ရွှန်းအပေါ်မှာ ရက်စက်မယ် မထင်ဘူး။ ဒါပေမဲ့ - ရွှန်း မစွန့်စားရဲပါ။ ရွှန်းလဲ့ဘို မတွေးတတ်တော့။ လူတစ်ယောက်ကိုရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူမို့ စံထူးကျော်ကို ရွှန်းလဲ့ဘို ကြောက်လန့်နေမိပါပြီ။

လျှောက်တွေးကြောက်လန့်နေသည့်အခိုက်မှာပဲ အခန်းထဲသို့လျှောက်ဝင်လာသည့်ခြေသံအစုံက ဗီရိုရှေ့တွင် ရပ်တန့်သွားသည်။ အပြင်သို့ မြင်ရသော်လည်း ဗီရိုကို ရပ်၍စိုက်ကြည့်နေမှန်း ရွှန်းလဲ့ဘို ခံစားမိသည်[illegible]

www.burmeseclassic.com

ဖွင့်ပြီး သက်သေခံပစ္စည်းများကို တခြားနေရာမှာ သိုဝှက်ထားမလို့များလား။ မိန်းမဖြစ်သူ ထားဝယ် ပြန်လာသည်ကို သူ ကြားမိ၍လား။ အတွေးတို့က တောင်စဉ်ရေမရ။

"အ - အား - သေစမ်း။ ဒီဗိုက်ကတော့ အရေးအကြောင်းဆိုရင် လုပ်ပြီ"

ထိုစကားသံက ဗီရိုရှေ့ရှိ လူဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသံကို ရွှန်းလဲ့ဘို ကောင်းစွာ ကျက်မိသည်။ ခင်ပွန်းဖြစ်သူ စံထူးကျော်၏အသံ။ ထို့နောက် တက်သုတ်ရိုက်ခြေလှမ်းများဖြင့် toilet ဘက်သို့ ထွက်ခွာသွားသံကို ခပ်စိပ်စိပ် ကြားလိုက်ရ၏။

ကံတရားက အမှန်တရားကို မျက်နှာသာပေးခဲ့လေပြီ။ ရွှန်းလဲ့ဘိုလည်း ရရှိသည့်အချိန်ခဏကို ကောင်းမွန်စွာ အသုံးချလိုက်သည်။ ဗီရိုထဲမှ အသံမထွက်အောင် ထွက်ခွာလာခဲ့ပြီး ဧည့်ခန်းဆီသို့ ခိုးကြောင်ခိုးဝှက် ထွက်လာခဲ့သည်။ ဧည့်ခန်းထဲ၌ စံထူးကျော်၏အရိပ်အယောင်ကို မတွေ့မြင်ရချေ။ သူ တကယ်ပဲ Toilet ထဲ ရောက်နေပုံရသည်။ တံ့ဆိုင်းမနေတော့ဘဲ တယ်လီဖုန်းကို ကောက်ကိုင်ကာ နံပါတ်အချို့ကို နှိပ်လိုက်သည်။

"ဟယ်လို - ထားဝယ် ရဲစခန်းကပါ"

"ဟို - လူသတ်မှုတစ်ခု တိုင်ကြားချင်လို့ပါရှင်"

"ခင်ဗျာ - ဟုတ်ကဲ့ ပြောပါခင်ဗျာ။ ပြောပါ ..."

"သတ်တဲ့လူက တခြားမဟုတ်ပါဘူး။ ဟို - ကျွန်မရဲ့ယောကျ်ားကိုယ်တိုင်ပါပဲ။ သူ့နာမည်က ကိုစံထူးကျော်ပါ။ အသတ်ခံရတဲ့ မိန်းကလေးရဲ့ အလောင်းကို မျှော်ရစ်ဘုရားနားက ကျောက်ဆောင်တွေကြား၊ ဒါမှမဟုတ် ပင်လယ်ထဲမှာဖြစ်ဖြစ် ရှာကြည့်ပါ"

"ဟုတ်ကဲ့၊ ဒါပေမဲ့ - သက်သေအနိုင်အလုံမရှိဘဲ ကျွန်တော်တို့ရဲ့တပ်ဖွဲ့က ဘယ်လိုများ ယုံကြည်ရပါ့မလဲ။ အရင်ဆုံး သေဆုံးသူက ဘယ်သူ ဘယ်ဝါဆိုတာ သိပါရစေ။ တိုင်ချက်ဖွင့်ထားတာတွေနဲ့ ကိုက်၊ မကိုက် တိုက်ကြည့်ရအောင်ပါ"

"ဪ - သက်သေအနိုင်အမာ တွေ့ထားလို့ပါဆိုနေ။ ဒီမယ် - ကျွန်မတို့အိမ်ကိုသာ လာခဲ့ပါ။ အိမ်အမှတ် (      )၊ စံသပြေလမ်းထဲမှာ။ ကျွန်မတို့အိမ်ကိုရောက်ရင် အလယ်ခန်းမှာရှိတဲ့ စာကြည့်ခန်းထဲက ဗီရိုဟောင်းကြီးကိုသာ ဖွင့်ကြည့်လိုက်၊ အဲဒီမှာ သေသူရဲ့သွေးတွေ ပေနေတဲ့အင်္ကျီနဲ့ လူသတ်လက်နက်ကိုတွေ့ရလိမ့်မယ်။ မြန်မြန်လာကြပါရှင်။ တော်ကြာ - ကျွန်မယောကျ်ားက ပစ္စည်းတွေကို နေရာရွှေ့သွားဦးမယ်"

"ကောင်းပါပြီ။ ကျွန်တော်တို့ အမြန်ဆုံး ဆောင်ရွက်ပါ့မယ်။ အခုလို သတင်းပေးတဲ့ တာဝန်သိပြည်သူတစ်ယောက်ကို လေးစားမိပါတယ်"

တစ်ဖက်မှ စကားမဆုံးခင် ရွှန်းလဲ့ဘို ဖုန်းချလိုက်သည်။

မကြာမီတွင် ရဲအရာရှိများ ရောက်လာကြသည်။ ဘာတွေ ဆက်ဖြစ်မလဲဆိုတာကတော့ ကံတရားအတိုင်းပါပဲ။ အမှုကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမေးမြန်းကာ အမှန်တရား ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်သည်။ ရွှန်းလဲ့ဘိုကတော့ အတတ်နိုင်ဆုံး၊ အကောင်းဆုံး စွမ်းဆောင်ပေးခဲ့ပြီပဲလေ။ ကျွန်တာကို ပွဲကြည့်ပရိသတ်တစ်ယောက်အနေဖြင့် စောင့်ကြည့်အကဲခတ်ရုံသာ။

ရွှန်းလဲ့ဘို၏စိတ်ထဲ၌ ရုတ်တရက် အေးငြိမ်းကြည်လင်မှုတစ်ခုကို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသကဲ့သို့ အပန်းပြေသွားသည်။ စောစောက လေးလံရှုပ်ထွေးနေသမျှ ခဏအတွင်း ငြိမ်းအေးသွားခဲ့၏။ အမှုမှန်ကို ဖော်ထုတ်ပေးနိုင်ခဲ့၍သာ ဖြစ်ပါလိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း – ဒုန်း – ဒုန်း – တံခါးဖွင့်ပါ၊ ထားဝယ် ရဲစခန်းကပါ"

ကြားလိုက်ရသည့်စကားသံကြောင့် စံထူးကျော်၏မျက်နှာ သွေးဆုတ်သွားသည်၊ ဘောင်းဘီထဲသို့ အပေါ်အင်္ကျီကို ထိုးထည့်အပြီး ခေါင်းဖြီးနေချိန်၌ တံခါးခေါက်သံ ထွက်ပေါ်လာခဲ့ပြီး တံခါးခေါက်သံနှင့်အတူ "ရဲစခန်း" ဟူသော စကားသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရရာ စံထူးကျော် ထိတ်လန့်သွားခဲ့ရသည်၊

"ဘုရား – ဘုရား – အလောင်းကိုရဲတွေ၊ လူတွေတွေ့သွားလို့လား၊ အာ – မဖြစ်နိုင်ပါဘူး၊ ငါကိုယ်တိုင် ပင်လယ်ထဲကို သေချာမျှောပစ်လိုက်တာပဲ၊ နလောက်ဆို တော်တော်ဝေးဝေးတောင် ရောက်သွားလောက်ပြီ၊ ဘယ်လိုမှ တွေ့စရာအကြောင်းမရှိဘူး၊ ဒါဆို တစ်ယောက်ယောက်ကများ လူပျောက်တိုင်လိုက်လို့လား၊ အို – ငါ အတွေးတွေ များနေတာပါ၊ သူ့အတွက် တိုင်ပေးမယ့်လူမှ မရှိဘဲနဲ့ဥစ္စာ၊ ငါ ပူစရာမလိုပါဘူး၊ ရဲစခန်းက တခြားကိစ္စနဲ့ လာတာပဲ ဖြစ်ပါလိမ့်မယ်၊ စံထူးကျော် – ရုပ်မပျက်နဲ့၊ သတိထားစမ်း – ရုပ်ပျက်နေလို့ မဖြစ်ဘူး၊ ငါ့ကို ဘယ်သူမှ သံသယမဝင်ဘူး၊ ငါ လုပ်ခဲ့တာအားလုံး ပိရိပြီးသားမို့ ဘယ်တော့မှ ပေါ်စရာအကြောင်း မရှိဘူး၊

ထိုသို့ တသီတတန်းကြီး ကိုယ့်ကိုယ်ကိုယ် အားပေးရင်း တုန်ရီသောလက်အစုံဖြင့် အိမ်တံခါးမကြီးကို ဆွဲယူဖွင့်လိုက်သည်၊

အိမ်အပြင်မှာတော့ ယူနီဖောင်းဝတ်ထားသော ရဲအရာရှိနှစ်ဦးက ခပ်တည်တည်ရပ်နေကာ တံခါးဖွင့်ပေးသော သူ့ကို အကဲခတ်သည့်အနေဖြင့် စိုက်ကြည့်လိုက်သည်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်နှင့် ကောက်ကျစ်သော မျက်လုံးများကို ပိုင်ဆိုင်ထားသူတစ်ယောက်ဟု ယေဘုယျကောက်ချက် ချလိုက်၏၊

"ဟို – ဘာကိစ္စများ ရှိလို့ပါလဲ"

"ကိစ္စကတော့ လူသတ်မှုတစ်ခုနဲ့ပတ်သက်ပြီး ဒီအိမ်က ကိုစံထူးကျော်ကို သံသယရှိတဲ့အတွက် လာရောက်စစ်ဆေးမေးမြန်းရတာပါ၊ နောက်ပြီး အိမ်ကိုလည်း ရှာဖွေခွင့်ပြုပါ"



"ဗျာ – ဟာ – မ – မဟုတ်ဘူး၊ ကျွန်တော် – ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ဘူး၊ မသတ်ဘူးဗျ၊ ခင်ဗျားတို့ မဟုတ်တာ မပြောပါနဲ့"

"မသတ်ဘူးဆိုလည်း ဖြည်းဖြည်းပြောပါဗျာ၊ ဘာဖြစ်လို့ ဒီလောက်မျက်နှာပျက်နေရတာလဲ၊ ဒီတစ်ချက်ကတော့ တော်တော်မသင်္ကာစရာကောင်းနေပြီ၊ ကျွန်တော်တော့ ဒီအမှုကို သိပ်စိတ်ဝင်စားသွားပြီ ကိုမြင့်ဆွေရေ၊ ခင်ဗျား စဉ်းစားကြည့်၊ မိန်းမလုပ်သူကိုယ်တိုင် ဖုန်းဆက်ပြီး ကိုယ့်ယောကျ်ား လူသတ်တဲ့အကြောင်း တိုင်တန်းတဲ့အမှု မဟုတ်လား"

မျက်နှာလေးထောင့်စပ်စပ်ရှိပြီး အသက် (၄၀)ကျော်အရွယ် ခန့်ထည်သော အသွင်ရှိသည့်ရဲအရာရှိက အတူလာသူကို သာမန်ကာလျှံကာ ပြောလိုက်သည့်စကားပါ၊ တစ်နည်းအားဖြင့် တရားခံ၏အနေအထား ပျက်ယွင်းနေသည်ကို နင်းပြီး အပိုင်ချည်တုပ်လိုက်သည့်သဘောလည်း ဖြစ်သည်၊ ထင်ထားသည့်အတိုင်း တရားခံ စံထူးကျော်ခမျာ တစ်မျက်လုံးရှိ သွေးများဖောက်ထုတ်ပစ်လိုက်သကဲ့သို့ သွေးဆုတ်ဖြူဖျော့သွားလေ၏၊

"ဘာ – ဘာရယ် – ကျွန် – ကျွန်တော့်မိန်းမကိုယ်တိုင် ဖုန်းဆက်ပြီး တိုင်တာ – ဟုတ် – ဟုတ်လား"

"ဟုတ်ပါတယ် – ကိုစံထူးကျော်၊ လွန်ခဲ့တဲ့ဆယ့်ငါးမိနစ်လောက်ကတင် ခင်ဗျားမိန်းမကိုယ်တိုင် အိမ်ဖုန်းနဲ့ဆက်ပြီး တိုင်တန်းခဲ့တာပါ"

"ဟာ – ဟာဗျာ – ဟာဗျာ – မဖြစ်နိုင်တာ၊ မဖြစ်နိုင်တာတွေ၊ ခင်ဗျား – ခင်ဗျားတို့ မဟုတ်တာတွေ မပြောနဲ့၊ ကျုပ် – ကျုပ် – မိန်းမ အိမ်မှာ မရှိဘူး"

စံထူးကျော်၏ အမူအရာများက အကြီးအကျယ် ပျက်ယွင်းနေလေပြီ၊

အိမ်ရှေ့တွင် မားမားမတ်မတ်ရပ်လျက် သံသယမျက်ဝန်းများဖြင့် စူးစူးရဲရဲစိုက်ကြည့်နေသော ရဲအရာရှိနှစ်ဦးကိုလည်းကောင်း၊ နောက်ကျောတွင် တည်ရှိနေသော ဧည့်ခန်းကျယ်ကြီးကိုလည်းကောင်း တစ်လှည့်စီ ဝေ့ဝဲကြည့်ကာ စံထူးကျော်မှာ စိတ်ဂနာမငြိမ် ဖြစ်နေရှာသည်၊

တရားခံ၏ မျက်နှာအနေအထားကိုကြည့်ရုံဖြင့် စုံထောက် ကိုတင်မော အားတက်သွားသည်၊ မျက်နှာတစ်ခုလုံး မလုံမလဲစိတ်ကြောင့် ဇဝေဖြစ်နေ

www.burmeseclassic.com

ပြီလေ၊ နည်းနည်းပါးပါး ငြိမ်းချောက်ဟစ်အော်လိုက်ရုံဖြင့် အမှုမှန် ပေါ်ပေါက်တော့မည်မှန်း ကိုတင်ဖေတို့နှစ်ဦး သိနေသည်၊ နှစ်ယောက်လုံးကလည်း ရဲလုပ်သက် နည်းမှမနည်းတော့ပဲ၊ သည်လောက်တော့ လူကဲခတ်တတ်ပြီ ပေါ့၊

"ဟုတ်လို့လား၊ ခင်ချားမိန်းမက အိမ်မှာ မရှိဘူးပေါ့၊ ကဲ - ဒါဆို ဘယ်သွားလဲ"

"ဟို - ဟို - သူ့ - သူ့အမေဆီ - ခ - ခဏ ပြန်သွားတယ်"

"ခင်ဗျား မလိမ်ချင်ပါနဲ့၊ စောစောကတင် ဒီအိမ်ရဲ့ အိမ်ဖုန်းကနေ ဖုန်းဆက်လိုက်တာ၊ သေချာတယ်၊ အိမ်နံပါတ်တောင် သေချာပြောလိုက်သေးတယ်၊ သူ့ခယောက်ျားက မိန်းမတစ်ယောက်ကို သတ်ပြီး ပင်လယ်ထဲကို ပစ်ချခဲ့တယ်တဲ့၊ အဲဒီကိစ္စကို မယုံရင် သက်သေခံပစ္စည်းတွေကို စာကြည့်ခန်းထဲက ဗီရိုထဲမှာ ရှာကြည့်ပါတဲ့ခင်ဗျာ၊ ကဲ ..."

ဒုရဲအုပ် ကိုမြင့်ဆွေ၏ စကားအဆုံး၌ စံထူးကျော်၏ မျက်လုံးများသည် ပေါက်ကွဲလွင့်စဉ်ထွက်တော့မလို ပြူးကျယ်ဝိုင်းစက်သွားပြီး နှုတ်ခမ်းအစုံမှာလည်း ဟစီဟစီ ဖြစ်သွားသည်၊ အဖြစ်မှန်ကို ရဲဘက်က ခရေစေ့တွင်းကျ သိနေသည့်အတွက် သွေးပျက်သွားပုံပါပဲဟု ကိုမြင့်ဆွေတို့နှစ်ယောက်က နားလည်လိုက်ကြသည်၊ သို့သော်လည်း ...

"အမလေး - အလိုလေး - မြတ်စွာဘုရား - မြတ်စွာဘုရား - မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး - အား - အား"

"ဟာ - ဟာ - တရားခံ - တရားခံ ပြေးပြီကွ၊ ဖမ်း - ဖမ်း"

"ဝုန်း - ဒုန်း"

"ချုပ် - လက်နှစ်ဖက်ကို ချုပ်လိုက်"

စံထူးကျော်က ကြောက်အားလန့်အား အော်ဟစ်ကာ နောက်ကြောင်းလှည့်ပြေးရာ စုံထောက်ကိုတင်ဖေက လျှင်မြန်ဖျတ်လတ်စွာ ခုန်အုပ်ဖမ်းလိုက်ပြီး ဒုရဲအုပ်ကိုမြင့်ဆွေက လက်နှစ်ဖက်ကို နောက်ပြန်ချုပ်ကာ လက်ထိတ်ခတ်လိုက်သည်၊ စံထူးကျော်မှာယက်ကန်ယက်ကန် အော်ဟစ်ရုန်းကန်ရင်း အဖမ်းခံလိုက်ရပြီ၊ အဖမ်းခံရသည့်အချိန်ထိ စံထူးကျော်က ...



"မဟုတ်ဘူး - မဟုတ်ဘူး - မဖြစ်နိုင်ဘူး"

ဟူ၍ အော်ဟစ်ငြင်းဆိုနေဆဲ ...၊

သတင်းပေးကား တိကျမှန်ကန်လှပါဘိ၊ စာကြည့်ခန်းထဲရှိ ဗီရိုဟောင်းကြီးကို ဝင်ရောက်ရှာဖွေသည့်အခါ၌ သွေးတို့ ပေစွန်းနေသော ဘော့စ်ဘောတုတ်တံတစ်ချောင်းနှင့် ရုပ်အင်္ကျီတစ်ထည်ကို သက်သေခံပစ္စည်းများအဖြစ် သိမ်းယူရရှိခဲ့သည်၊ သည်လောက်ဆို လူသတ်မှုတစ်ခုကို ဖော်ထုတ်ရန် သက်သေခိုင်နေပြီ၊

ပေစွန်းနေသော သွေးတို့မှာ သွေ့ခြောက်သွားပြီဖြစ်သော်ငြား မည်သူမည်ဝါ၏သွေးမှန်းသိရအောင် သွေးနမူနာအဖြစ် စစ်ဆေးရပေမည်၊ ပြဿနာကလည်း အဲဒါပါပဲ၊ သတ်သူကို ဖမ်းမိနေသော်လည်း သက်သေခံပစ္စည်းများကို ရှာဖွေတွေ့ရှိနေသော်လည်း သေသူကိုမူ မည်သူမည်ဝါမှန်း မသိရှိရသေးချေ၊ တရားခံကလည်း ထင်မှတ်မထားသည့်အခြေအနေအပေါ် လက်မခံနိုင်ဖြစ်ကာ အနည်းငယ် စိတ်ဖောက်ပြားသွားပုံရသည်၊ ကြောင်စီစီ ဖြစ်နေ၏၊

ဖုန်းဆက်သတင်းပေးသူကိုသာ ရဲတပ်ဖွဲ့က ကျေးဇူးတင်ရပေမည်၊ မဟုတ်လျှင် လူပျောက်တိုင်ချက်မရှိဘဲ လူတစ်ယောက် သေဆုံးသွားသည့် အကြောင်းကို မည်သို့များ သိနိုင်ပါ့မလဲ၊ ယခုကျ ဖုန်းထဲကလူ ဆိုခဲ့သည့်အတိုင်း မျှော်ရစ်ဘုရားအနီး ပင်လယ်ကမ်းနံဘေးရှိ ကျောက်ဆောင်များကြားသို့ သွားရောက်ရှာဖွေကြသည့်အခါ၌ ရုပ်ပျက်နေသော အလောင်းတစ်လောင်းကိုသာ တွေ့ရှိခဲ့ရ၏၊ လူသတ်မှုကွင်းဆက်ကို ဖော်ထုတ်ရန်သာ ကျန်တော့သည်၊

တရားခံက အဖြစ်မှန် ပေါ်သွားသည့်အခိုက်၌ အလွန်အမင်း သွေးပျက်သွားဟန်တူသည်၊ နှစ်ရက်၊ သုံးရက်လောက် ဘာစကားမျှ မေးမရဘဲ ငိုင်ငိုင်ကြီး ထိုင်နေတတ်သလို တစ်ခါတစ်ရံလည်း အသံနက်ကြီးဖြင့်

www.burmeseclassic.com

ကြောက်လန့်တကြား ဟစ်အော်တတ်သည်။ လေးရက်မြောက်နေ့ကျမှ ထူထူထောင်ထောင်ဖြစ်လာကာ မျက်လုံးအိမ်တို့လည်း တည်ငြိမ်သွားပြီး အဖြစ်မှန်များကို စုံစမ်းမေးမြန်းရတော့သည်။

စုံထောက်ကိုတင်ဖေနှင့် ဒုရဲအုပ်ကိုမြင့်ဆွေတို့က တရားခံကို အဖြစ်မှန် ဖော်ထုတ်ပြောဆိုအောင် အလောင်းရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း သက်သေခံ ပစ္စည်းများကိုလည်း သိမ်းဆည်းရမိပြီဖြစ်ကြောင်း သွေးနမူနာကို ဆေးရုံသို့ ပို့ထားပြီမို့ မကြာမီတွင် သေသူဟာ မည်သူမည်ဝါဆိုတာ သိရတော့မည် ဖြစ်ကြောင်း၊ စသည်ဖြင့် အကွက်ကျကျ စစ်ဆေးမေးမြန်းရမည်ဟု အမျိုးမျိုး စဉ်းစားတိုင်ပင်ထားခဲ့သော်လည်း တကယ်တမ်းကျ တရားခံကဖြစ်ကြောင်း ကုန်စင်ကို သူ့ဟာသူ ဖွင့်ထုတ်ခဲ့သည်။ အဖြစ်မှန်တို့ကို ပြောပြစဉ်၌ သူ့ မျက်လုံးမှာလည်း နောင်တမျက်ရည်များနှင့် ...။

"ဆရာတို့ လာမေးတဲ့နေ့က ကျွန်တော် တော်တော်လန့်သွားခဲ့ရတယ်။ ကျွန်တော့် လုပ်ရပ်က သေသပ်လွန်းတော့ အမှုမှန်ပေါ်လိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားခဲ့ဘူးလေ"

"ဟုတ်တာပေါ့။ တရားခံအများစုကလည်း ကိုယ့်ကိုယ်ကိုယ် ဒီလိုပဲ အထင်ကြီးကြတာပါပဲ၊ ဒါပေမဲ့ - ဥပဒေရဲ့လက်တံက ရှည်တော့ ဘယ် တရားခံမှ ပြေးမလွတ်နိုင်ပါဘူး"

"ကျွန်တော် - ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် အဖြစ် မှန်အားလုံးကို ဝန်ခံပါတော့မယ်၊ ဒါ - ဒါပေမဲ့ - တစ်ခုပဲ သိပါရစေ၊ ကျွန် တော့်ကိုအမှန်အတိုင်းပြောပါဗျာ၊ အဲဒီနေ့က ဖုန်းဆက်တာ ကျွန်တော့်မိန်းမ သေချာရဲ့လား။ ကျွန်တော်တို့အိမ်က ဆက်တာဆိုတာ တကယ်ပဲလားဗျာ။ တခြားနေရာကနေ တစ်ယောက်ယောက်က ကျွန်တော့်မိန်းမယောင် ဟန်ဆောင်ပြီး ဖုန်းဆက်တာများ မဖြစ်နိုင်ဘူးလား။ ဒီကိစ္စကို အမှန်အတိုင်း ကျွန်တော် သိပါရစေ၊ ကျွန်တော့်ကို ပြောပြကြပါဗျာ၊ တောင်းပန်ပါတယ်"

စံထူးကျော်က ရီဝေဝေမျက်လုံးများဖြင့် ရဲအရာရှိနှစ်ဦးကို တောင်းပန် သလို စိုက်ကြည့်ရင်း မေးလိုက်သည်။



ကိုတင်ဖေနှင့် ကိုမြင့်ဆွေတို့က ယခုထက်တိုင် နားမလည်နိုင်ဖြစ်နေ ဆဲ၊ ဘာကြောင့်များ ဤကိစ္စကို တရားခံက အသည်းအသန် သိချင်နေရတာ လဲ၊ ထိုအချက်က မည်သို့များ အရေးပါနေလို့လဲ၊ ရဲမျက်စိဖြင့် သဘောပေါက် လိုက်မိသည်က အကယ်၍ တခြားလူ ဖုန်းဆက်သည်ဆိုပါမူ ဘူးခံငြင်းရန် အကြံထုတ်နေခြင်းသာ ဖြစ်သည်။ မိမိတို့ကို အချိုသပ်ကာ သိမ်းသွင်းနေခြင်း ဖြစ်သည်၊ ဘယ်ရလိမ့်မလဲကွ၊ ငါတို့က ဝါရင့်တွေပဲဟု ကိုမြင့်ဆွေ၏ စိတ် ထဲမှာ ကြုံးဝါးလိုက်ပြီး ...

"ဩော် - တကယ်ပါဆိုဗျာ၊ ခင်ဗျားအိမ်က ဖုန်းနံပါတ်မှ ခင်ဗျားအိမ်က ဖုန်းနံပါတ်စစ်စစ်၊ ကျုပ်ကိုယ်တိုင် စစ်ဆေးကြည့်ပြီးသွားပြီ၊ ဖုန်းဆက်တဲ့ မိန်းကလေးက အသက် (၂၅)ဝန်းကျင်လောက်ပဲ ရှိလိမ့်မယ်၊ အသံက ပါးတယ်၊ စူးတယ်၊ နောက်ပြီး စကားပြော မြန်တယ်၊ ကဲ - ဒါဆိုရင် ခင်ဗျား မိန်းမ ဟုတ်တယ်ဆိုတာ ခင်ဗျား ယုံပြီမဟုတ်လားဗျ"

ကိုမြင့်ဆွေက ခပ်သွက်သွက်ပြောလိုက်သည်။

ဖုန်းနံပါတ် တစ်ထပ်တည်း ဟုတ် မဟုတ် မစစ်ရသေးသည်ကလွဲ၍ ကျန်စကားအားလုံး အမှန်ချည်းသာ ဖြစ်သည်၊ ကိုမြင့်ဆွေ၏ စကားအဆုံး ၌စံထူးကျော်၏မျက်နှာတစ်ခုလုံး ညိုမည်းပုပ်သွားပြီး မျက်ဝန်းအိမ်အတွင်း မှ မျက်ရည်များ တလိမ့်လိမ့် ယိုစီးကျလာသည်၊ စံထူးကျော် ငိုနေပါပ တော့၊

"အီးဟီးဟီး - ဟုတ် - ဟုတ်ပါတယ် - ဆရာ၊ ဟုတ်ပါတယ်ဗျာ၊ အဲဒါ ကျွန်တော့်မိန်းမပါပဲ၊ ကျွန်တော့်မိန်းမ ရွှန်းလဲ့ဘိုပါပဲ၊ ဩော် - စိတ်ကြီးလိုက် တာ မိန်းမရယ်၊ တမလွန်ကို ရောက်သွားတာတောင် ကလဲ့စားချေလိုက်ရမှ ကျေနပ်သွားတယ်ပေါ့လေ၊ ကိုယ်လည်း ကျေနပ်ပါတယ်။ ကိုယ့်အမှားတွေ အတွက် ဥပဒေက ပေးတဲ့ပြစ်ဒဏ်ကို ကိုယ် ကျေကျေနပ်နပ် ခံယူပါ့မယ်၊ နောက်ပြီး - ကိုယ် တောင်းပန်ပါတယ် - အီး - ဟီး - ဟီး"

စံထူးကျော် အော်၍ညည်းလိုက်သည့်စကားအဆုံး၌ ဒုရဲအုပ်ကိုမြင့်ဆွေ ရော၊ စုံထောက်ကိုတင်ဖေပါ မျက်လုံးပြူးသွားလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဘာ - ဘာရယ်"

"ခင်ဗျား - ခင်ဗျား ဘာတွေ ပြောနေတာလဲ"

"ကျွန်တော် အားလုံးကို ပြောပြပါတော့မယ်၊ တကယ်တော့ အသတ်ခံရသူဟာ ကျွန်တော့်အမျိုးသမီးပါ၊ အသတ်မခံရမီက သူနဲ့ ကျွန်တော် စကားများခဲ့ကြပါတယ်၊ ပြဿနာက ကျွန်တော် နောက်တစ်ယောက်နဲ့ ရှုပ်မိလို့ပါ၊ အဲဒီမှာ သူက ကျွန်တော် စိတ်နာလောက်အောင် နစ်နစ်နာနာတွေ ပြောခဲ့ပါတယ်၊ နဂိုကတည်းကလည်း သူက အပြောစပ်ဆိုးဆိုးရယ်၊ ကျွန်တော်လည်း စိတ်ထဲမှာ သူ့ကို တေးထားလိုက်မိတယ်၊ လင်မယားကြားမှာ



ဟာ-ဒီမှာ-ဒီမှာ-တွေ့လား။ ခင်ဗျားအိမ် ဖုန်းနံပါတ်နဲ့
ကွက်တိပဲ။ နောက်ပြီး တည်နေရာကလည်း ခင်ဗျားအိမ်ပဲ။
ဒီ-ဒီကိစ္စကို ကျုပ်တို့ ဘယ်လိုနားလည်ရမှာလဲ။
အခုအတိုင်းဆို သေသူကိုယ်တိုင်က ဖုန်းဆက်ပြီး
တိုင်သလိုဖြစ်နေပြီ။ ကျုပ် ဒါတွေ အယုံအကြည်မရှိဘူး။
ဒီမယ်-ကိုစံထူးကျော် …



မထားသင့်တဲ့ အာဃာတစိတ်ပေါ့ဗျာ၊ ညကျတော့ သူ့ဝသီအတိုင်း နေ့လယ်တာ ကိစ္စအားလုံးကိုမေ့ပြီး ကျွန်တော် ချိန်းထားတဲ့ Ruby club ကို ရောက်လာခဲ့တယ်၊ သူက နေ့လယ်ကကိစ္စမှာ သူ လွန်သွားမှန်း သိပုံရရဲ့၊ ကျွန်တော် စိတ်ကျေနပ်အောင် သူ တစ်သက်လုံး မဝတ်ခဲ့ဘူးတဲ့ ကျွန်တော်က ဝတ်စေချင်လို့ ဝယ်ပေးထားတဲ့ ပန်းနုရောင်ဂါဝန်ကျပ်ကျပ်လေးကို ဝတ်လာခဲ့တယ်၊

အမှန်ဆို ကျွန်တော် စိတ်ပျော့သွားသင့်ပါပြီ၊ ဒါပေမဲ့ - ယောကျ်ားတွေရဲ့ စိတ်ကို ဆရာတို့လည်း အသိသားပဲ၊ မိန်းမတွေကပြောပြီး မေ့သွားတတ်ပေမယ့် ကျွန်တော်တို့ယောကျ်ားတွေကတော့ မာနကို ထိပါးစော်ကားတဲ့အခါ အညိုးအတေးတွေ ထားတတ်ကြတယ်လေ၊ နောက်ပြီး - ကျွန်တော့်မှာလည်း တခြားတစ်ယောက် ရှိနေပြီဆိုတော့ ဒီဟာမ မရှိရင် ကောင်းမှာပဲဆိုတဲ့အတွေးနဲ့ အဲဒီညမှာ ကျွန်တော့်သူ့ကို သတ်ပစ်ဖို့ ဆုံးဖြတ်လိုက်တယ်၊

အမှန်က ကျွန်တော်ဟာ ဒီလောက်သွေးအေးတဲ့ကောင် မဟုတ်ပါဘူး၊ အရက်သာမသောက်မိရင် လုပ်ဝံ့မယ် မထင်ဘူး၊ ဒါပေမဲ့ - အဲဒီအချိန်တုန်းက ကျွန်တော် မူးနေခဲ့တယ်၊ မူးမူးနဲ့ ကြံခဲ့မိတာပါ၊ သူ့ကို ချော့မော့အချိုသတ်ပြီး ကျောက်ဆောင်ပေါ်ခေါ်သွား၊ ဟိုကိုလည်းရောက်ရော သူ့ကို ဘော့စ်ဘောတုတ်တံနဲ့ မသေမချင်းရိုက်သတ်ခဲ့မိတယ်၊ နောက် - အလောင်းကို ပင်လယ်ထဲ ပစ်ချထားခဲ့တယ်၊

အသိတရားဝင်လာတဲ့အခါကျ အရာအားလုံးက လက်လွန်သွားခဲ့ပြီ၊ သတ်မိလိုက်ပြီ၊ ဒါနဲ့ - ကျွန်တော်လည်း သူ စိတ်ဆိုးပြီး ရန်ကုန်ကိုပြန်သွားပြီလို့ အိမ်နီးချင်းတွေ ဆွေမျိုးတွေကြားမှာ သတင်းလွှင့်ထားလိုက်တာ၊ သူက ဟိုကိုပြန်ရင် သူ့အမေအိမ်ကို မပြန်ဘူးဆိုတာ သိထားလို့ပါ၊ သူပြန်ရင် ကျွန်တော်တို့ပိုင်တဲ့ တာမွေတိုက်ခန်းကိုပဲ ပြန်မှာလေ၊ အဲဒီမှာက ဆွေမျိုးသားချင်း မရှိသလို ရန်ကုန်သဘာဝအတိုင်း အခန်းနီးနားချင်းတွေကလည်း တစ်ခန်းနဲ့ တစ်ခန်း အဆက်အဆံသိပ်မလုပ်ကြတော့၊ နောက်ပြီး စပ်စုတတ်တဲ့ အခေါ် ထပ်က အဘွားကြီးကလည်း မနှစ်ကပဲ ဆုံးသွားပြီဆိုတော့ ကျွန်တော့်မိန်းမ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်နေတဲ့အကြောင်းကို ဘယ်သူမှ မရိပ်မိ လောက်ဘူးအထင်နဲ့ ကျွန်တော် ပုံမပျက်နေ နေခဲ့တယ်၊ ဒါ - ဒါပေမဲ့လည်း အီး - အဟီး - အီး"

စံထူးကျော်က အဖြစ်မှန်အားလုံးကို ဖွင့်ပြောအပြီး၌ စားပွဲပေါ်သို့ မျက်နှာအပ်ကာ ရှိုက်ကြီးတငင်ငိုတော့သည်။ မိန်းမဖြစ်သူကို အာဃာတ အလျောက် သတ်ခဲ့မိသည့်အတွက် နောင်တရနေခြင်းလား၊ သို့မဟုတ် ဘယ်တော့မှမပေါ်နိုင်ဟုယုံကြည်ထားသောလူသတ်မှုတစ်ခုက ရုတ်တရက် တစ်စုံတစ်ယောက်၏ပယောဂကြောင့် ဘွင်းဘွင်းကြီးပေါ်လာခဲ့၍စိတ်ဆင်းရဲနေခြင်းလားဆိုတာတော့ သူသာလျှင် သိလိမ့်မည်။

တရားခံပြောသမျှကို မျက်လုံးအဝိုင်းသားနားထောင်နေမိသော ကိုမြင့်ဆွေနှင့် ကိုတင်ဖေတို့မှာလည်း ယခုရှိန်ထိပါးစပ်အဟောင်းသား။ အမှုမှန်ကို လွယ်လွယ်ကူကူဖော်ထုတ်နိုင်ခဲ့သဖြင့် စိတ်ကျေနပ်ရမည်မှန်ပေမယ့် မရှင်းလင်းသော ကိစ္စတစ်ခုကြောင့် ဦးနှောက်စားနေရခြင်း ဖြစ်သည်၊ အံ့အားသင့်နေရခြင်းဖြစ်သည်၊ ထိုမရှင်းလင်းသည့်ကိစ္စက ဖုန်းဆက်ပြီး သတင်းပေးသည့်လူက ဘယ်သူများပါလိမ့်၊

"နေ - နေပါဦး၊ မင်း - မင်းနဲ့အတူ ကြံရာပါတစ်ယောက်ယောက်များ ပါသေးလား၊ လုံးဝ ထိန်ချန်မထားပါနဲ့၊ ထိမ်ချန်ထားရင် အမှုကြီးသွားလိမ့်မယ်နော့"

"ဒီကိစ္စတစ်ခုလုံးကို ကျွန်တော်တစ်ယောက်တည်း လုပ်ခဲ့တာပါ၊ ကျွန်တော် မလိမ်ပါဘူး"

"မင်းရဲ့အိမ်မှာ မင်းအပြင် ဘယ်သူရှိနေသေးတုံး၊ မင်းနဲ့ ဖောက်ပြန်တဲ့ မိန်းကလေးကို အိမ်ခေါ်ထားမိသေးလား"

"ဘယ်သူမှ မရှိပါဘူး ဆရာတို့ရယ်၊ ကျွန်တော့်အိမ်မှာ ကျွန်တော် တစ်ယောက်ပဲ ရှိနေမှာပါ၊ ဟိုမိန်းကလေးကလည်း ဆိုင်မှာ ဆုံကြ၊ ပျော်ကြရုံသက်သက်ပါ၊ သူက အိမ်အထိ လိုက်ဖို့ စိတ်ကူးမရှိပါဘူး"

"မဟုတ်သေးပါဘူး၊ ဒါ - ဒါဆို ဖုန်းဆက်တဲ့လူက ဘယ်သူတုံး"



ကိုတင်ဖေက အားမလိုအားမရလေသံဖြင့် ထိုင်နေရာမှ ဝုန်းခနဲထရပ်ရင်း မေးသည်။ တရားခံက မျက်ရည်ရစ်ဝဲနေသော မျက်လုံးများဖြင့် ကိုတင်ဖေကိုစိုက်ကြည့်နေသည်၊ အဖြေကမူ ထွက်ကျမလာ၊ ခေါင်းကိုသာ ခါယမ်းပြ၏၊

"သေချာပါတယ် - သေချာတယ် - စကောနေဦး"

ကိုမြင့်ဆွေက ထိုစကားကို ရေရွတ်ရင်း ဖုန်းလက်ခံသောစာရင်းစာရွက်ကို ဖိုင်တွဲထဲတွင် ရှာဖွေနေသည်၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်မို့ဘယ်အရာကိုမျှလိမ်လည်၍မရတော့၊ အကယ်၍ထိုသူဟာ တရားခံစံထူးကျော်၏အိမ်မှ ဆက်သွယ်ခဲ့ခြင်းမဟုတ်ဘဲ တခြားနေရာက ဖုန်းဆက်ခဲ့တာမှန်လျှင် ဤစာရင်းတွင် အတိအကျ ပေါ်နေမည်သာ ဖြစ်၏၊

"ဟာ - ဒီမှာ - ဒီမှာ - တွေ့လား၊ ခင်ဗျားအိမ် ဖုန်းနံပါတ်နဲ့ ကွက်တိပဲ၊ နောက်ပြီး တည်နေရာကလည်း ခင်ဗျားအိမ်ပဲ၊ ဒီ - ဒီကိစ္စကို ကျုပ်တို့ ဘယ်လိုနားလည်ရမှာလဲ၊ အစုအတိုင်းဆို သေသူကိုယ်တိုင်က ဖုန်းဆက်ပြီးတိုင်သလိုဖြစ်နေပြီ၊ ကျုပ် ဒါတွေ အယုံအကြည်မရှိဘူး၊ ဒီမယ် - ကိုစံထူးကျော်၊ ခင်ဗျား တစ်ခုခုထိန်ချန်ထားရင်လည်း အဲဒီကိစ္စက ပေါ်လာမှာပဲ၊ ကျုပ်တို့က ရအောင်စုံစမ်းမှာပဲ"

ဒုရဲအုပ် ကိုမြင့်ဆွေက ဒေါသတကြီး အော်ဟစ်ဝေါက်ငမ်းပြီး ထိုင်နေရာမှ ထရပ်လိုက်သည်၊ သူ့မျက်လုံးများက မီးပွားများ လွင့်စဉ်ထွက်မတတ် တဝင်းဝင်းတောက်နေ၏၊ သာမန်လိမ်ညာနေသူသာဆို သူ့မျက်လုံးအကြည့်ကို ကြောက်၍ ဖွင့်ထုတ်ဝန်ခံမိမည်သာ၊ သို့သော် စံထူးကျော်ကမူ တုတ်တုတ်မျှ မလှုပ်ဘဲ တငိုတည်းသာ ငိုနေလေသည်၊

အတည်ပြုချက် အသီးသီး ထွက်ပေါ်လာခဲ့ပြီ၊ သေသူသည် ရွှန်းလဲ့ဘို အမည်ရှိအသက် (၂၂)နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ကြောင်းကို နှင့်ခွဲရုံ



www.burmeseclassic.com

www.burmeseclassic.com

က အတည်ပြုခဲ့သလို ဘေ့စ်ဘောတုတ်တံနှင့် ရုပ်အင်္ကျီပေါ်မှ သွေးတို့သည်လည်း ထိုအမျိုးသမီး၏ခန္ဓာကိုယ်မှ သွေးများဖြစ်ကြောင်းကို ဓာတ်ခွဲခန်းအ အတည်ပြုခဲ့သည်။

ရန်ကုန်သို့ ဆက်သွယ်စုံစမ်းကြည့်သည့်အခါမှာလည်း ရွှန်းလဲ့ဘိုဆို သော အမျိုးသမီးသည် ရန်ကုန်သို့ ရောက်ရှိလာခြင်းမရှိခဲ့ကြောင်းကို မိဘ နှစ်ပါးနှင့် တာဝမွတ်တိုက်ခန်းရှိ အခန်းနီးချင်းများက သက်သေထွက်ဆိုခဲ့၏ ဤမျှ သိရှိရပြီဆိုလျှင် အမှုမှန် ပေါ်ပေါက်နေပြီဟု ယူဆရပေတော့မည်။

ထွက်ရှိလာသော အတည်ပြုချက်များကို ဖတ်ရှုရင်း ကိုမြင့်ဆွေ၏ စိတ်တို့ နောက်ကျိနေခဲ့သည်။ အမှန်တရားတစ်ခု ပေါ်ထွက်ခဲ့ပြန်ပြီမို့ မိမိ၏ လုပ်ရပ်အပေါ် ကျေနပ်ဝမ်းသာနေရမည်မှန်သော်လည်း ကိုမြင့်ဆွေ၏စိတ် ကို စလုံးစရာဖြစ်နေစေသည်က ဖုန်းဆက်သည့်လူ။ အဲဒီလူက ဘယ်သူလဲ။ သေချာတာကတော့ မိန်းကလေးတစ်ယောက်ပဲ။

သေသူကိုယ်တိုင် ဖုန်းဆက်ခဲ့ခြင်း ဖြစ်သည်ဟူသော အယူအဆတို့ ဒုရဲအုပ် ကိုမြင့်ဆွေ လက်မခံနိုင်ပါ။ တစ္ဆေသရဲက အမှုစုံစမ်းပေးနိုင်မတဲ့လား။ သည်အတိုင်းဆို အမှုအားလုံး ပေါ်ပေါက်နေရောပေါ့။ ရဲဝန်ထမ်းတွေတ ဘာအပင်ပန်းခံစရာ လိုတော့မှာတုံး၊ အဲဒီလို မဖြစ်နိုင်လို့ ရဲတွေက စုံစမ်း ရှာဖွေနေရတာပေါ့ဟု ထိုအယူအဆနှင့် ပတ်သက်ပြီး ဆင်ခြေပေးမိသည်။ သို့သော်လည်း …

ဖုန်းကိုင်လိုက်သူက မိမိကိုယ်တိုင်ဖြစ်နေ၍ ထိုဖြစ်ရပ်ကို မိမိအသိဆုံး ပါ၊ ကျွန်မယောကျ်ားဟု ခိုင်ခိုင်မာမာပြောဆိုနေသော မိန်းကလေး၏အသံ တ လိမ်လည်နေသည်နှင့်မတူ၊ အမှုမှန်တစ်ခုကို အလျင်အမြန် ပေါ်ပေါက် စေလို၍ သတင်းပေးနေသည့်ပုံသာ၊ တရားခံ ထွက်ဆိုပုံအရရော၊ မိမိတို့ စုံစမ်းထောက်လှမ်းသမျှပါ ပေါင်းစပ်တွေချင့်ကြည့်မည်ဆိုလျှင် ဤလူသတ် မှုကို သိရှိသူဟူ၍ လူသတ်သမားနှင့်သေသူတို့သာ ရှိသည်မဟုတ်ပါလား ဒါ - ဒါဆို …



ထိုသို့ တွေးလိုက်မိခိုက် ကိုမြင့်ဆွေ၏ ခန္ဓာကိုယ်အနှံ့၌ ကြက်သီးတို့ တဖြန်းဖြန်းထသွားသည်၊ သေသူ၏အလောင်းကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ယူထားသောဓာတ်ပုံကို စိုက်ကြည့်နေမိရာမှ ပတ်ဝန်းကျင်သို့ ဝေ့ဝဲ ကြည့်လိုက်မိသည်။ မိမိ၏အနားမှာ လူတစ်ယောက် ရပ်ကြည့်နေသလို ခံစားမိလိုက်သောကြောင့် ဖြစ်သည်၊ ထိုကဲ့သို့ ခံစားချက်မျိုးကို ကိုမြင့်ဆွေ ၏ တစ်သက် တစ်ကြိမ်တစ်ခါမျှ မခံစားဘူးခဲ့ပေ။

ယခုတော့ အရာအားလုံးကို ရွှန်းလဲ့ဘို သဘောပေါက်သွားခဲ့ပါပြီ၊ နောက်ပြီး မေ့လျော့နေသည့်ပုံရိပ်များကိုလည်း ရွှန်းလဲ့ဘို၏ အာရုံထဲ၌ ပြန်လည်ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သည်၊ ယခုတော့ သေသူဟာ မည်သူမည်ဝါ ဆိုတာ ရွှန်းလဲ့ဘို ရှင်းလင်းစွာ နားလည်သွားခဲ့ပြီပဲလေ၊ အမှုမှန်လည်း ပေါ်ပေါက်နေပြီမို့ ရဲအရာရှိနောက်ကနေ မှတ်တမ်းစာရွက်များကို ငေးကြည့် နေမိရာမှ ရွှန်းလဲ့ဘို ရာခန်းလှည့်ထွက်လာခဲ့လိုက်တော့သည်။

ထိုနေ့ညကို ရွှန်းလဲ့ဘို အမှတ်ရသွားပါပြီ၊ နေ့လယ်က ရန်ဖြစ်အပြီး ရန်ကုန်အိမ်သို့ ပြန်ရန် အဝတ်အစားများကို ထည့်သိုကာ အိမ်မှ ထွက်ခဲ့ သည်၊ အိမ်နီးနားချင်းများကိုပင် တမင်တကာ နှုတ်ဆက်ခဲ့သေးသည်။ သို့မှသာ ကိုကို ပြန်လာပါက ရွှန်းလဲ့ဘို ရန်ကုန်အိမ် ပြန်သွားမှန်း သိမည် လေ။ ဒါမှပဲ လိုက်ချော့နိုင်မည် မဟုတ်လား။

ပြဿနာက ကားဂိတ်ရောက်မှ ပေါ်လာခဲ့သည်၊ ရန်ကုန်အိမ်၏သော့ က နေအိမ်မှာ မေ့ကျန်ခဲ့သည်၊ မိဘအိမ်သို့ ပြန်ဖို့ကလည်း မိဘများကို အားနာသည်၊ ကိုယ့်စိတ်တိုင်းကျ ရွေးယူပြီးမှ လင်မယားချင်း အဆင်မပြေ ၍ အိမ်ပေါ်ပြန်တက်လာသည့်သမီးကို မိဘများက ငြိုငြင်မည်မှာ အမှန်။ သို့ကြောင့် - အိမ်သို့ပြန်လာပြီး သော့ပြန်ယူခဲ့သည်၊

“ဟင် - ဘို - ဘို - ပြန်လာတယ် ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ အပြီးပြန်လာတာတော့ မဟုတ်ဘူး၊ တာမွေတိုက်ခန်းသော့ ကျန်ခဲ့လို့ ပြန်လာယူတာ"

"ဒါဆို ကားလက်မှတ် ဆုံးပြီပေါ့ ဟုတ်လား"

"ဩော် - တစ်ပြားမှ မရှာနိုင်တဲ့ရှင်က ကားလက်မှတ်ဖိုးတော့ နှမြောနေတယ်ပေါ့လေ၊ ပူမနေနဲ့၊ ကျွန်မမှာ ပိုက်ဆံရှိတယ်၊ တစ်စောင်ဆုံးလည်း *နောက်တစ်စောင်ဝယ်လို့ရတယ်*"

"အာ - မဟုတ်ရပါဘူး ဘိုလေးရယ်၊ ဘိုလေးကို မသွားစေချင်လို့ ကိုကိုက မေးတာပါ၊ မသွားပါနဲ့နော်၊ ကိုကို့ကို သနားတယ် မဟုတ်လား"

"အို - မသနားပါဘူး၊ ခြံစုန်တဲ့ နွားကြီး"

"ဘိုနော် - အဲဒီလိုပြောတာတော့ ကိုကို မကြိုက်ဘူးကွာ၊ ကိုကိုတောင်းပန်နေပြီပဲ၊ ကျေနပ်နော်၊ ကိုကိုလေ - Rbby Club ကိုတောင် ဖုန်းဆက်ပြီးသွားပြီ၊ ဟိုကောင်မလေးနဲ့လည်း ဖတ်လမ်းပြတ်သွားပြီ၊ ခွင့်လွှတ်တော့နော်"

"အို - ခွင့်မလွှတ်နိုင်ပါဘူး၊ အလကားလူကြီး"

"မင်း - မင်းကွာ - မင်း တော်တော်အပြောဆိုးတဲ့ မိန်းမပဲ၊ တောက် - ခုန်း"

သူက တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး အခန်းတံခါးကို ဝုန်းခနဲဆောင့်ပိတ်သွားသည်၊ သူ အပြင်ထွက်သွားပြန်ပြီ၊ သူ တော်တော် စိတ်ဆိုးသွားသည့်ပုံ၊

ရွှန်းလဲ့ဘို တွေဝေသွားသည်၊ မိမိစကား လွန်သွားပြီဟု တွေးလိုက်မိသည်၊ အမှန်ဆို ငိုချပစ်လိုက်ရမှာ၊ ဒါမှ မင်းသားက မင်းသမီးကို နှစ်သိမ့်ရင်းဖတ်ပေါင်းနိုင်မှာပေါ့၊ ခုတော့ - ဖတ်ရှိန်အမြင့်လွန်ပြီး ဖတ်လမ်းက ပိုကြမ်းကုန်ပြီ၊ ကားလက်မှတ်လည်း ဆုံးနေပြီမို့ ကားဂိတ်သို့သွားရန် မစဉ်းစားဖြစ်တော့၊ အကယ်၍ ရန်ကုန်သို့ သွားဦးတော့ သူက လိုက်မချော့လျှင် ပိုဆိုးမည်၊ မိမိမှာသာ လင်ပစ်မ ဖြစ်ရလိမ့်မည်၊ နောက်ပြီး ...



မိမိ ဟိုကိုသွားတုန်း ဟိုမိန်းမ အိမ်ပေါ်ရောက်လာလျှင် သာခက်မည်၊ အရက်ဆိုင်က မိန်းမဖြစ်နေ၍ ပေါ့ပေါ့တွေးလို့ မရ၊ ကိုကိုက ခပ်လေလေနေ၍ အထင်ကြီးချင်စရာမရှိပေမဲ့ ကိုကို့မိဘတွေ ချမ်းသာမှန်းသာသိလျှင် အတင်းလိုက်လာနိုင်သည်၊ ယောကျ်ားတို့စိတ်ကလည်း လေယူရာ ယိမ်းတတ်စမြဲ မဟုတ်လား၊ တော်ကြာ - အခြေအနေ ပိုဆိုးကုန်မည်၊

စောစောကကိစ္စကိုသာ ခေါင်းထဲ စွဲနေသည်၊ သူ အရမ်းစိတ်ဆိုးသွားပုံရသည်၊ ဒေါသတကြီး လျှောက်ပြောလိုက်မိသည့် မိမိကိုယ်ကိုသာ အပြစ်တင်မိတော့သည်၊ မဖြစ် - တော်ကြာ တကယ်ကွာရှင်းမည်ဆိုပါက ခက်မည်၊ ဟိုမိန်းမဘက် လုံးလုံးပါသွားမှာကို ရွှန်းလဲ့ဘို စိုးရိမ်လာသည်၊ သို့ကြောင့် ...

"အေးပါလေ - တစ်ထစ်တော့ လျှော့ပေးလိုက်မှပါ၊ ဟုတ်ပြီ၊ ညနေကျ သူ့ဆီ ဖုန်းဆက်ပြီး သူ တောင်းပန်တာကို လက်ခံလိုက်မယ်၊ ပြီးမှ - အချိုသတ်ပြီး ပြဿနာပြန်ရှာရုံပေါ့၊ အစွယ်နဲ့ထိုးဖို့ ဆင်ဆိုတာ ခြေတစ်လှမ်းတော့ ဆုတ်ရမှာပဲလေ ဟင်းဟင်း"

လေညင်းတို့ တဟူးဟူးတိုက်ခတ်နေပုံမှာ ညကာလကို တိုး၍သာယာစေသည်၊ ဟိုးအဝေးမှ ရွှေစေတီလေးကို မှုန်ပျပျ လှမ်းမြင်နေရသည်၊ ကျောက်ဆောင်များဆီသို့ လာရောက်ရိုက်ခတ်သော လှိုင်းရိုက်သံ တဝုန်းဝုန်းက ဟာမိုနီမျူတစ္စာ ထွက်ပေါ်နေသည်၊ ဖွားခနဲစဉ်လာသော ရေစတ်ရေမွှားများ၏ အထိအတွေ့ကြောင့် ရွှန်းလဲ့ဘို၏စိတ်ထဲ ကြောက်ရွံ့သလိုလို ခံစားမိလိုက်သည်၊ ရွှန်းလဲ့ဘိုက ရေကြောက်သူပဲကိုး၊

"ကိုကိုရယ် - ပြန်ရအောင်၊ လေတွေလည်း အရမ်းတိုက်တာပဲ၊ လှိုင်းလည်း ကြမ်းတယ်၊ ကြောက်စရာကြီး"

ရွှန်းလဲ့ဘိုက မှောင်မိုက်နေသော ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်ရင်း ဆိုသည်၊ လကလည်း မသာလေတော့ လရောင်ကလည်း မရှိ၊ ကောင်းကင်ယံမှာ တိမ်မည်းတို့ အုံ့ဆိုင်းညို့မှိုင်းနေသည်ပဲလေ၊ မကြာမီမှာ မိုးရွာချတော့မည် ထင်သည်၊



www.burmeseclassic.com

www.burmeseclassic.com

လမိုင်းပူးကပ်နေသော ညနက်ချမ်းကြီးကြောင့် ရွှန်းလဲ့ဘိုကြည်နူးစိတ် မဝင်နိုင်ဘဲ ကြောက်စိတ်များ ရင်အပြည့် လျှံတက်လာသဖြင့် လာလမ်းဘက်သို့ လှည့်လိုက်သည့်အခိုက် တွေ့မြင်လိုက်ရသည့်မြင်ကွင်းက ရွှန်းလဲ့ဘိုကို ပို၍ထိတ်လန့်သွားစေခဲ့သည်။

"ဟင် - ကိုကို - ကိုကို - ဘာဖြစ်လို့ ဘော့စ်ဘောတုတ်တံကြီး ကိုင်ထားရတာလဲ၊ ဘာ - ဘာလုပ်မလို့လဲ"

"ဟား - ဟား - ဟား - ဟား - ဘာလဲ - ကြောက်သွားတာလား၊ အခုမှ ကြောက်နေတာလား"

ကိုကို့နှုတ်မှ ထွက်ကျလာသောစကားကြောင့် ရွှန်းလဲ့ဘို ကြောင်သွားသေးသည်၊ သို့ပေမဲ့ - ခဏအတွင်းပဲ အခြေအနေကို သဘောပေါက်သွားသည်။

"ဟင် - ဒါ ဘာသဘောလဲ၊ ရှင် - ရှင်က ကျွန်မကို သတ်မလို့ပေါ့လေ ဟုတ်လား"

"မင်း သဘောပေါက်မြန်သားပဲ၊ ကောင်းပါတယ်၊ သိပ်ရှင်းပြစရာ မလိုတော့ဘူးပေါ့"

"ဘာ - ဘာလို့လဲ၊ ဘာလို့ သတ်ဖို့ကြိုးစားတာလဲ၊ ရှင်နဲ့ ကျွန်မနဲ့က လင်မယားတွေလေ"

"လင်မယားတွေ - လင်မယားတွေတဲ့ ဟုတ်လား၊ ဘာလင်မယားလဲ၊ မင်းနဲ့ငါနဲ့က ရန်သူတွေလိုပဲ၊ အမြဲတမ်း တကျက်ကျက်နဲ့၊ ငါ သိပ်အာရုံနောက်တယ်၊ နောက်ပြီး - မင်းက သိပ်မိုက်ရိုင်းတဲ့ဟာမ၊ ငါ့သိက္ခာကို အမြဲတမ်း စော်ကားတယ်၊ မင်းရဲ့စိတ်ထဲမှာ ငါက လင်ယောကျ်ားတစ်ယောက် အရာကော ရှိသေးလို့လား"

"ဩော် - ဒါကတော့ ကိုယ့်လုပ်ရပ်ကို ကိုယ် ပြန်ကြည့်ပေါ့၊ ရှင်ကရော ယောကျ်ားတစ်ယောက်အနေနဲ့ ဘာများအသုံးကျလို့တုံး၊ ကိုယ်ကဖြင့် အသုံးမကျဘဲနဲ့များ"

"တောက် - မင်း - မင်းကွာ - မင်း သေမှပဲ အေးမှာ"



"ရှင် - ရှင် - ရှေ့မတိုးလာနဲ့နော်၊ မူးမူးရူးရူးနဲ့ လျှောက်လုပ်မယ်မကြံနဲ့၊ ကျွန်မကို သတ်ရင် ရှင်ထောင်ကျမှာပေါ့၊ အဲဒီလောက်တောင်မှ ဦးနှောက်မရှိဘူးလား၊ မယားပျောက်သွားရင် လင်က တရားခံဖြစ်မှာပဲလေ"

"ဟား - ဟား - အဲဒီလောက်တော့ ငါ သိပါတယ်၊ မပူစမ်းပါနဲ့၊ မင်းကို ဘယ်လို လက်စဖျောက်ရမလဲဆိုတာ စဉ်းစားထားပြီးသား"

"မသာကြီး - လူယုတ်မာကြီး၊ ရှင် - ရှေ့မတိုးလာနဲ့နော်"

"ကောင်မ - သေခါနီးတောင် တစ်ချက်မတောင်းပန်ဘူး၊ နင့်ကို သတ်မယ် - သတ်မယ် - သေစမ်း"

သူက ရွှန်းလဲ့ဘိုရှိရာဆီကို ပြေးဝင်လာသည်၊ ရွှန်းလဲ့ဘိုလည်း ကြောက်အားလန့်အားဖြင့် ရောင်တိမ်းကာ ကားရှိရာဆီသို့ ပြေးသည်၊ သို့သော် - နစ်ယောက် ရပ်နေသည့်နေရာက နီးနီးလေးဖြစ်သလို ကျောက်ဆောင်ကလည်း ကျယ်ကျယ်ဝန်းဝန်းမဟုတ်သဖြင့် ပြေးမလွတ်ဘဲ မိသွားသည်။

"ရှင် - ရှင် - လွှတ် - အခုချက်ချင်း ကျွန်မကို လွှတ်"

"ဟား - ဟား - သေရမှာ၊ မင်းကို သတ်ကိုသတ်မှာ"

"ရှင် - ရှင် - မလုပ်နဲ့နော်၊ မလုပ်နဲ့ - မလုပ်နဲ့"

သူက ရွှန်းလဲ့ဘိုကို ကျောက်ဆောင်ပေါ်သို့ ဆွဲယူလှဲချလိုက်သည်၊ အသတ်ခံရမည်ကို သိနေသောကြောင့် ရွှန်းလဲ့ဘိုကလည်း ကြောက်တန်ကန်ကာ အသည်းအသန်ရုန်းနေသည်၊ သူ့ကိုလည်း တတ်နိုင်သလောက် ပြန်လည်တိုက်ခိုက်၏၊ ခြေထောက်တို့နှင့် ကန်ကျောက်သည်၊ သူ့မျက်နှာကိုလည်း လက်သည်းများနှင့် ကုတ်ခြစ်သည်။

"ကောင်မ - သေနာမ၊ ငါ့မျက်နှာတစ်ခုလုံးလည်း ရစရာမရှိတော့အောင် ကုတ်တယ်၊ ကျားသစ်မ - နင် သိပ်သန်နေတယ်ပေါ့၊ ကဲဟာ - ကဲဟာ - ကဲဟာ - ကဲဟာ"

"ခွပ် - ဖုန်း - ဖုန်း - ခွပ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ထဲမှ ဘော့စ်ဘောတုတ်တံက ရွှန်းလဲ့ဘို၏မျက်နှာ၊ ဦးခေါင်းနှင့် ပခုံးများပေါ်သို့ အဆက်မပြတ် တရစပ် ပြုတ်ကျလာသည်။ နာကျင်လိုက်သည်မှာ မပြောပါနှင့်တော့။ နာကျင်လွန်းသဖြင့် အော်ဟစ်ညည်းညူရင်းတတ်နိုင်သလောက် ရုန်းကန်နေမိသေးသည်။ သို့သော်လည်း ...

ထင်ထားသည့်အတိုင်း မိုးတို့က တဖွဲဖွဲရွာလာပြီ။ ပတ်ဝန်းကျင်သည် မှောင်မည်းအုံ့ဆိုင်းနေ၏။ အနီးအနားဌ မိမိကို ကူညီနိုင်မည့်လူ၊ မိမိ၏ အော်ဟစ်သံကို ကြားနိုင်မည့်လူ မရှိမှန်း ရွှန်းလဲ့ဘို သိလိုက်ရသည်၊ အော်ဟစ်ရုန်းကန်နေရာမှ နာကျင်မှုတို့ကို မခံမရပ်နိုင်အောင် ခံစားလိုက်ရပြီးသည့်နောက်ဝယ် ...။

အတိတ်သို့ ပြန်လည်အမှတ်ရနေရာမှ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည့်အခါ ရွှေရောင်ဝင်းပနေသော စေတီတော်တစ်ဆူကို ဖူးမြင်လိုက်ရသည်၊ အသတ်ခံရသော ကျောက်ဆောင်ပေါ်သို့ ဝိညာဉ်ဘဝဖြင့် ရွှန်းလဲ့ဘို ရောက်ရှိနေခြင်းပါလား။ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်မိ၏၊ အပြာတောက်တောက်စောင်တစ်ထည်ကို ဖြန့်ခင်းထားသကဲ့သို့ ပြာလွင်တည်ငြိမ်နေသော ပင်လယ်ပြင်ကျယ်ကြီးနှင့် ညိုညစ်ညစ်ကျောက်ဆောင်များ နေရောင်ခြည်နနသည် တစ်လောကလုံးကို ထွေးပိုက်ထား၏၊ သဘာဝတရားကြီးက လှပလိုက်ပါဘိ။

ဘယ်လောက်များ ထူးဆန်းလိုက်သလဲ။ လူသတ်သမားက ရေထဲသို့ သေသေချာချာ ပစ်ချလိုက်ပေမယ့် သေသူ၏ အလောင်းက ကျောက်စွန်းတစ်ခုမှာ ရှိတ်မိနေသတဲ့၊ မရွှေမရှား၊ ကံတရားက ရွှန်းလဲ့ဘိုကို မျက်နှာသာပေးလိုက်ခြင်းပင် ဖြစ်မည်၊

ကိုယ့်ကိုယ်ကိုယ် သေဆုံးသွားပြီမှန်း မသိဘဲ တစ်ပါးသူအတွက် အမှန်တရားကို ရှာဖွေပေးလိုသည့်စိတ်ဖြင့် အမှုမှန်ကိုဖော်ထုတ်ပေးခဲ့သော ရွှန်းလဲ့ဘိုအတွက် အနာဂတ်သည် သာယာလှပနေလိမ့်မည်ဟု ယုံကြည်မိသည်၊ တစ်ချိန်လုံး နားလည်ရခက်စွာ ရှုပ်ထွေးနေခဲ့သောစိတ်တို့သည်လည်း ယခုအခါ၌ တစ်မုဟုတ်ချင်း ငြိမ်းအေးသွားခဲ့ပြီ။

လှပခမ်းနားသော ပတ်ဝန်းကျင်ကို ရှုမျှော်ငေးမောနေရာမှ မျက်လုံးအကြည့်တို့က ရွှေရောင်ဝင်းအိနေသော စေတီတော်ဆီသို့ ပြောင်းရွှေ့လိုက်တာ အားပါးတရ စိုက်ကြည့်လိုက်သည်၊ နောက် – မျက်လုံးအစုံကို မှိတ်လိုက်ကာ လက်အစုံကို အုပ်မိုး၍ ပူဇော်ကန်တော့လိုက်၏၊ ရွှေစေတီဆီမှ တချွင်ချွင်လွင့်မြောလာသော ဆည်းလည်းသံများနှင့်အတူ ရွှန်းလဲ့ဘို၏ စိတ်ဝိညာဉ်သည်လည်း ...

လိပ်ပြာကလေးလို ...

မိုးတိမ်ကလေးလို ...

စေတနာရှေ့ထားလျက် ...

»»» ဂါဦးနွန်းကို



www.burmeseclassic.com

www.burmeseclassic.com


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း(သပင်ဖြူ)

LEUCODERMA

ခရုသင်း(ထပင်ဖြူ)၊ ဖြူ၊ နီ၊ နက်ကွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

သရာဦးခင်မောင်မြင့်(မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့
ဖုန်း - ၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃




www.burmeseclassic.com

မင်းသစ္စာလှိုင် (ကဒုံကနီ)

# သန်းခေါင်ညရဲ့ တောထုတ်သံ

"ဗုန်း - ဗုန်း - ဗုန်း - ဗုန်း"

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက်"

"ဝှမ်း - ဝှမ်း - ဝှမ်း - ဝှမ်း"

"ဟ - ဟ - ဘာဖြစ်တာလဲ၊ ဘာသံတွေလဲ"

"တောထုတ်နေတာ၊ တောထုတ်နေတာ"

"ဘာဖြစ်လို့လဲ"

"ဘယ်သိမလဲ၊ ဘာဖြစ်ဖြစ် တောထုတ်တာအကြောင်းတစ်ခုခု ရှိလို့နေမှာပေါ့။ တီး - တီး - တွေ့ရာ တီးကြ"

"ဗုန်း - ဗုန်း - ဗုန်း - ဗုန်း"

"ဒေါက် - ဒေါက် - ဒေါက် - ဒေါက်"

"ဝှမ်း - ဝှမ်း - ဝှမ်း - ဝှမ်း"

ညသန်းခေါင်ယံ အိပ်မောကျနေချိန်တွင် အိုး၊ ခွက်၊ သံပုံး၊ သစ်တုံး စသည်ဖြင့် တွေ့ရာမြင်ရာများကို ထုရိုက်တီးခတ်ကာ တောထုတ်နေသည့် အသံများကို ဆူညံစွာထွက်ပေါ်လာသဖြင့် တစ်ရွာလုံး အိပ်မောကျနေရာမှ လန့်နိုးလာခဲ့ကြသည်။ လန့်နိုးလာသူတွေကလည်း တောထုတ်သံမှန်း



သိလိုက်ကြရသဖြင့် တွေ့ရာ မြင်ရာများကို ထုရိုက်တီးခတ်နေကြပြန်သဖြင့် တစ်ရွာလုံး တောထုတ်သံတွေ ဆူညံနေတော့သည်။

"တောထုတ်သည်" ဆိုသည်မှာမြစ်ဝကျွန်းပေါ်ဒီရေတောပတ်ဝန်းကျင် ဒေသများ၏ ဓလေ့စရိုက် သဘာဝတစ်ခု ဖြစ်သည်။ မိမိတို့၏ ရပ်ရွာဒေသများတွင်အနာရောဂါတစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်လာခဲ့လျှင် သို့မဟုတ် မကောင်းဆိုးဝါး သရဲတစ္ဆေများ၏အန္တရာယ်တစ်ခုခု ကျရောက်နေချိန်များတွင် အဆိုပါ မကောင်းဆိုးဝါးအကုသိုလ်များ၊ အညွှန့်အသက်များ ရပ်ရွာဒေသမှ ထွက်ပြေးသွားစေရန် ရဟန်းသံဃာတော်များ ပင့်ဖိတ်ကာ ပရိတ်တရား နာကြားပြီးနောက် အိုး၊ ခွက်၊ သံပုံး၊ သစ်တုံး စသည်ဖြင့် တွေ့ရာမြင်ရာများကို ထုရိုက်တီးခတ်ကာ တောထုတ်ကြတော့သည်။ အကယ်၍အခြေအနေ ဆိုးဝါးနေပြီး ရဟန်းသံဃာတော်များပင့်ဖိတ်ကာ ပရိတ်တရားနာကြားရန် အချိန်မရနိုင်တော့သည့်အခါမျိုးတွင်မူ အရေးပေါ်အခြေအနေအရ တွေ့ရာ၊ မြင်ရာများကို ထုရိုက်တီးခတ်ကာ တောထုတ်လေ့ရှိသည်။ ယခုလည်း တရားမနာ၊ ပရိတ်မရွတ်ဘဲ ရွာထဲက ဘယ်နေရာမှာ ဘယ်လို အရေးပေါ်ကိစ္စတွေ ဖြစ်နေသည်မသိ။ အိပ်မောကျနေသည့် ညသန်းခေါင်ယံအချိန်မှာ "တောထုတ်သံ" တွေက တစ်ရွာလုံး ဆူညံစွာ ထွက်ပေါ်လာနေခဲ့လေတော့သည်။ ထိုကဲ့သို့တစ်ရွာလုံး တောထုတ်သံများ ဆူညံစွာ ထွက်ပေါ်လာခဲ့ရသည့် ပင်မ အကြောင်းရင်းမှာ ...

## မျက်စိအောက်မှာ ပျောက်နေသူ

ကိုလှထွန်း မကျေမနပ်ဖြစ်နေခဲ့ရသည်မှာ နစ်ညတိုင်တိုင် ရှိနေခဲ့ပြီဖြစ်သည်။ နေအိမ်ဆောက်လုပ်ရန် စုပုံထားသည့်သစ်တွေကို သူခိုးတွေတလာရောက်ခိုးယူနေသည်ကို မျက်စိနှင့်မျက်ဝါးထင်ထင် တွေ့မြင်နေခဲ့ရသော်လည်း မိအောင်မဖမ်းနိုင်သဖြင့် မကျေမနပ် ဖြစ်နေခဲ့ရသည်မှာ နစ်ည



www.burmeseclassic.com

www.burmeseclassic.com

ပင် ရှိနေခဲ့ပြီ ဖြစ်သည်။ ဤကဲ့သို့ မကျေမနပ် ဖြစ်နေခဲ့ရသည်ကိုလည်း မိသားစုက မသိ၊ ထို့ကြောင့် ဤကဲ့သို့မကျေမနပ်ဖြစ်နေရသည့် အကြောင်းတွေကိုမိသားစုကိုဖွင့်ပြောတိုင်ပင်ခဲ့သည်၊ ဤတွင်သားဖြစ်သူလွင်မောင်က ဖခင်ဖြစ်သူကို လုထွန်းကို မယုံကြည်နိုင်သလို ပြန်ပြောခဲ့သည်၊

"ဟုတ်ရဲ့လား - အဖေရာ၊ သူခိုးက ကိုယ့်မျက်စိအောက်တင် ပျောက်သွားတယ်ဆိုတာဖြစ်မှမဖြစ်နိုင်တာ၊ အဖေညအမှောင်ထဲမှာ အမြင်မှားတာဖြစ်မှာပါ"

"ဟုတ်သားပဲ - ကိုလုထွန်းရယ်၊ ကြယ်ရောင်၊ လရောင်နဲ့ သစ်ပင်ရိပ်တွေနဲ့ ရှင်အမြင်မှားတာ ဖြစ်မှာပါ"

ဇနီးဖြစ်သူ မခင်သန်းကလည်း ကိုလုထွန်း ပြောပြနေသည်ကို မဖြစ်နိုင်သဖြင့် သားဖြစ်သူ၏ စကားကို ထောက်ခံပြောလိုက်ပြန်သည်၊ ထို့ကြောင့် ကိုလုထွန်းက ဘဝင်မကျစွာ ပြန်ပြောလိုက်သည်၊

"ဘာလဲ - မင်းတို့က ငါ လိမ်ပြီးပြောနေတယ်ထင်လို့လား၊ မင်းတို့ကို လိမ်လို့ ငါ့မှာ ဘာအကျိုးရှိမှာမို့လဲ"

"ဟုတ်သားပဲ - အစ်ကိုရာ၊ အစ်ကို ပြောတာ ဖြစ်မှမဖြစ်နိုင်တာ"

ညီဖြစ်သူ သိန်းမောင်ကလည်း ဝင်ပြောလိုက်ပြန်သည်၊ ထို့ကြောင့် ကိုလုထွန်းက ဒေါသဖြစ်သွားကာ စိတ်ဆိုးမာန်ဆိုး ပြန်လည်ပြောလိုက်သည်၊

"မဖြစ်နိုင်ဘူး၊ ဖြစ်နိုင်တယ်ဆိုတာ ဒီည မင်းတို့ကို လက်တွေ့ပြမယ်၊ ဒီည တစ်ယောက်မှ မအိပ်ကြနဲ့၊ ခင်စိုး၊ သာလှ၊ စိန်မောင်တို့ကိုလည်း ဒီည ဒီမှာ လာအိပ်ခိုင်း၊ ဒီည မင်းတို့ကို လက်တွေ့ပြမယ်၊ ငါ ဘယ်တော့မှ လိမ်ညာပြောတတ်တဲ့ကောင် မဟုတ်ဘူး"

ကိုလုထွန်း ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း ယုံကြည်နိုင်ဖွယ်မရှိ၊ ကိုလုထွန်း၏ နေအိမ်မှာ လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် ပြိုလဲသွားခဲ့သည်၊ ကိုလုထွန်း၏ နေအိမ်တစ်လုံးတည်းသာ လေဆင်နှာမောင်း တိုက်ခတ်ရာလမ်းကြောင်းပေါ် ရှိနေသဖြင့် ပြိုလဲသွားခဲ့ခြင်း ဖြစ်



သည်၊ လေဆင်နှာမောင်း တိုက်ခတ်ချိန်တွင် မိသားစုမှာ ကျေးရွာများရှိ ပင်လယ်ရေလုပ်ငန်းအလုပ်ရုံများတွင် သွားရောက်လုပ်ကိုင်နေကြသဖြင့် အသက်အန္တရာယ်မှ လွတ်မြောက်သွားခဲ့ခြင်း ဖြစ်သည်၊ ကိုလုထွန်းတို့ မိသားစုမှာပင်လယ်ရေလုပ်ငန်းများတွင်အလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြရသူများ ဖြစ်သည်၊ အခြေခံအလုပ်သမား လူတန်းစားများဖြစ်နေသဖြင့် ပြိုပျက်သွားသော နေအိမ်ကို ချက်ချင်းပြန်မဆောက်နိုင်၊ ထို့ကြောင့် အိမ်ပြန်ဆောက်မည့်နေရာကိုရှင်းလင်းကာ ထိုနေရာနှင့် ခပ်လှမ်းလှမ်း နေရာတွင် တဲထိုးနေခဲ့ကြသည်၊

ကိုလုထွန်းတို့ မိသားစုအဖြစ်ကို ကျေးရွာက ကြည့်မနေနိုင်၊ ထို့ကြောင့် ကိုလုထွန်းတို့ မိသားစုနေအိမ်လေးတစ်လုံး ပြန်ဆောက်နိုင်ရေးအတွက် ကျေးရွာက အကူအညီပေးခဲ့ကြသည်၊ သစ်ရှိသည့် သူက သစ်ပေးသည်၊ ဓနိရှိသည့်သူက ဓနိပေးသည်၊ ဈေးဆိုင်သမားများက အိမ်ရိုက်သံတွေ အကူအညီပေးသည်၊ အချို့က ငွေကြေးဖြင့် ပံ့ပိုးပေးခဲ့ကြသည်၊ ထို့ကြောင့် ကိုလုထွန်းအိမ်ပြန်ဆောက်ရန်အတွက် သစ်၊ သံ၊ ဓနိနှင့် ငွေရေးကြေးရေးမှ အစ အဆင်သင့်ဖြစ်နေပြီဖြစ်သည်၊ သစ်များကို နေအိမ်ဆောက်မည့်နေရာတွင် စုပုံထားရှိသည်၊

သို့နှင့်၊ တစ်ညတွင် မိသားစုမှာ အိပ်မောကျနေပြီ ဖြစ်သော်လည်း ကိုလုထွန်းမှာအိပ်မပျော်၊ နေအိမ်တစ်လုံးပြန်ဆောက်နိုင်သည်အထိ ကူညီခဲ့ကြသည်၊ ရွာသူရွာသားများ၏ ကျေးဇူးတရားကို ပြန်လည်စဉ်းစားရင်း လက်ဖက်ရည်သောက်နေခဲ့သည်၊ ထိုစဉ် သစ်ပုံဆီသို့ အမှတ်မထင် လှမ်းကြည့်လိုက်မိရာ ...

"အချိန်မတော် ဘယ်သူများပါလိမ့်"

သစ်ပုံနံဘေးတွင် လူတစ်ယောက် ကုန်းကုန်းကွကွလုပ်နေသည်ကို အမှောင်ထု၏ ဝိုးတဝါးအလင်းရောင်အောက်တွင် ရိုးတိုးရိပ်တိတ်တွေ့မြင်လိုက်ရသဖြင့် ကိုလုထွန်း သေသေချာချာကြည့်လိုက်သည်၊

"ဘယ်ကောင် ငါ့သစ်ပုံဘေးမှာ မငင်လာစွန့်တာလဲ မသိဘူး၊ တော်တော် စုတ်ပဲ့တဲ့ကောင်၊ ဘယ်သူလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကိုလှထွန်းက တွေးထင်ပြောဆိုလိုက်ခြင်း ဖြစ်သည်၊ ထိုစဉ် သစ်ပုံဘေးမှ လူက သစ်ပုံမှ သစ်ချောင်းတစ်ချောင်းကို ကောက်ယူထမ်းသွားသဖြင့် ကိုလှထွန်း သဘောပေါက်သွားခဲ့သည်၊

"ဟာ - လက်စသတ်တော့ ငါ့သစ်တွေ လာခိုးတာပဲ၊ တွေ့ကြသေးတာပေါ့ကွာ"

ထို့ကြောင့် ထိုင်နေရာမှ ထိုလူ့ထံသို့ ပြေးသွားကာ အော်ဟစ်တားမြစ်ပြောဆိုလိုက်သည်၊

"ဟေ့ကောင် - ဘာလုပ်တာလဲ၊ ငါ့သစ်တွေ ပြန်ချထားခဲ့စမ်း၊ ပြောနေတာ မရဘူးလား"

ကိုလှထွန်းက ကြိမ်းဝါးပြောဆိုပြေးသွားစဉ် ခလုတ်တိုက်ကျသွားခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့် အလျှင်အမြန် ပြန်ထလိုက်ပြီး သူခိုးကို လှမ်းကြည့်လိုက်ရာ ...

"ဟာ - ဘယ်ရောက်သွားလဲ၊ သစ်ချောင်းပြန်ချပြီး ထွက်ပြေးသွားပြီထင်တယ်၊ မင်း ငါ့လက်က လက်ကလွတ်အောင် ပြေးစမ်း"

သူခိုးကိုမတွေ့ရတော့ သူခိုးမှာ သစ်ချောင်းကိုချပြီးထွက်ပြေးပုန်းရှောင်နေသည်ဟု တွေးထင်လိုက်မိသည်၊ ထို့ကြောင့် ဝိုးတဝါး အလင်းရောင်အောက်တွင် သူခိုးကို ရှာကြည့်နေမိသည်၊ ပတ်ဝန်းကျင်မှာလည်း ကွင်းပြင်ဖြစ်နေသဖြင့် ပုန်းခိုစရာ အကွယ်အကာမရှိ၊ ထို့ကြောင့် သစ်ချောင်းကို ရှာကြည့်ခဲ့သည်၊

"ဟာ - ဘယ်လိုဖြစ်ရတာလဲ"

သူခိုးကို ရှာမတွေ့သော်လည်း သူခိုးပစ်ချသွားခဲ့သည့် သစ်ချောင်းတွေကိုတော့ အလွယ်တကူပင် တွေ့ရသည်၊ သို့သော် သူခိုးထမ်းသွားခဲ့သည်မှာ သစ်ချောင်းတစ်ချောင်းတည်းသာ ဖြစ်သည်၊ ယခု ပြန်တွေ့နေရသည်မှာ သစ်ချောင်း (၁၀) ချောင်းတိတိဖြစ်သည်၊ သစ်ချောင်းတွေကလည်း အရှည်များဖြစ်သည်၊ ထို့ကြောင့် ဤသစ်ချောင်း (၁၀) ချောင်းကို နှစ်ယောက်၊ သုံးယောက် ထမ်းယူမှ ရနိုင်မည်ဖြစ်သည်၊ လူတစ်ယောက်တည်း ဘယ်လို



မှ ထမ်းနိုင်မည်မဟုတ်၊ လူတစ်ယောက်အနေနှင့် သစ်ချောင်းဆယ်ချောင်း ထမ်းသည်မှာမဖြစ်နိုင်၊ မဖြစ်နိုင်သော်လည်း လက်တွေ့မြင်နေရသဖြင့် မယုံ၍ မရ၊ ထို့ကြောင့် ကိုလှထွန်းမှာ ဝေခွဲမရ ဖြစ်သွားခဲ့ရသည်၊

"ဘယ်လိုဖြစ်တာပါလိမ့်၊ ငါ့မျက်စိနဲ့ သေသေချာချာမြင်လိုက်ရဲ့သားနဲ့ ဒီသူခိုး ဘယ်ပျောက်သွားရတာလဲ၊ သစ်ချောင်းတွေကလည်း ဆယ်ချောင်းတောင်မှ၊ ဒါ လုံးဝကို မဖြစ်နိုင်ဘူး၊ ဒါဆိုရင် ငါ့ကို သရဲခြောက်တာများလား၊ သရဲခြောက်တာဆိုရင်တော့ လှထွန်းတို့က ပျင်းတောင်ပျင်းသေး"

ကိုလှထွန်းမှာ ကြောက်တတ်သူမဟုတ်၊ ထို့ကြောင့် သစ်ပုံကို စစ်ဆေးကြည့်လိုက်သည်၊ သစ်ပုံမှာ ဖရိုဖရဲမဖြစ်၊ သစ်ပုံမှာ မူလက စီထပ်ထားသည့်အတိုင်းပင် ရှိနေသည်၊ ကိုလှထွန်း ဝေခွဲမရ ဖြစ်နေခဲ့သည်၊ ထို့ကြောင့် - သရဲခြောက်သည်ဖြစ်စေ၊ သူခိုး ခိုးသည်ဖြစ်စေ နောက်ညတွင် ဆက်လက်စောင့်ဖမ်းရန် ဆုံးဖြတ်လိုက်သည်၊ ထို့နောက် - သစ်ချောင်း (၁၀) ချောင်းကို သစ်ပုံတွင် ပြန်စီထားခဲ့ပြီး တဲဆီသို့ ပြန်လာခဲ့သည်၊ မိသားစုမှာ အိပ်မောကျနေဆဲပင် ဖြစ်သည်၊ ထို့ကြောင့် အိပ်ရာထဲ ဝင်လှဲအိပ်ရင်း စဉ်းစားနေခဲ့သည်၊

"တော်တော်အားကိုးရတဲ့ မိသားစု၊ ဒီလောက်အော်ဟစ်နေတာတောင် တစ်ယောက်မှမနိုးကြဘူး၊ မနိုးတာပဲ ကောင်းပါတယ်၊ သူတို့သိရင် ကြောက်နေကြဦးမယ်၊ မနက်ဖြန်ညလည်း ငါတစ်ယောက်တည်းပဲ စောင့်ဖမ်းတော့မယ်"

ထိုစဉ် ကိုလှထွန်းမှာ တစ်စုံတစ်ခုကို သတိပြုမိလိုက်သဖြင့် အိပ်နေရာမှ ကမန်းကတန်း ထထိုင်လိုက်သည်၊

"ဟာ - ဒါ - ဒါ - လုံးဝကို ဖြစ်နိုင်ဘူး"

ထို့ကြောင့် ကိုလှထွန်းမှာ လက်နှိပ်ဓာတ်မီးကိုယူကာ သစ်ပုံဆီသို့ ပြန်လာခဲ့သည်၊ ပြန်လည်ကောက်ယူစီထားခဲ့သည့် သစ်ချောင်း (၁၀) ချောင်းကို သေသေချာချာပြန်လည်စစ်ဆေးကြည့်လိုက်သည်၊ ကိုလှထွန်း ထပ်မံအံ့ဩသွားခဲ့ရပြန်သည်၊ သစ်ပုံတွင်ပြန်လည်စီထပ်ခဲ့သည့်သစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

(၁၀) ချောင်းမှာ သစ်ပုံ၏အောက်ဆုံးတွင်ရှိနေသည့် "အင်ကညင်" သစ်သား ချောင်းများဖြစ်သည်။ ကိုလှထွန်း၏သစ်ပုံထဲတွင် "အင်ကညင်" သစ်ချောင်း (၁၀) ချောင်းသာ ရှိနေပြီး ကျန်သစ်များမှာ ကနစို၊ သမဲ့၊ သရော၊ ကမလာ စသည့် ဒီရေတောကြီးများထဲမှ သစ်များ ဖြစ်သည်။ ဒေသအတွင်းမှာ အင် ကညင်သစ်များကို အသုံးပြုလို[illegible]င် မြို့မှ သစ်စက်များမှာ သွားရောက်ဝယ်



ကိုလှထွန်းတို့အုပ်စုမှာ လှုပ်ရှားရင်း မ[illegible]လိုက်သည်နှင့်
သစ်ချောင်းကို ကောက်ယူနေသူ၏အရပ်မှာ တဖြည်းဖြည်း
ရှည်ထွက်လာသဖြင့် သရဲ မကြောက်ဟုဆိုသော ကိုထွန်းလှတို့
အုပ်စုမှာ သွေးပျက်ချောက်ချားစွာ အော်ဟစ်လိုက်ကြသည်။
တဲထဲမှ ကြည့်နေကြသည့် မခင်သန်းနှင့် လှိုင်မောင်တို့
သားအမိမှာလည်း တွေ့မြင်နေရသော မြင်ကွင်းကြောင့်
အော်ဟစ်အကူအညီတောင်းရန်ပင် သတိမရနိုင်တော့ဘဲ



ယူရသဖြင့် အင်ကညင်သစ်များကို "မြို့သစ်" ဟု ခေါ်ကြသည်။ ထို့ကြောင့် ထိုသစ်ဆယ်ချောင်းကို မှတ်မှတ်ရရဖြစ်နေခဲ့ခြင်း ဖြစ်သည်။

"တော်တော်တော့ အံ့ဩဖို့ကောင်းနေပြီ။ သူခိုးက သစ်တစ်ချောင်း တည်း ထမ်းသွားတာ မြင်နေရက်နဲ့ သစ်ဆယ်ချောင်းတောင်မှ ပြန်တွေ့ခဲ့ရ တယ်။ သစ်ပုံရဲ့အောက်ဆုံးမှာရှိနေတဲ့ သစ်ဆယ်ချောင်းက သစ်ပုံ၊ ပုံစံ မပျက်ဘဲ အပြင်ကို ရောက်နေတယ်။ ဒါ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ညတော့ သေသေချာချာ စောင့်ဖမ်းရမယ်"

ထို့နောက် - ကိုလှထွန်းမှာ အိပ်ရာဝင်ကာ အိပ်ပျော်သွားခဲ့လေတော့ သည်။

## အံ့ဩကုန်နိုင်ဖွယ်

နောက်တစ်နေ့ညတွင်ကိုလှထွန်းမှာသူ့အစီအစဉ်အတိုင်းတစ်ယောက် တည်း စောင့်ခဲ့သည်။ သေသေချာချာ ဂရုတစိုက် စောင့်နေခဲ့သော်လည်း သူခိုးသစ်ပုံဘေးကိုရောက်မှ သိခဲ့ရသည်။ သို့သော် - သူခိုးမှာ မနေ့ညကလို ပင် ပျောက်သွားခဲ့ပြန်သည်။ သူခိုးပျောက်သွားခဲ့ပြီး မနေ့ညက သစ်ပုံ ကလည်းပုံစံမပျက်။ သူခိုးက သစ်ချောင်းတစ်ချောင်းတည်း ထမ်းသွားသည် ကို တွေ့မြင်ရခဲ့သော်လည်း ပြန်လည်ရှာတွေ့ခဲ့သည့် သစ်ချောင်းများမှာ သစ်ချောင်းရေ (၁၀) ချောင်း ဖြစ်နေပြန်သည်။ ထို့ကြောင့် - ကိုလှထွန်းမှာ သစ်ချောင်းများကို သစ်ပုံပေါ်တွင် ပြန်လည်စီထားလိုက်ပြန်သည်။ သစ် များကို သစ်ပုံတွင်ပြန်စီတင်ရင်း မနေ့က ဖြစ်စဉ်များကို သိရလိုက်သဖြင့် သစ်များကို သေသေချာချာကြည့်လိုက်ရာ ...

"ဟာ - တစ်မျိုးပြီးတစ်မျိုးပါလားဟ"

ကိုလှထွန်းတစ်ယောက် အံ့ဩပြီးရင်း အံ့ဩနေခဲ့ရတော့သည်။ ကိုလှထွန်း သစ်ပုံတွင် ပြန်စီနေသည့် သစ်(၁၀)ချောင်းမှာ မနေ့က သစ်ပုံ

www.burmeseclassic.com

အပေါ်ဆုံးတွင် ပြန်လည်စီတင်ခဲ့သည့် အင်ကညင်၊ သစ်သားချောင်းများ မဟုတ်၊ ကနစို၊ သမဲ့၊ သရော စသည့် ဒီရေတောသစ်များ ဖြစ်သည်။ အင်ကညင်သစ်သားချောင်းမှာ သစ်ပုံပေါ်တွင် မနေ့ကတင်ထားခဲ့သည့်အတိုင်း ပုံစံမပျက်ရှိနေသည်၊ သစ်ပုံ၏ အပေါ်ဆုံးမှာ ရှိနေသည့် သစ်ချောင်းတွေ ပုံစံမပျက်ရှိနေပြီး သစ်ပုံအောက်ဘက်ပိုင်းတွင် ရှိနေသည့် သစ်ချောင်းတွေက အပြင် ရောက်နေခဲ့သည်။

"အင်း – အဖြစ်ကတော့ အံ့သြကုန်နိုင်ဖွယ် ဖြစ်နေပြီ၊ ဒီဖြစ်စဉ်ဖြစ်ရပ်က သူခိုး ခိုးတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သရဲခြောက်တာပဲ ဖြစ်မယ်၊ သေသေချာချာ စောင့်ကြည့်နေရဲ့သားနဲ့ သရဲဘယ်ဘက်က လာတယ်ဆိုတာ မသိလိုက်ရဘူး၊ သရဲခြောက်တယ်ဆိုရင်လည်း ဒီလိုခြောက်ပုံခြောက်နည်းက ကြားတောင်မကြားဖူးဘူး။ ဒီနေရာမှာ ငါနေလာတာလည်း နစ်ပေါင်းများစွာ ကြာပြီ၊ ဒီသစ်ပုံ ဒီနေရာမှာ ပုံထားတာလည်း သုံးလေးလရှိနေပြီ၊ သရဲရှိနေတယ်ဆိုရင်လည်း ဟိုတုန်းကတော့ မခြောက်ဘဲ အခုမှ ဘာဖြစ်လို့ ခြောက်ရတာလဲ၊ ဒီလိုကိစ္စမျိုးဆိုရင် ငါကလည်း သိပ်သိချင်တာ၊ ဒါပေမဲ့ – ဒီသရဲကိုတော့ ငါ တစ်ယောက်တည်း စောင့်ဖမ်းလို့တော့ မိမယ်မထင်ဘူး၊ အိမ်သားတွေကို ပြောပြပြီး မနက်ဖြန်ညမှာ အားလုံးဝိုင်းစောင့်ပြီး ဖမ်းမယ်"

ထို့ကြောင့် နောက်တစ်နေ့တွင် မိသားစုကို ဖွင့်ဟတိုင်ပင်ပြောဆိုခဲ့ခြင်း ဖြစ်သည်၊ သို့သော် – မိသားစုက မယုံကြည်သဖြင့် ယနေ့ညတွင် မိသားစုနှင့် သူငယ်ချင်းများပါ ဝိုင်းဝန်းဖမ်းဆီးကြရန် စီစဉ်ဆောင်ရွက်ခဲ့ကြလေတော့သည်၊

## လက်တွေ့ကြုံတော့ ယုံကြပြီ

"အောက် – အီ – အီး – အွတ်"

သန်းခေါင်ကြက်ပင် တွန်နေပြီဖြစ်သည်၊ တစ်ရွာလုံး အိပ်မောကျနေပြီ ဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခွင်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေသည်၊



ကိုလှထွန်းတို့ မိသားစုနှင့်အတူ ခင်စိုး၊ သာလှ၊ စိန်မောင်တို့အားလုံးမှာ စကားပင် မပြောနိုင်ကြ၊ သစ်ပုံကိုသာ အာရုံရောက်နေခဲ့ကြသည်၊ ထိုစဉ် – သားဖြစ်သူ လွင်မောင်က မေးလိုက်သည်၊

"အဖေ – သန်းခေါင်ကြက်တောင် တွန်နေပြီ၊ အဖေ့သူခိုးက ဒီည လာပါဦးမလား"

"ဟို – ညတွေကတော့ ဒီအချိန်ဆိုရင် လာပြီကွ"

"ဘယ်ဘက်က လာတာလဲ"

ညီဖြစ်သူ သိန်းမောင်က မေးလိုက်ခြင်းဖြစ်သည်၊ ထို့ကြောင့် ကိုလှထွန်းက ပြန်ပြောလိုက်သည်၊

"ငါလည်း သတိထားကြည့်နေတာပဲ၊ ဒါပေမဲ့ – သစ်ပုံနားမှာ ကုန်းကုန်းကွကွ လုပ်နေမှ မြင်တာ၊ ဘယ်ဘက်ကလာတယ်ဆိုတာကို မသိလိုက်ဘူး"

"ကဲ – ကဲ – စကားများမနေနဲ့၊ တော်တော်ကြာ ဘယ်ဘက်က လာတာဆိုတာ မသိလိုက်ပဲ ဖြစ်နေဦးမယ်"

ဇနီးဖြစ်သူ မခင်သန်းက ပြောလိုက်ခြင်းဖြစ်သည်၊ ထို့ကြောင့် သစ်ပုံကို လှမ်းကြည့်လိုက်ကြရာ ...

"ဟာ – ဟို – ဟိုမှာ"

သစ်ပုံနံဘေးတွင် လူတစ်ယောက် ကုန်းကုန်းကွကွ လုပ်နေသည်ကို အမှောင်ထု၏ ဝိုးတဝါးအလင်းရောင်အောက်တွင် ရိုးတိုးရိပ်တိပ် တွေ့မြင်လိုက်ရသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ကြသည်၊ ထို့ကြောင့် ကိုလှထွန်းက သတိပေး ပြောဆိုလိုက်သည်၊

"ဟိတ် – စကားမပြောနဲ့၊ မခင်လှနဲ့ လွင်မောင် အိမ်မှာ နေခဲ့၊ ကျန်တဲ့ သူတွေအားလုံး သွားမယ်၊ လက်နှိပ်ဓာတ်မီးမထိုးနဲ့၊ မြေကြီးမှာ ဝပ်ပြီး ခိုကျောင်းသွား သွားမယ်"

ထို့နောက် – သစ်ပုံဆီသို့ တဖြည်းဖြည်း လာခဲ့ကြသည်၊ သစ်ပုံနှင့် တဖြည်းဖြည်း နီးလာသော်လည်း ဝိုးတဝါး အလင်းရောင်သာရှိနေသဖြင့် သစ်ပုံဘေးနားမှ လူကို မြင်နေရသော်လည်း မသဲကွဲ၊



www.burmeseclassic.com

www.burmeseclassic.com

"တစ်ပြိုင်တည်း ဝိုင်းဖမ်းကြမယ်"

"မလွတ်စေနဲ့"

"တိုးတိုးပြော"

ထိုစဉ် သစ်ပုံဘေးမှ လူက သစ်ချောင်းတစ်ချောင်းကို ကောက်

ထမ်းလိုက်သည်။ ထို့ကြောင့် ကိုလှထွန်းတို့အုပ်စုကလည်း တစ်ပြိုင်တည်း

လှုပ်ရှားလိုက်ကြသည်။

"ဖမ်း - ဖမ်း - ဖမ်း"

"ဟိတ် - မပြေးနဲ့"

"မလွတ်စေနဲ့"

ကိုလှထွန်းတို့အုပ်စုက အချက်ပေးပြီး ဝပ်နေရာမှ ထလိုက်ကြရာ—

"ဟာ - ဟာ"

"အမလေးဗျ၊ လုပ်ကြပါဦး"

"မြတ်စွာဘုရား - ကယ်တော်မူပါ"

ကိုလှထွန်းတို့အုပ်စုမှာ လှုပ်ရှားရန် မတ်တတ်ထလိုက်သည်နှင့် သစ်

ချောင်းကိုကောက်ယူနေသူ၏အရပ်မှာ တဖြည်းဖြည်း ရှည်ထွက်လာသဖြင့်

သရဲမကြောက်ဟုဆိုသော ကိုထွန်းလှတို့အုပ်စုမှာ သွေးပျက်ချောက်ချား

စွာ အော်ဟစ်လိုက်ကြသည်။ တဲထဲမှ ကြည့်နေကြသည့် မခင်သန်းနှင့်

လှုင်မောင်တို့သားအမိမှာလည်း တွေ့မြင်နေရသောမြင်ကွင်းကြောင့် အော်

ဟစ်အကူအညီတောင်းရန်ပင် သတိမရနိုင်တော့ဘဲ တုန်လှုပ်ချောက်ချား

နေသဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေခဲ့ကြသည်။ ထိုစဉ်...

"ဟာ - ရှောင် - ရှောင် - လွတ်အောင်ရှောင်"

"ဝိုး"

"ဖြောင်း - ဒုတ်"

ကိုလှထွန်းတို့အုပ်စုမှာ သွေးပျက်ချောက်ချားနေစဉ် ထိုအရပ်ရှည်ရှည်

လူကြီးက သစ်ချောင်းကြီးကို ကိုလှထွန်းတို့ဆီသို့ အားကုန်လွှဲပစ်လိုက်

သည်။ ကိုလှထွန်းတို့ကလည်း သွေးရူးသွေးတန်းနှင့် လန့်ဖျပ်ပြီး တိမ်းရှောင်



ပေးလိုက်ကြရသည်။ ကံကောင်းထောက်မစွာဖြင့် သစ်ချောင်းကြီးမှာ ကိုလှထွန်းတို့ဆီကို ရောက်မလာခဲ့။ တဲထဲမှမခင်သန်းတို့သားအမိမှာလည်း မကောင်းဆိုးဝါးမှန်း သိလိုက်ရသဖြင့် သွေးရူးသွေးတန်းနှင့် တစ်ယောက်ကို တစ်ယောက် အော်ဟစ်ပြောဆိုနေခဲ့ကြသည်။

"ဟာ - အဲဒါ မကောင်းဆိုးဝါး၊ တောထုတ် - တောထုတ်"

"သံပုံးတီး - သံပုံးတီး"

"ဗုန်း - ဗုန်း - ဗုန်း - ဗွမ်း - ဗွမ်း - ဗွမ်း"

မခင်သန်းတို့သားအမိ၏ တောထုတ်သံများမှာ တိတ်ဆိတ်နေသော သန်းခေါင်ယံအချိန်တွင် ဆူညံစွာထွက်ပေါ်လာသဖြင့် ပတ်ဝန်းကျင်မှာ အိပ်ရာမှလန့်နိုးလာခဲ့ကြသည်။ အရှိန်မတော် တောထုတ်သံများကြောင့် ဘုမသိ ဘမသိနှင့် တွေ့ရာများကို ထရိုက်တောထုတ်ခဲ့ကြပြန်သည်။ ကိုလှထွန်းတို့အုပ်စုမှာလည်း သစ်ပုံကိုပင်ပြန်မကြည့်နိုင်ကြတော့ဘဲ တဲဆီသို့ပြန်ပြေးလာခဲ့ကြပြီး တွေ့ရာပစ္စည်းများကို ထုရိုက်တောထုတ်ခဲ့ကြသည်။ ထို့ကြောင့် တောထုတ်သံများမှာ တစ်ရွာလုံး ဆူညံသွားခဲ့လေတော့သည်။ မိသားစုနှင့် သူငယ်ချင်းများမှာလည်း လက်တွေ့ကြုံခဲ့ကြပြီဖြစ်သဖြင့် ကိုလှထွန်း ပြောပြခဲ့သည်များကို လက်ခံယုံကြည်ကြရပြီ ဖြစ်သည်။

## ဖြစ်ကြောင်းကုန်စင်

သို့နှင့် - တောထုတ်သံများမှာ တဖြည်းဖြည်း ပြန်လည်ငြိမ်သက်သွားခဲ့သည်။ တောထုတ်သံများ ငြိမ်သက်သွားခဲ့သဖြင့် ဘယ်နေရာမှ ဘာဖြစ်လို့တောထုတ်ခဲ့သည်ကိုစုံစမ်းမေးမြန်းခဲ့ရာမှ ကိုလှထွန်းတို့တဲဆီသို့ရောက်ရှိလာခဲ့ကြပြီး အကျိုးအကြောင်း မေးမြန်းခဲ့ကြသည်။ ထို့ကြောင့် ကိုလှထွန်းတို့က ဖြစ်ကြောင်းကုန်စင်ကို ပြန်လည်ပြောပြခဲ့ကြသည်။ ထို့ကြောင့် ကျေးရွာ၏ သက်ကြီးရွယ်အိုတစ်ဦးဖြစ်သည့် ဘဖိုးလှက ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လှထွန်းတို့တစ်ခုခုဖြစ်လာလိမ့်မယ်လို့တော့အဘက ထင်နေခဲ့တာပါပေမဲ့ - လှထွန်းက အယုံအကြည်မရှိတော့ ပြောရင်လည်း လက်ခံမှာမဟုတ်လို့ အဘ မပြောခဲ့တာ"

"ဗျာ - ကျွန်တော် တစ်ခုခု ဖြစ်လာလိမ့်မယ်လို့ ဘဖိုးလှက ကြိုတင်သိနေတယ်၊ ဟုတ်လား - ဘာဖြစ်လို့လဲ"

"ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းဆိုတာ သာမန်လူတွေအနေနဲ့ မသုံးစွဲထိုက်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေအတွက်မြင့်မြတ်တဲ့ နေရာမှာအသုံးပြုခဲ့တာရယ်၊ အများသူငါက လှူဒါန်းသမှု ပြုထားတဲ့ပစ္စည်းတွေဖြစ်နေတာကြောင့်ပဲ။ ဒါကြောင့် အဲဒီလိုပစ္စည်းတွေဟာ သာမန်လူတွေနဲ့ မထိုက်တန်ဘူး။ မထိုက်တန်တဲ့အတွက် သုံးစွဲသူမှာ အပြစ်ဖြစ်နိုင်တယ်၊ အဲဒီလို အပြစ်ဖြစ်တာကို လူတွေက "နိုက်တယ်" လို့ ခေါ်ကြတယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေနိုင်တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေ၊ မကောင်းဆိုးဝါးနာနာဘာဝတွေရဲ့ညှဉ်းပန်းနှိပ်စက်မှုတွေကို ခံရတတ်တယ်"

"ဘဖိုးလှ အခု ပြောနေတာနဲ့ အခု ကျွန်တော် ဖြစ်နေတာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွယ်၊ ဆိုင်လို့လည်း ပြောနေတာပေါ့၊ မင်း - ဟိုဘက်ရွာက ဈေးချိုချိုနဲ့ အချောင်ရခဲ့တယ်ဆိုတဲ့ အင်ကြင်းသစ်သားချောင်းအဟောင်းတွေဟာ သူတို့ရွာရဲ့ဘုရားတန်ဆောင်းက သစ်တွေ တန်ဆောင်းအသစ်ဆောက်လို့တန်ဆောင်းအဟောင်းက ဖျက်ထားတဲ့ သစ်တွေ၊ သူတို့ရွာမှာ ဘယ်သူကမှ မသုံးရဲလို့ ဝယ်မယ့်သူ မရှိဘူး။ ဒါကြောင့် မင်းအချောင်ရလာတာ၊ အဘက သိနေပေမယ့် မင်းက ယုံကြည်မှုမရှိတော့ လက်ခံမှာမဟုတ်ဘူးလေ၊ ဒါကြောင့် - အဘက မပြောတာ"

"ဒါကတော့ဗျာ - ကျွန်တော်က မသိလို့ ဝယ်လာခဲ့တာပဲ"

"လောကီအရေး၊ ဓမ္မအရေးဆိုတာ ဆင်ခြေပေးလို့ မရဘူးကွဲ့၊ နိုက်တယ်ဆိုတဲ့အရာဟာ သိသိ၊ မသိသိ နိုက်တာပဲ၊ မင်းကို အဘ မေးမယ်၊ မင်းတို့ ငါတို့ ပိုးသတ်ဆေးအဖြစ်သုံးနေတဲ့ "အင်ဒရင်ဆေးရည်" ကို မင်းသိတယ်နော်"

"သိပါတယ်"

"အင်ဒရင်းကို သောက်ရင် ဘာဖြစ်လဲ"

"သေတာပေါ့"

"အင်ဒရင်းကို အင်ဒရင်းမှန်းမသိလို့ တခြားအရည်တစ်ခုခု ထင်လို့မှားပြီး သောက်မိခဲ့ရင်ရောကွာ"

"သေမှာပဲ"

"အေး - နိုက်တတ်တဲ့ ပစ္စည်းဟာလည်း အဲဒီလို သဘောရှိတယ်၊ သိလို့ပဲသုံးသုံး၊ မသိလို့ပဲသုံးသုံး နိုက်မှာပဲ၊ ဆင်ခြေပေးလို့ မရဘူး"

ဘဖိုးလှက ရှင်းပြပြောဆိုလိုက်သဖြင့် တစ်ရွာလုံး တောသား၊ ဆွေးညံ့ခဲ့ရသည့်အကြောင်းရင်းကို အားလုံးသဘောပေါက် နားလည်သွားခဲ့ကြပြီ ဖြစ်သည်၊ အယုံအကြည်မရှိဟု ကြွေးကြော်နေခဲ့သည့် ကိုလှထွန်းမှာလည်း လက်တွေ့ကြုံ၍ယုံခဲ့ရပြီဖြစ်သည်၊ ထို့ကြောင့်အဆိုပါအင်ကြင်းသစ်သားချောင်းဆယ်ချောင်းကို ကျေးရွာအတွင်း သာရေးနာရေးကိစ္စများနှင့် အခြားလိုအပ်သောကိစ္စရပ်များတွင် အသုံးပြုရန် ကျေးရွာသို့ ပြန်လည်လှူဒါန်းခဲ့သည်၊ ထို့ကြောင့်ကျေးရွာကလည်းအဆိုပါ သစ်များအတွက်ပြန်လည်ပံ့ပိုးပေးခဲ့သည်၊ မည်သို့ပင်ဖြစ်စေ ကိုလှထွန်းတို့ မိသားစု၏ "သန်းခေါင်ည၏တောထုတ်သံ" ဖြစ်စဉ်ဖြစ်ရပ်များကိုပုံပြင်တစ်ပုဒ်သဖွယ် ပြန်လည်ပြောဆိုနေခဲ့ကြလေတော့သည်၊

»»» မင်းသစ္စာလှိုင် (တခုံတနီ)



www.burmeseclassic.com

www.burmeseclassic.com




သန်လျင်လှဝင်း (ဩချစ်ညို)

# အမှေ့အကျိုနှင့် သတ္တဝါလား၊ မှင်စာလား

လွန်ခဲ့သောအနှစ် (၂၀)ကျော်ခန့်က ကျွန်ုပ်သည် ရန်ကုန်မြို့ရှိဝန်ထမ်း အိမ်ရာတွင် ဇနီး၊ သားသမီးနှင့် နေထိုင်ပြီး နိုင်ငံ့တာဝန် ထမ်းဆောင်ဆဲ ဘာလဖြစ်၏၊ ကျွန်ုပ်တွင် မွေးချင်း (၈) ဦးရှိပြီး ဒုတိယမြောက်သား ဖြစ်၏၊ ၁၉၉၀ - ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျွန်ုပ်၏ဖခင်သည် တောင်ငူမြို့နေအိမ်မှ လည်ရောင်းကင်ဆာကုသရန် ကျွန်ုပ်၏ နေအိမ်တွင် လာရောက်နေထိုင် ပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိ၏။

သို့သော် - ဖခင်ကြီးမှာ (၁ - ၁ - ၉၁) ရက်နေ့တွင် ကွယ်လွန်သွားခဲ့၏။ မိခင်၊ ညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများ အကြောင်းကြားရခြင်း၊ နာရေးကိစ္စအဝဝဆောင်ရွက်စီမံရခြင်းမှာ ကျွန်ုပ်၏ တာဝန်ဝတ္တရားဖြစ်လာ၏၊ သက်ပျောက်ဆွမ်း၊ သင်္ဂြိုဟ်ရေးကိစ္စ၊ ရက်လည် ဆွမ်းကိစ္စများဖြင့် ကျွန်ုပ် အပင်ပန်းခံဆောင်ရွက်ခဲ့၏၊ ရက်မလည်မချင်း ဘုရားဆွမ်းတင်ပြီးသည်နှင့် ဖခင်အတွက် ရည်စူး၍ ဖခင်အိပ်ရာတွင် နံနက်၊ ညထမင်း၊ ဟင်းများ သွားရောက်တင်ထားပေး၏၊ ဖခင် မကွယ်လွန်မီ နေ့စဉ် ဝတ်ခဲ့သော ဖရီးဂျက်ကက်အနွေးထည်အကျီအား ဖခင်အိပ်ရာ၏ ခေါင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

တိုင်တွင်ချိတ်၍မည်သူမျှမကိုင်ရန် မိသားစုနှင့် ညီအစ်ကိုမောင်နှမများအား သေချာမှာထား၏။

ကျွန်ုပ်သည် ဝန်ထမ်းဖြစ်နေ၍ သက်ဆိုင်ရာလူကြီးများသို့ အကြောင်းကြားသတင်းပို့ပြီး နာရေးကိစ္စ (၇) ရက်အတွင်း နားလည်မှုခွင့်နှင့် နာရေးအတွက် အထောက်အကူဖြစ်စေမည့် ဖဲကစားခြင်းမှ အကောက်ငွေရရှိရန် ခွင့်တောင်းခဲ့ရ၏။ ကျွန်ုပ် နေထိုင်သည့် ဝန်ထမ်းအိမ်ရာနှင့် ဝန်းကျင်ရပ်ကွက်သည် နာရေးကိစ္စမဖြစ်သည်မှာအတော်ကြာပြီဖြစ်နေ၍ကျွန်ုပ်ဖခင်၏ နာရေးတွင် ပထမရက်မှစ၍ညစဉ်လူအတော်စည်ကား၏။ စီးကရက်ရောင်း ကွမ်းရောင်းသည့် အမျိုးသမီးအချို့ပင် တွေ့ရှိနေ၏။

အကောက်ငွေအား အရင်းနှီးဆုံးမိတ်ဆွေ ဆရာကျော်တို့အဖွဲ့မှ ဦးဆောင်ပြီး ကောက်ခံပေး၏။ ၎င်းတို့ကိုယ်တိုင်လည်း ပိုကာ၊ ကိုးမီး၊ ဘူကြီးများ ဝင်ကစားသည်ကို တွေ့နေရ၏။ ကျွန်ုပ်သည် ကိုးမီးနှင့် ဘူကြီးကစားတတ်၏။ သို့ရာတွင် ဖဲကစားသည်ကို ဝါသနာမပါ၍ ဝင်ရောက်ကစားခြင်း မပြုခဲ့ဘဲ နေခဲ့၏။ လိုအပ်သည်များကြည့်၍ ဆောင်ရွက်ပေးခဲ့၏။ ကျွန်ုပ်၏ အိမ်သည် နှစ်ထပ်ဖြစ်၍ ညစဉ်အပေါ်၊ အောက် ကစားဝိုင်းများဖြင့် ပြည့်ကြပ်နေ၏။ အိမ်ဦးခန်း ဖခင်နေသည့်အခန်းကိုသာ မြင်ပလူမဝင်ဘဲ လွတ်ထား၏။

ဖခင်၏နာရေး (၆) ရက်မြောက်နေ့တွင် နောက်တစ်နေ့မနက်ရက်လည်ဆွမ်းကျွေးရန် မုန့်ဟင်းခါးချက်ရန် စီစဉ်ကြ၏။ ကျွန်ုပ်လည်း လိုအပ်သည်များ စီစဉ်ခြင်း၊ နံနက်ဘုန်းတော်ကြီးများ ကြွလာလျှင် ဖခင်၏ အိပ်ခန်း (အိမ်ဦးခန်း) တွင် လိုအပ်သည်များ ခင်းကျင်းပြီး (၆) ရက်လုံး ကျွန်ုပ်ပင်ပန်းခဲ့၍ အိပ်ချင်လာပြီ။ ည (၈) နာရီခန့်တွင် ကျွန်ုပ်၏ဖခင်အိပ်ခဲ့သည့်ခြေရင်းနေရာတွင် ခေတ္တကျောချရာ ကျွန်ုပ် လုံးဝအိပ်ပျော်သွားခဲ့၏။ မည်မျှကြာသည်မသိ ကျွန်ုပ် ဆူညံသံကြား၍ လန့်နိုးခဲ့၏။ နာရီအားကြည့်ရာ ည (၁၂) နာရီရှိပြီ၏။ တစ်ဖက်အခန်းတွင် လူအတော်များပြီး ဖဲကစားနေကြ၏။ ကျွန်ုပ်လည်း အိမ်အောက်သို့ ဆင်းခဲ့ရာ အောက်ထပ်တွင်လည်း ဖဲဝိုင်း (၃၊ ၄) ဝိုင်းဖြင့် လူများနေ၏။

ကျွန်ုပ် အိမ်အပြင် မုန့်ဟင်းခါးဟင်းရည်ချက်သည့်နေရာသွားရာ ကျွန်ုပ်၏ ညီမအလတ်မှ "အစ်ကိုကြီး အပေါ်ထပ်မှာ ဝိုင်းတော်တော်ကောင်းနေတယ်၊ ကြေးကလည်း ကြီးတယ်၊ ဒိုင်ကိုင်တဲ့လူက ည (၈) နာရီလောက်က ရောက်လာတယ်၊ မြစ်ကြီးနားကလို့ ပြောတယ်၊ ငွေတော်တော်များများ ပါတယ်၊ ဒီလူပဲ နိုင်နေတယ်၊ အဲဒီလူ ဖဲအင်းလားဖဲမှော်လား အောင်တဲ့လူဖြစ်မယ် ပြောနေတယ်၊ ဒီနားက လူတော်တော်များများ ကုန်နေကြပြီ" ဟု ပြော၏။ ကျွန်ုပ်မှ "ဘာပဲဖြစ်ဖြစ် မနက် (၅) နာရီခွဲ ဘုန်းကြီးကြွလာမှာ - (၄) နာရီ အားလုံး ပွဲပြီးအောင် သတိပေးထား" ဟု ပြောလိုက်၏။

၎င်းအချိန် ကျွန်ုပ်၏ မိတ်ဆွေရင်း ဆရာကျော် ကျွန်ုပ်တို့ထံလာပြီး "ငွေငါးထောင် ခဏပေးစမ်းပါ၊ မနက်ပြန်ပေးမယ်၊ အကောက်ငွေတော့ မင်းညီမပေးထားခဲ့တယ်၊ ငါလည်း တစ်သောင်းကျော်လောက်ထိနေပြီ၊ ကျန်တဲ့အဖွဲ့တွေလည်း ကွဲကုန်ပြီ၊ အခု ဒိုင်ကိုင်တဲ့လူက မြစ်ကြီးနားက ကျောက်အောင်ပြီး ပြန်လာတယ်ပြောတယ်၊ အရင်းရအောင် ပြန်ကစားရမယ်" ဟု ပြော၏။ ကျွန်ုပ်လည်း ညီမထံမှ ငွေငါးထောင်ယူ၍ ပေးလိုက်၏။ ဆရာကျော် အိမ်ပေါ်ပြန်တက်သွားပြီး ရာသီဥတုအေးလာ၍ ကျွန်ုပ် အိမ်အပေါ်ထပ်တက်ပြီး အနွေးထည်သွားယူရာ၏။ လူများ၍ အဝတ်သေတ္တာ မဖွင့်လိုသဖြင့် ကျွန်ုပ်လည်း ခေါင်းရင်းနံရံတွင် ချိတ်ထားသော ဖခင်၏ ဖရီးဂျက်ကက်အကျီအား ကန်တော့၍ "အဖေရေ - သား ကန်တော့ပါတယ်၊ အဖေ့အကျီသား ခဏဝတ်ထားမယ် ခွင့်ပြုပါ၊ ဒီနေ့မနက် ငါးနာရီခွဲမှာ ရက်လည်ဆွမ်းဘုန်းကြီးပင့်ထားတယ်၊ အဖေတရားနာရန် စောင့်နေပါ" ဟုနှုတ်မှပြောလိုက်၏။ ကျွန်ုပ်လည်း ဖရီးဂျက်ကက်ဝတ်ပြီး အခန်းအပြင် ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

အပြင်အခန်းတွင် လူ(၂၀၀) ကျော်ခန့် ဝိုင်းအုံ၍ ကိုးမီးဖဲကစားနေကြ၏။ ရပ်နေသည့် လူများမှ ဘေးထိုး၊ ဝိုင်းထိုးနေ၏။ ကျွန်ုပ်၏ ညီ၊ ညီမများလည်း တွေ့ရ၏။ ဝိုင်းအတွင်းကြည့်လိုက်ရာ ဆရာကျော်နှင့် အခြားအသိမိတ်ဆွေ (၃) ဦးမှာ ထိုးသားများဖြစ်ပြီး ချွေးပြန်နေကြ၏။ ရှုံးနေပြီ ထင်၏။ ဒိုင်ကိုင်သူမှာ အရက်သောက်ထားဟန်ရှိပြီး ခပ်ဝဝ၊ အသားဖြူဖြူ၊ ဗလကောင်းကောင်း၊ အသက် (၃၅) နှစ်ခန့်ရှိပြီး ကျွန်ုပ် တစ်ခါမှ မတွေ့ဘူးပေ။

၎င်း၏ ပုဆိုးအတွင်းနှင့် ရှေ့တွင် ငွေအတော်များများ ပုံနေ၏။ ယင်းလူသေးတွင် ကျွန်ုပ် အသိ မောင်နိုင်မှာ ငွေအမျိုးအစားတူ ဝိုင်းကူထပ်ပေးနေ၏။ ဒိုင်လုပ်သူမှ "ရတယ် - ကြိုက်ထိုးကြိုက်ခံ၊ ကျုပ် - ရှင်းရှင်းကစားတာ၊ ဉာဏ်နဲ့ မကစားဘူး၊ ကံနဲ့ ကစားတာ။ ကျုပ်ဖဲကို အရင်ဆုံးပြပြီး အလျော်အစား လုပ်မယ်၊ စိတ်ကြိုက်ထိုး" ဟု ပြောပြီး ဖဲဖျက်နေ၏။

၎င်း၏လေသံမှာ အနည်းငယ်မာပြီး ဖဲနိုင်နေ၍ မာန်တက်ပြီး အထက်စီးမှ ပြောသည်ဟု ကျွန်ုပ်ထင်၏။ ကျွန်ုပ်လည်း တစ်လှည့်၊ နှစ်လှည့် စောင့်ကြည့်ရာ ဒိုင်လုပ်သူမှာ ၎င်း၏ဖဲ (၃) ချပ်အား အရင်ခင်းပြ၍ ထိုးသားများ၏ ဖဲအားနောက်မှပြနိုင်းပြီး အလျော်အစားလုပ်၏။ ဒိုင်မှာ အမြဲနိုင်နေ၏။ ဆရာကျော်နှင့် မိတ်ဆွေထိုးသားများမှာ အတော်ရှုံးနေကြပုံရ၏။ ဘေးထိုးများလည်း အတော်ရှုံးနေပြီဟု သတိထားမိ၏။

ကျွန်ုပ်လည်း နဂိုမခံချင်စိတ်က ပေါ်လာပြီး ကျွန်ုပ်အနီးရှိ ညီမထံမှ ငွေငါးထောင် တောင်းလိုက်၏။ နောက်တစ်လှည့်တွင် ကျွန်ုပ်သည် ဆရာကျော်၏ ထိုးသားအိမ်မှာ ငွေသုံးထောင် ထိုးလိုက်၏။ ဒိုင်မှာ ၎င်းဖဲ (၃) ချပ်အား လှန်လိုက်၏။ (၇) ဖြစ်နေ၏။ ကျွန်ုပ်မှ ဆရာကျော်အား "ဆရာကျော် ဖဲပွတ်မနေနဲ့၊ ရိုက်ချလိုက် ဒိုင် (၇) ဆို (၈) ဗျာ" ဟု ပြော၍ ဆရာကျော် ရိုက်ချလိုက်၏။ (၈) ဖြစ်နေ၏။ နောက်တစ်ကြိမ် "ဒိုင် (၅) ဆို (၆) ဗျာ" ရိုက်ချခိုင်းလိုက်၏။ အမှန်တကယ် (၆) ဖြစ်နေ၏။ ကျွန်ုပ် ပြောတိုင်း (၇၊ ၈) လှည့်



အမြန်ဖြစ်ပြီး ဒိုင်ရှုံးလာသည်၊ ကျန်အိမ်ထိုးသားများလည်း တစ္စာ်ထိုးသည့် ဆရာကျော် အိမ်ဝိုင်း ထိုးလာကြ၏။ ကျွန်ုပ်မှာလည်း ဒိုင်ဂဏန်း၏ တစ်ပွင့်ကျော်သာ အမြဲပြောပြီး ခေါ်၏။ ခေါ်တိုင်းဖြစ်နေ၏။ တစ်ကြိမ်တွင် ဒိုင်မှာ (၉) ဖြစ်နေ၏။ ဒိုင်လုပ်သူမှ "ကဲ - ဒီတစ်လှည့် (၉) ကျတယ်၊ ဖဲနဲ့ ငွေမကိုင်နဲ့ဦး၊ ငွေထပ်တိုးရင် ရတယ်" ဟု ကျွန်ုပ်ကိုကြည့်၍ ပြော၏။ ကျွန်ုပ်လည်း စိတ်ထဲတင်းသွားပြီး ဒီလောက်ဖြစ်တာ ကျွန်ုပ်ဝတ်ထားသော ဖရီးဂျက်ကက်အိတ်ထဲမှ ငွေအားလုံး ထုတ်လိုက်၏။ ငွေငါးထောင် အရင်ဖယ်ထားပြီး နိုင်သည့် ကျန်ငွေနှစ်သောင်းအား ဆရာကျော် ရှေ့ပစ်ချလိုက်ရာ အားလုံးဝိုင်းကြည့်နေကြ၏။ "ဟေ့ကောင် - များတယ်၊ လျှော့လိုက်ဦး" ဟု ပြော၏။ ကျွန်ုပ်နိုင်ထားသည့်ငွေဖြစ်ပြီး မထူးပြီဖြစ်၍ "ရတယ် - ကုလားသုံးကောင် ရိုက်ချလိုက်ဗျာ" ဟု ပြောလိုက်ရာ ဆရာကျော်လည်း ၎င်းဖဲသုံးချပ်အား နမ်း၍ "ကဲ - မင်းပြောတဲ့အတိုင်း ကုလားသုံးကောင်ကွာ" ဟုပြောပြီး ရိုက်ချလိုက်၏။ အမှန်တကယ်ကုလားသုံးကောင်ဖြစ်နေတော့၏။ အားလုံးအံ့သြကုန်ကြ၏။ ကျွန်ုပ်လည်း ရင်တထိတ်ထိတ် ခုန်နေရာမှ အတော်ပျော်ပြီး အံ့သြသွားခဲ့ရ၏။ အနီးရှိ မောင်နိုင်မှ အလျော်အစားလုပ်ပေးပြီး ကျွန်ုပ်အား "ဆရာမထိုးနဲ့တော့ဗျာ။ (၄) နာရီထိုးတော့မယ်။ ဘုန်းကြီးကြွဖို့ သွားပြင်လိုက်တော့လေ" ဟု သတိပေး၍ ဖယ်ထုတ်၏။ ဒိုင်လုပ်သူမှ "ခင်ဗျားအိမ်ရှင်လား၊ ကျုပ်မသိလို့ ကစားတာ၊ ကျုပ် ကွဲတာပေါ့။ တော်ပြီ ပြန်မယ် မောင်နိုင်၊ မင်းက ငါ့ကို အိမ်ရှင်လို့ မပြောဘူး" ဟု ပြောပြီး ရှုံ့ရှုံ့ရဲရဲဖြင့် ထပြန်သွားကြတော့၏။

ဖဲဝိုင်းလည်း သိမ်းခဲ့၏။ တော်သေးသည်မှာ ကျွန်ုပ်မိတ်ဆွေ ဆရာကျော်နှင့်အခြားသူများ အရင်းပြန်ရသူနှင့် နိုင်သူများကြ၏။ ကျွန်ုပ်ငွေလေးသောင်းကျော်နိုင်၍ ဖခင်၏ နာရေးတွင် ထည့်သုံးလိုက်တော့၏။

ကျွန်ုပ် ဖခင်အား ရည်စူး၍ ဘုန်းကြီးဆွမ်းကပ်တရားနာ ဘုန်းကြီးများ ပြန်ကြွသွားပြီးနောက် ကျွန်ုပ်၏မိခင်၊ ညီ၊ ညီမများနှင့် ဝိုင်းကူသည့် မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

များမှ ဖဲဝိုင်းအကြောင်း ပြန်ပြောကြရာ ကျွန်ုပ်၏ ညီ၊ ညီမများမှ "အစ်ကိုကြီး ဖဲလောင်းနေတဲ့အချိန်မှာ ညီ၊ ညီမတွေ ဝိုင်းကြည့်နေတာ အစ်ကိုကြီး ပြောတိုင်းဖြစ်နေတယ်၊ ပြီးတော့ - အဖေ့အကျီ အစ်ကိုကြီးဝတ်ထားပြီး စကားပြောတဲ့အသံနဲ့ လူပုံစံက ကျန်တဲ့လူတွေတော့မသိဘူး၊ ညီလေး၊ ညီမလေးတွေ ကြည့်ရင်းကြည့်ရင်း အဖေနဲ့ ရုပ်ကော အသံကော တစ်ပုံစံတည်းဖြစ်နေတယ်၊ ကြောက်တောင်ကြောက်လာကြတယ်"ဟု ပြောပြကြ၏။ ကျွန်ုပ်၏



ညောင်ပင်ကြီးအောက် အရောက်တွင်
လမ်းတစ်ဖက်သချိုင်းကုန်း ဆည်ပျက်ကြီးဘက်မှ
ကြောင်ထက်ကြီးသော သတ္တဝါတစ်ကောင်
သည် တစ်ဟုန်ထိုးပြေးလာပြီး ကျွန်ုပ်တို့နှစ်ဦးရှေ့တွင်
ရပ်လိုက်၏



ဖခင်သည် အသားညို၍ ဗလကောင်းပြီး အရပ်မြင့်၏။ ကျွန်ုပ်၏ မိခင်သည် အသားဖြူပြီး အရပ်နိမ့်၏။ ကျွန်ုပ်မှာ ငယ်စဉ်က ယနေ့အချိန်ထိ အသားဖြူ၍ အရပ်အနည်းငယ်ပု၏။ ရုပ်နှင့်အသံမှာ မိခင်နှင့်တူသူ ဖြစ်ပါတော့၏။

(ဖခင်ကြီး ရက်လည်သည့်နေ့ အမှတ်တရ)

ကျွန်ုပ်၏ ဖခင်သည် နိုင်ငံ့ဝန်ထမ်း တပ်မတော်သားတစ်ဦး ဖြစ်၏။ ၁၉၆၉ မှ ၁၉၇၅ - ခုထိ ဖခင်ကြီးသည် သန်လျင်မြို့ ကျိုက်ခေါက်ဘုရားအနီး အမှတ်(   ) ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်နေသော ကာလ ဖြစ်၏။ ကျွန်ုပ်တို့ မိသားစုမှာ တပ်ဝန်းအိမ်ထောင်သည်လိုင်းတွင် နေထိုင်ကြရ၏။

သန်လျင်မြို့မှ ကျိုက်ခေါက်ဘုရားသို့ (၃) မိုင်ခန့် ဝေးကွာပြီး ကျိုက်ခေါက်ဘုရားမှ တပ်အိမ်ထောင်သည်လိုင်းသို့ တစ်မိုင်ခန့် ဝေးကွာ၏။ ၁၉၇၃ - ခုနှစ်၊ ဝန်းကျင်တွင် သန်လျင်မြို့မှ ကျိုက်ခေါက်ဘုရားသို့ သွားသည့် ကားလမ်းကြောင်းတစ်လျှောက် ကားလမ်းဘေးတွင် မည်သည့်ရပ်ကွက်မှ မရှိပါ။ သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်း ဆေးရုံထိပ်လမ်းဆုံမှစ၍ လူနေရပ်ကွက်မရှိဘဲ ကျားဘုရား၊ ၎င်းမှ ခရစ်ယာန်သချိုင်းကုန်းထိပ် (ယခု အောင်မင်္ဂလာရပ်ကွက်၊ မမင်းလှ ရေကန်၊ ၎င်းမှ (၁၈)ကုန်းထိပ်(ဆန်စက်၊ ယင်းမှ မင်းနန္ဒာရေကန်၊ ၎င်းမှ ဖန်ချက်စက်ရုံလမ်းခွဲရှိ ညောင်ပင်ကြီး၊ ယင်းမှ မြေနီလမ်းအတိုင်း ကျိုက်ခေါက်ဘုရား အနောက်ဘက်မုခ် အနောက်တောင်ထောင့်ရှိ ညောင်ပင်ကြီးအောက်မှဖြတ်၍ နာရီဝက်ခန့်သွားလျှင် တပ်ဝန်းသို့ ရောက်၏။

ဤလမ်းသည် ကျွန်ုပ် ငယ်စဉ်အလယ်တန်းကျောင်းသားမှ အထက်တန်းကျောင်းသားအထိ နေ့စဉ် ကျောင်းကားဖြင့်လည်းကောင်း၊ ရံဖန်ရံခါ ခြေကျင်ဖြင့်လည်းကောင်း သွားလာနေကြဖြစ်၏။ ကျိုက်ခေါက်ဘုရား အနောက်တောင်ထောင့်ရှိ ညောင်ပင်ကြီး၏ မြေနီလမ်းတစ်ဖက်ပေ(၁၀၀)



www.burmeseclassic.com

www.burmeseclassic.com

ခန့်တွင် သုသာန် (သချိုင်း) နှင့် သရဏဂုံတင်သည့် ဇရပ်ပျက်ကြီးရှိ၏။ (ယခု မရှိတော့ဟု သိရ၏)။

ဤလမ်းတစ်လျှောက် သည်နေ့အချိန် သွားလာရာတွင် ထူးခြားမှု မရှိသော်လည်း ညအချိန် သွားရာတွင် ခရစ်ယာန်သချိုင်း၊ ၎င်းမှ ကုန်းဆင်း မမင်းလှရေကန်ထိပ် ညောင်ပင်ကြီး၊ဖန်ချက်စက်ရုံလမ်းခွဲ ညောင်ပင်ကြီး နှင့် ကျိုက်ခေါက်ဘုရား အနောက်တောင်ထောင့်ရှိ ညောင်ပင်ကြီးများ အောက် သွားရာတွင် လူတော်တော်များများ ကြောက်ရွံ့ကြ၏။ သရဲခြောက် သည်ဟု နာမည်လည်း ကြီး၏။ ညအချိန် သွားလာရာတွင် အဖော်ပါမှသာ သွားကြပြီး အချို့သော ယာဉ်မောင်းကားသမားများမှာလည်း တစ်ဦးတည်း ဆိုလျှင် အဖော်ခေါ်ပြီးမှသာ ယာဉ်ကို မောင်းနှင်ကြလေ့ရှိကြောင်း သိရ၏။

ကျွန်ုပ်သည် အလယ်တန်းကျောင်းသားမှ အထက်တန်းကျောင်းသား အထိ နေ့စဉ်နံနက် ကျောင်းကားဖြင့်သွား၍ ညနေ (၃)နာရီ ကျောင်းဆင်း လျှင် ကျောင်းလွယ်အိတ်အား အိမ်နီးချင်း သူငယ်ချင်းအကြုံဖြင့် ပေးလိုက်ပြီး ကင်းဘတ် ဖိနပ်၊ ဘောင်းဘီတိုဖြင့် အိမ်သို့ အပြေးလေ့ကျင့်လျက် ပြန်၏။ ဒီဇင်ဘာ အားကစားလကျောင်းပိတ်ရက်တွင် နံနက်ပိုင်းအိမ်မှ ဆေးရုံလမ်း ဆုံအထိ အသွားအပြန် အပြေးလေ့ကျင့်၏။ တစ်ခါတစ်ရံ သန်လျင်မြို့တွင်းရှိ မြဟံသာရုပ်ရှင်ရုံနှင့် မင်းနန္ဒာရုပ်ရှင်ရုံများတွင် ဇာတ်ကားကောင်းများပြသ နေပါက မြို့တွင်းမှ သူငယ်ချင်းများဖြင့် ညပိုင်းရုပ်ရှင်ကြည့်ပြီး အိမ်သို့ ကားကြုံ ရှိက ကားစီးပြီး ကားမရှိက တစ်ဦးတည်း လမ်းလျှောက်၍ ပြန်၏။

ညပိုင်းတစ်ဦးတည်း လမ်းလျှောက်ပြန်က ပုဆိုးစလွယ်သိုင်း၍ တုတ် မာမာတစ်ချောင်းအား လက်မှကိုင်ပြီး ရသည့်သီချင်းများ အကျယ်ကြီးဆို၍ ပြန်၏။ သို့ရာတွင် ခရစ်ယာန်သချိုင်း၊ မမင်းလှကန်ထောင့် ညောင်ပင်ကြီး၊ ဖန်ချက်လမ်းခွဲ ညောင်ပင်ကြီးနှင့် ကျိုက်ခေါက်ဘုရားထောင့် ညောင်ပင်ကြီး များအောက် ဖြတ်သွားရာတွင် အတော်သတိထားပြီး သီချင်းသံလည်း



အကျယ်ဆုံး ဖြစ်မည်ထင်၏။ မိမိ နောက်ကျောသို့လည်း မကြာခဏ သမင် လည်ပြန်ကြည့်ရပြီး ရံဖန်ရံခါ ခေါင်းစောင်း၍ မျက်လုံးဒေါ့ကြည့်ရ၏။ ဤနည်း ဖြင့် အိမ်သို့ ပြန်ရောက်မြဲဖြစ်၏။

ဤနေ့သည် ၁၉၇၃ - ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၏။ သန်လျင် မြို့တွင် မိုးကြိုးငှက်ငယ်လေးအဖွဲ့နှင့် ကျွန်ုပ်၏ သူငယ်ချင်းများ ပါဝင်သော ဇာတ်သရုပ်ဖော် စတိတ်ရှိုးပွဲရှိကြောင်း သိရ၏။ ကျွန်ုပ်လည်း သွားကြည့်လို၍ အိမ်နီးချင်း သူငယ်ချင်း ခင်မောင်စိန်အား အဖော်ညှိ၍ သွားရန်တိုင်ပင်၏။ ယင်းနေ့ ညနေ (၆)နာရီခန့်တွင် ကျွန်ုပ်တို့နှစ်ဦး သန်လျင်မြို့တွင်းသို့ သွား ခဲ့ကြ၏။ စတိတ်ရှိုးပွဲသည် အတော်စည်ကားပြီး ကျွန်ုပ်တို့ နှစ်ဦးလည်း သူငယ်ချင်းများ ကပြသီဆို သရုပ်ဆောင်မှုများ ကြည့်ရှုအားပေးပြီး ည (၁၂) နာရီခန့်တွင် ပွဲပြီးဆုံးခဲ့၏။ အိမ်ပြန်ရန် ကားကြုံစောင့်သော်လည်း မလာ၊ လမ်းကြုံအဖွဲ့များ စောင့်သော်လည်းမရှိသဖြင့် ကျွန်ုပ်တို့ နှစ်ဦး ဆေးရုံလမ်း ဆုံမှ ခြေကျင်ပြန်ရန် ဆုံးဖြတ်ကြ၏။ လပြည့်ညလည်းဖြစ်၍ အလင်းကောင်း စွာ မြင်နေရ၏။ ကျွန်ုပ်တို့နှစ်ဦး စကားတပြောပြောဖြင့် လမ်းလျှောက်ပြန် ခဲ့ရာ နံနက် (၁)နာရီ ကျော်ခန့်တွင် ကျိုက်ခေါက်ဘုရား အနောက်တောင် ထောင့် ညောင်ပင်ကြီးအောက်အနီးရောက်လာ၏။ ၎င်းလမ်းတွင် အပင်ကြီး များ အုပ်ဆိုင်းနေ၍ အနည်းငယ် မှောင်နေ၏၊ ထိုအချိန် ကျွန်ုပ်၏ နှာဝတွင် ပုပ်အဲ့အဲ့အနံ့ရ၍ "ခင်မောင်စိန် - ငါ မကောင်းတဲ့ အနံ့တစ်ခုခု ရသလိုပဲ မင်းကော နံ့လား" ဟုမေးရာ ၎င်းမှ "ဟုတ်တယ် - ငါလည်းရတယ်" ဟု ပြော ၏။

ကျွန်ုပ်တို့ ညောင်ပင်ကြီးအောက် အရောက်တွင် လမ်းတစ်ဖက်သချိုင်း ကုန်း၊ ဇရပ်ပျက်ကြီးဘက်မှ ကြောင်ထက်ကြီးသော သတ္တဝါတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ဟုန်ထိုးပြေးလာပြီး ကျွန်ုပ်တို့နှစ်ဦးရှေ့တွင် ရပ်လိုက်၏။ ကျွန်ုပ်တို့နှင့် (၃) ပေခန့်သာ ကွာမည်ထင်၍ ကျွန်ုပ်တို့နှစ်ဦးလည်း တိုင်ပင်ခြင်းမရှိဘဲ တစ်ဦးလက်တစ်ဦး လှမ်းဆုပ်ကိုင်မိလိုက်ကြ၏။

ငင်းသတ္တဝါသည် ရပ်လိုက်သည့်အခါ ခြေလေးချောင်းမဟုတ်ဘဲ ခြေနှစ်ချောင်းဖြစ်နေ၏၊ မျောက်ဝံယ်တစ်ကောင် ရပ်နေသည်ဟု ထင်ရ၏၊ နှစ်ဦးသား ကြောင်၍ ရပ်ကြည့်နေစဉ် ယင်းသတ္တဝါသည် ကျွန်ုပ်တို့နှစ်ဦးအား ရှေ့နောက်ပတ်၍ လျှင်မြန်စွာ ပြေးနေ၏။ ကျွန်ုပ်တို့လည်း ငင်းအား ရှေ့ကြည့်လိုက်၊ နောက်ကြည့်လိုက်နှင့် (၃၊ ၄) ပတ်ခန့်တွင် ကျွန်ုပ်လည်း သတိရပြီး "ဟေ့ကောင် – ခင်မောင်စိန်၊ အဲဒီကောင် လိုက်ချကွာ – လိုက်ချ" ဟု ပြောပြီး ကျွန်ုပ်အနီးရှိ သစ်ကိုင်းခြောက် ကောက်၍ ငင်းသတ္တဝါအား ပစ်လိုက်၏။ ယင်းအကောင်ကိုလည်း ခြေထောက်ဖြင့် ဘောလုံးကန်သလို ပြေး၍လိုက်ကန်လိုက်၏။ ခင်မောင်စိန်လည်း ကျွန်ုပ်လို လိုက်ကန်၏။ သို့ရာတွင် မထိဘဲ ငင်းသတ္တဝါသည် သချိုင်းကုန်း ဇရပ်ပျက်ကြီးဘက်သို့ လှည့်၍ ငင်းလာရာလမ်းအတိုင်း ပြန်ပြေးသွား၏၊ ကျွန်ုပ်တို့ နှစ်ဦးလည်း ငါးလှမ်းခြောက်လှမ်းခန့် ပြေးလိုက်သွားပြီး ရပ် လိုက်ကြ၏၊ ခင်မောင်စိန်မှ "တစ်ခုခုတော့ တစ်ခုခုပဲ၊ အခြေအနေ သိပ်မကောင်းဘူး၊ အမြန်ပြန်ကြရအောင်" ဟု သတိပေးပြီး နှစ်ဦးသား သတိထား၍ အမြန်ပြန်ခဲ့ကြတော့၏။

နောက်ရက်များတွင် ကျွန်ုပ်တို့နှစ်ဦးဆုံ၍ တပ်ဦးကျောင်းကျောင်းထိုင်ဆရာတော်အား လျှောက်ထားမေးမြန်းခဲ့ရာ ဆရာတော်မှ "မင်းတို့လူငယ်တွေ ညပိုင်းအချိန်မတော် သွားတာလာတာ မဖြစ်မနေမှ သွားလာကြတာကောင်းတယ်။ အပျော်အပါးကြောင့် ဒုက္ခရောက်တတ်တယ်။ မင်းတို့ ကြုံခဲ့တာပြန်စဉ်းစားကြည့်၊ တိရစ္ဆာန်ဆိုရင် သူလာတဲ့လမ်း သူပြန်ပြေးသွားမလားကြုံတဲ့ဘက်ပြေးမှာပေါ့။ နာမ်လောကသားတွေက အများကြီးကွယ့်၊ မင်းတို့အသက်ကြီးလာရင် ဒါတွေ သိလာလိမ့်မယ်။ နောင်ကို ညအချိန်မတော် သွားတာ လာတာ ရှောင်ကြ" ဟု မိန့်ကြားခဲ့၏။



အမှန်တကယ် ကျွန်ုပ်တို့ကြုံခဲ့သည်မှာ နာမ်လောကသား၊ မှင်စာလား၊ သတ္တဝါလားဆိုတာ ကျွန်ုပ် ယခုအချိန်ထိ ဝေခွဲမရသည်မှာ အမှန်ဖြစ်ပါတော့၏၊ နောက်ထပ်ပရလောကနှင့် သက်ဆိုင်သော ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်ဖြစ်ပေတော့သည်၊

»»» သန့်လျှင်လှဝင်း (ဩချစ်ညီ)



www.burmeseclassic.com

# ရွှေကြိုက်တဲ့မောင်

# မင်းဘုန်းသိန်



ပုံရွာ ဒီဝကြိတ်မြို့ နိုင်ငံ ပြန်သွားမှပင် သူကြီးဦးပြောမောင် ဟင်းချနိုင်တော့သည်
လူခွန်၊ မြေခွန်ကိစ္စများဖြင့် တစ်ခရိုင်လုံးကို နားရက်မရှိ အခွန်အတုတ်
လိုက်လံကောက်ခံရပြီးကတည်းက ကျောအားဤမြင် မကျွတ်အားခဲ့ကြပေ။

အယ်ရွာသူကြီး တစ်ရွာသူကြီးတို့သည် မြို့နိုင်ငံရှေ့တွင် တုတ်တုတ်မျှ မလှုပ်ရဲကြ
ဆို အတူ မြို့နိုင်နှင့်အတူ လိုက်ပါလာသည့် ဖြေရုံသင်းမင်း ပုလိပ် စသည် လူငယ်
အယ်ယောက်ကျောက်ကျော်ကို ချက်မြှုတ်၊ ကြောင်လျှော်၊ ကျွေးမွေးရသည်
စရိတ်လည်း မသေးလှ။



www.burmeseclassic.com

မြို့ပိုင်ပြန်သွားသည်နှင့် ရွာလည်း ဖွတ်ဖွတ်ညက်ညက်ကျေ၍ကျန်ရစ်သွားခဲ့တော့သည်။ သည်ကြားထဲ အသောက်အစား အရက်က ပါလိုက်သေးသည်။ တောအရက်၊ ချက်အရက် မရ၊ ဘီလပ်မှလာသည့် အရောင်နှင့်အရက်အရက်နီ၊ ဝီစကီမှ အိုးဘရန်နီမှ ကိုယ်တော်မြတ်တွေက သောက်သုံးတော်မူကြကုန် သည်။

ယခုတော့ မုံရွာဒီစကြိတ်မြို့ပိုင် မနက်စာ ဘုဉ်းပေးတော်မူပြီး ပြန်လည်ကြွချီတော်မူသွားခဲ့ပေပြီ။ ယခုမှ ဆယ်ရွာသူကြီး ဦးပေတုံးနှင့် ညောင်ကန်သူကြီး ဦးဖြောမောင် သက်ပြင်းချနိုင်တော့ပေသည်တကား။ ရွာထဲရှိ ဝက်၊ ကြက်တို့လည်း တော်တော်လျော့ပါးသွားခဲ့ပြီ ဖြစ်သည်။ နောက်ထပ်တစ်ပတ်လောက် စခန်းချမည်ဆိုပါက ကြက်မျိုးပြုတ်လောက်သည်။ ဆယ်ရွာသူကြီး ဦးပေတုံးသည် နာမည်နှင့်လိုက်ဖက်စွာ တုံကျိဘာဝေခံရဘက်ကရှည်းပင်၊ စကားကလည်း နည်းတော့ ပိုဆိုးသည်။ ထို့ကြောင့်မြို့ပိုင်ရောက်လာသည့် အခိုက် ညောင်ကန်သူကြီး ဦးဖြောမောင်ကို တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် ခေါ်ထားရခြင်း ဖြစ်သည်။

ဦးပေတုံးသည် ခေါင်းတွင် ရစ်ပတ်ပေါင်းထားသော ညိုညစ်ညစ်မျက်နှာသုတ်ပဝါကို လေးပင်စွာ ဖြေချကာ လေသံတိုးတိုးဖြင့် —

"ကိုဖြောမောင်ရေ – မြို့အုပ် ကိုယ်တော်မြတ် ပြန်သွားပေလို့ပဲဗျို့။ နောက်တစ်ပတ်လောက် ဆက်နေမယ်ဆိုရင် ရွာတော့ ကျေတော့မယ်၊ ဝက်တွေ၊ ကြက်တွေလည်း ကုန်သလောက်ပဲဗျို့"

"ဟုတ်တယ် – ကိုပေတုံးရေ၊ ကျုပ်လည်း၊ ညောင်ကန်ကို ခြေကန်ပြီးထွက်လာသလို ဖြစ်နေပြီဗျ။ တစ်ပတ်ကျော်ပြီ ထင်တယ် ဖပ်ဖပ်ကိုမောပဲဗျို့"

ဦးပေတုံးသည် ရေနွေးအိုးကို သူ့ဘက်သို့ဆွဲယူကာ ပန်းကန်လုံးအလွတ်ထဲသို့ ငှဲ၍ထည့်သည်။ တစ်ငုံနှစ်ငုံ သောက်သည်။

"တစ်ရက် နှစ်ရက်လောက်တော့ နေပါဦးလားဗျ"

"တော်ပြီလေဗျာ – ဒီလောက် ကူညီရတာ၊ ညနေ ပြန်မှာ၊ မနက်ဖြန်ရွာမှာ ရှင်ပြုတစ်ခုရှိသေးရဲ့၊ မီအောင်သွားမှဗျ။ ကျုပ် မိန်းမဘက်က မြေးကလေးရှင်ပြုလေ၊ ရှင်ပြုအမီကလေးမှ မရောက်ရင် တစ်သက်လုံးပြောလို့အပြစ်တင်လို့ ပြီးမှာမဟုတ်ဘူးဗျ။ ညနေ နေမဝင်မီ ဒီကထွက်မှ တော်ကာကျမှာ၊ ရွာကို ညရှစ်နာရီလောက် ရောက်မေ့ါ"

ဦးပေတုံးသည် ရေနွေးပူပူကို တဖူးဖူးမှုတ်၍ သောက်လေသည်။

"တားမရလည်း သွားပေါ့ဗျာ၊ ညဘက် ခရီးသွားလို့ ကောင်းပါ့မလားကိုဖြောမောင်"

"ကောင်းပါတယ် – ကျုပ်အဖို့တော့ ရိုးနေပြီ၊ ကျုပ်တူတော်မောင်ကဖြတ်လမ်းသိတယ် ပြောတာပဲဗျို့၊ ကျုပ်ကတော့ ညဘက် အဲဒီခရီးတွေသိပ်မကျွမ်းဘူးလေ"

ဦးပေတုံးသည် အနည်းငယ်စဉ်းစားဟန်ပြုသည်၊ လက်မှကိုင်ထားသောရေနွေးပန်းကန်ကို အသာချသည်။

"ခင်ဗျားက မနက်ရှင်ပြုအမီ သွားရမယ်ဆိုတော ကျုပ်က မတားဝံ့ပေဘူးဗျို့၊ သွားဆိုလည်း သွားပေါ့၊ လှည်းပါလာတာပဲ၊ တူတော်မောင်ကလည်းကျွမ်းကျင်၊ သတ္တိရှိကြသူတွေဆိုတော့ ကိစ္စမရှိပေဘူး၊ ညရေးညတာ အရေးကြီးသဗျို့၊ ကျုပ်တို့ နယ်မှာ သူခိုးသူဝှက်ကတော့ မရှိသလောက်ပဲဗျို့၊ ဒါပေမဲ့ – ကိုဖြောမောင် ဝီရိယဆိုတာ ပိုတယ်မရှိဘူးလေ၊ မြို့ပိုင်ကြီးပြောသွားသလို ဘယ်သူ့ကိုမှမယုံနဲ့ဆိုတာလေး ဟုတ်ပြီလား၊ ကဲ – ထမင်းစားသောက်ပြီး လှည်းပြင်တော့ပေါ့၊ သတဲချောင်း၊ ကူတော၊ မောင်းထောင်ရွာတွေကို ဖြတ်ရမှာ၊ ခရီးတော့ လှမ်းသဗျို့"

ဦးဖြောမောင်သည် လက်ဖက်တစ်ဖွန်းကို ကောက်ယူကာ မြုံ့နေသည်။

"သုံးနာရီခရီးလို့တော့ တူတော်မောင် ပြောလေရဲ့၊ ကျုပ်ကတော့ အဲဒီဘက်တွေ ရောက်ခဲသား၊ ကိုပေတုံးရေ – ခရီးကတော့ ပန်းမယ်မထင်ပေါင်းညဘက် သွားရတာကိုး"

ဦးပေတုံးသည် ကွမ်းအစ်ကို လှမ်း၍ဆွဲလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"လကလည်း သာပါ့ဗျာ၊ အင်းပေါ့လေ – ခင်ဗျားမှာ နစ်လုံးပြူး သေနတ်ပါသားပဲ"

ဦးဖြောမောင်သည် လက်ဖက်မြုံ့လျက်က ခေါင်းတစ်ချက် ညိတ်လိုက်၏။

"ပါပဲဗျာ – ခါးကြားက ခါးပတ်မှာ ကျည်ဆန်အတောင့် အစိတ်လောင် ယူလာတာဗျို့။ လုဖို့ ယက်ဖို့တော့ စိတ်မကူးနဲ့၊ အဖိုးတန်ပစ္စည်းလည်း မပါဘူး၊ ခါလီပဲ – သေနတ်ပဲရမယ်၊ လာလုလို့ကတော့ အူပွင့်သွားအောင် ပစ်ထည့်လိုက်မယ် – ဖြောမောင်တဲ့၊ ငပေါကောင်မဟုတ်ဘူး၊ သေနတ်သံကဖတ်ခနဲ – ဖတ်ခနဲ မဟုတ်ဘူးနော၊ ဒိုင်းခနဲ – ဒိုင်းခနဲ – ဒိုင်းခနဲ"

"ဟား – ဟား – ဟား – ကြိုက်ပြီဗျို့၊ ကျုပ်က ဒါမျိုးမှ၊ ကဲ – ကဲ – ထမင်းစားဖို့ ရေမိုးချိုး ပြင်ဆင်ပေတော့"

သူတို့သည် ထိုင်နေရာမှ အသီးသီးထကာ ခရီးထွက်ရန် ပြင်ဆင်ကြတော့သည်။ ဦးဖြောမောင်သည် ညောင်ကန်ရွာသူကြီးဖြစ်ရာ အစိုးရမင်းကိစ္စဖြင့် သည်ရွာသို့ ရောက်ရှိနေရခြင်းဖြစ်ရာ ရက်ပေါင်းများစွာ ကြာမြင့်နေရာ ရွာသို့ပြန်ချင်နေပြီ၊ မြို့ပိုင်ကို ကြောက်၍သာ ငြိမ်နေရခြင်း ဖြစ်သည်။ ယခုသူ ရောက်ရှိနေသော ရွာမှ ညောင်ကန်ကိုပြန်ဖို့ ခရီးတာအဝေးကြီး လိုသေးသည်။

သတဲချောင်း၊ ကူတော၊ မောင်းထောင်းရွာတွေကို ဖြတ်ရမည်။ ဘာပဲဖြစ်ဖြစ် ညဘက်လသာသာ ခရီးသွားရ၍ နွားရော၊ လူရော သက်သောင့်သက်သာတော့ ရှိမည်။ ပြီးတော့ တူတော်မောင် ထူးကျော်ကလည်း သတ္တိကောင်း ဗလကောင်း အားကိုးရသည်၊ သူ့မှာ မြို့အုပ်ချီးမြှင့်ထားသော နစ်လုံးပြူး သေနတ်နှင့် တူတော်မောင်ဆီမှ ခြေသလုံးမွေးပြတ် သွေးထားသော ဓားကြီးတောင်ဓားတစ်လက်ပါလာသည်။ မည်သည့်ရန်သူကို ကြောက်ရွံ့ထိတ်လန့်ရမည်နည်း၊ သူသည် မင်းမှုထမ်းတစ်ဦး မဟုတ်လော၊ ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်နေသည့် လူမဟုတ်လော၊



"ထူးကျော်ရေ – နေမဝင်ခင် ရွာပြန်ဖို့ ပြင်ဆင်တော့တွယ်"

"ဟုတ်ကဲ့ – အဘ"

တူတော်မောင် ထူးကျော် လှစ်ခနဲ ထွက်သွားသည်၊ တူတော်မောင် ထူးကျော်သည် အသက်နှစ်ဆယ်ခန့် အသားညိုညို၊ တုတ်ခိုင်သော ခန္ဓာကိုယ်နှင့် ရှိသည်၊ မျက်နှာဝက်ခြံ ဗလပျစ်နှင့် ရုပ်ကြမ်းသော်လည်း အလုပ်ကြိုးစားသူ ဖြစ်သည်၊ ယာအလုပ်၊ ကိုင်းအလုပ်ကို နွှေမိုးဆောင်း လက်နှင့်မပြတ် လုပ်ကိုင်ရသူဖြစ်၍ ကျန်းမာသန်စွမ်းသည်၊ သတ္တိကောင်းသည်၊ ထို့ကြောင့်ဦးဖြောမောင်က ယုံကြည်စိတ်ချအားကိုးစွာခေါ်လာခြင်းဖြစ်သည်။ နွားနစ်ကောင်တပ် လှည်းယာဉ်ဖြင့် မိုင်ပေါင်းများစွာ ဝေးကွာလှသော ဦးပေတုံးဆီသို့ ညီအစ်ကို အရင်းတမျှ ခင်မင်သည့်အလျောက် ရောက်လာခြင်း ဖြစ်ပေသည်၊

အမှန်စင်စစ် ဦးဖြောမောင်အနေနှင့် ညောင်ကန်ရွာကို အရေးတကြီးပြန်ရခြင်းကလည်း လုံလောက်သော အကြောင်းတရားရှိပေသည်၊ သူသည်နာမည်နှင့်လိုက်ဖက်စွာ ခန္ဓာကိုယ်တွင်းတွင် ငုပ်လျှိုးနေသော ရောဂါပိုးတစ်ခုရှိပေရာ ထိုရောဂါမှာ "ဆိုင်း" ဝါသနာပါသော ရောဂါပင်တည်း၊ ဆိုင်းသံကြားလျှင် ထ၍က,ချင်သော ဝေဒနာပြင်းထန်သူပီပီ အတီးအမှုတ်လည်း ဝါသနာပါသည်၊ ကိုယ်တိုင်လည်း ဟိုစပ်စပ် သည်စပ်စပ် ထမင်းစား ရေသောက်လောက်တော့ရသည်။ အိုးစည်ကောင်းကောင်းတီးခတ်တတ်သည်၊ ဗျွှလားတီး ကျွမ်းကျင်သည်၊ ဖြောခေါက်တတ်သည်၊ ရုံဖန်ရံခါ ရွာထဲမှာ အလှူရှိပြီဆိုလျှင် ရွာပိုင်ဖြောကိုဝင်ခေါက်တတ်သည်၊ ထိုဖြောခေါက်တတ်သည့် ဝါသနာသည် ငယ်စဉ်ဘဝကပင် အရိုးစွဲပါလာပေရာ အခြေအနေပေးပြီး ဘေးမှမြှောက်ပေးမည့် သူရှိက ဦးရွှေရိုးဝင်၍ က,တတ်သေးသည်၊ သည်လိုနင့်ဖြောခေါက်တတ်သည့် ဝါသနာအရိုးစွဲခဲ့ပေရကား ဖြောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးမှ ပြောကောင်ဖြစ်လာသည်၊ ကြာတော့ ကြားရဖန်များ မြင်ရဖန် များလာ၍ စိတ်အချဉ်ပေါက်သူတွေက ပြောကြောင်ဟု ခေါ် လာသည်။ ထို့နောက် ကျောင်းနေအရွယ် ရောက်လာသောအခါ ပြောမောင် ဖြစ်လာသည်၊ သည်လို ရာဇဝင်ကိန်းခန်း ခမ်းနားထည်ဝါစွာဖြင့် ကြီးပြင်းလာသည့် သူကြီးမင်း ဖြစ်ပေသည်တကား။

ညောင်ကန်မှာက နွေကာလဖြစ်သည့်အလျောက် အလှူတွေက ဆက်နေသည်၊ ငွေကြေးတတ်နိုင်သူတွေက မုံရွာမြို့ ပေါ်ထိ ဆိုင်း၊ ပွဲ၊ အငြိမ့်တွေ တက်၍ငှားကြသည်၊ ပကာသနတွေဖြင့် မိမိအလှူကို ခြယ်သကြသည်။ ဂုဏ်တုဂုဏ်ပြိုင် သူ့ထက်ငါ ပြိုင်ကြသည်၊ ဘယ်သူတွေ ဘယ်လိုပြိုင်ပြိုင် သူကြီးကတော့ အလှူမှာ ဆိုင်းပါလျှင် ပြီးပြီ။ ကျေနပ်သည်၊ ထမင်းမစား ဟင်းမစား၊ တစ်ညလုံး တစ်ချက်ကလေးမှ အိပ်မငိုက်ဘဲ နားထောင်တတ်သည်၊ ယခုလည်း ရွာမှာ မုံရွာမှ နာမည်ကျော် လက်သံပြောင် ဆိုင်းဆရာ ညီအစ်ကိုဖြစ်သည့် စိန်လက်ညိုးနှင့် စိန်လက်သန်းကို ငှားထားသည်ဟု ကြားသည်၊ ယာရှင်၊ လယ်ရှင် ထန်းတောများ၏သခင် ဒေါ်ဘုမက ညီ အစ်ကိုနှစ်ယောက်စလုံးကို ငှားထားခြင်း ဖြစ်သည်၊

ပထမည၌ အစ်ကိုစိန်လက်ညိုးက တီးမည်၊ ဒုတိယညတွင် ညီငယ်စိန် လက်သန်းက တီးမည်၊ နောက်ဆုံး တတိယညတွင် ညီအစ်ကိုနှစ်ယောက် လက်ဝဲလက်ျာဆိုင်းဖြင့်အပြိုင် သူ့နိုင်ကိုယ်နိုင်ကြဲကြမည်၊ ဘယ်လောက်များ ကောင်းလိုက်မည့်ဆိုင်းလဲ၊ ဘယ်လောက်မြိုင်ဆိုင်လိုက်ပါမည်လဲ ...၊

သူကြီး ဦးပြောမောင်သည် စဉ်းစားရင်း ကြက်သီးတွေ တဖြန်းဖြန်း ထလာကာ တံတွေးကိုမျိုချနေရသည်၊ သည်လိုပွဲမျိုး လွတ်ရိုးထုံးစံ ရှိရိုးလား။ ယခုပင် ရွာကို ရောက်ချင်လှပေပြီ၊

ဦးပြောမောင်သည် တူတော်မောင် ထူးကျော်ကို ညဦးယံကတည်းက လှည်းထွက်ရန် အရေးတကြီး ညွှန်ကြားနေပေသည်၊ ထူးကျော်သည် လှည်း ဘီးတွေကိုကြည့်ရှုစစ်ဆေးကာ ဝင်ရိုးတွေကိုအမဲဆီထည့်တန် ထည့်သည်၊



ထူးကျော်သည်၊ နွားတွေကိုအစာကျွေး ရေတိုက်သည်။ ပစ္စည်းပစ္စယတွေကို စုံစေ့အောင်၊ မကျန်ရစ်ရလေအောင် ထုပ်ပိုးကာ လှည်းပေါ်တင်ရသည်၊

ညနေထမင်းစားပြီးသည်နှင့် ခရီးထွက်ရမည်၊

သည်ညလသာသည် လှည်းမောင်း၍အဆင်ပြေမည်၊ ရွာစဉ် သုံးလေး ငါးရွာခန့်ကိုဖြတ်ပြီးမှ ညောင်ကန်ကို ရောက်မည်ဖြစ်ရာ သက်ကြီးခေါင်းမရျ ခင် ရွာရောက်မည်ဟု ခန့်မှန်းရသည်၊ ထူးကျော်သည် နွားစာကို ဂုန်အိတ် နှင့်ထည့်ကာ လှည်းပေါ်တင်သည်၊

ဦးပြောမောင်က ရေချိုးရန် မြစ်ဆိပ်သို့ ထွက်သွားသည်၊

ဆယ်ရွာသူကြီး ဦးပေတုံးကို နှုတ်ဆက်ပြီး လက်ဆောင်တချို့နှင့် ည ဘက် လသာသာတောလမ်းခရီးကို ဖြတ်သန်းလာကြသော ညောင်ကန်ရွာ သူကြီးဦးပြောမောင်သည် လှည်းမောင်းနေသော တူတော်မောင် ထူးကျော် ကို လှမ်းကြည့်လိုက်ကာ ...

"ထူးကျော်ရေ - ပုံမှန်ပဲမောင်းပါကွယ်။ ညဘက်ဆိုတော့ နွားတွေလည်း မပင်ပန်းပါဘူးကွယ်၊ သက်ကြီးခေါင်းရျမတိုင်မီ ရောက်ပါတယ်ကွယ်"

"အဘပဲ ရွာကို ရောက်ချင်ဇောက များနေတာ"

"ဟကောင်ရဲ့ - ဒီလိုပွဲမျိုးက တစ်နှစ်တစ်ခါတောင် ကြုံရလို့လားကွယ့်၊ အလှူရှင်က ဖိတ်ဦးမှ ပွဲသွင်းဦးမှ စိန်လက်သန်းနဲ့ စိန်လက်ညိုးဆိုတာ ထိတ်ထိတ်ကြဲတွေလကွ၊ ဘယ်သူပဲဖြစ်ဖြစ် ကြည့်ချင်ကြတာပဲ"

စကားသံတွေ တိတ်ဆိတ်သွားပြန်သည်၊ လှည်းသည် ချူသံတလွှင် လွှင်ပေးကာ အေးအေးမှန်မှန် မောင်းနှင်လျက် ရှိပေသည်၊

လသားရက်မို့ လမင်းသည် ပြည့်ပြည့်ဝဝ မသာသည့်တိုင်အောင် လင်းလင်းထင်းထင်းရှိပေသည်။ ညသည် တိတ်ဆိတ်လျက်ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လှည်းလမ်းတစ်လျှောက် ပတ်ဝန်းကျင်ရှုခင်းများကို တွေ့မြင်နေရပေသည်။ လမ်းဘေးဝဲယာ ဆူးရစ်ချုံပုတ်များ၊ ထနောင်းပင်၊ ထန်းတောတို့ကို လရောင်ရွှန်း ပြက်ပြက်အောက်ဘက်တွင် ကြည်နူးဖွယ် တွေ့မြင်နေရသည်။

ထူးကျော်သည် နင်တံကို တစ်ချက်ဝင့်လိုက်သည်။

"မြန်း"



သူ ကြားလိုက်ရသည့်အသံမှာ ဆိုင်းသံပင် ဖြစ်သည်။
ကျယ်လောင် ဝီသသော အသံမဟုတ်သော်လည်း
ဆိုင်းသံမှန်း သိသာသေချာသည်။ သူသည် အသံကို
နားစွင့်ရင်း ထူးကျော်ကို လှမ်းကြည့်လိုက်တော့ ထူးကျော်
သည် ဘူးခွေမပျက်။ ကြားပုံမရ။ ထိုစဉ် တောချွေးသော၊
ရွာချွေးသော မသေချာသည့် ချွေးတစ်ကောင်၏
ရှူးရှူးဝါးဝါး အူသံထွက်ပေါ် လာသည် …



"ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင် …
ပျိုတို့မောင် ယာမလုပ်တယ် …
ဝါးခုတ်တဲ့တောင် …."

အသံပြဲကြီးဖြင့် ဟစ်အော်လိုက်ပေရာ တိတ်ဆိတ်နေသော ညယံကို ကျယ်လောင်စွာ ထွင်းဖောက်သွားခဲ့ပေသည်။

တစ်ခါတစ်ရံ ခပ်နိမ့်နိမ့် ပျံသန်းသွားသော ညငှက်များကို တွေ့ရသည်။ လရောင်အောက်တွင် ထန်းတဲကလေးများ၊ ယာစောင့်တဲကုပ်ကုပ်ကလေး များကို ရိပ်ခနဲ ရိပ်ခနဲ တွေ့ရတတ်ပေသည်။ လှည်းဘီးအိသံ၊ နွားနှာမှုတ်သံ၊ ကြိမ်ဝင့်သံမှလွဲ၍ ပတ်ဝန်းကျင်သည် တဖြည်းဖြည်း တိတ်ဆိတ်လာပေ သည်။

သည်လိုနှင့် မရပ်မနား မောင်းနှင်လာခဲ့ရာ မှုန်ပျပျ ရွာစဉ်ရွာတန်း ကလေးတွေကို ကျော်ဖြတ်လာပြီး အချိန်အားဖြင့် နာရီဝက်ကျော်ကျော်ကြာ နှောင်းလာပြီ။ သို့သော် – ညောင်ကန်ရွာကိုရောက်ဖို့တော့ ခရီးလေးပုံတစ်ပုံ ခန့်သာ ကျိုးသေးပေရာ တော်တော်လှမ်းနေပေသေးသည်။ ယခုဆိုလျှင် စက်နာရီ (၇) နာရီခန့်တော့ ရှိမည် ခန့်မှန်းရသည်။

"ထူးကျော် – ဆေးလိပ်ဖွာဦးမလားကွယ့်"

"ဟုတ်ကဲ့ – အဘ၊ ပါးစပ်ချဉ်လာပြီ၊ တစ်ဖွာ နှစ်ဖွာလောက်"

ဦးဗြောမောင်သည် လွယ်အိတ်ထဲမှ ပြောင်းဖူးဖက်ဆေးလိပ်နှစ်လိပ် ထုတ်ကာ မီးခြစ် ခြစ်သည်။ မီးညှိသည်။ မီးစွဲလျှင် တစ်လိပ်ကို ထူးကျော်ကို လှမ်းပေးလေသည်။

"ရော့ – ဖွာကွာ၊ ရွာရောက်ဖို့ကြာဦးမှာ"

ထူးကျော်က နဖားကြိုးကို ကိုင်ထားလျက်က ဆေးလိပ်ကို လှမ်းယူ သည်။



www.burmeseclassic.com

www.burmeseclassic.com

ညကား လရောင်မလင်းတလင်းအောက်တွင် ရွှန်းပြက်လျက်ရှိပေသည်။ ဦးဖြောမောင်တို့ တူဝရီးနှစ်ယောက်သည် စကားပြောလိုက်၊ ဆေးလိပ်ကလေးဖွာလိုက်နှင့် စိတ်အေးလက်အေး စီးနင်းလျက် ရှိသည်။

ပတ်ဝန်းကျင်တွင် နွားခလောက်သံ၊ လှည်းဘီးဝင်ရိုး တအီအီမြည်သံ တစ်ချက်တစ်ချက် နွားဖေါက်သံတို့သာ ထွက်ပေါ်လာတတ်ပေသည်။ သည်လိုနှင့် လသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ညသည် ပို၍ နက်ရှိုင်းလာသည်၊ အညာနွေ၏ ထုံးစံအတိုင်း နေ့ပူ ညချမ်း လေသရမ်းဟု ဆိုရမည့် အခါကာလကလေးပင်ဖြစ်ပေရာ တစ်စတစ်စ အေးမြလာသည့်အလျောက် ဦးဖြောမောင်သည် ဝတ်ထားသောတိုက်ပုံ ဖျဉ်ကြမ်းကလေးကို ဆွဲ၍ စေ့လိုက်ရလေသည်။

"ဟေ - ထူးကျော်ရေ၊ ချမ်းသကွဲ့၊ အင်္ကျီကြယ်သီး လည်ပင်းစေ့ထားကွဲ့"

"ရပါတယ် - အဘ၊ ဒီလိုအေးတော့ လှည်းမောင်းရတာ အဆင်ပြေတာပေါ့"

ဦးဖြောမောင်သည် လှည်းတိုင်ကိုမှီကာ ခြေဆင်းရင်း ဆေးဖပ်ါလိပ်ကြီး တဖွားဖွား ဖွာရှိုက်ကာ လိုက်ပါလာသည်။ သူ့ဘေးတွင်တော့ မြို့ပိုင် ချီးမြှင့်ထားသော နှလုံးပြူးသေနတ်ကြီးက ငြိမ်သက်လိုက်ပါလာလျက် ရှိပေသည်။

လမ်းကြမ်းသော ယာရိုးများ၊ မြောင်ကလေးများ၊ ကမူအဆင်းအတက် ကလေးများကို ဖြတ်ကျော်လျှင်ဖြင့် လှည်းမောင်းကျွမ်းကျင်မှ ဖြစ်ပေမည်။ ထိုအခါမျိုးတွင် နှစ်ယောက်စလုံး ဆင်းရသည်။ ဝင်ရိုးမကျိုးအောင် ဂရုစိုက်ရပေသည်။

"ဟေ့ - မောင်ထူးကျော်၊ ငါတို့အလာတုန်းက ဒီခရီးကိုဖြတ်ခဲ့တာ ဟုတ်ရဲ့လားကွယ့်"

"ဟုတ်ပါတယ် - အဘ၊ ခုပဲ သူငယ်အိပ်ရှိန်တောင်ကျော်လာပြီ၊ နောက် အင်္ဂလိပ်နာရီ (၂)နာရီလောက်ဆို ရောက်ပြီထင်တယ် - အဘ"

ဦးဖြောမောင် လှည်းဆောင်သည့်ဒဏ်ကို တစ်ချက်ညည်းညူရင်း ...



"အင်း - အပုံလိုသေးတာကိုး၊ ခပ်သော့သော့နင်ကွဲ့"

လှည်းသည် ဆက်လက်ရွေ့လျားလျက်ရှိသည်။ ဦးဖြောမောင်သည် လုံးဝတိုသွားပြီဖြစ်သော ဆေးဖပ်ါလိပ်ကြီးကိုမီးသတ်ကာ လမ်းဘေးဆူးချုံချုံတောထဲ လွှင့်ပစ်ရန် လက်လှမ်းလိုက်စဉ်မှာပင် လေစီးကြောင်းထဲတွင် မျောလွင့်လာသည့်အသံတစ်သံကိုကြားလိုက်ရသည်။ အသံသည် လေတိုးသံမဟုတ်၊ တခြား ညဘက်စီးနင်းသည့် တခြားလှည်းသံမဟုတ်၊ ဘယ်လိုပါလိမ့်၊ ပတ်ပတ်လည်တွင် ရွာစဉ်တွေမရှိ၊ လရောင်အောက်မှ သစ်ပင်ချုံပုတ်တွေသာ ရှိသည်၊ အသံသည် ထူးခြားသည်။

သူကြားလိုက်ရသည့်အသံမှာ ဆိုင်းသံပင်ဖြစ်သည်၊ ကျယ်လောင်စီသ သော အသံမဟုတ်သော်လည်း ဆိုင်းသံမှန်း သိသာသေချာသည်။ သူသည် အသံကို နားစွင့်ရင်း ထူးကျော်ကို လှမ်းကြည့်လိုက်တော့ ထူးကျော်သည် ဣန္ဒြေမပျက်ကြားပုံမရ၊ ထိုစဉ်တောခွေးလော၊ ရွာခွေးလော မသေချာသည့် ခွေးတစ်ကောင်၏ ရူးရူးဝါးဝါး အူသံထွက်ပေါ်လာသည်။

"အူး - ဂူး - ဝူး"

ခွေးအူသံ ဆုံးသည်နှင့် ဆိုင်းသံသည် လေတွင်စုန်ကာ မျောလာလေသည်၊ ဆိုင်းသံဟု ဆိုလိုက်သည်နှင့် ဦးဖြောမောင်သည် အိုင်ယာလန်ထိ ပေါက်သကဲ့သို့ မျက်နှာတစ်ခုလုံး သကာရေလောင်းသကဲ့သို့ ဝင်းထိန် ချိုမြသွားကာ ...

"ဟေ့ - ထူးကျော်၊ ကြားလိုက်သလားကွယ့်"

ထူးကျော်သည် လှည်းအမောင်း မပျက်၊ နောက်သို့လည်း မကြည့်ဘဲ နှင့် ...

"ကြားလိုက်တယ် - အဘ"

"ဘာကြားလိုက်တာတုံးကွယ်"

"ခွေးအူသံလေ"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဖြောမောင်၏ မျက်နှာကြီးသည် ခရမ်းသီးမီးဖုတ်ကြီးကဲ့သို့ ညိုမည်း ရှုံ့တွသွားလေသည်။ စိတ်လည်း တိုသွားပုံရသည်။

"ခွေးအူသံကို မင်း ပြောမှလားကွ၊ ငါလည်း ကြားတာပေါ့၊ ငါကြားတာ က ဆိုင်းသံကွ - ဆိုင်းသံ"

ထူးကျော်သည် နားမလည်ဟန် မျက်နှာထားဖြင့် ဦးဖြောမောင်ကို လှည့်၍ကြည့်လေ၏။

"ကျွန်တော် တကယ်မကြားလို့ပါ - အဘ၊ လှည်းသံ၊ နွားသံနဲ့ဆိုတော့ အသံတွေက ရှုပ်နေတာလေ"

နွားလှည်းသည် ရှေ့ဝါး ငါးပြန်ခန့် ခပ်သွက်သွက်နှင်လိုက်သည်၊ လှည်း၏ ဘယ်ဘက်ခြမ်းတွင် အရျိုးအဆက် မညီညာသော တောင်ကုန်းကလေး တစ်ခု ရှိသည်။ ညာဘက်ခြမ်းတွင် ကျယ်ပြန့်သော တမျှော်တခေါ် ယာတော ထန်းတော။

ဆိုင်းသံသည် ပီသကြည်မြစွာ လေစုန်ထဲတွင် ဆက်၍မျောပါလေ သည်၊

"ဟုတ်တယ်ဗျို့- အဘရေ - ဆိုင်းသံဗျ"

"ငါ ပြောသားပဲ"

လှည်းသည် ပို၍သွက်ကာ မြန်ဆန်စွာ ရွေ့လျားလာသည်။ သူတို့သည် လက်ဝဲဘက် တောင်ကုန်းကလေးကို ကျော်ဖြတ်လိုက်သည်နှင့် ...

ဘွားခနဲ တွေ့လိုက်ရသည့် မြင်ကွင်းကား ...၊

ကြီးမားသော ရွာတန်းရှည်ကြီး၏အလယ်တွင် လျှပ်စစ်မီးရောင်တထိန် ထိန်နှင့် ဇာတ်ပွဲကြီးတစ်ခုကျင်းပနေသည်ကို ရုတ်တရက် တွေ့လိုက်ရသော ကြောင့် ပေတည်း။

"ဟား ..."

"ဟေး"

"ဒါကြောင့် - ငါပြောသားပဲ၊ ဆိုင်းသံ ကြားပါတယ်လို့"



သူတို့၏ မျက်ဝန်းရှေ့လရောင်ဖွေးနနအောက်ကို မြင်လိုက်ရသည့် အရာကား မီးရောင်စုံ တထိန်ထိန်ဖြင့် လင်းပနေသော ပွဲခင်းတစ်ခု ဖြစ်ပေ သည်။ ပွဲခင်းရှေ့တွင် ဈေးမလူ့အုပ်ကြီးက နေရာယူကာ တဝေါဝေါ ဆူညံနေ သည်၊ စကားပြောဆိုသံ၊ ရယ်သံ၊ ကလေးငယ်များ၏ အော်ဟစ်ပြေးဆော့ ကစားသံဖြင့် အသက်ဝင်လှပေသည်။ ပွဲကတော့ မထွက်သေးပေ၊ လုံးဝ မထွက်သေးသည်လား၊ ဒါမှမဟုတ် တစ်ခန်းရပ် နားထားသည်လား ဝေခွဲ မရပေ၊ ဇာတ်စင်ကို ဈေးမကတ္တီပါ ကြက်သွေးရောင် ပိတ်ကားတွန့်ကြီးဖြင့် ဖြန့်ချထားကာ ရောင်စုံမီးများဖြင့် လှပခန်းနားလှသည်၊

ရွာမှာ ရွာတန်းရှည်ဖြစ်ကာ ဇာတ်ပွဲကို အကြောင်းပြု၍ တစ်ရွာလုံး မီးရောင်တထိန်ထိန်နှင့်ရှိသည်၊ ဈေးသည်များ၊ ဈေးဝယ်များဖြင့် စည်ကား လှသည်၊ ဤလို တောခေါင်ခေါင်ကြီးထဲမှာ စည်ကားလှသော ရွာနန့်ကြီး တစ်ရွာ ရှိလိမ့်မည်ဟု မည်သူမျှ ထင်မြင်လိမ့်မည် မဟုတ်ပေ၊ စဉ်းစားမိလိမ့် မည် မထင်ပေ၊

ဦးဖြောမောင်သည် ပျားပန်းခတ်မျှ ပုရွက်ဆိတ်အုံတမျှ ဆူညံစည်ကား နေသော ပွဲခင်းကြီးကို အံ့ဩတကြီး လှမ်းမျှော်၍ ငေးကြည့်နေမိလေသည်၊ ယခုချိန်မှာတော့ နွားလှည်းကလေးသည် သာသာရှုရှုသာ ရွေ့လျားနေတော့ သည်၊ ထူးကျော်သည် ဇက်ကြိုးကို ဆွဲထားသည်၊

ပွဲခင်းသည် ရွာကို ကျောပေးကာ ခင်းကျင်းထားဟန် ရှိသည်၊

ဦးဖြောမောင်သည် ပင်ကိုကပင် ဇာတ်၊ ဆိုင်း ဝါသနာလွန်ကဲစွာ ပါသူ ဖြစ်ရကာ ပွဲခင်းကြီးကိုမြင်လိုက်သည်နှင့် ဇာတ်ပိုးသည် ငုပ်လျှိုးနေရာမှ ကြွတက်လာလေသည်၊ မိမိရွာ ညောင်ကန်ရွာကို သက်ကြီးခေါင်းချအချိန် ရောက်ရှိရေး၊ နောက်တစ်နေ့အလှူတွင် စီမံကွပ်ကဲရေး၊ အလှူတွင် ပါဝင် မည့် ဇာတ်ပွဲကိစ္စ၊ ဆိုင်းကိစ္စများ၊ မိမိ၏ မိသားစုအရေး၊ လူမှုရေးကိစ္စများကို လုံးဝ မေ့လျော့သွားတော့သည်၊

"ဟီး - ဟီး - ဟီး - ပွဲကွ - ဇာတ်ပွဲ - ဇာတ်ပွဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား - ဟား - ဟုတ်တယ် အဘရေ၊ သွားရင်းလာရင်း စားစရာကြုံတော့ အလှူပွဲတွေသလိုပဲ အဘရ"

ထူးကျော်ကလည်း ဘမျိုးဘိုးတူ ဇာတ်စင်မြင်လိုက်သည်နှင့် နဖားကြိုးကိုတုံ့ခနဲ ဆွဲကာ ကြိမ်ဖြင့်တဖြည်းဖြည်းရိုက်ပေလေသည်။ ထိုစဉ် နွားနစ်ကောင်သည် ရှေ့သို့ဆက်မတိုး၊ နောက်လည်းမဆုတ်နိုင်ဘဲ နှာယက်ကာ တဖူးဖူးနှင့် နှာမှုတ်လေသည်။

"ဟဲ့ - ဒီနစ်ကောင် ဘာဖြစ်နေတာတုံး"

"ဟုတ်တယ် - ပေကတ်ကတ်နဲ့၊ သေသွားချင်တယ် ထင်တယ်"

ကြိမ်နှင့် တစ်ချက်၊ နှစ်ချက် ရိုက်လိုက်မှ နှာတဖူးဖူးမှုတ်ရင်း တစ်လှမ်းနှစ်လှမ်း ရွေ့လေသည်။ နွားတွေ ရှေ့မတိုးချင်တော့။

ဦးမြောမောင်သည် ပွဲဇာတ်စင်ကိုကြည့်ကာ ခုန်ဆင်းရမလို လှည်းပေါ်မှာပင် မတ်တတ်ရပ်ရမလို ဖင်တကြွကြွ ဖြစ်နေလေသည်။ ဇာတ်ရှုးမို့ ဇာတ်ပိုးက ခန္ဓာကိုယ်ထဲမှာ ထကြွလာလေပြီ။

ထိုစဉ် ဇာတ်စဉ်ရှေ့ဆိုင်းဝိုင်းဆီမှ ဆိုင်းဝိုင်းစ၍တီးခတ်လေပြီ။ ဦးမြောမောင် မနေသာတော့၊ ခန္ဓာကိုယ်ထဲမှ ဇာတ်ပိုး ဇာတ်သွေးတွေ ရှန်းကြွလာလေပြီကော။

"ထူးကျော်ရေ - တွမ်းတစ်ရာလောက် အကြာ ရပ်ကြည့်ကြစို့လား။ ပြီးမှ သွားတာပေါ့ကွယ်၊ ဘယ်ဇာတ်လည်းဆိုတာ သိရတာပေါ့"

ထူးကျော်ကလည်း ငိုချင်လျက် လက်တို့ ဖြစ်သွားသည်။

"အဘသဘော - အဘသဘော"

ဆိုင်းဝိုင်းဆီမှ ပတ်ဝိုင်းသံ၊ ကြေးနောင်သံ၊ ပတ်မတီးသံကြားရလေပြီ။ ထူးကျော်သည် လှည်းကိုဇာတ်စင်နှင့် ခပ်လှမ်းလှမ်းကြည့်၍ ထင်ထင်ရှားရှားမြင်သာသည့်နေရာတွင် လှည်းကိုရပ်လိုက်သည်။ ရပ်လိုက်သည့်နေရာနှင့် ဇာတ်စင်မြင်ကွင်းက ကောင်းလှသည်။ အတိုင်းသား ရှင်းလင်းစွာမြင်နေရသည်။ ဇာတ်စင်၏ရှေ့တွင် သူတို့နွားလှည်းတစ်စီးတည်းသာ ထင်ထင်ရှားရှား ဖြစ်နေသည်။



လသာသာည၊ မီးတထိန်ထိန်ပွဲခင်း။ အခန့်သင့်လိုက်လေကွယ်၊ ဦးမြောမောင်သည် လှည်းနံရံကိုမှီကာ နစ်လုံးပြူးသေနတ်ကြီးကို ပေါင်ပေါ် တင်လျက် ဇာတ်စင်ဘက်ဆီသို့ဝေးနေလေသည်။ ထူးကျော်ကမီးသေသွားသော ဆေးလိပ်ကို မီးညှိကာ တရဲရဲဖွာနေသည်။

ဆိုင်းက တထိတ်ထိဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ စောစောက လှုပ်လှုပ်ရွရွ ဖြစ်နေသော ပွဲခင်းထဲမှ လူများသည် ကိုယ့်နေရာကိုယ် ထိုင်ကာ ငြိမ်သက်သွားကြလေပြီ။

ဦးမြောမောင်၏ မျက်ဝန်းများက ဇာတ်စင်၏ ခပ်လှမ်းလှမ်းရှိ အလှူမဏ္ဍပ်ဆီ စူးစမ်းသောအကြည့်ဖြင့် ရောက်လျက်ရှိသည်။ ရွာထဲမှ သူဌေးအလှူလား၊ ဒါမှမဟုတ် သူကြီးအလှူလားမဆိုနိုင်ပေ။

ဦးမြောမောင် လှမ်းကြည့်နေစဉ်မှာပင် မဏ္ဍပ်ထဲမှ စုံတွဲတစ်တွဲ ထွက်လာလေသည်။ ယောက်ျားရော မိန်းမပါ အသားမည်းမည်း၊ ဝဝတုတ်တုတ်ကြီးများဖြစ်သည်။ မိန်းမကြီးသည် ဆံထုံးမြင့်မြင့်ကြီးကို ထုံးထားပြီး တစ်ကိုယ်လုံး ရွှေတွေ ညွတ်နေအောင် ဆင်ထားသည်။ ယောက်ျားကြီးက ဖျင်တိုက်ပုံ၊ တုတ်ကောက်ကြီးကိုကိုင်ကာ မဏ္ဍပ်ထဲမှ ကားရားကားရား ထွက်လာကြသည်၊ သူတို့နှစ်ယောက်သည်ဦးမြောမောင်လှည်းရှိရာသို့တန်းတန်းမတ်မတ် လျှောက်လာခြင်းဖြစ်ပေသည်။

လှည်းအနီးသို့ ရောက်သည်နှင့် ယောက်ျားကြီးက ဦးမြောမောင်ကို ...

"ဟာ - သူကြီးမင်းပါလား ခင်ဗျာ၊ ပွဲလာကြည့်သကိုး"

ဦးမြောမောင်သည် တစ်ချက်မျှ ပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ် - ညောင်ကန်ရွာသူကြီးပါ၊ လမ်းကြုံရင် ညဘက်ခရီးသွားရင်း ပွဲကနေတာ မြင်တာနဲ့ ဝင်ကြည့်တာပါ"

မိန်းမကြီးသည် တဟီးဟီး ရယ်ကာ ...

"ကြည့်ပါ - ကြည့်ပါရှင်၊ အပြီးအထိ ကြည့်လို့ရပါတယ်၊ လှည်းပြုတ်လိုက်ပါလား - ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"မဖြုတ်တော့ပါဘူး - ခဏနေပြန်ကြမှာပါ။ ညောင်ကန်ကို အချိန်မီ ပြန်ဖို့ ရှိလို့ပါ"

"ဒါဆို - စားစရာ သောက်စရာကလေးများ သုံးဆောင်ပါဦး"

မိန်းမကြီးက သဘောကောင်းပုံရသည်။

"နေပါစေဗျာ - ဘာမှ မစားတော့ပါဘူး"

"အို - မဟုတ်တာပဲ သူကြီးမင်းဘုရား။ တစ်ခုခု သုံးဆောင်ပါရှင်"

မိန်းမကြီးသည် ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ကြီးနှင့် မလိုက်ဖက်စွာ အလျှင်မကျွပ်ဆီသို့ ပြန်လျှောက်သွားသည်။ ဇာတ်ပွဲသည် ဆိုင်းသံဖြင့် လွှင့်ပျံလာသည်။

ခဏကြာလျှင် မိန်းမကြီး ပြန်ရောက်လာပြီး ...

"စားကြပါ - သောက်ကြပါရှင်၊ အားမနာကြပါနဲ့။ ကြုံကြိုက်တုန်းပေါ့၊ သူကြီးမင်း ဘုရား"

ယွန်းလင်းပန်းကြီးထဲတွင် လက်ဖက်များ၊ မုန့်များ စုံလင်စွာထည့်လာကာ လှည်းနောက်သို့ ချပေးထားလေသည်၊ ထို့နောက် မကျွပ်သို့ယောက်ျားကြီးကိုခေါ်ကာ ပြန်ထွက်သွားလေသည်၊ ဆိုင်းသံက ဆူညံစွာ မြည်လာသည်၊

ပွဲကား မြိုင်ဆိုင်လှလေသည်၊ ဆိုင်းချက်က စည်းဝါးကိုက်လှသည်၊ ထိုစဉ် ဇာတ်ပွဲ၏ အဖွင့်လိုက်ကာကြီး မြင့်တက်သွားကာ မင်းသားနှင့် မင်းသမီး ပေါ်လာသည်၊ မင်းသား၏အသားအရောင်ကား မည်းပြာလှသည်၊ မျက်နှာရှည်ရှည် စုတ်ချွန်းချွန်းနှင့် ဖြစ်သော်လည်း မင်းသမီးကတော့ ကြည့်ပျော်ရှုပျော် ဖြစ်သည်၊ ကိုယ်လုံးကိုယ်ပေါက် မဆိုးဟု ထင်သည်၊

မင်းသားသည် မင်းသမီး၏လက်ကို ပိုင်ပိုင်နိုင်နိုင်ဆွဲကာ ညာခြေ ညာလက်ကို မြှောက်ကာ လက်ချိုး၍ ထွက်လာသည်၊ ကြည့်ရသည်မှာ မင်းသား၏ ဟန်ပန်သည် ကိုးရိုးကားရား နိုင်လှသည် ထင်သည်၊ ဇာတ်မင်းသား စစ်စစ်မဟုတ်ပါလေစ၊ အရပ်ပြဇာတ်မင်းသားလော၊ ဒါမှမဟုတ် ဇာတ်ဆရာ လူပြက်ပေလော၊ နည်းနည်းအူကြောင်ကြောင် နိုင်လှသည် ထင်သည်၊



ထိုစဉ် မင်းသမီးသည် မင်းသားလက်ထဲမှ ရုတ်တရက် လက်ဖြုတ် ရုန်းထွက်လိုက်ကာ တစ်ယောက်တည်း ဆိုင်းချက်နှင့်အညီ အားပါးတရက,လေသည်။ ပရိသတ်ကိုကျောပေးကာ တင်ပါးလှုပ်၍ကသည်။ ရင်လှုပ်၍ကသည်။ ထူးကျော်သည် တဟီးဟီးရယ်ကာ သဘောကျလေသည်။

"တော်တော်အကကောင်းတာပဲ။ ဒါ - ဘီလပ်ကလာတဲ့ခေတ်ဆန်ဆန် ကကွက်ဖြစ် လိမ့်မယ်။ ကြည့်စမ်း - ဖင်ကော ရင်ကောလှုပ်ပြီး ကနေလိုက်တာ၊ ဟီး - ဟီး - ဟီး - ဟင်း - ဟင်း"

ဦးမြောမောင်သည် မင်းသမီး၏ ကကွက်ဆန်းကိုကြည့်ကာ မျက်နှာပူကာ မျက်စိမျက်နှာ ပျက်နေလေသည်၊ ထူးကျော်ကိုကြည့်လိုက်တော့ တဟီးဟီး ရယ်ကာ သဘောကျနေလေ၏။ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်း။

"တောက် - ဘယ်လို ဇာတ်လဲကွာ။ ငါတော့ အညာတစ်ခွင်မှာ ဒီလို ခပ်ပေါပေါ ဇာတ်အဖွဲ့မတွေ့ဖူးသေးဘူး၊ ခက်ကရောပဲ။ မြန်မာ့ဇာတ်သဘင်ကို ဖျက်တဲ့ ဖင်လှုပ်အကပဲ"

ထိုစဉ် ဆိုင်းချက်က ပြောင်းသွားသည်၊

"ဗေထိ - ဗေထိ - နောင် - နောင်"

လိုက်ကာ၏ ဝဲယာနှစ်ဖက်မှ ပုဆိုးကွက်တုံး အကျီစွပ်ကျယ် လက်ပြတ်နှင့် လူရွှင်တော်နှစ်ယောက် မျက်နှာပြောင်စပ်စပ်နှင့် ထွက်လာပြန်သည်၊

"ဒုက္ခပဲ - ဘာတွေများ မျက်စိနောက်အောင် လုပ်ဦးမလဲ မသိဘူး၊ ရှေ့ မျက်နှာနောက်ထားပြီး ကြည့်ရဦးမှာပဲ"

လူပြက်နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ရိုက်ပုတ်ကာ ဇာတ်စင်ပေါ်လှည့်၍ ပြေးနေသည်၊ ပရိသတ်က ဘာကို သဘောတွနေသည် တဝါးဝါး ရယ်နေပြန်သေး၏။

ဦးမြောမောင်သည် တစ်ချက်ညည်းညူသည်၊

www.burmeseclassic.com

"သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ ဟုတ်နေသကိုး"

မင်းသမီးသည် ဖင်လိမ်အကမပြတ်သေး၊ ထိုစဉ် မင်းသားသည် စုန်ပေါက်ကနေရာမှ မင်းသမီး လက်ကို ဆတ်ခနဲ ဆွဲသည်၊ ထို့နောက် - စကားပြောခွက်အနီးသို့ တိုးကပ်ကာ အောက်ပါအတိုင်း ဟစ်လေတော့သည် တကား။

(မြိုင်ဝေဟန်)?

ရေတံခွန်စိမ့်စမ်း ... လွမ်းဖွယ်ဖြာ ...

မွှေးရနံ့ စုံလှိုင်စွာ ... ဆင်ရ[illegible]တယ်နော်ကွယ် ...

အယ် ... ဟယ် ... ဟယ် ...



မင်းသမီးသည် ရပ်[illegible]ပြလိုက်ရာ

လျှာသည် ပါးစပ်[illegible]ကျော်ခန့်ရှည်၍

ထွက်ကျလာသည်။ ဧရာမလျှာကြီးက ထုတ်ချည်ဝင်ချည်။

လျှာပြားကြီး ဖြစ်လေသည်။ ပရိသတ်သည် တဝါးဝါး

ပွဲကျပြန်သည်။ မင်းသားသည် စုန်၍စုန်၍ ထွက်လာသည်။

ခြေကားရား လက်ကားရား ထွက်လာသည် ...



မင်းသားသည် အော်ရင်းနှင့် ရုတ်တရက် အသံဝင်သွားသည်၊ ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်၊ မင်းသားသည် ချောင်းဟန့်လိုက်သည်၊

"အဟမ်း - အဟမ်း"

ပင်မြင့်မြတ်ရွှေအာကာ ...

တသန့်ဟိုမှာနော်ကွယ် ...

ရန့်ရှိုးစွာ တစ်ပင်လုံးနော ...

မင်းသားသည် သံကုန်ဟစ်လေသည်၊ ဦးမြောမောင်သည် ပထမဦးဆုံး အကြိမ်ခေါင်းညိတ်လိုက်သည်၊

"တယ်လာတဲ့ ကောင်ပါလား၊ မြိုင်ထကို ဟဲနေတာကိုး၊ အင်း - မဆိုးပါဘူး"

မင်းသားသည် ဆိုလိုက်၊ ကလိုက် မင်းသမီးလက်ကို ဆွဲလိုက်နှင့် ရှိသည်၊ လှုပြက်နှစ်ယောက်ကလည်း ဇာတ်စင်ပေါ်မှ အပြောင်အပြက် လုပ်ပြနေသည်၊ အောက်မှ ပရိသတ်က တဝါးဝါး ...၊

မြိုင်ဝနာ တစ်ခွင်မှာ ...

မောင်ကဖေမြင်ရှုံနှင့်မော ...

ကျေးသံငှက်သံနော ... ပြော ... ပြောကြသကို ...

ခေါင်းအိုးသံတွေ ညင်း ... ဖင် မင်းဖေ ဝီရှာ ...

အဟာဟား ... အဟာဟား ... အဟာ ဟား ...

မင်းသားသည် လျှာထုတ်ကာ မင်းသမီးကို ပြောင်ပြပြန်လေပြီ၊

ဦးမြောမောင်သည် မုင်တက်ကာ ကြောင်စီစီဖြစ်နေသည်၊ ထူးကျော်တတော့ တဟဲဟဲ ...၊

"အင်း - ရိုးမွမ်းလို့ မဆုံးသေးဘူး၊ ရွှေမသားက ဖောက်လာပြန်ပြီ"

မင်းသားသည် မင်းသမီးလက်ကို ဆွဲကာ ညာခြေမြှောက်ကာ [illegible]သည်၊ မင်းသမီးကလည်း မခို့တရို့ ...

www.burmeseclassic.com

ဂူရှောင်သခ်မ်းနော်ဗျာ ...

သူယောင်ပင်လှမ်း ...လှမ်းကြရှာ ...

ဟား ... ဟား ... ဟား ... အဟေ့ ...

(အိုဂနိုင်တွင်းမှာလ ... ဗျာ)၂

မင်းသားသည် ဆက်၍ ဟစ်ပြန်သည်၊

သင်းကြူကြူ ဆင်းဖြူဖြူငွေဇလပ်တွေနဲ့

ရင်ခတ်ကယ်ခေသလာက ဝေဆာဆာ ကြိုင်ရနံ့သင်း ... ဟင်း ... ဟင်း ... ဟင်း ...

ဆိုင်းက အတီးပုဒ်ဝင်သည်။ မင်းသားနှင့်မင်းသမီးသည် လက်တွဲမဖြုတ်စတမ်းကကြပြန်လေသည်၊ လူပြက်တွေကလည်းလက်ဟန်ခြေဟန်ဖြင့် ပြက်လုံးထုတ်၏။ ပရိသတ်ကလည်း ဘာမှန်းမသိ၊ ညာမှန်းမသိ ရယ်ကြပြန်သည်၊ ရယ်သံတွေသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အတောမသတ်နိုင်ပဲ ရယ်နေကြခြင်း ဖြစ်သည်။ ဦးဖြောမောင်သည်ပင် ကြောင်စီစီ ဖြစ်သွားသည်၊

ထိုအခါ လူပြက်တစ်ယောက်က ...

"ကောင်းလိုက်တဲ့ အသံနယ်ကွယ်၊ ကောင်းဆိုမှကောင်း - ဟောင်း - ဟောင်း"

ထိုင်၍ လက်ခုပ်တီးနေရာမှ ရုတ်တရက် ထခုန်လိုက်သည်၊ ပြန်မကျဘဲ ခုန်ထွက်သလောက် အရပ်ကြီးက ရှည်ထွက်သွားသည်။ ဝါးတစ်ပြန်နီးပါး ရှည်ထွက်သွားခြင်း ဖြစ်သည်၊ ထူးကျော်သည် ကြက်သေသေ ငေးမောကာ ဦးဖြောမောင်ကို လှည့်ကြည့်သည်၊

ထိုစဉ် အခြားလူပြက်တစ်ယောက်က လက်ခုပ်တီးကာ ...

"မင်းက ဒီလိုလား - မင်းက ဒီလိုဆို ငါကလည်း ဒီလိုပဲပေါ့"

ကျန်လူပြက်သည် ခြေထောက်ဖြင့် အရပ်ကြီး ရှည်ထွက်သွားသော လူပြက်၏ တင်ပါးကို လှမ်း၍ ခြေဖြင့်ခတ်လိုက်ရာ ခြေထောက်ကြီးသည် ဝါးလုံးတစ်ပြန် စာမက သားရေပြားကြီးလို ဆန့်၍ရှည်ထွက်သွားတာ ပြည်ဖုံးကား လိုက်ကာ ထိပ်ဖျားကြိုးတန်းနှင့် သွားထိလေသည်၊

ပရိသတ်သည် ဝါးခနဲ ကျယ်လောင်စွာ ရယ်ကြလေသည်၊ လက်ခေါက်မှုတ်သံတွေပါသည်၊ ဦးဖြောမောင်သည် ဆင်ခြင်တုံတရားများ လွင့်စဉ်ထွက်သွားကာ ဒူးနှစ်ဖက်သည် တဆတ်ဆတ်တုန်ရိုက်ကာ လှည်းပေါ်မှ ခုန်ချရမလို၊ နွားလှည်းပဲ ဆက်မောင်းရမလိုဖြစ်ကာ ခေါ၌ချထားသော နှစ်လုံးပြူးသေနတ်ကို ယောင်ယမ်းကာ ဆုပ်ကိုင်လိုက်မိသည်၊ ထိုစဉ် မင်းသမီးသည် မင်းသား နားသို့ ပြေးကပ်ကာ ...

"ဒီမယ်လေ - မောင်မောင် - မောင်ရေ"

မင်းသား၏ နားရွက်ကို ဆွဲလိုက်ရာ နားရွက်ကြီးသည် နှစ်တောင်ခန့် ရှည်ထွက်သွားသည်။ မင်းသားသည် တဟားဟားရယ်၊ ပရိသတ်ကလည်း လက်ခုပ်လက်ဝါး တီးကြပြန်လေသည်။ ထူးကျော်သည် လက်တုန်ခြေတုန်ဖြစ်ကာ ...

"ဘာ - ဘာ - ဘာတွေလဲ - လဲ - ပွဲဝင်ကြည့်တာ မှား - မှား - မှားပါပြီ"

စကားတွေ ထစ်ငေါ့ကာ နဖားကြိုးကို အယောင်ယောင်အမှားမှား ကောက်ကိုင်သည်၊ သူ၏ နှလုံးခုန်သံသည် စည်းဝါးမကိုက်သော ဗုံတီးသလို မြည်လာကာ အသိဉာဏ်သည် ဗလာဟင်းလင်း ဖြစ်သွားသည်၊ ဒါ - ဒါ - ဘာ - ဘာတွေလဲ - လူတော့ လူတွေပါ။

မင်းသားသည် နားရွက်ကြီး ဘတ်လတ်ဘတ်လတ်ဖြင့် မင်းသမီးနောက်သို့ အတင်းလိုက်ပြန်သည်၊ မင်းသမီးက ခိုးခိုးခစ်ခစ်ရယ်ကာ ဖင်လိမ်၍ပတ်ကာ ပြေးသည်၊ ဖတ်စင်၏ ထောင့်ဘက်စပ်ကျကျတွင် ခါးထောက်ရပ်ကာ မင်းသားကို ပြောင်ပြန်လေသည်၊

"ဟီး - ဟီး - ဟီး"

မင်းသမီးသည် ရယ်မောရင်း လျှာထုတ်ပြောင်ပြလိုက်ရာ လျှာသည် ပါးစပ်အပြင်သို့ တံတောင်ကျော်ခန့်ရှည်၍ ထွက်ကျလာသည်၊ ရေလျှာ

www.burmeseclassic.com

ကြီးက ထုတ်ချည်ဝင်ချည်၊ လျှာပြားကြီး ဖြစ်လေသည်၊ ပရိသတ်သည် တဝါးဝါးပွဲကျပြန်သည်၊ မင်းသားသည် စုန်၍စုန်၍ ထွက်လာသည်၊ ခြေကားရား လက်ကားရား ထွက်လာသည်၊ ထို့နောက် မြိုင်ထကို ဆက်၍ ဟစ်လေသည်၊ ဦးဖြောမောင်သည် ခွေးတွေ ပြန်လာသည်၊

သင်းတပျံ့ပျံ့... ဆင်းရန့်က ကြိုင်စွာ ကြိုင်စွာ ...

ဧကါသရင်ပင်မင်း၊ ... အင်ကြင်းရွှေဝါ ...ယင်းမှာ ...

ခွတ္တာ ... ကြိုင် ... ကြိုင် ...ကြိုင်လုံးငယ် ... ငို ... ငို ... ငို ...

မြိုင်လုံးငယ် ... မြိုင်လုံးငယ်မွှေး ... ဟေး ... ဟေး ...ဟေး ...

မင်းသားသည် မြိုင်ထဆုံးသွားသည်နှင့် သူ၏ဦးခေါင်းစုတ်ဖွါန်းဖွါန်းကို လက်နှစ်ဖတ်နှင့် လိမ်ကာဆွဲလှည့်လိုက်သည်နှင့် ဦးခေါင်းကြီးသည် ပြုတ်ထွက်သွားသည်၊

"ဟေး ... ဟေး ... ဟေး"

"ဟား ... ဟား ... ဟား"

"ရှီး ... ဖြောင်း ... ဖြောင်း"

"ဟီး ... ဟီး ... ဟီး"

"ဝေးဟေးဟေး ... ဝါးဟားဟား"

မင်းသားသည် လည်ပင်းဒုတ်တိုနှင့် သူ၏ခေါင်းပြတ်ကြီးကို မွေ့ကိုင်ကာ ဇာတ်စင်၏ ဝဲယာထောင့်တွေဆီသို့ ယိုင်ထိုးယိုင်ထိုးကော့လန်ကော့ လန်နှင့် ပြေးလွှားနေလေသည်၊ ပရိသတ်ဆီမှ လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ တဝေါဝေါ ထွက်ပေါ်လာသည်၊ တချို့က ပါလာသော ဦးထုပ်၊ ခမောက်၊ မျက်နှာသုတ်ပဝါတွေကို မိုးပေါ်ကို မြှောက်ပစ်ကြလေသည်၊ ရှည်စွာ ဩဘာပေးကြလေသည်၊ ရယ်မောသံတွေ မရပ်တော့၊

"ဝေး - ဟေး - ဟေး"

"ရှီ - ရှီ - ရှီ"

"ဖျောင်း - ဖျောင်း - ဖျောင်း"



"ဒါမှ ငါတို့ မင်းသားကွ - ကောင်းလိုက်တဲ့ ပြကွက် လုပ်ပါဦး"

"ဒီထက်ကောင်းတဲ့ ပြကွက် ပြပါဦးချို့"

ဦးဖြောမောင်သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်၊ အနံ့အသက်တစ်ခုကို ရလိုက်ပေပြီ၊ ဤအနံ့ကား မကောင်းဆိုးရွားအနံ့အသက်တစ္ဆေအနံ့၊

"အမလေးဗျာ - ကယ်တော်မူပါ ဘုရား၊ ပွဲငမ်းလို့ ဖြစ်တဲ့ဒုက္ခ"

သူသည် ယောင်ယမ်းကာ အလန့်တကြား အော်ဟစ်လိုက်မိသည်၊ သူ၏ နားထဲမှာ ညည်းသံအော်သံတွေက တဖြည်းဖြည်း ကျယ်လောင်လာကာ သူ့ခန္ဓာတစ်ကိုယ်လုံးကို ဖောက်ထွင်းဝင်ရောက်ရန် စိမ့်ဝင်လာသည်ဟု ထင်မိလေသည်၊ ကြောက်လန့်လွန်းသဖြင့် သတိလက်လွှတ်ဖြစ်ကာ သူ၏ လက်ထဲမှ ရောမပြောင်းဖူး ဖက်ဆေးလိပ်ကြီးသည် ဖုတ်ခနဲ ပြုတ်ကျသွားတော့သည်၊

ထူးကျော်သည် နင်ထံကို ကိုင်ကာ အယောင်ယောင်အမှားမှားဖြစ်နေသည်၊ ထိုစဉ် နွားနစ်ကောင်သည် ရှန်းကန်ကာ တဖူးဖူး နှာမှုတ်နေတော့သည်၊ ဟိုးခပ်ဝေးဝေး တောစပ်ဆီမှ တောခွေးအုပ်စုသည် သံပြိုင်ညီညာ အူကြလေပြီ၊ ကျီးကန်းတွေလန့်ကာ ဝဲပျံနေကြသည်၊

"အူး ... ဟူး ... ဟူး"

"ဟော့ - ထူးကျော်၊ လှည်းပြင်တော့ - မြန်မြန်လှည်းပြင်တော့၊ ဒါ - ဟာ - ဟာ - လူတွေ မဟုတ်ဘူး၊ လူတွေမဟုတ်ဘူး၊ ဘာတွေလည်း မသိဘူး၊ ဟ - လုပ်ပါဟ - မြန်မြန်"

ထိုအချိန်တွင် မင်းသားသည် ခေါင်းမပါ ခန္ဓာကိုယ်ကြီးနှင့် သူ၏ ခေါင်းကြီးကို ပိုက်မွေ့ကာ လွှားခနဲ စုန်လိုက်ရာ ဇာတ်စင်ခေါင်မိုးနှင့် သွား၍ သွား၍ ထိလေသည်၊

"ဝေး ... ဟေး ... ဟေး"

ပရိသတ်၏ အော်သံ၊ အားပေးသံ၊ ရုတ်ရုတ်သဲသဲ ဖြစ်လာသည်၊

www.burmeseclassic.com

မင်းသားသည် ခုန်၍ခုန်၍ နေရာမှ ပရိသတ်ဘက်သို့ သူ၏ ခေါင်းပြတ်ကြီးကို ရှေ့မျက်နှာလှည့်ကာ မြှောက်ပြပြန်သည်။ မင်းသမီးက ဟန်ဆောင်၍ လိုက်လုသေးသည်။

"ကောင်းတယ်ဟေ့ ... ကောင်းတယ်"

"နောက်တစ်ခါ ... နောက်တစ်ခါ"

မင်းသားမှာ ပရိသတ်ဘက်သို့ မျက်နှာလှည့်ပြလိုက်လေရာမှ ခေါင်းပြတ်ကြီးသည် မျက်စိတစ်ဖက်မှိတ်ကာ လျှာထုတ်ပြလေသည်။ လျှာကြီးသည် တံတောင်ကျော်ကျော် ရှည်ထွက်လာသည်။

"ဟီး ... ဟီး ... ဟီး"

ခေါင်းပြတ်ကြီး ဆီမှ ရယ်သံ။

ဦးဖြောမောင်သည် သတိလစ်မတတ် ဖြစ်သွားသည်။ ရင်ထဲမှာ ဝမ်းတွင်း ကလီစာတွေ ကြေမွသွားသလို ခံစားလိုက်ရသည်။ ပရိသတ်လည်း ထိန်းကွပ်၍မရတော့၊ တဝေါဝေါရယ်သံတွေ လက်ခုပ်သံတွေဖြင့် ဆူညံနေသည်။

မင်းသားသည် လျှာတန်းလန်း ခေါင်းပြတ်ကြီးကို မြှောက်ကာမြှောက် ယိုင်ထိုးယိုင်ထိုးဖြင့် ခုန်ပေါက်နေပြန်သည်။ ပရိသတ်ကလည်း တားမရဆီးမရ ဆူညံလာသည်။

"ဝေး ... ဟေး ... ဟေး"

မင်းသားသည် လှည့်ပတ်ခုန်ပေါက်ပြီးနောက် ယိုင်တိယိုင်ထိုးဖြင့် ဇာတ်စင်ထိပ်သို့ လျှောက်လာပြီးလျှင် လက်ထဲမှာ ကိုင်ထားသော ခေါင်းပြတ်ကြီးကို လူအုပ်ရှိရာ ပွဲခင်းထဲသို့ ပစ်ထည့်လိုက်လေသည်။

"ရှီး - ဖြောင်း - ဖြောင်း"

ပွဲကြည့်ပရိသတ်သည် ခေါင်းပြတ်ကြီးကို သူ့ထက်ငါ ဝိုင်းလုကြလေသည်။ ရေကန်ထဲမှ အစာချကျွေးလိုက်သော ပေါက်ပေါက်ဆုပ်ကို ငါးလိပ်မကန်းတွေ အလုအယက် ဝိုင်းတွယ်သကဲ့သို့ရှိသည်။ ထိုအခါမှ ဦးဖြောမောင်



သည် အသိစိတ်နှင့် ခန္ဓာကိုယ် ပူးကပ်သွားမိကာ သဘောပေါက်သွားသည်။ စိတ်ကို ထိန်းချုပ်လိုက်ရသည်။

"ထူးကျော် - ထူးကျော် - လှည်းမြန်မြန်မောင်းတော့ - ကျွတ် - ကျွတ် - ကျွတ် - ကျွတ်တွေ"

ထူးကျော်သည် သွက်လက်စွာဖြင့် ရွှန်းစနဲ့မြည်အောင် ကြိမ်ကို ဝင့်လိုက်ကာ လှည်းကို တရကြမ်း ဒုန်းစိုင်းလေတော့သည်။ ထိုအခါ လူအုပ်ကြီးသည် လှည်းနောက် ဆီသို့ ပြုဆင်းလာကာ ညာသံပေး၍ ...

"လိုက်ကြဟေ့ - လိုက်ကြဟ - မလွှတ်စေနဲ့ဟေ့"

လူအုပ်ကြီး ဝေါခနဲ ပြေးလိုက်လာသည်။ ထိုအခါမှ ဦးဖြောမောင်သည် စိတ်ကို တည်ငြိမ်စွာ ထိန်းချုပ်ရင်း နစ်လုံးပြူးသေနတ်ကို ဆတ်ခနဲ ကောက်ကိုင်သည်။ ကျည်ထိုးသည်။ ထို့နောက် လူအုပ်ထဲသို့ ပစ်ထည့်လိုက်သည်။ အားခနဲ လန့်ပြိုကျသွားသည်။ ဦးဖြောမောင် အားတက်သွားသည်။

"ဒိုင်း"

ထိုအခါ ရှေ့ဆုံးမှ ပြေးထွက်လာသော မျက်စိပေါက်၊ ပါးစပ်ပေါက်မပါသော ယောက်မမျက်နှာနှင့် သတ္တဝါကြီးသည် အားခနဲအော်ကာ နောက်လန်ကျသွားသည်။ ဖျတ်ခနဲ ပျောက်သွားသည်။

နောက်တစ်ချက် ထပ်ပစ်လေသည်။

"ဒိုင်း"

အမွေးရှည်ရှည် လူဝံလိုလို သတ္တဝါကြီးလေးငါးကောင်သည် နောက်သို့ လှည့်ပြေးလေသည်။

"ပြေးကြဟေ့"

နောက်တစ်ချက် - နောက်ထပ်တစ်ချက် ...။

"ဒိုင်း"

"ဒိုင်း"

သေနတ်ကျည်ဆန်သည် အရိပ်မည်းကြီးတွေ ရှုပ်ထွေးနေသော လူလိုလို မျောက်လိုလို သတ္တဝါတွေကြားထဲသို့ ထိထိမိမိ ဝင်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်လန်ကျသွားသည်။ လှည်းသည်တစ်ဟုန်ထိုးပြေးလွှားလျက်ရှိသည်။ နွားတွေက ကြောက်ကန် ကန်၍ပြေးလေသည်။

"အူး ... ဝူး"

ကြောက်မက်ဖွယ်အသံကြီးများဖြင့် အရိပ်မည်းကြီးတွေ အရုပ်ကြီး ပြုတ်လဲကျ ...

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံသည် တိတ်ဆိတ်သော ညယံကိုဟိန်း ဟိန်းညံစေလျက် လူအုပ်ကြီးသည်လည်းကောင်း၊ ကြောက်မက်ဖွယ် သတ္တဝါကြီးများသည်လည်းကောင်း၊ အရိပ်မည်းကြီးများသည်လည်းကောင်း ရုတ်တရက်ပျောက်ကွယ်သွားသည်။ မီးရောင်ထိန်ထိန်ကြီးသည်လည်း ကောင်း၊ ဆူညံစည်ကားနေသော ပွဲခင်းဖာတ်စင်သည်လည်းကောင်း ဘာမှ မရှိတော့။ ပကတိအမှောင်၊ မူလအတိုင်း လရောင်ဖြာသော ညတစ်ည ဖြစ် ဖြစ်သွားသည်။ လေပြည်သွေးသည် ကြယ်တွေစုံသော လသာညစစ်စစ် ဖြစ်သွားသည်။

လရောင် အစက်အပြောက်တွေအောက်တွင် ညသည် ပကတိ သာယာ ရွှန်းလက်လျက် ...၊ ငြိမ်သက်အေးမြလျက် ...

>>>> မင်းတုန်းသိမ်ရှင်

Happy Time

ပုံပြင်ကမ္ဘာ

(၁၂၀၀)

(၂၅)

www.burmeseclassic.com